မဟာရန်ကုန်မြို့ရှိ


# သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူ နှင့် ရဟန္တာသိမ်တော်ကြီးကိုးသိမ်

မြတ်ချာနို



# ကန်တော့ပန်းလှူ

ဤမည်သော “ မဟာရန်ကုန်မြို့၌ သမိုင်းဝင်စေတီ တစ်ဆယ့်တစ်ဆူနှင့်ရဟန္တာသိမ်တော်ကြီး ကိုးသိမ် ” ဖြင့် မာတာပီတ ကျေးဇူးတော်ရှင်အမိအဖများဖြစ်ကြသော (ဦးထွေးလှ + ဒေါ်ငွေး) (ဦးခင်)+ ဒေါ်မြရီ ၊ ဆေးရုံဟောင်းလမ်း၊ ညောင်လေးပင်မြို့ တို့နှင့် ဆရာသခင်ကျေးဇူးတော်ရှင် အပေါင်းတို့အား ရှိခိုး ဦးတင် ကန်တော့ပန်း ဆင်ပါသည်။




ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| | |
|---|---|
| ဗုဒ္ဓ လောင်းလျာ ဖွားမြင်ရာ | ၁ |
| ဗုဒ္ဓ မြတ်စွာ ပွင့်ထွန်းရာ | ၃ |
| မဟာလူသား ဗုဒ္ဓ | ၅ |
| ဗုဒ္ဓဂယာ မြေမြတ်မဟာ | ၆ |
| သဗ္ဗညုဒါန ဖူးမြင်ကြ | ၈ |
| ဦးစွာဖူးမြင် ဘုရားရှင် | ၉ |
| ဆွမ်းဦးလှူရှင် မြန်မာပင် | ၁၀ |
| ပုဗ္ဗဩအဝုံး ဆံတော်ဦး | ၁၁ |
| ခရီးဆက်ရာ ဖရုံကာ | ၁၂ |
| ဆံတော်ခေါင်ကြည်း နဂါးမင်း | ၁၂ |
| ပေါက္ခရဝတီ ရောက်ကြပြီ | ၁၂ |
| ဥက္ကလာပ ဖူးမြင်ကြ | ၁၃ |
| သိင်္ဂုတ္တရာ မြေမြတ်မဟာ | ၁၄ |
| ဓာတ်မြတ်သုံးခု ရှာတော်မူ | ၁၅ |
| ဆံတော်ပင့်လမ်း ကြိုဆိုခန်း | ၁၅ |
| စေတီအစ ရွှေတိဂုံက | ၁၆ |
| ညီနောင်နှစ်ဖြာ တည်ကျိုက်ပါ | ၁၉ |
| ဒေသစာရီ မြန်ဒွာနီ | ၂၀ |
| ပရိနိဗ္ဗာန် ဒိုဝင်စံ | ၂၂ |
| ဗုဒ္ဓလွန်သော် သာသနာတော် | ၂၃ |
| သင်္ဂါယနာ တင်ကြရာ | ၂၃ |
| တရားဦးဟောရာ မိဂဒါ | ၂၄ |
| မေ့ခရီးစဉ်အစ ရှာဆောင်ပြ | ၂၆ |
| ကိုးတိုင်းဒွာန ကြွချီကြ | ၂၆ |
| ရှင်မဟိန္ဒ သီဟိုဠ်ကြွ | ၂၉ |
| သာသနာ့အရောင် ထွန်းလင်းပြောင် | ၂၉ |
| အရှင်ယသ မြန်ပြည်ကြွ | ၂၉ |
| ဦးစွာတည်ပြန် ကျိုက္ကစံ | ၃၁ |
| စေတီပထမ ပတိတ | ၃၃ |
| ယနေ့ တည်ဟန် ကျိုက္ကစံ | ၃၆ |
| ကျိုက်ဓာသုတ်စေတီ (ဆူးလေစေတီ) | ၃၉ |
| နယ်ချဲ့တိုက်ပွဲ ပွဲဦးပြိုင်နွဲ | ၄၁ |
| အင်္ဂလိပ်ခေတ် မြို့ ကွက်သစ် | ၄၄ |
| စေတီမကျန် ပြိုရန်ကြံ | ၄၅ |
| ဘာသာခြားများ ဦးစားထား | ၄၅ |
| ဆောက်လုပ်လှူရာ ဓာပြာပြာ | ၄၆ |
| ဆူးလေဘက်စုံ ပြုပြင်ပုံ | ၄၈ |
| ကျိုက်မဲသံကရောစေတီ | ၅၁ |
| ကျိုက်ကမာကမု စေတီ | ၅၃ |
| ကျိုက်ကမာစိန် စေတီ | ၅၄ |
| ကျိုက်ဒေးတဲ့ စေတီ | ၅၆ |
| ကျိုက်ဖွဲကမော့ စေတီ | ၅၇ |
| ကျိုက်ဒင်းမဲ စေတီ | ၅၈ |
| ကျိုက်ခပေါက်စွတ်စေတီ | ၆၀ |
| ကျိုက်ခပေါက်ဆွတ်စေတီ | ၆၃ |
| ကျိုက်ဒေးအပ်စေတီ | ၇၁ |
| ဗိုလ်တထောင်ဘက်စုံ ပြုပြင်ပုံ | ၇၄ |
| ဂုဏ်ရောင်မမှိန် သိမ်ကိုးသိမ် | ၇၇ |
| အရှင်ယသ သိမ်တော်ကြီး | ၇၇ |
| ကျောက်စာတော်မည် မွေစေတီ | ၈၀ |
| တာမွေ ထန်းပင်ကုန်းသိမ်တော်ကြီး | ၈၂ |
| ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး | ၈၄ |

| | |
|---|---|
| နယ်ချဲ့ရန်သူ ခံတပ်ပြို | ၈၇ |
| သိမ်တော်မဟာ ပြုပြင်ရာ | ၉၀ |
| သိမ်တော်ဘက်စုံ ပြုပြင်ပုံ | ၉၁ |
| ရေစကြာချမင်္ဂလာ ကျောင်းပရော | ၉၄ |
| ဘူမိနက်သန် နေရာမှန် | ၉၅ |
| သစ်တိုပင်ကုန်း (အလုံ) သိမ်တော်ကြီး | ၉၆ |
| ရဟန္တာသိမ်တော်ကြီး | ၉၈ |
| သိမ်တော်မဟာ ပြုပြင်ရာ | ၁၀၀ |
| သိမ်တော်ဘက်စုံ ပြုပြင်ပုံ | ၁၀၀ |
| ကျားကူး သိမ်တော်ကြီး | ၁၀၂ |
| ခရေပင်ကုန်း သိမ်တော်ကြီး | ၁၀၄ |
| မဟာသိမ်တော်ကြီး | ၁၀၅ |
| ဦးဝိလာသ ဂုဏ်ပြုညှဲ့ဝ | ၁၀၆ |
| သိမ်တော်ဘက်စုံ ပြုပြင်ပုံ | ၁၀၈ |
| ကသစ်ပင်ကုန်း မြင်းခင်းသိမ်တော် | ၁၁၁ |
| နီဂုံးပမာ တင်ပြရှာ | ၁၁၃ |
| ကျေးဇူးတင်ရှာ မြတ်မင်္ဂလာ | ၁၁၄ |
| ကျမ်းကိုး စာရင်း | ၁၁၅ |


● တန်ဘိုး = ကျပ် ၁၂၀/-

အတွင်းဖလင် = သူရိယအလင်း

● မျက်နှာဖုံး ဒီဇိုင်း နှင့်

အတွင်းစာမျက်နှာ အပြင်အဆင် = ထိပ်တင်ဝင်း ( မြန်မာ့ရိုးရာ ဒီဇိုင်း)

# မျက်နှာဖုံး အညွှန်း

ဗုဒ္ဓသာသနာတော်သည် ရှည်လျားလှသော ရာစုနှစ်များကို ဖြတ်ကျော်ရင်း ၊ အတွင်း-အပြင် အန္တရာယ် အမျိုးမျိုးနှင့် တွေ့ကြုံခဲ့ရ၏ ။ ကိုးကွယ်ကြည်ညို ပူဇော် ထိန်းသိမ်းတတ်သူတို့ကြောင့် ပရိယတ္တိ ၊ ပဋိပတ္တိ ၊ ပဋိဝေဓ၊ သာသနာသုံးရပ် စည်ပင်ကာ ၊ ပိဋကတ် ကျမ်းဂန် တတ် ရဟန်းသံဃာများ ထွန်းကား၍ ဘုရား ၊ စေတီ ၊ ဇရပ် ၊ တန်ဆောင်း ၊ သိမ်ကျောင်းများ ပေါများ စေခဲ့၏ ။ အယူလွဲသူ - သဒ္ဓါမဲ့သူ အနိုင် အထက်ပြုလိုကြသူ တို့ကြောင့် လည်း သာသနာတော် မှေးမှိန်ညှိုးငယ်ကာ ဒေသအလိုက် စေတီ ပုထိုး ကျောင်းကန်များ ၊ သိမ်များ ဖြိုခွဲ ဖျက်ဆီးခြင်းခံခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ ၊ သိမ်မွေ့နူးညံ့၍ ရှု့ထောင့်အမျိုးမျိုးမှ ၊ အဖန်တလဲလဲ ဆင်ခြင် သုံးသပ်ခြင်းကို ခံနိုင်စွမ်းရှိသော သစ္စာလေးပါး ၊ အနှစ်တရားများကြောင့်လည်းကောင်း ၊ ရဟန်းသံဃာတော် အရှင်သူမြတ်များနှင့် မင်းကောင်းမင်းမြတ် သဒ္ဓါကြည်လင်သူတော်စင် အသီးသီးတို့၏ ဒါန-သီလ-ဘာဝနာ နှင့် ထိမ်းသိမ်းမှု ၊ ဘက်စုံ မွမ်းမံ ပြင်ဆင်မှု စွမ်းအား အစဉ်အဆက်များကြောင့်လည်းကောင်း ၊ သာသနာ တော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး မှသည် ၊ သာသနာတော် အဓွန့်ရှည်သည်ထက် ရှည်ရေးကို ဦးတည်နိုင်လျက် ရှိပေသည်။

ထိုသို့သော အကြောင်းအရာမျိုးစုံ ၊ ဖြစ်ပျက်မှု အဖုံဖုံ တို့ကို ခံစားတွေးမြင်လျက် ဤစာအုပ်မျက်နှာဖုံးတွင် မဟာရန်ကုန်မြို့ရှိ သမိုင်းဝင်စေတီ တစ်ဆယ့်တစ်ဆူနှင့်ရဟန္တာ သိမ်တော်ကြီး ကိုးသိမ်မှ လှပတင့်တယ်ကြည်နူးဖွယ် မြန်မာမှု အနုလက်ရာများကို ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ ၊ မှတ်စုမှတ်တမ်းများမှ ၊ သုတေသနအမြင်ဖြင့် လေ့လာမှုပြုကာ ၊ အသေးစိတ် ရေးဆွဲ သရုပ်ဖော်ထားပါသည်။

သမိုင်းဝင်စေတီ တစ်ဆယ့်တစ်ဆူ၏ ပုံတော်များကိုဖော်ပြရာတွင် သင်္ကေတ ပုံများဖြင့် အသုံးပြု၍ ရေးဆွဲထားပါ၏ ။

ဟင်္သာရုပ်ထုမှာ ကျိုက္ကဆံစေတီတော်၏ အမှတ်အသား အဖြစ် ၄င်းစေတီတော်၏ ပရိဝုဏ်အတွင်းတွင် တွေ့မြင်နိုင်ပြီး ၊သာသနာ့ ဒါယကာ ဘိုးတော်သိကြားမင်း၏ ပုံကို ကျိုက်အသုတ် စေတီတော် (ခေါ်) ဆူးလေစေတီတော်တွင် တွေ့မြင်နိုင်ပါသည်။

သမိုင်းဝင် ရဟန္တာသိမ်တော်ကြီး ကိုးသိမ်ကို ကိုယ်စားပြု အဖြစ်၊ ရွှေတိဂုံဘုရားလမ်းရှိ ရဟန္တာသိမ်တော်ကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး ၊ သိမ်ကြီးဈေးအနီးရှိ မဟာသိမ်တော်ကြီး နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ အရှင်ယသသိမ်တော်ကြီးပုံများကို ဓါတ်ပုံဖြင့် တန်ဆာဆင်ထားပါသည်။

ဗုဒ္ဓဘုရားရှင် တရားဦး ဓမ္မစကြာ ဟောကြားတော်မူရာ မိဂဒါဝုန်မှ အသောက ကျောက်တိုင်ထိပ်ပိုင်းကို မူလ ဗုဒ္ဓဝင် ၊ ဗုဒ္ဓသာသနာဝင် ကို မဏ္ဍိုင်ပြုလျက် မြန်မာသာသနာဝင် ပေါက်ဖွားလာပုံ အဖြစ် ဖော်ညွှန်းရေးဆွဲထားခြင်းဖြစ်ပါသည်။

သာသနာတော် စည်ပင်ထွန်းကားမှု အမွေ အနှစ် (ဝါ) မြန်မာမှု လက်ရာ အနုပညာ အမွေအနှစ် များ ၊ သာသနိက ရှေးရာ ဒီဇိုင်းများကား ၊ ယနေ့တိုင် သာဓု အနုမောဒနာ ခေါ်ဆိုဖွယ်၊ ဂုဏ်ယူဖွယ်များပင်ဖြစ်ပါပေ၏ ။

ထိပ်တင်ဝင်း

(မြန်မာ့ ရိုးရာ ဒီဇိုင်း)

# မင်္ဂလာတောင်ညွန့်မြို့နယ်

## မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ထွေး၏

## အမှာစကား

မဟာရန်ကုန်မြို့ရှိ သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်တော်ကြီး ကိုးသိမ် သမိုင်းကို လေ့လာပြုစုသူ ဦးစံမောင်(မြတ်ရှာန်)သည် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးမှ ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်သကဲ့သို့ မြို့နယ်ဥပဋ္ဌာနာကအဖွဲ့အကျိုးတော်ဆောင်တစ်ဦး ဖြစ်ပါသည်။

ရဟန္တာသိမ်ဖြူတော်ကြီး ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေး လုပ်ငန်းကြီး စတင်သည်မှ ပြီးစီးသည်အထိ ဗဟိုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူ၊ ထိုစဉ်က မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးစောနု (ယခုဒုတိယဗိုလ်မှူးကြီး၊ တပ်ရင်းမှူး၊ ခလရ-၄၊ မန္တလေး) နှင့်အတူ ဗဟိုအဖွဲ့လုပ်ငန်းများကို အနီးကပ်ပါဝင် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဦးစံမောင်သည် လုပ်ငန်းတာဝန်ပိုင်းဆောင်ရွက်ရမှုကို အခွင့်ကောင်းပြုလျက် မိမိ၏စာပေဝါသနာကို အရင်းခံပြီး၊ ဗုဒ္ဓသာသနာနှင့်မြန်မာ့သာသနာဝင်တွင် အဓိကကျသည့် သမိုင်းစဉ်ကို အချိန်ယူကာ ကြိုးပမ်းပြုစုခဲ့ကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့်ပင် သိမ်ဖြူတော်ကြီး ဘက်စုံမွမ်းမံ ပြုပြင်တည်ဆောက်ရေးလုပ်ငန်း ပြီးစီး အောင်မြင်မှု ရေစက်ချအခမ်းအနား၌ သမိုင်းကြောင်းနှင့် ဘက်စုံလုပ်ငန်းဆောင်ရွက်ခဲ့ပုံကို မြို့နယ်ကိုယ်စား ဦးစံမောင်အား တာဝန်ပေးလျှောက်ထားစေခဲ့ပါသည်။ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးမှ လျှောက်ထားသည့် သမိုင်းစဉ်ကို စိတ်ပါဝင်စားစွာ မေးမြန်းခဲ့ပြီး၊ ဦးစံမောင်(မြတ်ရှာန်) ရေးသားပြုစုလျက်ရှိသည့် သမိုင်းစဉ်ကို သာသနာရေးဦးစီးဌာနအကူအညီဖြင့် ပုံနှိပ်ထုတ်ဝေရန် အားပေးစကား မိန့်ကြားခဲ့သည်။ ဤသို့ဖြင့် သမိုင်းဝင်သမိုင်းစဉ်သည်စာအုပ်အဖြစ်ထုတ်ဝေနိုင်သည့် အဆင့်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

အထူးသဖြင့် ဦးစံမောင်(မြတ်ရှာန်)သည် ပင်ကိုယ်ကပင် ဘာသာ၊ သာသနာကို ကြည်ညိုလေးစားမှု ရှိသည့်အလျောက် မြို့နယ်မှ တာဝန်ယူဆောင်ရွက်ရသော ဘာသာ၊ သာသနာရေးဆိုင်ရာ လုပ်ငန်းများ၊ အခမ်းအနားများကို တာဝန်ပေးချက်နှင့်အညီ သဒ္ဓါတရားစွမ်းပကားဖြင့် တာဝန်ယူ ကြိုးပမ်းဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ ဗုဒ္ဓဂါယာကို ပင်မပြုလျက် ဆရာတော်၊ သံဃာတော်၊ ဘုရားဖူး အဖွဲ့အား အကျိုးဆောင်အဖြစ် (၅)နိုင်ငံဘုရားဖူးခရီးစဉ် အပါအဝင်(၂)ကြိမ် သွားရောက် ခဲ့ပြီး သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် 'ဗုဒ္ဓဂါယာမြေမြတ်မဟာ ဘုရားဖူးမှတ်တမ်းလွှာ' စာအုပ်အား ရေးသားကာ သာသနာပြုနေသူလည်း ဖြစ်ပါသည်။

ထို့ကြောင့်ပင် မြို့နယ်အနေဖြင့် သမိုင်းစဉ်ပုံနှိပ်ထုတ်ဝေနိုင်ရေးကို အကြံအား၊ ဉာဏ်အား၊ သဒ္ဓါစွမ်း ပကားဖြင့်၊ ကူညီ ဖြည့်ဆည်းခွင့်ရရှိသဖြင့် ကြည်နူးဝမ်းသာပီတိ အဖြာဖြာဖြစ်ခဲ့ရပါသည်။

သမိုင်းစဉ်ကို လေ့လာမိသည်နှင့်အမျှ စာရေးသူ၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် တိုင်းပြည်၊ လူမျိုးအပေါ်၌ ထားရှိသောစေတနာကို ပေါ်လွင်စွာ တွေ့မြင်ရမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပေသတည်း။

ဥက္ကဋ္ဌ

မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

# စာရေးသူ၏ မြွက်ဟောနာမှန်

၁။ မိမိ လေ့လာပြုစုတင်ပြအပ်သော **မဟာရန်ကုန်မြို့ရှိ သမိုင်းဝင် စေတီတစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်တော်ကြီးကိုးသိမ်** မည်သောသမိုင်းသည် သာမန်စေတီသိမ်များ၏သမိုင်းတစ်ရပ်တော့ မဟုတ်ပါချေ။

အဘယ့်ကြောင့်နည်းဟူမူ ဤသမိုင်းသည်–

(က) ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူစ ဘုရားရှင်သည် သတ္တဋ္ဌာန နေရာမြတ်တို့၌ စံပယ်ပြီးသည့် နောက်ဆုံးနေ့(၄၉)ရက်ပြည့်သောနေ့ ရာဇာရတနသတ္တဟ လင်းလွန်းပင်ရင်း ၌ စံတော်မူစဉ် ပထမဆုံး ဥပသကာများဖြစ်ကြသည့် ဥက္ကလာပ(မြန်မာနိုင်ငံ)တိုင်းသား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား ဆံတော်မြတ်များစွန့်တော်မူသည့် ဗုဒ္ဓဝင်ကို အခြေပြုလျက် ဆက်နွယ်ဖြစ်ထွန်းပေါ်ပေါက်တော်မူလာခြင်း၊

(ခ) 'သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူ ရဟန္တာသိမ်တော်ကြီးကိုးသိမ်'တို့သည် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား ဘုရားရှင်စွန့်တော်မူသော ဆံတော်မြတ်များဖြင့် ဥက္ကလာပတိုင်းကို အစိုးရသည့် ဥက္ကလာပမင်းကြီး ကြီးမှူးတည်ထားတော်မူသော လေးဆူဓာတ်မြတ် ဌာပနာအပ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားရာ မဟာသိင်္ဂုတ္တရ ကုန်းတော်မြတ်အား ပတ်လည်ဝန်းရံနေသော အနေအထားဖြင့် တည်ရှိနေခြင်း။

(ဂ) ဗုဒ္ဓဘုရားရှင်သည် ကိုယ်တော်တိုင် နောက်ပါရဟန္တာ(၅၀၀)ဖြင့် မြန်မာနိုင်ငံ၊ သုဝဏ္ဏဘူမိ (သထုံ)သို့သက္ကရာဇ်(၁၁၁)ခုနှစ်၌ ဒေသစာရီ ကြွချီတော်မူလာစဉ် မင်းနှင့်တကွ ရသေ့ကြီးများအား ဆံတော်မြတ်များစွန့်တော်မူသည့် ဗုဒ္ဓဝင်ကို အခြေပြုလျက် ဆက်နွယ်ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာခြင်း။

(ဃ) ဗုဒ္ဓဘုရားရှင်၏သာသနာတော်ကြီး မြန်မာနိုင်ငံသို့ အစောဆုံးရောက်ရှိမှု(အထူးသဖြင့်) မြန်မာနိုင်ငံ၏သာသနာဝင်ကို စိစစ်သတ်မှတ်သင့်သော၊ မြန်မာသာသနာတော်ဝင် သာသနာ သမိုင်းဝင်ဖြစ်ခြင်း။

(င) **'သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူ၊ ရဟန္တာသိမ်တော်ကြီးကိုးသိမ်'**တို့ကို ကိုးတိုင်းကိုးဌာန သာသနာပြုအရှင်၊ ရှင်မဟာမဟိန္ဒမထေရ်မြတ်ကြီး၏ တပည့်များဖြစ်ကြသော ရှေးခေတ် သီဟိုဠ်သာသနာပြု ရဟန္တာမထေရ်မြတ်ကြီးများကိုယ်တိုင် ကြပ်မတ်တည်ထား သမုတ်တော် မူခဲ့ခြင်း။

(စ) **'သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူ၊ ရဟန္တာသိမ်တော်ကြီးကိုးသိမ်'**တို့သည် ရှေးခေတ်က ဥက္ကလာပ၊ ဒဂုံဟု ခေတ်အဆက်ဆက် မင်းနေပြည်တော်အဖြစ် တည်ရှိခဲ့သည့်အပြင် ယခုခေတ်တွင် မြန်မာနိုင်ငံ၏မြို့တော်အဖြစ် ထင်ရှားသည့် ရန်ကုန်မြို့တော်၌ တည်ရှိတော်မူခြင်း။

(ဆ) **'သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူ၊ရဟန္တာသိမ်တော်ကြီးကိုးသိမ်'**အနက် ယနေ့ထက်တိုင် မြေပေါ်၌ ရပ်တည်ကျန်ရှိနေသော စေတီနှင့် သိမ်တော်ကြီးများတို့သည် အများပြည်သူ၊

ရှင်၊ လူ၊ ရဟန်း၊ ဘာသာဝင်သူတော်စင်များ၏ ကြည်ညိုအားထားကိုးကွယ်ရာ တန်ခိုးကြီး စေတီများ၊ သိမ်တော်ကြီးများအဖြစ် တည်ရှိလျက်ရှိခြင်း။

(ဓ) နိုင်ငံတော်မှ **'သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်တော်ကြီးများ'** ကို သမိုင်းဝင် စေတီ၊ သိမ်တော်ကြီးများကို ဘာသာသာသနာတော်၏ အထွတ်အမြတ်အဖြစ် ဘက်စုံ မွမ်းမံ တည်ဆောက်မှုပြုလျက် ရှိခြင်း၊

(ဈ) မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာဝင် သမိုင်းတစ်ရပ်အဖြစ် ဘာသာဝင်များ အားလုံးသိရှိထားကြ ရမည့် ရှေးဦးသာသနာ့ဝင်သမိုင်း ဖြစ်ခြင်း။

(ည) ရှေးဟောင်းသမိုင်းဝင်စေတီ၊ သိမ်၊ သာသနိက အဆောက်အအုံများကို စိတ်ပါဝင်စားစွာ လေ့လာမှုပြုလျက် တန်ဖိုးထားလေ့ရှိသော မြန်မာခရီးသွားနစ်ဦ ရောက်ရှိလာကြမည့် ပြည်ပခရီးသည်များအား သမိုင်းဝင်မှတ်တမ်းတစ်ရပ်ဖြင့် ဂုဏ်ပြုကြိုဆိုမှုဖြစ်ခြင်း။

၂။ အထူးသဖြင့် မြန်မာနိုင်ငံ၏ အချက်အခြာ ဉက္ကလာပ၊ ဒဂုံတိုင်း(ရန်ကုန်မြို့)၏ ခေတ်အဆက် ဆက်ဖြစ်ပေါ်ပြောင်းလဲမှု၊ နယ်ချဲ့အင်္ဂလိပ်တို့၏ ကျူးကျော်နယ်ချဲ့တိုက်ခိုက်မှု၊ နယ်ချဲ့တို့ ၏လက်နက် အားကိုး နယ်ချဲ့ကျူးကျော်မှု၊ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ် ဇာတိသွေး ဇာတိမာန်ဖြင့် သူ့ကျွန်မခံ တွန်းလှန်သည့် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲဆင်နွှဲမှု၊ သူ့ကျွန်ဘဝ၏ခါးသီးမှုအတွေ့အကြုံ သမိုင်းစုံ ကာလကြီးကို မြန်မာတိုင်းရင်းသားတို့နှင့်အတူ သမိုင်းဝင်စေတီကြီးများ၊ သိမ်တော်ကြီးများတို့သည် လည်း အတူတကွ ပါဝင်ဖြတ်သန်းခဲ့ကြရသည်။ တစ်နည်းအားဖြင့် သမိုင်းဇာတ်လမ်း၌ ပါဝင်လှုပ်ရှား ရုန်းကန်ခဲ့ကြရသည်။ ထိုသို့လှုပ်ရှားဖြတ်သန်းရင်း အချို့သော စေတီကြီးများ၊ သိမ်တော်ကြီးများသည် နယ်ချဲ့တို့၏လက်ချက်၊ ပယောဂစနက်ဖြင့် မြေပေါ်မှ ပျောက်ကွယ်ခဲ့ကြရသည်။

၃။ သို့အတွက် သမိုင်းဝင်စေတီကြီးများ၊ သိမ်တော်ကြီးများ၏ သမိုင်းမှတ်တမ်းဟု ဆိုစေကာ မူ ဤသမိုင်းသည် မြန်မာတို့၏ အမျိုးသားရေး လှုပ်ရှားမှုသမိုင်းကိုပါ ထပ်ဟပ်ဖော်ပြလျက်ရှိပါသည်။

၄။ ဤသို့လျှင် ဗုဒ္ဓသာသနာဝင်နှင့် မြန်မာသာသနာဝင်တွင် အရေးပါလှသည့် ရန်ကုန်မြို့ရှိ သမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူနှင့် သိမ်တော်ကြီးကိုးသိမ် သမိုင်းမှတ်တမ်းများသည် မြန်မာလူမျိုးတို့၏ သမိုင်းမှတ်တမ်းရေးသားမှု၌ အားနည်းမှုရှိခဲ့သည့်အတွက် စာတစ်အုပ်အဖြစ် တသီးတခြား လေ့လာ ဆည်းပူးရန်မှာ လိုက်လေဝေးလေဖြစ်ခဲ့ရသည်။ တစ်နည်းအားဖြင့် မြန်မာတို့၏ သာသနာဝင်သမိုင်း၌ လိုအပ်ချက်တစ်ရပ်အဖြစ် တည်ရှိနေခဲ့သည်။

၅။ ထို့ကြောင့်ပင် မြန်မာသာသနာဝင်သမိုင်း၏ လိုအပ်ချက်တစ်ရပ်ကို ဖြည့်စွက်သောအားဖြင့် မူလဗုဒ္ဓဝင်၊ ဗုဒ္ဓသာသနာဝင်ကို မဏ္ဍိုင်ပြုလျက် စာပေဆိုင်ရာလေ့လာစုဆောင်းရရှိသမျှ ဆရာတော် ကြီးများထံမှ လျှောက်ထားသိခွင့်ရရှိသမျှ မျက်မြင်ကွင်းဆင်းလေ့လာမှုတို့အပေါ် အခြေပြုလျက် တင်ပြရခြင်း ဖြစ်ပါသည်။


၆။ သို့သော် ပြီးပြည့်စုံမည်ကား မဟုတ်ချေ။ လိုအပ်ချက်ရှိက စာရေးသူ၏ လေ့လာမှု အားနည်း ချက်သာ ဖြစ်ပါသည်။ သို့အတွက် ရဟန်း၊ ရှင်၊ လူဘာသာဝင်များ၊ စာပေပညာရှင်များ၊ သုတေသီ

များတို့မှ ပိုမိုပြီး ပြည့်စုံစိမ့်သောငှာ ဖြည့်စွက်လေ့လာပြုစု တင်ပြကြခြင်းဖြင့် ဗုဒ္ဓသာသနာဝင် မြန်မာ့သာသနာဝင်တို့၌ အရေးပါသည့် သမိုင်းမှတ်တမ်းကြီးတစ်ရပ် ပြီးပြည့်စုံရေးကို ဦးတည် ကြိုးပမ်း ဆောင်ရွက်သင့်လှပါသည်။

၇။ အထူးသဖြင့် ယနေ့ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံများတွင် ရှေ့တန်းနိုင်ငံအဖြစ် ရပ်တည် လျက် သာသနာတော်ကြီး နေလပမာ ထွန်းလင်း တောက်ပလျက်ရှိသော မြန်မာနိုင်ငံတော်ကြီး အဖြစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ လူမှုရေးဦးတည်ချက်(၄)ရပ်ကို ဦးတည် ဖော်ညွှန်းလျက် ပြုစုအပ်ပါကြောင်း တင်ပြမှုပြုရပါတော့သည်။

- * တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး၊
- * အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိမ်းသိမ်းစောင့်ရှောက်ရေး၊
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**မြတ်ရှာန်**



# မဟာရန်ကုန်မြို့ရှိ
# သမိုင်းဝင်
# စေတီတစ်ဆယ့်တစ်ဆူနှင့်
# ရဟန္တာသိမ်တော်ကြီး ကိုးသိမ်

## ဗုဒ္ဓလောင်းလျာ ဖွားမြင်ရာ

မဟာသက္ကရာဇ် ၆၈–ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏တောင်ညာစံ ဒေဝီမိဖုရားကြီး၊ မယ်တော်မာယာမှ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို မိးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။ ဖွားတော်မူရာ မြတ်နေရာကား ဒေဝဒဟနှင့် ကပိလဝတ်ပြည် နှစ်ပြည်ထောင်တို့၏ အကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတောဥယျာဉ်ကြီး ဖြစ်သည်။ ကပိလဝတ်ပြည့်ရှင်ဘုရင်သုဒ္ဓေါဒန၏မိဖုရားကြီး မယ်တော်မာယာသည် ကပိလဝတ်နေပြည်တော်မှ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ဒေဝဒဟသို့ အလည်ခရီးကြွခဲ့သည်။ အလည်ခရီးတစ်ခေါက် တစ်ထောက်ရပ်နားသည့် လုမ္ဗိနီဥယျာဉ်၌ ဘုရားအလောင်းတော်အား ဖွားမြင်တော်မူခဲ့သည်။

ဘုရားရှင်ကိုယ်တော်တိုင် 'မဟာပရိနိဗ္ဗာနသုတ်တော်'၌ ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် အထွတ်အမြတ်ထား၍ ပူဇော်ရာနှင့် သံဝေဂဖွားများဖွယ်ရာ သံဝေဇနိယ လေးဌာနအကြောင်းကို ထည့်သွင်း ဟောကြားတော်မူခဲ့သည်။ ယင်းတို့မှာ အလောင်းတော်မြတ် ဖွားမြင်တော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတော၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူရာ မဟာဗောဓိပင် ဌာနဖြစ်သည့် ဗုဒ္ဓဂယာမြေ မြတ်မဟာ၊ ဓမ္မစကြာတရားဦးကို ဟောတော်မူရာ မိဂဒါဝုန် မြိုင်ရဂုံ၊ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံ အင်ကြင်းရဂုံတို့ ဖြစ်ကြသည်။ လုမ္ဗိနီဥယျာဉ်ကြီးသည် သံဝေဇနိယဌာန၏ပထမဌာနအဖြစ် အထွတ်အမြတ်နေရာ ဖြစ်ပေသည်။

ဤထူးမြတ်သည့် လုမ္ဗိနီသာမော အင်ကြင်းတောကား ယခုအခါ အိန္ဒိယနိုင်ငံနယ်စပ်မှ ၆–မိုင် (၁၅–ကီလိုမီတာ) ကွာဝေးသည့် နီပေါနိုင်ငံ အတွင်းဘက်ရှိ လုမ္ဗိနီဒေသ၌ တည်ရှိသည်။ ဟိမဝန္တာတောင်သေလာ၏တောရိပ်တောင်စွယ်တို့ဖြင့် အေးချမ်းသာယာ မြေမဟာသည်ကား ဘုရားအလောင်းတော် မွေးရပ်မြေ ဖြစ်ပေသည်။ သီရိဓမ္မာသောကမင်းကြီးဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားသည့် အသောကမင်းကြီးသည် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး၏ ဦးဆောင်လမ်းပြမှုဖြင့် ဤဗုဒ္ဓဝင်နေရာမြတ်များသို့ ဘုရားဖူးခရီး ရောက်ရှိခဲ့သည်။ ဗုဒ္ဓ၏အထွတ်အမြတ်နေရာ အထိမ်းအမှတ်အဖြစ် ၇၀–ပေ အမြင့်ရှိသော အသောကကျောက်စာတိုင်ကို စိုက်ထူခဲ့သည်။ ကျောက်စာတိုင်၌ 'မင်းတကာတို့၏ကြည်ညို လေးစားအပ်သော ဒေဝါနံပိယဒဿီအသောကမင်းကြီးသည် နန်းစံနှစ် အနှစ်နှစ်ဆယ်၌ သကျမုနိ ဗုဒ္ဓဖွားမြင်

တော်မူရာနေရာမြတ်သို့ လာရောက်ပူဇော်သည်။
ကျောက်စာရုပ်တုတစ်ခုကို ထုလုပ်စေသည်။
ဤနေရာ၌ ဖွားမြင်တော်မူသည်ဟူ၍ သိသာ
ထင်ရှားစေရန် ကျောက်တိုင်တစ်တိုင်ကို စိုက်ထူ
သည်။ လုမ္ဗိနီရွာမှ ယခင်နှစ်စဉ် ရှစ်ပုံ့တစ်ပုံ့
အခွန်ကောက်ယူခြင်းကိုလည်း လွတ်ငြိမ်းခွင့်ပေး
လိုက်သည်'ဟု ကျောက်စာထွင်းထု ကမ္ပည်းတင်
ခဲ့သည်။ ယခုအခါ ၁၀-ပေခန့်ရှိ ကျောက်
စာတိုင်ကို သံတိုင်များဖြင့် ဝင်းခတ်ထားသည်။
မူလက ၇၀-ပေမြင့်သည်ဆိုသော ဤကျောက်
တိုင်အား စိုက်ထူထားခဲ့မှုကြောင့်သာ ဗုဒ္ဓဝင်
နေရာတော်မြတ်သည် လုံးဝကွယ်ပျောက်မသွား
ခဲ့ခြင်း ဖြစ်ပေသည်။ ကျောက်တိုင်ဘေးရှိ အုတ်
လှေကားအတိုင်း တက်လိုက်သည်နှင့် မယ်တော်
မာယာ ဖွားတော်မူခန်း ရုပ်တုရှိသည့် အုတ်တိုက်
ငယ်ကို တွေ့ကြရသည်။ အုတ်တိုက်ငယ်၏လိုဏ်
ဂူပမာ နိမ့်ဆင်းနေသည့်အခန်းတွင်းသို့ ဝင်ရောက်
ခဲ့ရာ အင်ကြင်းကိုင်းကို ကိုင်ကာ ရပ်နေသော
မယ်တော် မာယာအနား၌ အားပေးပြုစုနေသည့်
မိထွေးတော် ဂေါတမီနှင့် ဖွားမြင်တော်မူပြီးစ
မတ်တပ်ရပ်လျက်အနေအထားရှိသော အလောင်း
တော် ဖွားတော်မူခန်းရုပ်တုကို ဖူးမြင်ကြရသည်။
မူလရုပ်တုအား ဖျက်ဆီးထားခြင်းခံရသဖြင့် ပုံစံ
ရုပ်တုအသစ်ကို မူလရုပ်တု၏ဘေး တစ်ဖက်
တစ်ချက်၌ ယှဉ်၍ထုလုပ်ထားသည်။ ကျန်
တစ်ဘက်၌မူ ဘုရားလောင်းတော် ဖွားတော်မူပြီး
ခြေလှမ်း ၇-လှမ်း စတင်လှမ်းနေဟန်ရုပ်တုကို
တွေ့ကြရသည်။

ဘုရားလောင်းတော် ဖွားမြင်တော်မူရာ နေရာ
မြတ် အုတ်တိုက်၏ မြောက်ဘက်ဘေး၌ ဘုရား
အလောင်းတော် ဖွားမြင်တော်မူပြီး ခြေလှမ်း
၇-လှမ်း လှမ်းကြွခဲ့သည့်အထိမ်းအမှတ် စေတီ
ငယ်များကို ဖူးတွေ့ကြရသည်။ ဖွားတော်မူရာ
အုတ်တိုက်ငယ်၏ရှေ့အုတ်ခုံမြင့်ပေါ်၌ ဗောဓိပင်
ကြီးတစ်ပင် ထီးထီးကြီး ရှိနေသည်။ ဤဗောဓိ
ပင်ကြီးသည် ဗုဒ္ဓ၏အဓိကသင်္ကေတတစ်ခုဖြစ်
သည့်ပြင် ရုတ်တရက် မကွယ်ပျောက်နိုင်သည့်
လုမ္ဗိနီ၏ အထိမ်းအမှတ်တစ်ခုဟုပင် ယူဆရပေ
မည်။ ဖွားတော်မူရာ အုတ်တိုက်ငယ်၏တောင်
ဘက်၌ လေးထောင့်စပ်စပ် ရေကန်တစ်ခုကို
တွေ့မြင်ကြရသည်။ လေးဘက်လေးတန်၌ အုတ်
ပေါင်ခတ်လျက် ရေကန်အတွင်းဘက်သို့
လှေကားထစ်များ ဖော်ထားသော ရေကန်သည်
စိမ်းလဲ့လဲ့ရေတို့ဖြင့် ကြည်လင်လျက် ရှိနေသည်။
ဘုရားအလောင်းတော် ဖွားမြင်တော်မူစဉ် ရေ
သန့်စင်နိုင်ရန်အလို့ငှာ အထက်ကောင်းကင်မှ
ရေပူ၊ ရေအေးနှစ်သွယ် သွယ်တန်းကျဆင်းလာ
သောနေရာဟု ဆိုကြသည်။

ဘုရားပွင့်တော်မူပြီးသည့်နောက်ပိုင်းခေတ်
များ၌ နှစ်ပေါင်း ရာထောင်ကြာသည့်အချိန်တွင်
လုမ္ဗိနီသည် လယ်ကွင်းထီးထီးဘဝဖြင့် ပျောက်
ကွယ်လုခမန်းဖြစ်ခဲ့ရကြောင်း သိရသည်။ ဗုဒ္ဓဝင်
နေရာမြတ်များ၌ ရုတ်တရက် မပျောက်ပျက်နိုင်
သော ကျောက်စာတိုင်ကြီးများကို စိုက်ထူခဲ့သည့်
အသောကမင်းကြီးနှင့် နောင်ခေတ်တွင် လုမ္ဗိနီ
အား ပြန်လည်ရှာဖွေဖော်ထုတ်သူများကို ကျေးဇူး
တင်ကြရပေမည်။ ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ
အစီအစဉ်ဖြင့် လုမ္ဗိနီဖောင်ဒေးရှင်းရုံးဖွင့်ကာ
အင်ကြင်းဥယျာဉ်ကြီး ပြန်လည်ပေါ်ထွန်းလာ
အောင် အင်ကြင်းပင်များ ပျိုးထောင်စိုက်ပျိုးပြုပြင်
မွမ်းမံလျက် ရှိသည်ကို တွေ့ရှိကြရသည်။

ယခုအခါ ဗုဒ္ဓဝင်နေရာများအဖြစ် ဗုဒ္ဓ
ဘာသာဝင် နိုင်ငံအသီးသီးတို့မှ လုမ္ဗိနီအင်ကြင်း
ဥယျာဉ်ကြီး၌ မိမိတို့နိုင်ငံအလိုက် ဘာသာရေး
ဆိုင်ရာ အဆောက်အအုံများ၊ ဘုရားကျောင်းများ
ကို တည်ဆောက်လျက် ရှိကြသည်။ အထူးသဖြင့်
မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာမြန်မာ့လက်ရာ စေတီ
တော်တည်ပြီး သိမ်၊ ဓမ္မဗိမာန်များ တည်ဆောက်

နေရာ စေတနာရှင်လုပ်သားပြည်သူများမှ အလှူငွေများ ထည့်ဝင်ကြသည့်အလျောက် မကြာမီ အကောင်အထည်ဖော် ဖူးမြင်နိုင်ကြတော့မည် ဖြစ်ပါသည်။



ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းရာ

လူသုံးပါးတို့၏သခင် ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့ပြီး ဇမ္ဗူဒိပ်ကျွန်း၊ မဇ္ဈိမဒေသ၊ မာဂဓတိုင်းရှိ ဘူမိနက်သန် နေရာမှန်သည့် မဟာဗောဓိပင်ဌာန၌ မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။ ကဆုန်လပြည့် နံနက်ခင်းဝယ် ဘုရားအလောင်းတော်သည် သုဇာတာ ဂဏာနို့ဆွမ်းကို နေရဥ္စရာမြစ်ကမ်းအနီး၌ ဘုဉ်း ပေးတော်မူသည်။ ဘုဉ်းပေးပြီး အဓိဋ္ဌာန်ဖြင့် ရွှေခွက်ကို နေရဥ္စရာမြစ်ရေ၌ မျှောခဲ့သည်။ ထို့နောက် နေရဥ္စရာမြစ်ကမ်းအနီး အေးချမ်းသည့် ဥရုဝေလ အင်ကြင်းတော၌ နေခိုနားနေတော်မူသည်။ ချိန်ညနေချမ်းတွင်မှ မဟာဗောဓိပင်သို့ ကြွတော်မူခဲ့သည်။ လမ်းခရီးတွင် မြက်ရိတ်သမားတစ်ဦးထံမှ လှူဒါန်းလိုက်သည့် မြက်ရစ်ဆုတ်ကို ကြဲဖြန့်ခင်းကာ ပေါ်ထွန်းလာသော ပလ္လင်တော်ထက်၌ မဟာဗောဓိပင်ကြီးကို နောက်ကျောပြုလျက် အရှေ့ဘက်ကို မျက်နှာမူ၍ ထိုင်နေတော်မူသည်။

'ဘုရားမဖြစ်သမျှ ငါမထ'ဟူသောအဓိဋ္ဌာန်မြတ်ဖြင့် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများနေတော်မူသည်။ ဤအချိန်တွင် မဟာဗောဓိပင်ကြီး၏ သန္တာနီသွေး ရွက်သစ်နုလေးများသည် ချိန်ဆည်းဆာ၏ တိမ်ပန်းအလှရောင်တို့ဖြင့် သာယာကြည်နူးအေးချမ်းမှုအသွင်ကို အပြည့်အဝ ဖော်ဆောင်လျက် ရှိတော့သည်။ ထိုစဉ် နတ်စစ်သည်အပေါင်းတို့ခြံရံကာ ကိုယ်တိုင်လည်း ဂိရိမေခလာဆင်ပြောင်ကြီးကိုစီးလျက် လက်နက်စုံကို ကိုင်စွဲပြီး မာရ်နတ်သည် အလောင်းတော်အား နှောင့်ယှက် ရန်ပြုလာတော့သည်။ မာရ်နတ်မင်း၏ ရန်ကို ပါရမီလက်နက်ဖြင့် ခုခံတော်မူသော ဘုရားအလောင်းတော်သည် ဒါနပါရမီကို သက်သေပြုလျက် မာရ်နတ်မင်းအား အောင်မြင်တော်မူခဲ့လေသည်။ မာရ်အောင်မြေ၊ အောင်ခြင်းပထမ တည်ရာမြေလည်း ဖြစ်ပေသည်။

ဘုရားအလောင်းတော်သည် ဘာဝနာကမ္မဋ္ဌာန်း ဆက်လက်စီးဖြန်းတော်မူရာ ညဥ့်ဦးယံအချိန်၌ 'ရှေးရှေးဘဝများစွာတို့၌ ဖြစ်ပျက်ခဲ့သမျှအားလုံးကို သိတော်မူနိုင်သည့် စွမ်းအားရှိသော ပုဗ္ဗေနိဝါသနုဿတိဉာဏ်တော်'ကို ရတော်မူသည်။

သန်းခေါင်ယံ၌ 'နတ်မျက်စေ့ကဲ့သို့ အလွန်ဝေးကွာသောအရပ်မှာ ရှိသော သတ္တဝါကိုလည်းကောင်း၊ အလွန်သေးငယ်သော သတ္တဝါကိုလည်းကောင်း မြင်တော်မူနိုင်သည့် စွမ်းအား ရှိသော ဒိဗ္ဗစက္ခုဉာဏ်တော်'ကို ရတော်မူသည်။

မိုးသောက်ယံ၌ 'စိတ်အစဉ်မှာ ကိန်းဝပ်နေသော ကိလေသာများအကြွင်းအကျန်မရှိ ကုန်ခမ်းသွားသည့် စွမ်းအားရှိသော အာသဝက္ခယဉာဏ်တော်'ကို ရတော်မူသည်။ ဤဉာဏ်တော်ကို ရသည်နှင့် တစ်ပြိုင်တည်း သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ရတော်မူသည်။ ဤဉာဏ်တော်ကြီးကို ရသောဘုရားရှင်ကို 'ဗုဒ္ဓ=အလုံးစုံကို သိသော ဘုရား'ဟု တင်စား အသိအမှတ်ပြု၍ လူမင်း၊

တော်မူရာနေရာမြတ်သို့ လာရောက်ပူဇော်သည်။ ကျောက်စာရုပ်တုတစ်ခုကို ထုလုပ်စေသည်။ ဤနေရာ၌ ဖွားမြင်တော်မူသည်ဟူ၍ သိသာထင်ရှားစေရန် ကျောက်တိုင်တစ်တိုင်ကို စိုက်ထူသည်။ လုမ္ဗိနီရွာမှ ယခင်နှစ်စဉ် ရှစ်ဖို့တစ်ဖို့ အခွန်ကောက်ယူခြင်းကိုလည်း လွတ်ငြိမ်းခွင့်ပေးလိုက်သည်'ဟု ကျောက်စာထွင်းထု ကမ္ပည်းတင်ခဲ့သည်။ ယခုအခါ ၁၀-ပေခန့်ရှိ ကျောက်စာတိုင်ကို သံတိုင်များဖြင့် ဝင်းခတ်ထားသည်။ မူလက ၇၀-ပေမြင့်သည်ဆိုသော ဤကျောက်တိုင်အား စိုက်ထူထားခဲ့မှုကြောင့်သာ ဗုဒ္ဓဝင်နေရာတော်မြတ်သည် လုံးဝကွယ်ပျောက်မသွားခဲ့ခြင်း ဖြစ်ပေသည်။ ကျောက်တိုင်ဘေးရှိ အုတ်လှေကားအတိုင်း တက်လိုက်သည်နှင့် မယ်တော်မာယာ ဖွားတော်မူခန်း ရုပ်တုရှိသည့် အုတ်တိုက်ငယ်ကို တွေ့ကြရသည်။ အုတ်တိုက်ငယ်၏လိုဏ်ဂူပမာ နိမ့်ဆင်းနေသည့်အခန်းတွင်းသို့ ဝင်ရောက်ခဲ့ရာ အင်ကြင်းကိုင်းကို ကိုင်ကာ ရပ်နေသောမယ်တော် မာယာအနား၌ အားပေးပြုစုနေသည့် မိထွေးတော် ဂေါတမီနှင့် ဖွားမြင်တော်မူပြီးစမတ်တပ်ရပ်လျက်အနေအထားရှိသော အလောင်းတော် ဖွားတော်မူခန်းရုပ်တုကို ဖူးမြင်ကြရသည်။ မူလရုပ်တုအား ဖျက်ဆီးထားခြင်းခံရသဖြင့် ပုံစံရုပ်တုအသစ်ကို မူလရုပ်တု၏ဘေး တစ်ဖက်တစ်ချက်၌ ယှဉ်၍ထုလုပ်ထားသည်။ ကျန်တစ်ဘက်၌မူ ဘုရားလောင်းတော် ဖွားတော်မူပြီး ခြေလှမ်း ၇-လှမ်း စတင်လှမ်းနေဟန်ရုပ်တုကို တွေ့ကြရသည်။

ဘုရားလောင်းတော် ဖွားမြင်တော်မူရာ နေရာမြတ် အုတ်တိုက်၏ မြောက်ဘက်ဘေး၌ ဘုရားအလောင်းတော် ဖွားမြင်တော်မူပြီး ခြေလှမ်း ၇-လှမ်း လှမ်းကြွခဲ့သည့်အထိမ်းအမှတ် စေတီငယ်များကို ဖူးတွေ့ကြရသည်။ ဖွားတော်မူရာအုတ်တိုက်ငယ်၏ရှေ့အုတ်ခုံမြင့်ပေါ်၌ ဗောဓိပင်ကြီးတစ်ပင် ထီးထီးကြီး ရှိနေသည်။ ဤဗောဓိပင်ကြီးသည် ဗုဒ္ဓ၏အဝိကသင်္ကေတတစ်ခုဖြစ်သည့်ပြင် ရုတ်တရက် မကွယ်ပျောက်နိုင်သည့် လုမ္ဗိနီ၏ အထိမ်းအမှတ်တစ်ခုဟုပင် ယူဆရပေမည်။ ဖွားတော်မူရာ အုတ်တိုက်ငယ်၏တောင်ဘက်၌ လေးထောင့်စပ်စပ် ရေကန်တစ်ခုကို တွေ့မြင်ကြရသည်။ လေးဘက်လေးတန်၌ အုတ်ပေါင်ခတ်လျက် ရေကန်အတွင်းဘက်သို့ လှေကားထစ်များ ဖော်ထားသော ရေကန်သည် စိမ်းလဲ့လဲ့ရေတို့ဖြင့် ကြည်လင်လျက် ရှိနေသည်။ ဘုရားအလောင်းတော် ဖွားမြင်တော်မူစဉ် ရေသန့်စင်နိုင်ရန်အလို့ငှာ အထက်ကောင်းကင်မှ ရေပူ၊ ရေအေးနှစ်သွယ် သွယ်တန်းကျဆင်းလာသောနေရာဟု ဆိုကြသည်။

ဘုရားပွင့်တော်မူပြီးသည့်နောက်ပိုင်းခေတ်များ၌ နှစ်ပေါင်း ရာထောင်ကြာသည့်အချိန်တွင် လုမ္ဗိနီသည် လယ်ကွင်းထီးထီးဘဝဖြင့် ပျောက်ကွယ်လုခမန်းဖြစ်ခဲ့ရကြောင်း သိရသည်။ ဗုဒ္ဓဝင်နေရာမြတ်များ၌ ရုတ်တရက် မပျောက်ပျက်နိုင်သော ကျောက်စာတိုင်ကြီးများကို စိုက်ထူခဲ့သည့် အာသောကမင်းကြီးနှင့် နောင်ခေတ်တွင် လုမ္ဗိနီအား ပြန်လည်ရှာဖွေဖော်ထုတ်သူများကို ကျေးဇူးတင်ကြရပေမည်။ ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂအစီအစဉ်ဖြင့် လုမ္ဗိနီဖောင်ဒေးရှင်းရုံးဖွင့်ကာ အင်ကြင်းဉယျာဉ်ကြီး ပြန်လည်ပေါ်ထွန်းလာအောင် အင်ကြင်းပင်များ ပျိုးထောင်စိုက်ပျိုးပြုပြင်မွမ်းမံလျက် ရှိသည်ကို တွေ့ရှိကြရသည်။

ယခုအခါ ဗုဒ္ဓဝင်နေရာများအဖြစ် ဗုဒ္ဓဘာသာဝင် နိုင်ငံအသီးသီးတို့မှ လုမ္ဗိနီအင်ကြင်းဉယျာဉ်ကြီး၌ မိမိတို့နိုင်ငံအလိုက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားကျောင်းများကို တည်ဆောက်လျက် ရှိကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာမြန်မာ့လက်ရာ စေတီတော်တည်ပြီး သိမ်၊ ဓမ္မဗိမာန်များ တည်ဆောက်

နေရာ စေတနာရှင်လုပ်သားပြည်သူများမှ အလှူငွေများ ထည့်ဝင်ကြသည့်အလျောက် မကြာမီ အကောင်အထည်ဖော် ဖူးမြင်နိုင်ကြတော့မည် ဖြစ်ပါသည်။



## ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းရာ

လူသုံးပါးတို့၏သခင် ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့ပြီး ဇမ္ဗူဒိပ်ကျွန်း၊ မဇ္ဈိမဒေသ၊ မာဂဓတိုင်းရှိ ဘုမိနက်သန်နေရာမှန်သည့် မဟာဗောဓိပင်ဌာန၌ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။ ကဆုန်လပြည့် နံနက်ခင်းဝယ် ဘုရားအလောင်းတော်သည် သုဇာတာ ဂဏာနို့ဆွမ်းကို နေရဉ္ဇရာမြစ်ကမ်းအနီး၌ ဘုဉ်း ပေးတော်မူသည်။ ဘုဉ်းပေးပြီး အဓိဋ္ဌာန်ဖြင့် ရွှေခွက်ကို နေရဉ္ဇရာမြစ်ရေ၌ မျှောခဲ့သည်။ ထို့နောက် နေရဉ္ဇရာမြစ်ကမ်းအနီး အေးချမ်းသည့် ဥရုဝေလ အင်ကြင်းတော၌ နေခိုနားနေတော်မူသည်။ ချိန်ညနေချမ်းတွင်မှ မဟာဗောဓိပင်သို့ ကြွတော်မူခဲ့သည်။ လမ်းခရီးတွင် မြက်ရိတ်သမားတစ်ဦးထံမှ လှူဒါန်းလိုက်သည့် မြက်ရစ်ဆုတ်ကို ကြဲဖြန့်ခင်းကာ ပေါ်ထွန်းလာသော ပလ္လင်တော်ထက်၌ မဟာဗောဓိပင်ကြီးကို နောက်ကျောပြုလျက် အရှေ့ဘက်ကို မျက်နှာမူ၍ ထိုင်နေတော်မူသည်။

'ဘုရားမဖြစ်သမျှ ငါမထ'ဟူသောအဓိဋ္ဌာန် မြတ်ဖြင့် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများနေတော်မူသည်။ ဤအချိန်တွင် မဟာဗောဓိပင်ကြီး၏ သန္တာနီသွေး ရွက်သစ်နုလေးများသည် ချိန်ဆည်းဆာ၏ တိမ်ပန်းအလှရောင်တို့ဖြင့် သာယာကြည်နူးအေးချမ်းမှုအသွင်ကို အပြည့်အဝ ဖော်ဆောင်လျက် ရှိတော့သည်။ ထိုစဉ် နတ်စစ်သည် အပေါင်းတို့ခြံရံကာ ကိုယ်တိုင်လည်း ဂိရိမေခလာ ဆင်ပြောင်ကြီးကိုစီးလျက် လက်နက်စုံကို ကိုင်စွဲပြီး မာရ်နတ်သည် အလောင်းတော်အား နှောင့်ယှက် ရန်ပြုလာတော့သည်။ မာရ်နတ်မင်း၏ ရန်ကို ပါရမီလက်နက်ဖြင့် ခုခံတော်မူသော ဘုရားအလောင်းတော်သည် ဒါနပါရမီကို သက်သေပြုလျက် မာရ်နတ်မင်းအား အောင်မြင်တော်မူခဲ့လေသည်။ မာရ်အောင်မြေ၊ အောင်ခြင်းပထမ တည်ရာမြေလည်း ဖြစ်ပေသည်။

ဘုရားအလောင်းတော်သည် ဘာဝနာကမ္မဋ္ဌာန်း ဆက်လက်စီးဖြန်းတော်မူရာ ညဥ့်ဦးယံ အချိန်၌ 'ရှေးရှေးဘဝများစွာတို့၌ ဖြစ်ပျက်ခဲ့သမျှအားလုံးကို သိတော်မူနိုင်သည့် စွမ်းအား ရှိသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်'ကို ရတော်မူသည်။

သန်းခေါင်ယံ၌ 'နတ်မျက်စေ့ကဲ့သို့ အလွန်ဝေးကွာသောအရပ်မှာ ရှိသော သတ္တဝါကိုလည်းကောင်း၊ အလွန်သေးငယ်သော သတ္တဝါကိုလည်းကောင်း မြင်တော်မူနိုင်သည့် စွမ်းအား ရှိသော ဒိဗ္ဗစက္ခုဉာဏ်တော်'ကို ရတော်မူသည်။


မိုးသောက်ယံ၌ 'စိတ်အစဉ်မှာ ကိန်းဝပ်နေသော ကိလေသာများအကြွင်းအကျန်မရှိ ကုန်ခမ်းသွားသည့် စွမ်းအားရှိသော အာသဝက္ခယဉာဏ်တော်'ကို ရတော်မူသည်။ ဤဉာဏ်တော်ကို ရသည်နှင့် တစ်ပြိုင်တည်း သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ရတော်မူသည်။ ဤဉာဏ်တော်ကြီးကို ရသောဘုရားရှင်ကို 'ဗုဒ္ဓ=အလုံးစုံကို သိသောဘုရား'ဟု တင်စား အသိအမှတ်ပြု၍ လူမင်း၊



နတ်မင်း၊ ဗြဟ္မာမင်းအပေါင်းတို့မှ ကြည်ညို ကိုးကွယ်ဆည်းကပ်မှု ပြုခဲ့ခြင်းပင် ဖြစ်သည်။ သစ္စာလေးပါးကို သိမြင်တော်မူပြီး သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရတော်မူသော သမ္မာသမ္ဗုဒ္ဓ အဖြစ်သို့ ရောက်ရှိခြင်းလည်း ဖြစ်ပေသည်။ ဤ သဗ္ဗညုတ ဉာဏ်တော်ကြီးသည် သိရန်ရှိသမျှ မကျန်ရအောင် လုံးဝကုန်စင်သိမြင်နိုင်စွမ်းရှိခြင်း၊ သိပြီးသည့် တရားများကို ဟောရန် နည်းဟူသမျှ မကျန်ရအောင် လုံးဝကုန်စင် သိမြင်နိုင်စွမ်းရှိခြင်း၊ ဟောရမည့်ပုဂ္ဂိုလ်၏ အာသယာနုသယသဘော သဘာဝဟူသမျှကို မကျန်ရအောင် လုံးဝကုန်စင် သိမြင်နိုင်စွမ်းရှိခြင်း ဟူသော အစွမ်းသတ္တိသုံးမျိုး ရှိသည့် သဗ္ဗညုတဉာဏ်တော်ကြီးကို ရတော်မူခြင်း ဖြစ်သည်။

ဤသဗ္ဗညုတဉာဏ်တော်ကြီးအရှင် ဘုရားရှင်သည် လူသားတို့အား မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့၏ ကင်းရာ၊ ချုပ်ရာ၊ ငြိမ်းရာ၊ ဘဝဒုက္ခများ ကင်းဝေးလွတ်မြောက်ရာ၊ အေးချမ်းသည့် မြတ်နိဗ္ဗာန်သို့ ရောက်ရှိရန် အကျင့်ကောင်း၊ အကျင့်မြတ်တို့ကို ကိုယ်တိုင်ကျင့်ကြံကာ ရှေ့ဆောင်လမ်းပြတော်မူသည်။ ကိုယ့်အားကိုယ်ကိုး ကျင့်ကြံအားထုတ်က မိမိနည်းတူ ပါရမီ အဆင့်ဆင့်ကို ဖြည့်ဆည်းလျက် ဘုရားအဖြစ်သို့ပင် ရောက်ရှိနိုင်ကြောင်း လက်တွေ့ညွှန်ပြတော်မူသည်။ ယနေ့ခေတ်အနေဖြင့်မူ ဗုဒ္ဓဘာသာ လမ်းစဉ်တစ်ရပ်ကို စတင်တည်ထောင်ခဲ့သူ မဟာလူသားဗုဒ္ဓဟု တင်စားက လွန်အံ့မထင်မိပါပေ။

# မဟာလူသားဗုဒ္ဓ



ပထဝီမြေ ချက်အဖွေမှ
သက်သေရှုမြင် ဗုဒ္ဓဝင်ကို
ကြည်လင်ရွှင်ပျ ဖူးမြင်ရသည်
ဗုဒ္ဓပွင့်ရာ မြတ်ဂယာ။
ဗုဒ္ဓဂယာ မြေမဟာ၌
မဟာဗောဓိ တုမရှိသည့်
မုနိစိန္တေ နိမ်ချွေဝပ်တွား
တည်ကာထားခဲ့ ဘုရားပလ္လင်
ဗောဓိပင်တို့ အစဉ်ကြည်ညို
သဒ္ဒါပိုသည် စိမ်းစိုမြရွှေ
ငြိမ်းချမ်းမြေ။

လူသားမှဖွား မြတ်ဘုရားကား
လူသားစင်စစ် ဧကန်ဖြစ်သည်
စနစ်သွင်မှု လူမှလူ။
ဉာဏ်တော်ဗောဓိ တုမရှိမို့
မုနိစိန္တေ မြတ်ဘုန်းရွှေလျှင်
ဝေနေယျများ စဉ်သနား၍
အများအကျိုး သယ်ပိုးအစဉ်
လမ်းထွင်ညွှန်ပြ နိဗ္ဗာန်ရအောင်
လမ်းပြဆောင်သည် ဘုန်းရောင်ထွတ်ထား
မြတ်ဘုရား။

ငါဘုရားအား ပမာထားလျက်
လူသားအများ ကျင့်ကြံပွားလျှင်
ဘုရားသော်မှ ဖြစ်နိုင်ကြဟု
ဖွင့်ဟခါခါ ဟောမြွက်ပါသည်
မဟာလူသား မြတ်ဘုရား။

တိုင်းမဇ္ဈိမ အိန္ဒိယဟု
ဗုဒ္ဓဝင်မှာ မြတ်နေရာကား
ဖွားတော်မူသည် လုမ္ဗိနီဟု
စုံညီတင့်ဆန်း အင်ကြင်းပန်းတို့
ပွင့်လန်းဝေဆာ ဥယျာဉ်သာ။
ဗုဒ္ဓဂယာ မြေမဟာကား
မြတ်စွာဗုဒ္ဓ ပွင့်ထွန်းကြသည်
ကမ္ဘာ့အလယ် ဂုဏ်ဝင့်ဖွယ်ရာ
မြေမဟာ။

နေဝင်လထွက် ဓမ္မစက်ဟု
ဟောမြွက်အံ့ထူး တရားဦးကို
ကြည်နူးဖွယ်ပ နာယူကြသည်
မိဂဒါဝုန် ရဂုံသာမော
စုံမြိုင်တော။

သေခြင်းတရား ဆင်ခြင်ပွားလျှင်
ဘုရားသော်မှ ရှောင်မရဟု
ဖြစ်ကြပျက်ကြ သင်္ခါရကို
ညွှန်ပြဆိုရာ ကုသိနာရုံ
လွမ်းဖွယ်ကြုံ။

သံဝေဇနိယ လေးဌာနတို့
ဗုဒ္ဓဘုရား မရှိငြားလည်း
တရားရဖွယ် မြင်ကွင်းကျယ်တည့်
အိုကွယ်အများ သံဝေပွားလျက်
တရားဘာဝနာ ခါခါဆင်ခြင်
နိဗ္ဗာန်ဝင်ဖို့ ကြိုးစားစို့။

မြတ်မှာန်



ဗုဒ္ဓဂယာ မြေမြတ်မဟာ

မဟာလူသား ဗုဒ္ဓပွင့်ထွန်းတော်မူခဲ့ရာ မဟာဗောဓိဌာနကား အိန္ဒိယပြည်၊ ဗီဟာပြည်နယ်၊ ဂယာမြို့တောင်ဘက် ၆–မိုင်အကွာ၌ တည်ရှိသည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာအရပ်ဖြစ်သောကြောင့် ဗုဒ္ဓဂယာ BUDDHA GAYAဟူသောဘွဲ့အမည်သစ်ဖြင့် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာဌာနအဖြစ် ယနေ့အခါ ကမ္ဘာတစ်ဝန်း၌ ထင်ရှားလျက် ရှိပေသည်။ ဗုဒ္ဓဂယာမြေမြတ်မဟာသည် ဗုဒ္ဓဘာသာဝင်များသာမက ဟိန္ဒူ ဘုရားဖူးများအနေဖြင့်လည်း မြင့်မြတ်သောဌာနအဖြစ် ဖူးမြင်မှုပြုကြသည်။ ဗုဒ္ဓဂယာမြေမြတ်မဟာ၊ မဟာဗောဓိပင်တည်ရာဌာန၌ ဘုရားစေတီများ အမြောက်အမြား ရှိခဲ့ရာ အဓိကဗောဓိမဏ္ဍိုင်နေရာမြတ်အဖြစ် အသောကမင်းကြီးတည်ဆောက်ထားခဲ့သော မဟာဗောဓိစေတီတော်ကြီးကား အဓိကထင်ရှားသည့် စေတီတော်ကြီးဖြစ်သည်။ စေတီကြီးသည် ဉာဏ်တော်အမြင့်ပေ ၁၇၀၊ ဖိနပ်တော် ၄၈–ပေခန့်ရှိ ကျောက်သားစေတီကြီးဖြစ်သည်။ စေတီကြီးအောက်ခြေလိုဏ်ဂူ

ခန်းမထက်၌ ပစ္စယံတစ်ထပ်ရှိသည်။ ပစ္စယံ၏ ထောင့်လေးထောင့်၌ မဟာဗောဓိစေတီတော် ပုံသဏ္ဌာန်တူ စေတီရံလေးဆူရှိသည်။ စေတီတော်ကြီး၏ထိပ်ပိုင်း၊ စေတီအထွတ်၌ ပင်နယံဘီးပုံအဝိုင်းနှင့် ကျောက်သားထီးတော်သည် အဝိုင်းပုံ သဏ္ဌာန်ဖြင့်ပင် ရှိသည်။ စေတီတော်ကြီး၏အရှေ့ဘက် မျက်နှာ၊ ခြေတော်ရင်းနှင့် အထက်ပစ္စယံတို့တွင် လိုဏ်ဂူနှစ်ဆင့်ရှိနေပြီး အတွင်း၌ တင်ပလ္လင်ခွေ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သီတင်းသုံးနေတော်မူသည်ကို ဖူးတွေ့ကြရပါသည်။ အောက်ခြေလိုဏ်ဂူအဝင်ဝ၊ ဝဲယာနံရံကို ထွင်းလျက် အထက်ပစ္စယံသို့ တက်ရောက်နိုင်သည့် လှေကားနှစ်ခုကို တစ်ဘက်တစ်ချက်တွင် သွယ်တန်းဖောက်လုပ်ထားသည်။ စေတီတော်ကြီး၏အထက်ထပ်၌ အရိမေတ္တေယျအလောင်းတော် ရုပ်တုကို ထားရှိသည်။ စေတီတော်ကြီး၏ပတ်လည်၊ လေးဘက်လေးတန် ကျောက်သားနံရံများတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ ပန်းပုလက်ရာများ၊ ဟိန္ဒူနွယ်သော ရုပ်တုများကို ထုထားသည်။ ဗုဒ္ဓရုပ်ပွားတော်များက ရွှေရောင်တို့ဖြင့် ဝင်းလျက် ရှိသည်။ ဤစေတီတော်ကြီးမှာ သက်တမ်းအားဖြင့် နှစ်ပေါင်းနှစ်ထောင်ကျော်ခဲ့ပြီဖြစ်သည်။ ဘုရားပွင့်တော်မူရာ နေရာမြတ် အထိမ်းအမှတ်အဖြစ် သာသနာ့ဒါယကာ အသောကမင်းကြီးတည်ထားတော်မူခဲ့သော စေတီတော်မြတ်ကြီးသည် အရှေ့ဘက်သို့ မျက်နှာစာပြုလျက် နေခြည်တွင် ကြည်ညိုဖွယ်ရာအတိ ရှိနေပါတော့သည်။

စေတီတော်ကြီး၏ နောက်ကျောဘက် မျက်နှာစာ အလယ်ဗဟိုနှင့် ကပ်လျက် အနေအထားဖြင့် အပရာဇိတပလ္လင်တော်မြတ်သည် အလျား ၇–ပေ၊ အနံ ၄–ပေ၊ အမြင့် ၃–ပေခန့်ရှိ ကျောက်သားအဖြစ် တည်ရှိနေသည်။ ပလ္လင်တော်နှင့် တစ်လံခန့်အကွာ၌ ပေ ၁၀၀ ခန့်အမြင့်ရှိသော မဟာဗောဓိပင်ကြီးကို ခက်လက်ဝေဆာ စိမ်းလန်းစိုပြည်စွာ ပရိဘောဂစေတီတော်အဖြစ် ဖူးတွေ့ကြရသည်။ ပလ္လင်တော်နှင့် ဗောဓိပင်တို့သည် မူလရင်ပြင်တော်ထက် တစ်ဆင့်မြင့်သော အုတ်ခုံမြင့်ပေါ်၌ ပတ်လည်တွင် ကျောက်လက်ရန်းများ စနစ်တကျ ကာရံ၍ တသီးတခြား အထွတ်အမြတ်အဖြစ် ပူဇော်ထားသည်။ မာရ်နတ်မင်းအား အောင်မြင်တော်မူရာ၊ ကိလေသာတရားချုပ်ငြိမ်းတော်မူရာ၊ သဗ္ဗညုတဉာဏ်တော်ကြီးရရှိအပ်သော ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဘုမိနက်သန် နေရာမှန်သည့် မဟာဗောဓိပင်ကြီးဖြစ်သည်။ ဗုဒ္ဓ၏ကိုယ်စား ပူဇော်ထူးကို ခံယူထိုက်ခြင်းဟူသော ဂုဏ်တော်အပါအဝင် ဂုဏ်တော် ၁၀–ပါးနှင့်လည်း ထင်ရှားပါပေသည်။ မူလဘုရားပွင့်တော်မူစဉ်က တည်ရှိခဲ့သော မဟာဗောဓိပင်ကြီးမှာ ဖျက်ဆီးခုတ်လှဲခြင်းခံခဲ့ရကြောင်း မှတ်သားရပါသည်။ လက်ရှိမဟာဗောဓိပင်ကြီးမှာ အိန္ဒိယကျောက်စာဝန် ကာနင်ဂန်မှ မူလဗောဓိပင်ကြီး၏မျိုးဖြင့် ပင်ပွားအဖြစ် စိုက်ပျိုးထားသော အပင်ကြီးဖြစ်သည်။ ထူးကဲမြင့်မြတ်သည့် ဘုရားရတနာ ပေါ်ထွန်းရာ မြတ်နေရာပင် ဖြစ်ပေသည်။

မဟာဗောဓိစေတီတော်ကြီး၏ပရိဝုဏ် သည် လေးထောင့်စပ်စပ်ဖြင့် ကျယ်ဝန်းလှသည်။ ဘုရားပရိဝုဏ်အား ရေလွှမ်းမိုးခြင်းမှ ကာကွယ်သောအားဖြင့် ပရိဝုဏ်ပတ်ဝန်းကျင်၌ ရေးကပင်တာရိုးပမာ စနစ်တကျ မြေဖို့ထားသည်။ ထို့ကြောင့်ပင် မဟာဗောဓိ စေတီပရိဝုဏ်ရင်ပြင်တော်သည် ပရိဝုဏ်ဝန်းကျင် မြေမျက်နှာပြင်ထက် ၁၅–ပေခန့် အောက်သို့ နိမ့်ဆင်းနေသည်ကို တွေ့ရသည်။ နေရှဉ်ရာမြစ်နှင့် နီးကပ်နေ၍ ကြိုတင်ကာကွယ်မှုပြုထားပုံ ရသည်။ စေတီတော်ကြီး၏ပရိဝုဏ် အုတ်ရိုးနှင့် ကပ်လျက် အမြင့်ပိုင်း၌ စင်္ကြံပတ်လမ်းတစ်ခု၊ ရင်ပြင်တော်သို့ အဆင်းလမ်း၊ အလယ်လောက်၌ စင်္ကြံပတ်လမ်းတစ်ခု၊ ပေါင်း စင်္ကြံပတ်လမ်းနှစ်ခုဖြင့် ပရိဝုဏ်လေးမျက်နှာ ပတ်

လည်၌ ဝန်းရံထားရှိသဖြင့် အသွင်အပြင်တစ်မျိုး ထူးခြားနေသည်။ ဤစကြံပတ်လမ်းများကို လျှောက်လှမ်းရင်း စင်္ကြံ ပတ်လမ်းအနိမ့်မှလည်း ကောင်း၊ အမြင့်ပိုင်းမှလည်းကောင်း မဟာဗောဓိ စေတီတော်ကြီးကို နေရာအသီးသီး ရှုထောင့်အဖုံဖုံ တို့မှ ကြည်ညိုစွာ ဖူးတွေ့နိုင်သည်။

မဟာဗောဓိစေတီတော်မြတ် ပရိဝုဏ်အတွင်း ပိုင်းကိုလည်း မြင်ကွင်းကျယ်ပမာ အသေးစိတ် လေ့လာနိုင်သည်။ တွေ့မြင်နိုင်သည်။ ဖူးမြော်နိုင် သည်။ အောက်ခြေရင်ပြင်တော်၌ မဟာဗောဓိ စေတီတော် မဟာဗောဓိပင်ကြီးနှင့် မြတ်စွာဘုရား သခင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ၇- ရက်စီ သီတင်းသုံးတော်မူခဲ့ရာ ဌာန ၇-ဌာန (သတ္တဌာန)အများစု တည်ရှိနေပါသည်။ သတ္တ ဌာန နေရာများကိုလည်း စင်္ကြံပတ်လမ်းအသီးသီး မှနေလျက် အနိမ့်အမြင့် အဆင့်ဆင့် ဖူးတွေ့နိုင် ကြသည်။ ရင်ပြင်တော်အနံ့၌ ဓာတ်တော်ကြုတ် ပုံစံ ကျောက်ဖြင့် ထုထားသော စေတီငယ်များ၊ ဗုဒ္ဓရုပ်တုများကို ဖူးတွေ့ကြရသည်။ ဟိန္ဒူနွယ် သော ရုပ်တုအများအပြားကိုလည်း တွေ့မြင်ကြ ရပါသည်။ စင်္ကြံပတ်လမ်းဘေးတစ်လျှောက်နှင့် မြေကွက်လပ်များ၊ မြက်ခင်းပြင်များ၊ သစ်ပင် ပန်းပင်များဖြင့် ဖူးပွင့်ဝေဆာ ရောင်စုံဖြာ၍ သာယာဖွယ် ရှိနေသည်။ သာသနာပြု အသောက မင်းကြီးသည် ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိပင် ဌာနသို့ ဘုရားဖူးရောက်ရှိခဲ့သည်။ သံဝေဇနိယ လေးဌာန၏ ဒုတိယဌာနအဖြစ် ကျောက်စာတိုင် ကို စိုက်ထူခဲ့သည်။ ယခုအခါ ယင်းကျောက်စာ တိုင်သည် ပျက်စီးပျောက်ကွယ်ခဲ့ပြီ ဖြစ်သည်။

အထူးသဖြင့် ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် အိန္ဒိယရှုပ်ထွေ သန်း ပေါင်းများစွာ အကုန်အကျခံလျက် မဟာဗောဓိ စေတီကြီးကို ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြောင်း သိရှိရသည်။ ရွှေငွေရတနာများ များစွာ လှူဒါန်းခဲ့သည်။ ယနေ့ ဖူးမြင်ကြရသော မဟာဗောဓိ စေတီတော်ကြီးမှာ မင်းတုန်းမင်းတရားကြီး ပြုပြင် မွမ်းမံလှူဒါန်းခဲ့သည့်အတိုင်း ဖူးတွေ့ရခြင်း ဖြစ် ကြောင်း လေ့လာသိရှိရပါသည်။

## သတ္တဌာန ဖူးမြင်ကြ

ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ရှိ တော်မူပြီး ပလ္လင်က သတ္တာဟဟု ခေါ်တွင်သည့် မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော် နေရာမြတ်မှ အစပြု၍ သတ္တသတ္တာဟအဖြစ် နေရာဌာန (၇) ဌာန၌ (၇)ရက်စီ သတင်းသုံးတော်မူခဲ့သည်။ ပထမသတ္တာဟ စံတော်မူရာ အပရာဇိတ ပလ္လင် တော်မြတ်၌ (၇)ရက်ပတ်လုံး ဖလသမာပတ် ဝင်စားခြင်းဖြင့် သီတင်းသုံးတော်မူခဲ့သည်။ ပလ္လင်က သတ္တာဟ ဟုခေါ်တွင်ကြသည်။

ဒုတိယ သတ္တာဟ စံတော်မူရာ အနိမိသ စေတီတော်ကို မဟာဗောဓိ စေတီတော်ကြီး၏ အရှေ့မြောက်ဘက် ကုန်းမြင့်မို့မို့ပေါ်၌ ဖူးတွေ့ နိုင်ပါသည်။ မဟာဗောဓိ စေတီတော်ပရဝုဏ် အထက်စင်္ကြံပတ်လမ်းအား မျက်နှာမူလျက် မုခ်ဦးဝမှ မဟာဗောဓိစေတီတော်ကြီးသို့ အဆင်း လှမ်းဘေး၌ တည်ရှိသည်။ ဉာဏ်တော် အမြင့်ပေ (၅၀)ခန့်ရှိပြီး အောက်ခြေလိုဏ်ဂူအတွင်း၌ ဘုရား ရုပ်တု တစ်ဆူရှိသည်။ ထုံးဖွေးဖွေးဖြင့် ပေါ်လွင် ထင်ရှားနေသည်။ မြတ်စွာဘုရားသခင်သည် ဤ အနိမိသနေရာမြတ်မှ ရပ်တော်မူလျက် ဘုရားဖြစ် တော်မူခဲ့ရာ အပရာဇိတ ပလ္လင်တော်မြတ်နေရာ ကို မမိတ်သော မျက်စိဖြင့် (၇)ရက်တိုင်တိုင် ကြည့်ရှုတော်မူခဲ့သည်။ အနိမိသ (မျက်စိ မမိတ် ခြင်း)သတ္တာဟဟု ခေါ်တွင်ခဲ့ကြသည်။

တတိယသတ္တာဟ စံတော်မူရာ ရတနာစင်္ကြံ တော်နေရာမှာ အနိမိသစေတီနှင့် မဟာဗောဓိ ပင်ကြီးအကြား မဟာဗောဓိစေတီတော်ကြီး၏ မြောက်ဘက်ဘေး၌ ကပ်လျက် တည်ရှိသည်။

ရှည်လျားသော ရတနာစင်္ကြံအထိမ်းအမှတ် အုတ်ခုံမြင့်ပေါ်၌ ကြာပွင့်ကြီးများ ထုလုပ်ထားသည်။ ဘုရားသခင်သည် ဤနေရာမြတ်၌ (၇)ရက်ကြာ စင်္ကြံကြွခါ နေတော်မူသည်။ စက်မ သတ္တာဟဟု ခေါ်တွင်ခဲ့ကြသည်။

မဟာဗောဓိ စေတီတော်မြတ်ကြီး၏ အနောက် မြောက်ဘက် ကိုက်(၁၀၀) ခန့်အကွာ၌ ရတနာဃရ ရွှေအိမ် အထိမ်းအမှတ် အုတ်တိုက်ငယ် တည်ရှိသည်။ အမိုးမဲ့ဖြင့် အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိသည်။ ဘုရားရှင်သည် နတ်တို့ ဖန်ဆင်းလှူဒါန်းအပ်သော ရတနာဃရ= ရတနာစံကျောင်းတော်၌ (၇)ရက်တိုင် သီတင်းသုံးတော်မူကာ ဟောရမည့် တရားတော်များနှင့် အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူသည်။ အထူးသဖြင့် အဘိဓမ္မာတရားတော်၏ အဆုံးဖြစ်သော ပဋ္ဌာန်း ဒေသနာတော်ကြီးကို ဆင်ခြင်တော်မူသည်။ ဆင်ခြင်မှု၏ အဆုံး၌ နက်နဲသော တရားတော်ဝယ် ဉာဏ်တော်မြတ် ကျက်စားရခြင်းကို အားပါးတရရှိလှသောကြောင့် စိတ်တော်ကြည်လင်တော်မူသည်။ စိတ်ကြည်လင်မှုကြောင့် အသွေးအသားတော်လည်း အထူးကြည်လင်သည့်အတွက် ဘုရားသခင်၏ ကိုယ်တော်မှ ရောင်ခြည်တော် အလင်းတာတ်များ ကွန့်မြူးတော်မူကြောင်း လေ့လာမှတ်သားရပါသည်။ ဤနေရာမြတ်ကို ရတနာဃရ သတ္တာဟဟု ခေါ်တွင်ခဲ့ကြသည်။

နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် ချမ်းသာမြတ်ဖြင့် မြတ်စွာဘုရားသခင် (၇)ရက်တိုင် ခံစားတော်မူရာ အဇပါလ (ဆိတ်ကျောင်းညောင်ပင်)နေရာ အထိမ်းအမှတ် ကျောက်တိုင်ကို မဟာဗောဓိစေတီတော်ကြီး၏ ရှေ့ဘက်တည့်တည့် မုခ်ဦးဝမှ ရင်ပြင်တော်သို့အဆင်း လမ်းအလယ်၌ တည်ရှိသည်။ ဤနေရာမြတ်သည် အနိမိသစေတီနှင့် ထမ်းပိုထမ်း တည်ရှိနေသည်။

မဟာဗောဓိစေတီတော်ကြီး၏ အရှေ့တောင်ဘက် အုတ်တံတိုင်းခြားလျက် သီးခြား ပရိဝုဏ်ဖြင့် မုစလိန္ဒာအိုင်နှင့် ကျည်းပင်ပေါက်ရာ နေရာ တည်ရှိသည်။ ဤနေရာ၌ မြတ်စွာဘုရားသခင် (၇)ရက်တိုင်တိုင် ဖလသမာပတ် ဝင်စား၍ နေတော်မူသည်။ ထိုစဉ် မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် မုစလိန္ဒာ နဂါးမင်းကြီးသည် ဘုရားသခင်အား အခွေတို့ဖြင့် ရစ်ပတ်ကာ ဦးခေါင်းတော်မြတ်ကို မိမိပါးပျဉ်းဖြင့် အုပ်မိုးထားလေသည်။ (ဤသည်ကို အခြေပြုလျက် နဂါးရုံဘုရား တည်ထားကိုးကွယ်မှု စတင်ပေါ်ပေါက်လာသည်ဟု မှတ်သားရပါသည်)။ ဤနေရာမြတ်ကို မုစလိန္ဒာ သတ္တာဟ ဟု ခေါ်တွင်ခဲ့သည်။

သတ္တမ သတ္တာဟ လင်းလွန်းပင်နေရာကို မဟာဗောဓိစေတီတော်ကြီး၏ တောင်ဘက် နံရံအနီး ဘုရားရင်ပြင်တော်နှင့် လမ်းသာ ခြားလျက် တည်ရှိနေသည်။ အထိမ်းအမှတ် အုတ်တိုက်ငယ် အတွင်း၌ ရုပ်တုတော်မြတ်တစ်ခု တည် ရှိသည်။ ၎င်းအမိုးမဲ့အုတ်တိုက်ငယ်၏ နောက်ပိုင်းတွင် ဗိုလ်မှူးကြီးလှအောင်နှင့်အဖွဲ့ မြန်မာပြည်မှ ယူဆောင်စိုက်ပျိုးထားသည့် လင်းလွန်းပင်ကို တွေ့ရှိရသည်။ မြတ်စွာဘုရားသခင်သည် (၇)ရက်ပတ်လုံး ဖလသမာပတ် ဝင်စားနေတော်မူသည့် ဤနေရာမြတ်ကို ရာဇာယတန သတ္တာဟဟု ခေါ်တွင်ခဲ့ကြသည်။

## ဦးစွာပုဗ္ဗဏ္ဍမြင် ဘုရားရှင်

ထိုသို့ ရာဇာယတန လင်းလွန်းပင်နေရာမြတ်၌ ဘုရားရှင်စံတော်မူသည့် နောက်ဆုံးနေ့ (သတ္တာဟ အစဉ်အလိုက် ၇–ရက်စီ လှည့်လည်သီတင်းသုံးတော်မူရာ ၄၉–ရက်မြောက်သောနေ့)သည်ကား မဟာသက္ကရာဇ်(၁၀၃)ခု၊ ဝါဆိုလဆန်း (၅)ရက် ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ဤထူးမြတ်သည့်နေ့တွင် ဥက္ကလာပမြို့သား ကုန်သည်ညီ

နောင်များဖြစ်ကြသည့် တဖုဿနှင့် ဘလ္လိကတို့သည် နောက်ပါလှည်းသားငါးရာနှင့် မဟာဗောဓိပင် ဌာနတည်ရှိရာ ဥရုဝေလတောအုပ်အနီးသို့ ရောက်ရှိလာကြသည်။ မဇ္ဈိမဒေသသို့ ရေတစ်တန်၊ ကုန်းတစ်တန်ခရီးဖြင့် လာရောက်ကာ ကုန်ပစ္စည်းများ လှည့်လည် ရောင်းချနေကြသော ကုန်သည်ညီနောင်တို့၏ လှည်းများသည် ဤတောအုပ်မှ ခရီးဆက်ထွက်ရန် လှည်းများဆက်၍ မောင်းမရသည့်အဖြစ်နှင့် ကြုံကြရသည်။ နွဲ့နှံကင်းသည့် တောအုပ်မြက်ခင်းပြင်၌နွားများက လှည်းကိုမဆွဲ၊ လှည်းဘီးသည်လည်း မလိမ့်။ ဖြစ်ရပ်ကား ထူးခြားလှသည်။ ကုန်သည်ညီနောင်တို့သည်လည်း တောစောင့်နတ်မင်းများအား ဗလိနတ်စာပသတင်မြှောက် တောင်းပန်မှုပြုကြသည်။ ထိုအချိန်တွင် ဘဝဟောင်းက ဆွေမျိုးတော်စပ်ခဲ့ဖူးသော နတ်တစ်ပါးမှ ကိုယ်ထင်ပြလျက် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူပြီဖြစ်သောကြောင့် ဝင်ရောက်ဖူးမြင်ကြရန် ညွှန်ပြလေရာ လင်းလွန်းပင်ဌာနနေရာမြတ်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်၏ ခြေတော်ရင်းသို့ ရောက်ရှိခဲ့ကြသည်။ ရောင်ခြည်တော်များ ကွန့်မြူးလျက် တင့်တယ်စွာစံနေတော်မူသည့် ဘုရားရှင်၏ ရုပါတော်ကို ကုန်သည်ညီနောင်တို့သည် အံ့သြဝမ်းသာကြည်ညိုသဒ္ဓါ အဖြာဖြာဖြင့် အကြိမ်ကြိမ် ဖူးမြင်မဝ ဖြစ်ကြရသည်။

ဘုရားရှင်အား ဦးစွာ ဖူးမြင်ခွင့်ရရှိသော ကုန်သည်ညီနောင်တို့သည် သဒ္ဓါတရား ပြင်းပြစွာဖြစ်ပေါ်လာကြသည်။ မိမိတို့ထံတွင် ပါရှိလာသော ထောပတ်၊ ပျားရည်နှင့် တင်လဲစသည်တို့ဖြင့် ဖွဲ့ဆုပ်ထားအပ်သော ပျားမုန့်ဆုပ်၊ မဖွဲ့ဆုပ်ရသေးသော ထုထောင်း ပြုလုပ်ထားသည့် မုန့်ကြွတ်ကျစ် စသည့် မုန့်ခဲဖွယ်တို့ကို မုန့်ဆွမ်းအဖြစ် လှူဒါန်းကြသည်။ ထိုအခါ ဘုရားရှင်သည် စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့လှူဒါန်းအပ်သော ပဲနောက်အဆင်းရှိ သပိတ်လေးလုံးကို ထပ်ဆင့်တင်လျက် လက်ဖြင့်နှိပ်လေရာ အနားလေးရစ်ရှိ တစ်လုံးတည်းသော သပိတ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုသပိတ်တော်ဖြင့် ကုန်သည်ညီနောင်တို့မှ လှူဒါန်းသော မုန့်ဆွမ်းကို ခံယူဘုဉ်းတော်မူသည်။ ဗုဒ္ဓဘုရားရှင်ကို ဦးစွာ ပထမ ဖူးမြင်ခွင့် ရရှိကြသည်မှာ မြန်မာလူမျိုးများဖြစ်ကြ၍ 'ကုသိုလ်ကံထူးစွ မြန်မာကွ'ဟု ဆိုရပေမည်။

## ဆွမ်းဦးလှူရှင် မြန်မာပင်

ဘုရားရှင်သည် ဘုရားဖြစ်တော်မူသည့် နေ့မှအစပြုလျက် သတ္တဌာန ဗုဒ္ဓဝင်နေရာမြတ်၌ (၄၉)ရက်ကြာ သီတင်းသုံးတော်မူခဲ့သည့် ကာလပတ်လုံး မည်သည့်ဆွမ်း၊ ရေချမ်းကိုမျှ ဘုဉ်းပေးတော်မူခဲ့ခြင်း အလျဉ်းမရှိချေ။ ယခုကုန်သည်ညီနောင်တို့မှ ဆက်ကပ်တော်မူသည့် မုန့်ဆွမ်းသည် ဦးစွာဘုဉ်းပေးတော်မူရသော ဆွမ်းဦးပင်ဖြစ်သည်။ ဤနေရာတွင် ဘုရားရှင်အား ဦးစွာဖူးမြင်ခွင့် ရရှိသူများသည် ဥက္ကလာပမြို့သား မြန်မာများဖြစ်ကြသော တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ဖြစ်ကြသည့်အတွက် ဘုရားရှင်၏ ပထမဆုံးသော ဥပါသကာများမှာ မြန်မာများဖြစ်ကြသည်ကို ထူးထူးခြားခြား သတိပြုကြရမည် ဖြစ်ပါသည်။ ဤကား 'ဗုဒ္ဓဥပါသကာအစ မြန်မာက'၊ 'ဆွမ်းဦးအစ မြန်မာက' ဟု တင်စား ဂုဏ်ယူရလောက်အောင်ပင် ဗုဒ္ဓဝင်၌ စာတင်ကြရမည့် မြန်မာတိုင်းရင်းသားတို့၏ ဘာသာရေးဆိုင်ရာ ထူးခြားမှုပင် ဖြစ်ပေသည်။

ဤသို့လျှင် နိမိတ်ပုံသွင် ဗုဒ္ဓဝင်ကို အခြေပြုလျက် 'မြန်မာပြည်၊ မြန်မာလူမျိုး ဘယ်တော့မှ ထမင်းမငတ်ပါဘူး။ ဘုရားရှင်ကို ဦးစွာဖူးမြင်ခွင့်၊ ဆွမ်းဦးကပ်ခွင့် ရသည့်နိုင်ငံ၊ လူမျိုးပေပဲ' ဟူ၍ ပြောစမှတ် ပြုခဲ့ကြသည်ကို မှတ်သားယုံကြည်

ထိုက်ပေသည်။ ဤကုသိုလ်နိမိတ်ကြောင့်ပင်လျှင် မြန်မာနိုင်ငံသည် ဆန်ရေစပါးပေါများရာ၊ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းကားရာ နိုင်ငံဖြစ်ရခြင်း ဖြစ်သည်ဟု ဆိုကြရပေမည်။

တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ထံတော်မှ 'ဗုဒ္ဓံသရဏံဂစ္ဆာမိ' 'ဓမ္မံသရဏံဂစ္ဆာမိ' ဟူသော သရဏဂုံ နှစ်ပါးနှင့် ပဥ္စသီလများကို ခံယူဆောက်တည်ကြရသည်။ ဒွေဝါစိကသရဏဂုံ တည်ကြသည်။ 'သရဏဂုံ သီလ၊ ခံယူမှုအစ၊ တို့မြန်မာက ပထမ'ဟု ဆိုနိုင်ပြန်ပါသည်။ ထိုအချိန်၌ သံဃာရတနာ ပေါ်ထွန်းခြင်း မရှိသေးပေ။ ဗုဒ္ဓသာသနာတော်၌ တဖုဿနှင့် ဘလ္လိကတို့သည် ရှေးဦးစွာ သရဏဂုံ ခံယူသောအရာ၌ 'ဧတဒဂ်' ရရှိတော်မူခဲ့ကြောင်း လေ့လာ မှတ်သားရပါသည်။ နောင်မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးတော်မူစဉ် ကုန်သည်ညီနောင်တို့သည် ပြန်လည်ဖူးမြင်ခွင့် ကြုံရပြန်သည်။ ဘုရားရှင် ဟောကြားတော်မူသော တရားတော်များကို နာကြားရသဖြင့် တဖုဿသည် လူ့ဒါယကာအဖြစ် သောတာပန် တည်ခဲ့သည်။ ဘလ္လိကသည် ရဟန်းပြုလျက် ဆဠဘိညာ ရဟန္တာ ဖြစ်တော်မူခဲ့သည်။

## ပူဇော်အထူး ဆံတော်ဦး

တဖုဿနှင့် ဘလ္လိကတို့သည် ဘုရားရှင်အား "တပည့်တော်တို့အား ကိုးကွယ်ပူဇော်ရာ ပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်မှုပြုကြသည်။ မြန်မာတို့၏ နောင်အနာဂတ် သာသနာတော်ကြီးသည် အရှည်တည်တံ့ ထွန်းကား ပြန့်ပွားတော်မူမည်ကို မြင်တော်မူသော ဘုရားရှင်သည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်လေရာ ဆံတော်ရှစ်ဆူ ရရှိသဖြင့် ပူဇော်နိုင်ရန်အလို့ငှာ ကုန်သည်ညီနောင်တို့ကို ပေးသနားတော်မူလေသည်။ ဘုရားရှင်သည် အနာဂတံသ ဉာဏ်တော်အမြင်အရ "တဖုဿနှင့် ဘလ္လိကတို့၊ သင်တို့အရပ်ဌာနမှ နောင်တော်ဘုရားသုံးဆူတို့၏ပရိဘောဂ ဓာတ်တော်မြတ်များ ကိန်းဝပ်ရာ ဖြစ်တော်မူသော သိင်္ဂုတ္တရကုန်းတော်မြတ်၌ ငါ၏ ဆံတော်များကို ဌာပနာလျက် စေတီတည်ထား ကိုးကွယ်ကြလေ" ဟု ဗျာဒိတ်စကား မိန့်ကြားလေသည်။ 'မြတ်ဆံတော်ဦး ရပ်ပုံထူး၊ ကုသိုလ်ထူးစွ မြန်မာတို့ပ'ဟု ဆိုကြရပါမည်။

ဘုရားရှင်၏ ဆံတော်မြတ်များကို ကုန်သည်ညီနောင်တို့၏ ဦးခေါင်းထိပ်ထက်၌ တင်လိုက်သည်နှင့်တစ်ပြိုင်နက် တောတောင်အလုံး ပြိုးပြိုးပျက်ပျက်၊ တပြောင်ပြောင်၊ တလက်လက်ဖြင့် ရောင်ခြည်အလင်းဓာတ်တို့ ဖုံးအုပ်နေသည့် အလား ကြည်ညိုဖွယ်အဆင်းကို ဆောင်လျက်ရှိသည်။ မဟာပထဝီ မြေကြီးသည်လည်း ပြင်းစွာ တုန်လှုပ်သည်။ မဟာသမုဒ္ဒရာသည်လည်း လှိုင်းတံပိုးတို့ ထကြွခြင်း ဖြစ်ခဲ့သည်။ မြန်မာတို့၏ ဗုဒ္ဓသာသနာတော်သည် ရေခံ၊ မြေခံ ကောင်းလှပေသည်။ အမျိုးမှန်၍ အဖိုးတန်လှပါပေသည်။

ဘုရားရှင်၏ ဆံတော်မြတ် ရှစ်ဆူ ကိန်းဝပ်စံပယ်တော်မူရန်အတွက် သိကြားမင်းသည် ပတ္တမြားကြုတ်တော်ကို ပြုလုပ်ဖန်ဆင်းပေးသည်။ တစ်ဖန် ပတ္တမြားကြုတ်တော်ထည့်သွင်းထားရန် နဝရတ်ကိုးပါးတို့ဖြင့် စီခြယ်အပ်သော ပြာသာဒ်တော်ကိုလည်း ပြုလုပ်ဖန်ဆင်းပေးပြန်သည်။ ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ထံတွင် ခွင့်ပန်လျှောက်ထားလျက် ဆံတော်ကြုတ် ပါရှိသော နဝရတ် ပြာသာဒ်တော်ကို ဦးခေါင်းထက်၌ တင်ဆောင်ပြီးလျှင် လှည်းငါးရာဖြင့် အပြန်ခရီးကို စတင်ကြသည်။ ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ထံမှ ဆံတော်များကို စေတီတည်ထား ကိုးကွယ်ရန် ချီးမြှင့်ခြင်းခံရသဖြင့် လှိုက်လှဲဝမ်းသာပီတိအဖြာဖြာ ဖြစ်ပေါ်ကြသဖြင့် ရောင်း

ဝယ် ဖောက်ကားရန် ပါရှိလာသော ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုတော့ဘဲ တွေ့မြင်သမျှလူအပေါင်းတို့အား စွန့်ကြဲပေးဝေမှုပြုလျက် ကုသိုလ်ယူခဲ့ကြသည်။ ခရီးစဉ်အားဖြင့် မဟာဗောဓိပင်ဌာနမှ မိုင်(၂၀၀)ခန့် ဝေးကွာသည့် မြစ်ဆိပ်သို့တိုင်အောင် လှည်းများဖြင့်လည်းကောင်း၊ ၎င်းမှဗနာရ၀မြို့၊ ဒါမိုးဒါးမြစ်နှင့် ဟူဂလီမြစ်ကြောင်းအတိုင်း စုန်ဆင်းရသော သင်္ဘောခရီးဖြင့်လည်းကောင်း ခရီးနှင်ကာ သမုဒ္ဒရာသို့ ထွက်ခဲ့ကြသည်။

## အိုးဆက်ရာ ဖရုံကာ

ခရီးတစ်ထောက်အဖြစ် ကစ္ဆပနဒီမြစ်(ခေါ်)ကုလားတန်မြစ်အလွန် စစ်တွေမြို့၏အရှေ့တောင်ဘက် (၁၀)မိုင်ခန့်အကွာ ပင်လယ်အတွင်းရှိ ဖရုံကာကျွန်းစု သုံးစုအနက် အနောက်ဘက်ဆုံးမှ ကျွန်းဖြစ်သည့် ဇေဒ္ဒီပကျွန်းပေါ်ရှိ အဇ္ဈုတ္တနဂရမြို့ အကောက်ဆိပ်သို့ ရောက်ရှိကြသည်။ ဇေဒ္ဒီပကျွန်းကြီးကို အစိုးရသော ဘုရင်မင်းမြတ်နှင့် ကျွန်းသူကျွန်းသားများတို့သည် ကုန်သည်ညီနောင်တို့ ဘုရားရှင်၏ ဆံတော်မြတ်များအား ပင့်ဆောင်တော်မူလာကြောင်း သိရှိလေလျှင် ဆီးကြိုပင့်ဆောင် ပူဇော်မှုပြုကြသည်။ ဆံတော်မြတ်များသည် ရောင်ခြည်တော်များ ကွန့်မြူးကာကြည်ညိုဖွယ်အသွင်ထူးဖြင့် ပူးမြင်ကြရသော မင်းနှင့်တကွ ပြည်သူပြည်သားတို့မှာ ကြည်ညိုသဒ္ဓါဖြင့် ပူးမြင်မဝ ဖြစ်ကြရသည်။ ကုန်သည်ညီနောင်တို့ထံမှ ဆံတော်မြတ်နှစ်ဆူကို ကိုးကွယ်ရန် အလို့ငှာ တောင်းခံမှုပြုကြသည်။ ကုန်သည်ညီနောင်တို့မှာလည်း ဘုရားရှင်မှ မိမိတို့အား ပေးသနားတော်မူသည့် ဆံတော်မြတ်များကို အခြားမည်သည့်ပုဂ္ဂိုလ်မျှ မပေးဝံ့ကြချေ။ သို့သော် ကြည်ညိုမှု သဒ္ဓါပြင်းပြလှသော အဇ္ဈုနဂရ ဘုရင်သည် ဆံတော်မြတ်နှစ်ဆူကို ကိုးကွယ်ပူဇော်ရန် အလို့ငှာ အနိုင်အထက်ပြုကာ ဆောင်ယူလေသည်။ ကုန်သည်ညီနောင်တို့သည် အားမတန်မာန်လျှော့လျက် ခရီးဆက်ကြရသည်။

## ဆံတော်ဆောင်ကြဉ်း နဂါးမင်း

မဟာသက္ကရာဇ် (၁၀၃)ခု၊ ဝါဆိုလဆန်း (၁၁)ရက်နေ့၌ နဂရာဇ်မော်အငူ (ယခု ပုသိမ်မော်တင်စွန်း)သို့ ကုန်သည်ညီနောင်တို့၏သင်္ဘော ဆိုက်ရောက်ခဲ့သည်။ ဇေဒ္ဒီပကျွန်း၌ ခရီးတစ်ထောက် ရပ်နားမိသဖြင့် ဗုဒ္ဓဆံတော်မြတ်နှစ်ဆူကို အနိုင့်အထက်ဆောင်ယူခြင်းခံရသော ကုန်သည်ညီနောင်တို့သည် လမ်းခရီး၌ မရပ်နားလိုကြတော့ပေ။ သို့သော် ရာသီဥတု အခြေအနေမှာ မိုးရော လေပါ ပြင်းထန်နေသည်။ လေဒဏ်၊ မိုးဒဏ်ကြောင့် ဗုဒ္ဓဆံတော်မြတ်များ ဆုံးပါးမည်ကိုလည်း စိုးရိမ်မိကြသည်။ နောက်ဆုံး၌ မဖြစ်မနေ တစ်ညတာ ခိုနားကြရသည်။ ညပိုင်း၌ ဗုဒ္ဓဘုရားရှင်၏ဆံတော်မြတ်တို့သည် အထူး သပ္ပါယ်ကြည်ညိုဖွယ် အဆင်းဖြင့် ရောင်ခြည်တော်များကွန့်မြူးတော်မူသည်ကို ရေသတ္တဝါများ ပူးမြင်ကြရသည်။ ဤတွင် လူယောင်ဆောင်ထားသော နဂါးလုင်တစ်ဦးသည် ဆံတော်မြတ်နှစ်ဆူကို ကိုးကွယ်ရန်အလို့ငှာ ယူလျက် ဇေယျသေနနဂါးမင်းထံ ဆက်သလေသည်။ ကုန်သည်ညီနောင်တို့သည် ဆံတော်မြတ်နှစ်ဆူ ပျောက်ဆုံးကြရသဖြင့် ဝမ်းနည်းမဆုံးဖြစ်ကြရသည်။ မိမိတို့ဌာနေ ဥက္ကလာပတိုင်းသို့ ရောက်ရှိမှသာ ဆံတော်များအတွက် စိတ်အေးရချေတော့မည်ဟု မှတ်ယူလျက် ခရီးဆက်ကြရပြန်သည်။

## ပေါက္ခရဝတီ ရောက်ကြပြီ

မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါခေါင်လဆန်း ၁၄-ရက်နေ့၊ တနင်္ဂနွေနေ့၌ ဥက္ကလာပတိုင်း ပေါက္ခရဝတီမြို့၏ဆိပ်ကမ်းဖြစ်သော ဓညဝတီ

(ခေါ်)ဟပင်း(ကသစ်ပင်)ဆိပ်ကမ်း(ယခုဟပင့်) သို့ ရောက်ရှိခဲ့ကြသည်။ ဆိပ်ကမ်းမှ ဆံတော်မြတ်များကို ကမ်းလုံးညွတ်မျှ ကြိုဆို ပူဇော်ကြသည်။ ဟပင်း(ကသစ်ပင်)ဆိပ်ကမ်း၏ အနောက်ဘက် ၆-မိုင်ခန့်အကွာတွင် တည်ရှိသောကွမ်းဒေး (မွန်ဘာသာအားဖြင့်၊ ကွမ်း=ရွာ၊ဒေး=တောင်ကုန်းဟု အဓိပ္ပာယ်ရ၍ တောင်ကုန်းရွာဟု ဖွင့်ဆိုနိုင်ပါသည်။) ယခုတွံတေးမြို့၊ ရွှေဆံတော်စေတီတည်ထားတော်မူရာ မေရုတ(မေရုဒ)ကုန်းမြင့်ပေါ်သို့ နဝရတ်ပြာသာဒ်တော်ကို ပင့်ဆောင်တော်မူပြီး ဘုရားရှင်၏ဆံတော်မြတ်တို့အား ၇-ရက်ပတ်လုံး ပူဇော်ပွဲကြီး ကျင်းပကာ ပူဇော်ကြသည်။

## ဥက္ကလာပ ပူးမြင်ကြ

တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့သည် ဘုရားရှင်၏ဆံတော်မြတ်များအား ပင့်ဆောင်တော်မူလာကြကြောင်း သတင်းကောင်းကို မင်းနေပြည်တော်ရှိ ဥက္ကလာပမင်းကြီးထံ အထောက်တော်များ စေလွှတ်လျက် လျှောက်ထားကြသည်။ ဥက္ကလာပမင်းကြီးသည် ဝမ်းသာအားရဖြင့် "ငါလိုလူ ဖမ္ဗူတစ်လွှား၌ ရှိနိုင်အံ့လော၊ အဘယ်သို့သော မင်းများသည် ငါ၏နည်းတူ ဆံတော်မြတ်တို့ကို ကိုးကွယ်ခွင့် ရရှိပါသနည်း" ဟုကြုံးဝါးတော်မူလေသည်။ ဥက္ကလာပမင်းကြီးသည် ကုန်သည်ညီနောင်တို့၏ဖခင် သုဝဏ္ဏသူဌေးကြီးနှင့် ညှိနှိုင်းတိုင်ပင်လျက် ဆံတော်မြတ်များအား ကြိုဆိုပင့်ဆောင်ပူဇော်နိုင်ရန် စီစဉ်မှုပြုကြသည်။

မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါခေါင်လပြည့်ကျော် ၅-ရက် စနေနေ့တွင် သင်္ဘောဖြင့် ဆိုက်ရောက်လာသည့် ဆံတော်မြတ်များကို ဥက္ကလာပဆိပ်ကမ်းနေရာ (ယခု ဗိုလ်တထောင်စေတီတော်တည်ရာအရပ်)မှ ဥက္ကလာပမင်းကြီးသည် ခေါပဏီတပ်ကြီး ခင်းကျင်းကာ စစ်ဗိုလ်ပေါင်းတစ်ထောင်ဖြင့် ကြီးကျယ်ခမ်းနားစွာ ကြိုဆိုကြသည်။ ဆံတော်မြတ်များကို ဆိပ်ကမ်းထက်၌ အသင့်ဆောက်လုပ်ထားသည့် ရတနာမဏ္ဍပ်တော်ကြီး၌ ကိန်းဝပ်စံပျော် ပူဇော်ခဲ့ကြသည်။

ဥက္ကလာပမင်းကြီးသည် ကုန်သည်ညီနောင်တို့၏ လျှောက်ထားချက်အရ ဆံတော်မြတ်လေးဆူ ဆုံးရှုံးခဲ့ရကြောင်းသိရှိလျှင် ကုန်သည် ညီနောင်တို့အား ထုချေရှင်းလင်း လျှောက်ထားမှုပြုစေသည်။ ကုန်သည်ညီနောင်တို့သည် ဘုရားရှင်မှ တစ်ပါး ကိုးကွယ်အားထားရာမရှိပြီ။ ဘုရားရှင်ကို ရည်မှန်းကာ တိုင်တည်အဓိဋ္ဌာန်ပြုခြင်းမှ တစ်ပါးလည်း ဆောင်ရွက်ဖွယ်ရာမရှိဟု စိတ်ဝယ်မှတ်ယူမိကြသည်။ 'ဘုရားရှင်၏ဗျာဒိတ်တော် စကားတော်နှင့်အညီ မိမိတို့ကိုးကွယ်ပူဇော်ရန် ဘုရားရှင်မှ ပေးသနားတော်မူသည်မှာ မှန်ကန်ခဲ့ပါလျှင် ဆံတော်မြတ်များသည် မူလအတိုင်း ရှိပါစေသတည်း' ဟု လက်အုပ်ချီမိုး ရှိခိုးကာ အဓိဋ္ဌာန်ပြုကြသည်။

ဘုရားရှင်အား ရည်မှန်းကာ မှန်ကန်မှုကို တိုင်တည်လျက် အဓိဋ္ဌာန်ပြုပြီး ပတ္တမြားကြုတ်တော်အား ဖွင့်လေရာ ဆုံးရှုံးခဲ့ရသည့် ဆံတော်မြတ် လေးဆူအပါအဝင် ဘုရားရှင်ပေးသနားတော်မူသည့်အတိုင်း ဆံတော်မြတ်ရှစ်ဆူကို ဝမ်းမြောက်ဖွယ် ပူးမြင်ကြရသည်။ ဥက္ကလာပမင်းကြီးသည် ကြည်ညိုမှု သဒ္ဓါဇောအဟုန်ဖြင့် မိမိဦးခေါင်းကိုပင် ဖြတ်၍ လှူဒါန်းရန် ကြုံးပမ်းခဲ့သည်။ မှူးကြီးမတ်ကြီးတို့မှ "အရှင်မင်းကြီး မရှိလေလျှင် ဆံတော်မြတ်များအား အဘယ် ပုဂ္ဂိုလ်သည် စေတီတည်ထားပါတော့မည်နည်း" ဟု လျှောက်ထားဖျောင်းဖျမှု ပြုကြသည်။ ဥက္ကလာပမင်းကြီးနှင့် ပြည်သူတို့သည် ဆံတော်မြတ်များကို ရတနာမဏ္ဍပ်တော်ကြီး၌ ခြောက်လတိုင်တိုင် ပူဇော်ပွဲကြီး ကျင်းပကာ ပူဇော်ခဲ့ကြပြန်သည်။

ထိုသို့ ပူဇော်ပွဲကြီးဖြင့် ပူဇော်ကြပြီးနောက် ဥက္ကလာပမင်းကြီးသည် ဘုရားရှင်မှ ဆံတော်မြတ်များ ပေးသနားတော်မူခြင်းခံရသည့် မူလဒါယကာရင်းများဖြစ်ကြသော ကုန်သည်ညီနောင်တို့ကို ကိုးကွယ်မှုပြုနိုင်ရန်အလို့ငှာ တစ်ဦးလျှင် ဆံတော်မြတ်တစ်ဆူစီ ခွဲဝေချီးမြှင့်တော်မူသည်။ (ကုန်သည်ညီနောင်တို့အား ဆံတော်နှစ်ဆူ ချီးမြှင့်ခဲ့ပုံကို ဗိုလ်တထောင်မဟာသမိုင်းတော်ကြီးနှင့် သမိုင်းအချို့၌သာ လေ့လာတွေ့ရှိရသည်။)

## သိင်္ဂုတ္တရ မြေမဟာ

ဥက္ကလာပမင်းကြီးသည် ကျန်ရှိသော ဆံတော်မြတ်ခြောက်ဆူကို ဌာပနာပြုလျက် စေတီတော်တည်ထား ကိုးကွယ်ရန် စိမ်မှုပြုတော့သည်။ သို့သော် စေတီတော် တည်ထားရမည့် သိင်္ဂုတ္တရကုန်းတော်တည်ရှိရာ မြေနေရာကို မသိနိုင်အောင်ဖြစ်နေကြသည်။ ဥက္ကလာပမင်းကြီးသည် တောတောင်ကျွမ်းကျင်သော မုဆိုးများ၊ မင်းမှုထမ်းများဖြင့် တောတောင်အနှံ့ လှည့်လည်ရှာဖွေစေသည်။ နေပြည်တော်ရှိ ရှေ့မိနောက်မိ သက်ကြီးရွယ်အိုပုဂ္ဂိုလ်များမှတစ်ဆင့် သိင်္ဂုတ္တရ ကုန်းတော်မြတ်နေရာကို သိနိုင်ရေးအတွက် ဘက်စုံကြိုးပမ်းရှာဖွေမှု ပြုခဲ့ကြသည်။ တပုဿနှင့် ဘလ္လိကတို့သည်လည်း စုံစမ်းလေ့လာရှာဖွေကြသည်။ သိင်္ဂုတ္တရကုန်းတော်သည်ကား တောတောင် ပိတ်ဖုန်း၊ သိင်္ဂုတ္တရကုန်းဆိုသည့်ပမာ တောများအလယ်၌ ဖုန်းကွယ်နေသည်။ အထူးသဖြင့် သိင်္ဂုတ္တရကုန်းမြတ်မဟာ မြေနေရာကို ရှာဖွေသူတို့သည် သိင်္ဂုတ္တရကုန်းနေရာ မြေမဟာအပေါ်ကို ခြေဖြင့်နင်းမိသော်မှ ဤနေရာကား သိင်္ဂုတ္တရကုန်းမြတ် မြေနေရာဟု မသိနိုင်ကြသူများဖြစ်ကြသည်။ ဘုရားရှင် ဗျာဒိတ်တော်အရ သိင်္ဂုတ္တရကုန်းမြတ်မဟာ၏ဘွဲ့မည်ကိုသာ ကြားဖူးခဲ့ခြင်းဖြစ်သေသည်။ ကုန်းမြတ်မဟာ မြေနေရာကား ဘယ်ဆီမှာ ရှိသည်ကို မသိကြချေ။ ဥက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင်တို့သည် သိင်္ဂုတ္တရကုန်းတော်မြတ်ကို ရှာဖွေမတွေ့ရှိနိုင်ကြ။ နေရာကိုလည်း မသိရှိနိုင်ကြသဖြင့် လက်မှိုင်ချရမည့်ကဲ့သို့ ဖြစ်နေကြရသည်။

ထိုစဉ် ဥက္ကလာပမင်းကြီး၏ ဖခင်ဖြစ်သော နတ်တို့၏အရှင်သိကြားမင်းသည် (ဥက္ကလာပမင်းကြီးသည် မယ်လမုနှင့် သိကြားမင်းတို့မှ ဖွားမြင်သည့်သားဖြစ်သည်ဟု သမိုင်း၌ အဆိုရှိခဲ့သည်။) သိင်္ဂုတ္တရကုန်းတော်မြေအား ရှာဖွေမတွေ့ရှိသဖြင့် ဘုရားရှင်၏ဆံတော်ဓာတ်မြတ်များအား ဌာပနာပြု၍ စေတီတည်ရန် အခက်အခဲဖြစ်နေပုံကို သိနေတော်မူသည်။ သိကြားမင်းသည် ဝိသကြုံနတ်သားအား တာဝန်ပေးခဲ့သည်။ ဝိသကြုံ နတ်သားသည် လူ့ပြည်သို့ သက်ဆင်းလျက် တောတောင် ပိတ်ဖုံးနေသော သိင်္ဂုတ္တရကုန်းတော်ကို ညတွင်းချင်း သုတ်သင် ရှင်းလင်းမှုပြုခြင်းဖြင့် ပေးအပ်သော တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်မှု ပြုခဲ့သည်။ ထိုသို့ ဝိသကြုံနတ်သားမှ သိင်္ဂုတ္တရကုန်းတော်မြေအား ရှင်းလင်းပြုပြင်သောည၌ပင် တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့သည် သိင်္ဂုတ္တရကုန်းတော်မြေကို မိမိတို့ကိုယ်တိုင် တွေ့ရှိရပြီဖြစ်ကြောင်း အိပ်မက်မြင်မက်ကြသည်။ ကုန်သည်ညီနောင်တို့သည် မိမိတို့ ညီနောင်နှစ်ဦး တစ်ပြိုင်နက် အိပ်မက်ကောင်းတစ်ခုကို ထူးခြားစွာ အိပ်မက်ကြရသဖြင့် ဝမ်းသာအားရဖြစ်ကြရသည်။

နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ သိင်္ဂုတ္တရကုန်းတော်မြတ်နေရာသို့ ကုန်သည်ညီနောင်တို့ သွားရောက်ခဲ့ကြသည်။

မိမိတို့မြင်မက်သော အိပ်မက်နှင့်အညီ စည်မျက်နှာကဲ့သို့ ညီညာပြန့်ပြူး အထူးရှင်းလင်းနေသော သိင်္ဂုတ္တရကုန်းမြတ်မဟာကို အံ့ဖွယ်တွေ့မြင်ကြရသည်။ ချက်ချင်းပင် ဥက္ကလာပမင်းကြီးထံတော်သို့ "တောတောင်အလယ်မှ ညီညာပြန့်ပြူး

အထူးသာယာ သိင်္ဂုတ္တရကုန်းမဟာကို တွေ့မြင်ရပြီ ဖြစ်ပါကြောင်း" လျှောက်ထားကြသည်။ ဉက္ကလာပမင်းကြီးသည်လည်း မူလက အကြိမ်ကြိမ် ရှာဖွေပါလျက် မတွေ့ဘဲ ယခုမှ တွေ့မြင်ကြရသည် ဆိုသည့်လျှောက်တင်ချက်ကို မယုံကြည်နိုင်အောင် ဖြစ်ရသည်။ မင်းမှုထမ်းတို့အား သွားရောက်ကြည့်ရှု လျှောက်တင်စေသည်။ မင်းမှုထမ်းတို့က မျက်မြင်ကိုယ်တွေ့ ထင်ရှားစွာ တွေ့မြင်ပုံကို ရဲရဲဝံ့ဝံ့ လျှောက်တင်ကြသည်။ ထိုသို့မင်းချင်းများ၊ မင်းမှုထမ်းများ မျက်မြင် လျှောက်တင်ကြသည်ကိုပင် ကျေနပ်တော်မူခြင်း မရှိသေးသည့် ဉက္ကလာပမင်းကြီးသည် ကိုယ်တော်တိုင် ဆင်တော်ဖြင့် သိင်္ဂုတ္တရကုန်းမြတ်မဟာသို့ ကြွချီတော်မူသည်။ သိင်္ဂုတ္တရကုန်းမြတ်မဟာကို မျက်ဝါးထင်ထင် တွေ့မြင်ရသော ဉက္ကလာပမင်းကြီးသည် ဝမ်းသာပီတိဖြစ်ပေါ်ခံစားလျက် ကုန်းတော်မြေကို ဆင်တော်ဖြင့် လက်ယာရစ်သုံးကြိမ် လှည့်လည် ပူဇော်လေသည်။

## ဓာတ်မြတ်သုံးဆူ ရှာတော်မူ

ဉက္ကလာပမင်းကြီးသည် သိင်္ဂုတ္တရကုန်းတော်မြေ၌ စေတီတည်ထားရန် အလို့ငှာ ဘုရားရှင်၏ ဆံတော်ဓာတ်မြတ်များအား ပင့်ဆောင်ကြရန် ကုန်သည်ညီနောင်တို့အား စေခိုင်းတော်မူသည်။ ကုန်သည်ညီနောင်တို့မှ "အရှင်မင်းကြီး၊ ဘုရားရှင်၏ဗျာဒိတ်တော်အရ ရှေးအခါက ပွင့်တော်မူလေပြီးသော နောင်တော်ဘုရားသုံးဆူတို့၏ ပရိဘောဂဓာတ်မြတ်များ ကိန်းဝပ်ရာ နေရာ၌သာ ဆံတော်မြတ်များကို ဌာပနာပြုရမည် ဖြစ်ပါသည်" ဟု တောင်းပန် လျှောက်ထားကြသည်။

ဉက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင်တို့သည် သိင်္ဂုတ္တရကုန်းမြတ်မဟာကို ရှာဖွေမှုပြုခဲ့ရသည့်နည်းတူ ဘက်စုံ စုံစမ်းလေ့လာမှုပြုကြပြန်သည်။ နောက်ဆုံး၌ ဉက္ကလာပမင်းကြီး၏ ဖခင်၊ နတ်တို့၏အရှင် သိကြားမင်း၏စောင့်ရှောက်ကူညီမှုဖြင့် ရှေးဘုရားရှင် သုံးဆူတို့၏ ပရိဘောဂဓာတ်မြတ်များ ကိန်းဝပ်ရာ နေရာမြတ်ကို သိင်္ဂုတ္တရမြေမဟာ၌ ရှာဖွေ တွေ့ရှိကြရသည်။ ဤသို့ဖြင့် အသက်အရှည်ဆုံး နတ်ကြီးများမှ ဆူးလေနတ်ကြီးအား ကကုသန်ဘုရားရှင် ပေးသနားတော်မူခဲ့သည့်တောင်ဝှေးတော်၊ ယောဟဏီနတ်ကြီး (ဗိုလ်တထောင်)နတ်ကြီးအား ကောဏာဂုံဘုရားရှင် ပေးသနားတော်မူခဲ့သည့် ရေစစ်တော်၊ ဒက္ခိဏနတ်ကြီးအား ကဿပဘုရားရှင် ပေးသနားတော်မူခဲ့သည့် ရေသနပ်သင်္ကန်းတို့ကို တွေ့ရှိဖူးမြင်ကြရတော့သည်။ ရှေ့ဘုရားရှင်သုံးဆူတို့၏ ပရိဘောဂဓာတ်မြတ်တို့ကို ကမ္ဘာတည်သရွေ့ ကာလပတ်လုံး စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ယူထားသည့် မော်ဘိနတ်ကြီး၏ စောင့်ရှောက်မှုဖြင့် သိင်္ဂုတ္တရကုန်းမြတ်မဟာမြေပေါ်ရှိ အလျား၊ အနံ၊ အစောက် (၄၄) တောင်ခန့်ရှိသော မြေတွင်းကြီးအတွင်း၌ တည်ရှိနေခြင်းဖြစ်သည်။ ဉက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင်တို့သည် ပရိဘောဂဓာတ်မြတ်များ တည်ရှိတော်မူရာ တွင်းကြီးအတွင်းမှ တူးဖော်ရရှိခဲ့ကြသည်။ ဉက္ကလာပမင်းကြီးနှင့် ပြည်သူအပေါင်းတို့သည် ရှေးဘုရားရှင် သုံးဆူတို့၏ ပရိဘောဂဓာတ်တော် မွေတော်များကို ဖူးမြင်ခွင့်ရရှိကြသဖြင့် ကြည်ညို အားရဝမ်းမြောက်ခြင်း ဖြစ်ကြရသည်။

## ဆံတော်ပင့်လမ်း ကြိုဆိုခန်း

ဉက္ကလာပမင်းကြီးသည် ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်များကို ရတနာမဏ္ဍပ်တော် (ဗိုလ်တထောင်စေတီတော် တည်ရာမြေ)မှ သိင်္ဂုတ္တရကုန်းမြတ်မဟာသို့ ဆံတော်မြတ်များ ပင့်ဆောင်ရေးကို ကြီးကျယ်ခမ်းနားစွာ အစီအမံပြုတော်မူသည်။ ဦးစွာ ဆံတော်ပင့်ဆောင်ရန် သင့်တော်မည့် လမ်းကြောင်းကို ရွေးချယ်သတ်မှတ်သည်။ သတ်မှတ်ထားသည့် ခရီးလမ်းတစ်လျှောက်ကို ချုံနွယ်သစ်ပင်များ ရှင်းလင်းခြင်း၊ မြေညှိခြင်း၊ သဲဖြူ



စေတီအစ ရွှေတိဂုံက ဟု တင်စားရသည့်
ရွှေတိဂုံ စေတီတော်ကြီး

ခင်းခြင်း၊ ရာဇမတ်များ ကာရံခြင်း၊ ငှက်ပျောပင် စိုက်ခြင်း၊ တံခွန်အလံများ လွှင့်ထူခြင်းစသည်ဖြင့် သုတ်သင်ပြုပြင် မွမ်းမံတော်မူသည်။ ပင့်ဆောင်ရန် လမ်းခရီးအဆင့်ဆင့်၌ ဆံတော် ကြိုဆိုပူဇော်မည့်နေရာများ သတ်မှတ်ခြင်း စသည်ဖြင့် ဘက်ပေါင်းစုံ ပြည့်စုံအောင် စီစဉ်လျက် ဗုဒ္ဓ၏ဆံတော်မြတ်များကို မင်းခမ်းမင်းနားဖြင့် သိင်္ဂုတ္တရကုန်းမြတ်မဟာသို့ ပင့်ဆောင်လေသည်။ နောင်ကာလများ၌ ဆံတော်မြတ်များ ပင့်ဆောင်တော်မူစဉ် ကြိုဆိုပူပြုသည့် နေရာအလိုက် ဆံတော်ကြို စေတီများ တည်ထားခြင်းပြုကြသည့်အပြင် ပင့်ဆောင်ရန် လမ်းကိုလည်း ဆံတော်ကြိုလမ်းဟု ခေါ်တွင်ခဲ့ကြကြောင်း လေ့လာမှတ်သားရပါသည်။

**စေတီအစ ရွှေတိဂုံက**

ဥက္ကလာပမင်းကြီးသည် ဗုဒ္ဓ၏ဆံတော်မြတ်များနှင့် ရှေးဘုရားရှင်တို့၏ ပရိဘောဂဓာတ်မြတ်များကို သိင်္ဂုတ္တရကုန်းမြတ်မဟာပေါ်ရှိ ရွေးချယ်သတ်မှတ်ထားသည့် နေရာများ၌ မဟာသက္ကရာဇ် (၁၀၃)ခု၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ ဒီရေတက်ချိန်၌ ဌာပနာပြုလျက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီး တည်ထားမှုပြုပုံကို ကြည်ညိုနိုင်စိမ့်သောငှာ မောင်ဆုရှင် (ဆရာဦးမျိုးသန့်) ရေးသားပြုစုထားသော မြတ်ဘုရား ရွှေတိဂုံစာအုပ်မှ အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါသည်။

" သိကြားမင်းသည် တာဝတိံသာနတ်ပြည်မှ ကျောက်ဖျာကြီး ခြောက်ချပ်ကို ဆောင်ယူစေ၏။ ငွေအဆင်းရှိသော ကျောက်ဖျာကြီးကို အောက်မှ ခင်း၍ စိန်အဆင်းရှိသော ကျောက်ဖျာကြီးကို ဥမင်၏အရှေ့ဘက်မျက်နှာ၊ မြအဆင်းရှိသော ကျောက်ဖျာကြီးကို အနောက်ဘက်မျက်နှာ၊ ပုလဲအဆင်းရှိသော ကျောက်ဖျာကြီးကို မြောက်ဘက်မျက်နှာ၊ နီလာအဆင်းရှိသော ကျောက်ဖျာကြီးကို တောင်ဘက်မျက်နှာတို့၌ အသီးသီး ကာရံစေသည်။ ပတ္တမြားအဆင်းရှိသော ကျောက်ဖျာကြီးကိုမူကား ဥမင်အထက်မှ အဖုံးပြုလုပ်ရန် ထားရှိသည်။

လေးဆယ့်လေးတောင် အတိုင်းအရှည်ရှိသော ဥမင်ကြီး၏ထောင့်လေးထောင့်တွင် ဖယောင်းတိုင်ကြီးလေးတိုင်ကို အဆက်မပြတ် ထွန်းလင်းနေအောင် ထွန်းညှိသည်။ ထို့နောက် ဥမင်ထဲတွင် ရတနာခုနစ်ပါးကို ဒူးဆစ်ထိ နစ်မြုပ်အောင် ထည့်သည်။ ထိုရတနာများပေါ်တွင် ရတနာအတိပြီးသည့် သဘော်ထက်၌ ပတ္တမြားပြာသာဒ်လေးဆောင်ကို ထားသည်။ ပတ္တမြားပြာသာဒ်တစ်ဆောင်စီ၌ ကကုသန်၊ ကောဏဂုံ၊ ကဿပဘုရားရှင်တို့၏တောင်ဝှေး၊ ရေစစ်၊ ရေသနပ်တို့ကို ထည့်သွင်းသည်။ ကျန်တစ်ဆောင်တွင် လက်ရှစ်သစ် အလျားပမာဏရှိသော ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို ပတ္တမြားကြုတ်၌ ထည့်၍ ထိုပတ္တမြားကြုတ်ကို တဖုဿနှင့် ဘလ္လိကတို့၏ရွှေရုပ်များက ထမ်းလျက် ဌာပနာ၏။ ဗြဟ္မာမင်း၊ သိကြားမင်း၊ ဥက္ကလာပမင်း၊ မယ်တော်မိဖုရားတို့၏ ရွှေသားအရုပ်၊ ပတ္တမြား ပန်းခက်၊ စိန်ပန်းခက်၊ မြပန်းခက်များနှင့် ဘေးပတ်လည်မှ ဆံတော်ကို ပူဇော်ဟန်လည်း ဌာပနာ၏။

ထို့နောက် ဆံတော်နှင့်ဓာတ်တော် မွေတော်များကို ဌာပနာရာ ဥမင်၏လေးမျက်နှာတွင် မီးစက်၊ ရေစက်၊ လှံဓား၊ စက်ယန္တရားနှင့် ထားပြီးသော် ကွန်ချာခုနစ်ထပ် အုပ်၏။

ဆံတော်များကို ဌာပနာတိုက်သို့ မသွင်းမီ သိကြားမင်း၊ ဥက္ကလာပမင်းနှင့် မှူးမတ်အပေါင်းတို့သည် လေးစင်သော နဒီရေဖြင့် ဆေးမည်ဟုကြံ၏။ နောက်မှ တစ်ဖန်လျှော်ကန်မည်ဟုမထင်။ ကုန်းတော်ပေါ်တွင် ရေတွင်းတူး၍ ထွက်သော ရေဖြင့်ဆေးမှ လျော်ကန်မည်ဟု ရေတွင်းတူးစေသည်။ ရေတွင်းမှသန္တာမြသား၊ ပတ္တမြားအရောင်အဆင်း ရှစ်ကွမ်းစား ရေထွက်သဖြင့် ဆံတော်ကို ရေသပ္ပါယ်ကြကုန်၏။

သိကြားမင်းသည် ဆံတော်များကိုရေသပ္ပါယ်ရန်ဟူ၍ ပတ္တမြားကြုတ်မှ ထုတ်ယူ ပင့်ဆောင်လိုက်သောအခါ လူနတ်ဗြဟ္မာတို့သည် သောသောညံအောင် ကောင်းချီးပေးကြကုန်၏။ ဆံတော်မြတ်တို့သည်လည်း ထန်းပင်ခုနစ်ပြန်မျှရှိသောအမြင့်သို့ ပျံတက်၍ ကိန်းဝပ် ရပ်တည်လေ၏။ ယင်းဆံတော်တို့မှ ကွန့်မြူး ပေါ်ထွက်လာသော ရောင်ခြည်တော်တို့သည် လောကဓာတ်အလုံးသို့တိုင် ပျံ့နှံ့ကုန်၏။ ပြိတ္တာတို့သည်လည်း လူတို့ကို မြင်ရကုန်၏။ လူတို့သည်လည်း ပြိတ္တာတို့ကို မြင်ရကုန်၏။ မျက်စိမမြင်သော သူတို့သည်လည်း မြင်ရကုန်၏။ နားမကြားသောသူတို့သည်လည်း ကြားကုန်၏။ ကိုယ်လက်ချည့်နဲ့ ကောက်ကွေးနေသူတို့သည်လည်း အကောင်းပကတိ ဖြစ်ကြသည်။ ဆွံ့သော၊ အ,သောသူတို့သည်လည်း ပီသစွာပြောဆိုနိုင်ကြကုန်၏။ ပထဝီမြေအထုသည်လည်း ပြင်းစွာ လှုပ်ရှား၏။ သမုဒ္ဒရာပြင်၌ လှိုင်းတံပိုးများသည်လည်း ထကြွ၏။ မြင့်မိုရ်တောင်သည်လည်း ညွတ်၏။ တောင်စဉ် ခုနစ်ထပ်သို့လည်း တစ်ပြိုင်နက် လှုပ်ကြကုန်၏။ လျှပ်နွယ်၊ လျှပ်စည်းများသည် ကောင်းကင်၌ ဝင်းလက်ကြကုန်၏။ ရတနာကိုးပါးဖြင့် ပြည့်သော မိုးကြီးလည်း ရွာ၏။ တောတောင်တို့၌

ရှိသော ပန်းတို့သည်လည်း အခါရာသီမဟုတ်ဘဲ ပွင့်ကြ သီးကြကုန်၍ မြတ်စွာဘုရား၏ဆံတော်ရှစ်ဆူကို ပူဇော်ကန်တော့ကြလေ၏။

သိကြားမင်းသည်လည်း ရတနာအပေါင်းစီ၍ထားသော မကိုဋ်ကို လှူ၏။ သိကြားမင်း၏ မိဖုရားလေးပါးတို့သည်လည်း ဝပ်ပန်းပုဆိုး၊ ပတ္တမြား နားတောင်း၊ မကိုဋ်တန်ဆာ၊ ပတ္တမြားဆံကျင်တို့ကို လှူ၏။ လူအပေါင်းတို့သည်လည်း ဘယက်လည်ဆွဲတည်းဟူသော ရွှေ၊ ငွေ၊ ကျောက်သံပစ္စည်းတို့ဖြင့် ပူဇော်ကြကုန်၏။ လှူဒါန်းကြသော ရတနာဝတ္ထုအစုစု၏ များပြားခြင်းမှာ ရတနာမိုးကြီး ရွာဘိသကဲ့သို့ ဖြစ်၏။ ထိုအခါ ကောင်းကင်မှ ဆံတော်များသည် အောက်သို့သက်ဆင်း၍ တဖုဿနှင့် ဘလ္လိက ညီနောင်တို့၏ ဦးခေါင်းထက်၌ တည်လေသည်။ စေတီတော် ဥာပနာ ဥမင်ကို အထက်ပါအတိုင်း စီရင်လျက် အထက်က ပတ္တမြားအဆင်းရှိသော ကျောက်ဖျာကြီးကိုပိတ်မည်ပြုသောအခါ တဖုဿနှင့်ဘလ္လိက ညီနောင်တို့မှာ ဆံတော်မြတ်သည် 'ငါတို့နှင့်ကင်းချေတော့မည်တကား'ဟူ၍ ရင်တီး လက်ခတ်ပြု၍ ငိုမြည်တမ်းကြကုန်၏။ အစစ အဆင်သင့် ဖြစ်သောအခါ ဥာပနာဥမင်ကို အထက်က ကျောက်ဖျာကြီးဖြင့် သိကြားမင်းကိုယ်တိုင် ပိတ်ဖုံးလိုက်လေသည်။ ဥာပနာဥမင်၏အထက်ကျောက်ဖျာပေါ်၌ ရွှေစေတီကို တည်၏။ ရွှေစေတီကို ငွေစေတီ မျို၍တည်၏။ ငွေစေတီကို ကြေးပြုစေတီမျို၍တည်၏။ ကြေးပြုစေတီကို ကြေးနီစေတီမျို၍ တည်၏။ ကြေးနီစေတီကို သံလွဲစေတီမျို၍တည်၏။ သံလွဲစေတီကို ကျောက်ပြုစေတီမျို၍ တည်၏။ ကျောက်ပြုစေတီကို သံအုတ်စေတီ မျို၍တည်၏။ ဤသို့ ရွှေအုတ်၊ ငွေအုတ်၊ ကြေး ပြု အုတ်၊ ကြေးနီအုတ်၊ သံလွဲအုတ်၊ ကျောက်ပြု အုတ်၊ သံအုတ်၊ မြေအုတ်နှင့်တကွ ထုံး၊ သဲ၊ ကျွဲကော်၊ နရပတော၊ အင်္ဂတေတို့ဖြင့် ကောင်းမွန် ခိုင်ခံ့အောင် တည်ပြီးသော စေတီတော်ကို ဘိနပ်တော်မှ ငှက်ပျောဖူးအထိ ရတနာမျိုးစုံတို့ဖြင့် မွမ်းမံသည်။ ထိုအခါ ဉာဏ်တော် ၄၄-တောင်အမြင့် ဖြစ်လေသည်။ ထိုအခါ သိကြား၊ ဗြဟ္မာ၊ ဥက္ကလာပမင်းကြီးနှင့် များစွာသောနတ်အပေါင်းတို့သည်လည်းကောင်း၊ နဂါး၊ ဂဠုန်၊ ရေနေ၊ ကြည်းနေ အပေါင်းတို့သည်လည်းကောင်း ထီး၊ တံခွန်၊ ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ကြကုန်၏။"

ဤသို့ ရွှေတိဂုံစေတီတော်ကြီး တည်ထားကိုးကွယ်ခြင်းသည် မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓသာသနာတော်ကြီး အဦးဆုံး ရောက်ရှိခြင်းဖြစ်သည်ဟု ဆိုရပေမည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော်ရောက်ရှိမှုနှင့်အတူ မြန်မာ နိုင်ငံ၏စေတီတည်ထားကိုးကွယ်ခြင်း အစပြုခြင်းလည်း ဖြစ်သည်ဟု ဆိုရပေမည်။ ထို့ကြောင့်ပင် 'မြန်မာ့သာသနာအစ ရွှေတိဂုံက'၊ 'စေတီအစ ရွှေတိဂုံက'ဟု တင်စားကြရမည်ဖြစ်သည်။ အထူးသဖြင့် မြတ်ဗုဒ္ဓပွင့်ထွန်းစ ဦးစွာ ချီးမြှင့်ပေးသနားတော်မူသော ဆံတော်ဦးဖြင့် အစောဆုံး စတင်တည်ထားတော်မူသည့် စေတီတော်ဖြစ်ခြင်းကြောင့် 'စေတီအစ ရွှေတိဂုံက'ဟုဆိုရာ၌ မြန်မာနိုင်ငံ၌သာမက ဘုရားရှင် ပွင့်ထွန်းတော်မူရာ အိန္ဒိယပြည်၌ အခြားသော စေတီတည်ထားခြင်း မရှိသေးသောကြောင့် ဗုဒ္ဓသာသနာ၌ ကမ္ဘာနှင့်ချီ၍ တင်စားရေးသားမည်ဆိုပါလျှင် 'ကမ္ဘာ့စေတီအစ ရွှေတိဂုံက'ဟု ဖွင့်ဆိုပါကလည်း လွန်အံ့မထင်မိပေ။ ထိုသို့ ဗုဒ္ဓပွင့်ထွန်းမှုအစဉ် ဗုဒ္ဓဝင်၌ မှတ်တမ်းဝင် တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးသည်ကား ယခုအခါ ကမ္ဘာတစ်ဝန်း၌ အံ့ချီးဖွယ်ရာ ရွှေတောင်ကြီး အလား ထင်ရှားလျက်ရှိပေသည်။

တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ဘုရားရှင်အား ဖူးမြင်ရပုံ၊ ဆံတော်များ ရရှိပုံ၊

ပင့်ဆောင်စေတီတည်ပုံများနှင့် စပ်လျဥ်း၍ ပါဠိပိဋကတ်တော်များဖြစ်သည့် အင်္ဂုတ္တရ နိကာယ်၊ တေဒဂ္ဂဝဂ်၊ ဝိနယပိဋက မဟာဝဂ္ဂပါဠိ၊ ဇာတက အဋ္ဌကထာ၊ မဟာဝဂ္ဂအဋ္ဌကထာ၊ အင်္ဂုတ္တရ အဋ္ဌကထာ၊ ဇာတကအဋ္ဌကထာ စသည်တို့၌ အထင်အရှား ပါရှိခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။ ဤသို့ ပါဠိတော်နှင့် အဋ္ဌကထာများပါ အဓိက ဗုဒ္ဓဝင်ဖော်ပြချက်ကို ကိုးကားလျက်ပြန်လည် ရေးသားပြုစုကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ပညာရှင်အသီးသီးတို့မှ ဗုဒ္ဓဝင်၊ ရာဇဝင်၊ သမိုင်းအဖုံဖုံတို့၌ မိမိတို့အမြင်ဖြင့် အထူးထူးအသွယ်သွယ် ကြည်ညိုဖွယ် တင်စားရေးသားမှုပြုကြသဖြင့် ကွဲပြားခြားနားမှုများ ရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။ သို့သော် အဓိကပါဠိ၊ ပိဋကတ်တော်များပါ သမိုင်းကြောင်းကို အားပြုကိုးကား ပြုစုရေးသားကြသည်သာ ဖြစ်ပေသည်။ စာရေးသူအနေဖြင့်လည်း မိမိ လက်လှမ်းမီသလောက်၊ အချိန်ရရှိသလောက် လေ့လာနိုင်မှုအတိုင်းအတာပေါ်၌ အခြေခံလျက် ခေတ်နှင့်လည်း လိုက်လျောညီထွေရှိစေရန် စုဆောင်းပြုစုတင်ပြမှုသာ ဖြစ်ပါသည်။ ချို့ယွင်းအားနည်းချက်များ ရှိပါက သမိုင်းကြောင်း၏ ချို့ယွင်းအားနည်းမှု မဟုတ်ဘဲ စာရေးသူ၏လေ့လာမှု၊ ပြုစုမှု၊ အားနည်းချက်အဖြစ် မှတ်ယူကြရန် ဖြစ်ပါသည်။

အထူးသဖြင့် အထက်ပြုစုတင်ပြချက်ပါ ဘုရားရှင်၏ ဗုဒ္ဓဝင်အကျဥ်းဟု ဆိုရမည့် သံဝေဇနီယ လေးဌာနနှင့် ဥက္ကလာပမြို့သား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဆံတော်မြတ်များကို ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့ပုံ သမိုင်းစဥ်သည် ဗုဒ္ဓသာသနာတော်၌လည်းကောင်း၊ မြန်မာ့သာသနာတော်၌လည်းကောင်း အဓိက အရေးပါသော သမိုင်းဖြစ်ရပ်ပင် ဖြစ်သည်။ အထက်ပါသမိုင်းစဥ်အရ ဗုဒ္ဓဘုရားရှင် မဟာလူသား ဗုဒ္ဓပွင့်ထွန်းပေါ်ပေါက်မှု၊ ဗုဒ္ဓ၏ဓမ္မလမ်းစဥ်အနှစ်ချုပ်ရည်မှန်းချက်ပန်းတိုင်နှင့် သံဝေဂပွားများအပ်သည့် သံဝေဇနီယလေးဌာန၏ ယနေ့တိုင် တည်ရှိမှု၊ ဗုဒ္ဓဝင်အစ မြန်မာတို့၏ အခန်းကဏ္ဍနှင့် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော်ကြီး ဦးဆုံးရောက်ရှိမှု၊ စေတီတည်ထားကိုးကွယ်မှု သမိုင်းဖြစ်ရပ်မှန်ကို သိရှိနိုင်ကြမည်ဖြစ်ပေသည်။

## ညီနောင်နှစ်ပြား တည်ကျိုက်ပါ

တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဥက္ကလာပမင်းကြီးထံမှ မိမိတို့အား ဆံတော်မြတ်ဒါယကာရင်းများအဖြစ် ချီးမြှင့်သည့်ဆံတော်နှစ်ဆူကို စေတီတော် တည်ထားကိုးကွယ်ရန် မိမိတို့စိတ်ဆန္ဒအလျောက် နေရာရွေးချယ်မှု ပြုကြသည်။ (ဤနေရာတွင် ဘုရားရှင်၏ ဗျာဒိတ်တော်စကားအရ ဆံတော်မြတ်တို့ကို သိင်္ဂုတ္တရကုန်းမြတ်မဟာ၌ စေတီတည်ထား ကိုးကွယ်ရန်မိန့်ကြားချက်နှင့်အညီ ရွှေတိဂုံစေတီတော်ကြီးကို ဦးစွာတည်ထားရန် ဦးစားပေးငဲ့ကွက်လျက် မိမိတို့ ရရှိကြသည့်ဆံတော်မြတ်များဖြင့် စေတီတည်ထားကိုးကွယ်ရေးကို ဦးစားမပေးခဲ့ပုံကို အလေးဂရုထားကာ သတိပြုကြရမည်ဖြစ်ပေသည်။)

တဖုဿသည် ခြောက်လတိုင်တိုင် ဆံတော်မြတ်များ၊ ကိန်းဝပ်စံပယ်တော်မူလျက် ပူဇော်ပွဲကြီး ကျင်းပပူဇော်ခဲ့ရာ ရတနာမဏ္ဍပ်နေရာမြတ် (ယခု ဗိုလ်တထောင်စေတီတော်မြတ် တည်ရှိရာနေရာသည် ထိုစဥ်က ရတနာမဏ္ဍပ် နေရာများဖြစ်သည်။)ကို စေတီတော် တည်ထားရန် မြေနေရာအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။

ဘလ္လိကသည် ဗိုလ်တထောင်ရတနာမဏ္ဍပ်တော်မြတ် တည်ရာနေရာမှ သိင်္ဂုတ္တရကုန်းမြတ်မဟာသို့ ဆံတော်မြတ်များ ပင့်ဆောင်စဥ်က တစ်ထောက်ရပ်နားရာ နေရာမြတ်ကို စေတီတည်

ထားရန် ရွေးချယ်သတ်မှတ်ခဲ့သည်။

ကုန်သည်ညီနောင်တို့သည် ဥက္ကလာပ မင်းကြီးနှင့် ဖခင်သူဌေးကြီးတို့အား အမှူးထားလျက် မိမိတို့ညီနောင်အား ဥက္ကလာပမင်းကြီး ခွဲဝေချီးမြှင့်သော ဆံတော်မြတ်တစ်ဆူစီကို ဌာပနာပြုလျက် သတ်မှတ်ရွေးချယ်ထားသည့် နေရာမြတ်တို့၌ စေတီများ တည်ထား ကိုးကွယ်ခဲ့ကြသည်။ ၎င်းစေတီနှစ်ဆူလုံးကို 'ကျိုက်ပါစေတီ'ဟု ဘွဲ့အမည်တူ ခေါ်တွင်ခဲ့ကြသည်။ မွန် ဘာသာအားဖြင့် ကျိုက်ပါဟူသည်မှာ ကျိုက်= ဘုရား၊ ပါ= နှစ် ဟူသောအဓိပ္ပာယ်ရ၍ ဘုရားနှစ်ဆူဟု ဖွင့်ဆိုကြရပေမည်။

တဖုဿ တည်ထားသော ကျိုက်ပါစေတီတော်မှာ ကျိုက်ပါဟူသော ဘွဲ့အမည်အပြင် ဆံတော်မြတ်များကို စစ်ဗိုလ်ပေါင်းတစ်ထောင်တို့ဖြင့် ဝန်းရံကြိုဆိုမှု ပြုခဲ့သည့်အထိမ်းအမှတ်အဖြစ် ယနေ့တိုင် ဗိုလ်တထောင်ဆံတော်ဦးစေတီဟူသော ဘွဲ့အမည်သစ်ဖြင့် ထင်ရှားလျက် ရှိပေသည်။

ဘလ္လိက၏ကျိုက်ပါစေတီတော်မှာ နှောင်းခေတ်တွင် သရေခေတ္တရာ (ပြည်)၌ နန်းစံတော်မူသော ဒွတ္တပေါင်မင်းကြီး ဒဂုံမြို့သို့ ဘုရားဖူးရောက်ရှိစဉ် ပျက်စီးနေသည့် ဘလ္လိက၏ကျိုက်ပါစေတီမှ ဆံတော်မြတ်အား ပင့်ဆောင်သွားခဲ့သည်။ ၎င်းဆံတော်မြတ်ကို သရေခေတ္တရာ (ပြည်)မြို့၌ မြသီတင်( ရွှေဆံတော်)ဘွဲ့အမည်ဖြင့် စေတီတည်ထားကိုးကွယ်တော်မူခဲ့ကြောင်း မှတ်သားရပါသည်။

## ဒေသစာရီ မြန်မာ

ဗုဒ္ဓဘုရားရှင်သည် ၄၅-ဝါကာလပတ်လုံး လှည့်လည်၍ သတ္တဝါအားလုံးတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးလျက် သံသရာဘေးကြီးမှ ကင်းဝေးစေရန် မြတ်နိဗ္ဗာန်သို့ လမ်းပြပို့ဆောင်ပေးခဲ့သည်။ ဓမ္မစကဝန်း လှည့်လည်ဒေသစာရီ ကြွချီရာ၌လည်း မြန်မာနိုင်ငံ အရပ်ရပ်သို့ ကြွချီရောက်ရှိတော်မူခဲ့ကြောင်း ရှေးဟောင်းသာဓက သမိုင်းအဝဝတို့ကိုလည်း ထင်ရှားစွာ လေ့လာတွေ့ရှိခဲ့ရသည်။

မဟာသက္ကရာဇ် ၁၁၁-ခု၊ တန်ဆောင်မုန်းလ၌ ဗုဒ္ဓဘုရားရှင်သည် အရှင်ဂဝံပတိမထေရ်မြတ်ကြီး၏ လျှောက်ထားတောင်းပန်မှုအရ သုဓမ္မာပြည်(သုဝဏ္ဏဘူမိ-သထုံပြည်)မွန်တို့၏ ဒေသရာမညတိုင်းသို့ ကြွရောက်တော်မူခဲ့သည်။ သုဓမ္မာပြည့်ရှင် သီရိမာသောကတိဿဓမ္မသီဟ ရာဇာမင်းကြီးသည် ဘုရားရှင်အမှူးပြုသော နောက်ပါရဟန်းတော်(၅၀၀)တို့အား ရတနာမဏ္ဍပ်တော်၌ (၇)ရက်တိုင် လှူဒါန်း ပူဇော်မူဖြူကြသည်။ ဘုရားရှင်သည် ဘုရင်မင်းမြတ်နှင့်တကွ ရသေ့များနှင့် ပြည်သူပြည်သားအပေါင်းတို့အား

သင့်လျော်သည့်တရားများကို ဟောကြားတော်မူသည်။ ဤဒေသစာရီခမ္မခရီးစဉ်၌ တြိယဝက်ကျွန်းသားရသေ့ခေါက်အပါအဝင် အကြီးအမှူးရသေ့များနှင့် ဘုရင်သီရိမာသောကတို့အား ဆံတော်မြတ်များ ပေးသနားတော်မူခဲ့သည်။

နောင် ဘုရားရှင် ချီးမြှင့်တော်မူခဲ့သော ဆံတော်မြတ်တို့ကို ဌာပနာပြုလျက် စေတီများ တည်ထားကိုးကွယ်ခဲ့သည်။

မဟာသက္ကရာဇ် ၁၂၃-ခုနှစ်၌ ဓညဝတီပြည့်ရှင်ဘုရင် စန္ဒာသူရိယမင်းကြီးမှ လျှောက်ထား တောင်းပန်တော်မူသောကြောင့် ဓညဝတီ ရခိုင်မင်းနေပြည်တော်သို့ ဘုရားရှင်သည် နောက်ပါရဟန်းတော်များ လိုက်ပါလျက် ကြွရောက်တော်မူသည်။ ဤဒေသစာရီ ခမ္မခရီးစဉ်၌ ဘုရားသခင်၏ရှေ့တော်မှောက်၌ပင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို သွန်းလောင်းထုလုပ်နိုင်မြင်းဖြင့် အဓိက သာသနာပြုလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ သွန်းလောင်းထုလုပ်ပြီး မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်အား ဘုရားရှင်၏ကိုယ်ပွား၊ ကိုယ်စားတော်အဖြစ် ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ရင်ငွေ့လှုံကာ ကိုယ်စားတော် ပြုပေးတော်မူခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။ ယခုအခါ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးသည် မန္တလေးနေပြည်တော်၌ တန်ဖိုးကြီး ရုပ်ပွားရုပ်ရှင်တော်မြတ်ကြီးအဖြစ် ထင်ရှားလျက် ရှိသည်။

မဟာသက္ကရာဇ် ၁၂၄-ခုနှစ်၌ မဟာပုဏ္ဏ ရဟန္တာ အရှင်မြတ်ကြီး၏ လျှောက်ထား တောင်းပန်မှုကြောင့် ဘုရားရှင်သည် နောက်ပါရဟန်းတော်များနှင့်အတူ သုနာပရန္တယောနကတိုင်း (ယခုမကွေးတိုင်း-ပွင့်ဖြူမြို့နယ်)သို့ ကြွရောက်တော်မူသည်။ ဤဒေသစာရီ ခမ္မခရီးစဉ်၌ ဘုရားရှင်နှင့် ရဟန်းတော်များ သီတင်းသုံးတော်မူရန်အတွက် စန္ဒကူးနံ့သာကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းမှု ပြုလုပ်နိုင်ခဲ့ကြသည်။ ဗုဒ္ဓဘုရားရှင်သီတင်းသုံးတော်မူရာ မြန်မာပြည်ရှိ ကျောင်းတော်ရာပင် ဖြစ်ပါသည်။ အထူးသဖြင့် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူရာ မဇ္ဈိမဒေသ နာဂရတိုင်းပြင်ပ၌ ဘုရားရှင်အား ဆောက်လုပ်လှူဒါန်းသည့် ကျောင်းတော်ရာပင်ဖြစ်သည်။ နောင်တွင် ကျောင်းတော်ရာ နေရာ၌ ဘုရားစေတီတည်ထားကိုးကွယ်တော်မူခဲ့သည်။ ယခုအခါ စန္ဒကူးကျောင်းတော်ရာဘုရားစေတီကြီးအဖြစ် ထင်ရှားလျက် ရှိပေသည်။

ဘုရားရှင်သည် ခမ္မခရီးစဉ်အဖြစ် မန်းရွှေစက်တော်တည်ရာသို့ ကြွရောက်တော်မူပြန်သည်။ ဘုရားရှင်သည် စကုမြို့နယ်၊ မန္တာမြစ်၏ ကမ်းနဖူးကျောက်ဖျာပေါ်၌ မန္တာနဂါးမင်း၏ လျှောက်ထား တောင်းပန်မှုကြောင့် ခြေတော်ရာ တစ်ဆူ ချထားတော်မူသည်။ မန်းရွှေစက်တော်၌ အောက်စက်တော်ရာအဖြစ် ထင်ရှားသည်။ တစ်ဖန် မန္တာမြစ်အနီးရှိ သစ္စဗန္ဓတောင်တော်ပေါ်တွင် အကျွတ်တရားရရှိခဲ့သော မုဆိုးလုဒ္ဒက၏ လျှောက်ထားတောင်းပန်မှုကြောင့် ခြေတော်ရာ တစ်ဆူ ချထားပြန်သည်။ မန်းရွှေစက်တော်၌ အထက်စက်တော်ရာအဖြစ် ထင်ရှားသည်။

ဤကား မြန်မာနိုင်ငံသို့ ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူစဉ် သာသနာတော်ကြီး ထွန်းကားတည်တံ့ရေးအတွက် ကိုးကွယ်ရန် အလို့ငှာ ခြေတော်ရာများကို ချထားတော်မူနိုင်ခဲ့ခြင်းဖြစ်သည်။ နောင်တွင် ခြေတော်ရာနှစ်ဆူနှင့်အတူ ဘုရားစေတီများ တည်ထား ကိုးကွယ်တော်မူသည်။ ဘုရားရှင်သည် မြန်မာနိုင်ငံအခြားဒေသများသို့လည်း ကြွချီမှုများ ရှိခဲ့သည်။

ဤသို့လျှင် မြတ်စွာဘုရား၏ ဒေသစာရီခမ္မခရီးစဉ်များ၌ မြတ်ဗုဒ္ဓ ဟောကြားတော်မူသော တရားတော်များကြောင့် ထောင်သောင်းမက များပြားလှသော သတ္တဝါတို့ ကျွတ်တန်းဝင်ခဲ့

ကြသည်။ ဘုရားရှင်မှ ပေးသနားတော်မူသော ဆံတော်ဓာတ်တော်မြတ်များကို ဌာပနာပြုလျက် တည်ထားကိုးကွယ်တော်မူသော ဘုရားစေတီတော်များဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် 'ရွှေစေတီများတည်ရာမြေ'အဖြစ်တင်စား ခေါ်ဆိုပြောစမှတ်ပြုလောက်အောင် ထင်ရှားခဲ့ပေသည်။ ဤသည်တို့ကို ထောက်ရှုလျှင် မြန်မာနိုင်ငံသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တစ်ဘဝတာ မြတ်သာသနာနှင့် ကင်းကွာမှုမရှိဘဲ ဆက်နွယ်လျက်ရှိသည်မှာ အထင်အရှားပင် ဖြစ်သည်။

ထို့ကြောင့်ပင် ဗုဒ္ဓဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်ကြီးများ၏ အမြင်တော်ရှိသည်နှင့်အညီ ယနေ့မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများအလယ်၌ ထေရဝါဒ ဗုဒ္ဓဘာသာ၏ ရှေ့တန်းနိုင်ငံအဖြစ်ဖြင့် ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့ ထွန်းကားပြန့်ပွားလျက် ရှိသည်ကို သာသနာတော်ကြီး အထွန်းကားဆုံး ကာလများအဖြစ် တင်စားက လွန်အံ့မထင်မိပေ။

## ပရိနိဗ္ဗာန် ဝင်စံ

မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့်အင်္ဂါနေ့၌မလ္လာတိုင်း ကုသိနာရုံ အင်ကြင်းဥယျာဉ်ကြီး၌ ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ဝင်စံတော်မူလေသည်။ (မဟာလူသား ဗုဒ္ဓ ဘုရားရှင်သော်မှ လူသားတိုင်း ကြုံရမြဲဖြစ်သော အိုခြင်းနာခြင်းနှင့် သေခြင်းတရားတို့ကို မလွန်ဆန်နိုင်ပါတကား)ဟုသံဝေဂယူဖွယ်ဖြစ်ပေသည်။

မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ဝင်စံတော်မူမည့်နေ့၌ ဝမ်းတော်လား၍ အားနည်းမှုရှိနေပါလျက် ပါဝါမြို့မှ ကုသိနာရုံသို့ ချိန်ညနေချမ်း အရောက်လှမ်းကြွတော်မူခဲ့သည်။ ကုသိနာရုံသို့ ရောက်ရှိသည့်အခါ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်မှ အင်ကြင်းပင်နှစ်ပင်အကြားရှိ သလွန်ညောင်စောင်းထက်၌ လက်ယာနံပါးတော်ကို စောင်းကာ လျောင်းတော်မူနေလေသည်။ ဦးခေါင်းတော်ကို မြောက်ဘက်သို့ ပြုထားသည်။ ထိုသို့ လျောင်းတော်မူလျက်ကပင် ညဉ့်ဦးယံ၌ မလ္လာမင်းတို့အား တရားဟောတော်မူသည်။ သန်းကောင်ယံ၌ သုဘဒ္ဒပရိဗိုဇ်အား တရားဟော၍ ရဟန်းဖြစ်စေသည်။ မိုးသောက်ယံ၌ ရဟန်းတော်တို့အား နောက်ဆုံးဩဝါဒအဖြစ် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်။

"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ရဟန်းတို့၊ ယခုအခါ သင်တို့ကို နောက်ဆုံးစကား မှာကြားခဲ့အံ့။ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏။ သင်တို့သည် မမေ့မလျော့ခြင်း သတိတရားနှင့် ပြည့်စုံရစ်ကြပါ။"

ထိုသို့နောက်ဆုံးဩဝါဒပြုပြီး ဘုရားရှင်သည် ဈာန်သမာပတ်ကို ဝင်စားတော်မူသည်။ သမာပတ်၏အဆုံး အရဏ်တက်ခါနီး၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူရာ ကုသိနာရုံ အင်ကြင်းရဂုံသည်ကား ယခုအခါအိန္ဒိယပြည် ဥတ္တာပရာဒေ့ရှ်ပြည်နယ် ဂိုရမ်ပူမြို့နှင့် (၃၂)မိုင်ကွာ၌ ကုသိနာရုံခေါ် ကာစိယ( KUSINAGARA OR KASIA )အမည်ဖြင့် တည်ရှိလျက်ရှိသည်။ ကုသိနာရုံတွင် မူလက စေတီပုထိုးများ များပြားစွာ ရှိခဲ့သော်လည်း ယခုအချိန်တွင် မဟာပရိနိဗ္ဗာန စေတီတော်ကြီးနှင့် ပရိနိဗ္ဗာန်ပြုခန်း လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး သီတင်းသုံးရာ ဂန္ဓကုဋိတိုက်ခန်းသာ အဓိက ကျန်ရှိတော့သည်။ သံဝေဇနီယဌာနတစ်ခုဖြစ်သော အသောကမင်းကြီး စိုက်ထူထားခဲ့သည့် ကျောက်တိုင်ကို မတွေ့မမြင်ရတော့ချေ။ အထူးသဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူပုံ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်

ကြီးမှာ ဖူးမြင်ကြရသူတိုင်း မျက်ရည်ကျလောက် အောင်ပင် ကြည်ညိုဖွယ် လွမ်းဖွယ်အသွင်ကို ဆောင်လျက်ရှိသည်။

ၚင်းဝန်းကျင်၌ပင် ဘုရားရှင်ရုပ်အလောင်းတော်အား တေဇောဓာတ်လောင်ရာ တောင်ကုန်းသည် 'တေဇောဓာတ်တောင်ကုန်းစေတီ'အဖြစ် တည်ရှိနေသည်။ မြတ်စွာဘုရားရှင်၏ ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်များကို အပြည်ပြည်မင်းတို့အား အညီအမျှ ခွဲဝေပေးခဲ့ရာ ဌာနလည်း ဖြစ်ပေသည်။

ယခုအခါ ဗုဒ္ဓဝင်ဆိုင်ရာ သံဝေဇနီယဌာနတစ်ခုဖြစ်သော ကုသိနာရုံ၌ မြန်မာ့လက်ရာ သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် ကုသိနာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏိဿရမထေရ်မြတ်မှ ဦးဆောင်စီစဉ်လျက်ရှိသည်။ စေတနာရှင် လုပ်သားပြည်သူများမှ အလှူငွေ ပေးအပ်ပွဲများ ကျင်းပကာ အလှူငွေများ လှူဒါန်းလျက် ရှိကြသည်။ မကြာမီ ကုသိနာရုံ၌ သာသနိကအဆောက်အအုံများဖြင့် တင့်တယ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပေသည်။

## ဗုဒ္ဓလွန်သော် သာသနာတော်

ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်အချိန်၌ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲရေးသည် အမိက အရေးကြီးဆုံး ဖြစ်လာခဲ့သည်။ အဘယ်ကြောင့်နည်းဟူမူ ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံပြီးစ၌ပင် အဓမ္မဝါဒီတို့သည် မဖွယ်မရာစကားများ ပြောဆိုကြသည်။ အဓမ္မဝါဒကို ဖန်တီးရန် အစပျိုးကြသည်။ ဤသည်ကို သတိပြုမိသော အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် ကြီးစွာသောသံဝေဂ ရရှိတော်မူလေသည်။ မြတ်ဗုဒ္ဓသာသနာတော်ကြီး၌ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူ၍ သာသနာတော် သုံးရပ်ရှိရာ ပရိယတ္တိသာသနာတော်ကြီးမှာ မူလအခြေခံအုတ်မြစ်ကြီးဖြစ်သည်ကို ဆင်ခြင်မိသည်။ သံဃာစည်းလုံးညီညွတ်ရေးနှင့်ဗုဒ္ဓတရားဒေသနာတော်များ သန့်စင်ရေးအတွက် ဒုံးသပ်မိသည်။ အဓမ္မဝါဒီ(မသူတော်များ) မထွန်းကားဘဲ ဓမ္မဝါဒီတို့ ထွန်းကားစိမ့်သောငှာ သင်္ဂါယနာတင်ရသော် ကောင်းလေစွဟူသော ကောင်းမြတ်သည့် စိတ်အကြံတော်ဖြစ်တော်မူလေသည်။

## သင်္ဂါယနာ တင်ကြရာ

ထိုသို့အကြံဖြစ်တော်မူသည့်အတိုင်း ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပြီးနောက် (၃)လ မြောက်၌ အဇာတသတ်ဘုရင်မင်းမြတ်၏ အထောက်အပံ့ဖြင့် ရာဇဂြိုဟ်ပြည်(ယခုရာဂျ်ဂီ၊ ဗိဟာပြည်နယ်၊ အိန္ဒိယပြည်) ဝေဘာရတောင် စရည်းပင်ပေါက်ရာ သဘာဝကျောက်လိုဏ်ဂူကြီးတွင် အရှင်မဟာကဿပ မထေရ်မြတ်ကြီးအား အမှူးပြုလျက် ရဟန္တာအရှင်မြတ်(၅၀၀)တို့သည် ပထမအကြိမ် သင်္ဂါယနာတင်တော်မူကြသည်။ ဤသည်၏အကျိုးဆက်အဖြစ် ယနေ့တိုင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့သည် ဘုရားရှင်၏ ဒေသနာတော်များ ဖြစ်သည့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် အဘိဓမ္မာ(၇)ကျမ်း စသည့်တရားဒေသနာများတို့ကို ဆည်းပူးလေ့လာသင်အံပို့ချ ကျင့်ကြံပွားများ အားထုတ်နိုင်ကြခြင်းပင် ဖြစ်ပေသည်။ တရားအမွေကို ပေးအပ်ခြင်း မည်ပါပေသည်။ တစ်နည်းအားဖြင့် ရှင်မဟာကဿပအမှူးပြုသော ရဟန္တာရှင်သူမြတ်ကြီးများနှင့် အဇာတသတ်မင်းမြတ်တို့၏ ဂုဏ်ကျေးဇူးဟုပင် ဆိုရချေမည်။ သာသနာပြုသမိုင်းမှတ်တိုင်သည်လည်း မည်ပါပေသည်။ ဤသမိုင်းမှတ်တိုင်ကို အခြေပြုလျက် သင်္ဂါယနာတင်ပွဲများကို အချိန်အခါအလျောက် ကျင်းပခဲ့သည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံ တော်မူပြီးနောက် နှစ်တစ်ရာမြောက်၌ ဝေသာလီပြည်

တွင် ကာလာသောကမင်း၏ အထောက်အပံ့ဖြင့် ဝါလိကာရာမကျောင်းတိုက်၌ အရှင်မဟာယသ အမှူးပြုလျက် ရဟန္တာမထေရ်မြတ်ကြီး (၇၀၀) တို့သည် ဒုတိယအကြိမ် သင်္ဂါယနာတင် တော်မူခဲ့ကြသည်။

သာသနာတော် (၂၃၅)ခုနှစ်တွင် အသောကမင်းကြီး၏အထောက်အပံ့ဖြင့် ပါဋလိပုတ် နေပြည်တော်(ယခုပတ္တနာမြို့–ဗိဟာပြည်နယ်၊ အိန္ဒိယပြည်)ရှိ အသောကာရာမကျောင်းတော်ကြီး၌ အရှင်မောဂ္ဂလိပုတ္တ တိဿ မထေရ်မြတ်ကြီးအမှူးပြုလျက် ရဟန္တာအရှင်မြတ် (၁၀၀၀) တို့သည် တတိယအကြိမ် သင်္ဂါယနာတည်တော်မူပြန်သည်။ ဤတတိယအကြိမ် သင်္ဂါယနာတင်ပွဲကြီးကား ပထမအကြိမ်နှင့် ဒုတိယအကြိမ် သင်္ဂါယနာတင်ပွဲများထက် ပိုမို ထူးခြားသည်ဟု ဆိုရပေမည်။ သင်္ဂါယနာတင်ခြင်းဖြင့် ဘုရားရှင်၏သာသနာတော်ကြီးကို စောင့်ရှောက်ရုံသာမက အခြားသော သာသနာပြု လုပ်ငန်းကြီးနှစ်ရပ်ကိုလည်း အကောင်အထည် ဖော်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

လုပ်ငန်းတစ်ရပ်မှာ သင်္ဂါယနာတင်ပွဲကြီး၏ အကြီးအမှူး ဖြစ်တော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီး ဟောကြားတော်မူအပ်သော ကထာဝတ္ထုကျမ်းမြတ်ထွန်းပေါ်လာခြင်းဖြစ်သည်။ တတိယသင်္ဂါယနာတင်ပွဲသည် ထေရဝါဒဗုဒ္ဓဘာသာကို မှတ်ကျောက်တင်သည့်ပွဲကြီးဖြစ်သည်။ 'ကထာဝတ္ထုကျမ်းကြီး' သည်လည်း ထေရဝါဒဘက်မှ ဂိုဏ်းဂဏဝါဒများကို ချေဖျက်ထားသည့် ကျမ်းစာပင် ဖြစ်သည်။ ၎င်းကျမ်းသည် ထေရဝါဒအဘိဓမ္မာကျမ်း စာရင်းဝင်အဖြစ် ယနေ့တိုင် ထင်ရှားလျက် ရှိကြောင်း လေ့လာမှတ်သားရပါသည်။

ဒုတိယ သာသနာပြုလုပ်ငန်းတစ်ရပ်မှာ ယနေ့တိုင် သာသနာတော်ကြီး ထွန်းကား ပြန့်ပွားရေးအတွက် ကြီးစွာ အထောက်အကူ ပြုစေခဲ့သည့် ဓမ္မစက်ဝန်းလှည့်လည်ရာ ဒေသစာရီကြွချီမှု ပြုရမည့် ကိုးတိုင်းကိုးဌာန သာသနာပြုလုပ်ငန်းကြီးကို ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းပင်ဖြစ်ပေသည်။ ဤတွင် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ ဘုရားရှင်ကိုယ်တိုင် ရှေ့ဆောင်လမ်းပြကာ ဆောင်ရွက်တော်မူခဲ့သော သာသနာပြုဓမ္မစရီးစဉ်အစပိုင်းကို ပြန်လည်တင်ပြရန် လိုအပ်လာပေသည်။

## တရားဦးဟောရာ မိဂဒါ

ဗုဒ္ဓဘုရားသခင်သည် ဘုရားအဖြစ်သို့ရောက်ရှိတော်မူပြီး မဟာသက္ကရာဇ် (၁၀၃)ခု ဝါဆိုလပြည့် စနေနေ့တွင် ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်ဥယျာဉ်ကြီး၌ ပဉ္စဝဂ္ဂီငါးဦးတို့ကို ဓမ္မစက္ကပဝတ္တနသုတ္တန် ဒေသနာတော် မည်သော ဓမ္မစကြာတရားဦးကို ဟောကြားတော်မူခဲ့သည်။

ထူးမြတ်သည့် ဝါဆိုလပြည့်နေ့ နေမင်းကြီးသည် အနောက်ဂေါယာကျွန်းသို့ ဝင်လုခါနီး အလုပန်းတို့ဖြင့် တင့်ဆန်းချိန် လမင်းကြီးက အလုပန်းကို လှစ်ဟထွက်ပြူစ အခါသမယ တိမ်နီ၊ တိမ်ပြာ၊ တိမ်ဝါတို့၏ တောက်ပနေသော ရောင်စုံအလုတို့ ပေါင်းစပ်ကာ ချိန်ဆည်းဆာ၏ အလှသည် ရှုမငြီးဖွယ် ရှိနေသည်။ မိဂဒါဝုန် တော၏ ပတ်ဝန်းကျင် တစ်ခုလုံးကို အေးငြိမ်းသာယာမှုက လွှမ်းခြုံထားသည်။ စကြာဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့မှာလည်း မြတ်ဗုဒ္ဓ၏ တရားဦးကို နာကြားကြရန် ထက်အောက်ဝန်းကျင်အပြည့် စုံညီစွာ ရောက်ရှိနေကြသည်။ ဤထူးမြတ်သည့် အချိန်အခါ၌ မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦး အမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား ဓမ္မစကြာတရားဦးကို ဟောကြားတော်မူလေသည်။ တရားတော်၏ အဆုံး၌ အရှင်ကောဏ္ဍညသည် နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်

ကုဋေနှင့် အတူ သောတာပန် တည်ကြသည်။ လပြည့်ကျော်တစ်ရက်နေ့၌ အရှင် ဝပ္ပမထေရ်သည် သောတာပန် ဖြစ်သည်။ လပြည့်ကျော်နှစ်ရက်နေ့၌ အရှင်ဘဒ္ဒိယမထေရ် သောတာပန်ဖြစ်သည်။ လပြည့်ကျော်သုံးရက်နေ့၌ မဟာနာမ်မထေရ် သောတာပန် ဖြစ်သည်။ လပြည့်ကျော်လေးရက်နေ့တွင် အရှင်အဿဇိ မထေရ်မြတ်သည် သောတာပန် ဖြစ်သည်။ မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိကြသည်။ တရားဦးရတနာ ပေါ်ထွန်းရာ မိဂဒါဝုန်သည် သံဃာရတနာ ပေါ်ထွန်းရာ မြေလည်း ဖြစ်ပါပေသည်။



ဓမ္မစကြာဒေသနာတော်ကား ဘုရားရှင်ဟောကြားတော်မူသော ဒေသနာတော်များ၏ တရားအနှစ်ဆိုက မမှားပေ။ အစွန်းနှစ်ဖက်ကို ရှောင်ရှားလျက် အစွန်းနှစ်ဖက်ကို မရောက်သည့် မဇ္ဈိမပဋိပဒါမည်သော အလယ်၊ အလတ် လမ်းစဉ် လမ်းမှန်တစ်ခုကို ထုတ်ဖော် ညွှန်ပြတော်မူခဲ့သည်။ ဘုရားရှင်၏ မဇ္ဈိမပဋိပဒါ လမ်းစဉ်သည် လူသားများကို စစ်မှန်သော ချမ်းသာသုခနှင့် ငြိမ်းချမ်းမှုကို ပေးနိုင်သည့် သစ္စာလေးပါး တရားမြတ် ဖြစ်ပေသည်။

ဘုရားသခင် တရားဦး ဟောကြားတော်မူရာ မိဂဒါဝုန် ဥယျာဉ်ကြီးသည် ယခုအခါ အိန္ဒိယပြည် ဥတ္တရပရာဒေ့ပြည်နယ်၏ ခရိုင်မြို့ကြီး ဖြစ်သော ဗာရာဏသီမြို့မှ ခြောက်မိုင်အကွာ ဆာရနတ် (SARNATH)မိဂဒါဝုန်အရပ်၌ တည်ရှိလျက် ရှိသည်။ ဓမ္မစကြာတရားဦးဟောရာ အထိမ်းအမှတ်အဖြစ် တည်ထားသော (ဓမ္မရာဇိက) စေတီတော်ကြီးမှာ အတ္တဝါဒီများ၏လက်ချက်ဖြင့် မြေမှပျောက်ကွယ်ခဲ့ရချေသည်။ စေတီတော် အုတ်ခုံကြီးအဖြစ်သာ မြောင်းဝိုင်းပတ်လည် ဝန်းရံလျက် တည်ရှိနေသည်။ စေတီတော်အုတ်ခုံမြင့်၏ ဗဟိုချက်ဗွေ၌ ကျောက်တိုင်ငုတ်တစ်ခုကို မဏ္ဍိုင်အဖြစ် စိုက်ထူထားသည်။ အနဂ္ဂလက္ခဏာသုတ်ဟောကြားတော်မူရာ ဓမ္မေခစေတီကြီးကို ယနေ့တိုင် ဖူးမြင်နိုင်ကြသည်။ ဓမ္မေခစေတီတော်ကြီးကား အနတ္တလက္ခဏာသုတ် ဟောကြားရာအထိမ်းအမှတ်နေရာများအဖြစ် တည်ထား ကိုးကွယ်ခဲ့သောစေတီကြီး ဖြစ်ကြောင်း သိရှိရသည်။

စေတီတော်ကြီးသည် အောက်ခြေရှစ်ထောင့်၊ အပေါ်ပိုင်း ခုံးဝိုင်းပုံသဏ္ဌာန်ဖြင့် အတွင်းပိုင်း၌ အုတ်ခံပြီး အပြင်ဘက်၌ ကျောက်သားတုံးများ ဝန်းရံကာ တည်ထားခြင်းဖြစ်သည်။ ကျောက်သားတုံးကြီးများပေါ်၌ ကြာပန်းကုံး၊ ပန်းခက်များ၊ ဓမ္မစကြာပုံများကို ထွင်းထုထားသည်။ အချို့နေရာ၌ ဖျက်ဆီးမှု ခံနေရသဖြင့် ကျောက်သားတုံးကြီးများမှာ ကွာကျပျက်စီးခဲ့၍ အောက်ခံအုတ်သားများ ပေါ်နေသည်ကို တွေ့မြင်ရသည်။ သို့သော် ဓမ္မေခ စေတီတော်ကြီးသည် အဖျက်အဆီးများပြားသည့် ကြားမှပင် ယနေ့တိုင် ကြံ့ကြံ့ခံရပ်တည်နေသော စေတီကြီးပင် ဖြစ်ပါသည်။ ဓမ္မရာဇိကစေတီတော်ကြီးအနီးရှိ အဆောက်အအုံ

ငယ်၌ အသောကကျောက်တိုင်ကို တွေ့မြင်ရသည်။ အသောက ကျောက်တိုင်ကို မူလက ပေ ၇၀ ခန့် အရှည် ရှိသည်ဟု မှတ်သားခဲ့မိဖူးသော်လည်း ယခုမူ ကျောက်တိုင်ထက်ပိုင်းကျိုး အငုတ်သာ ကျန်ရှိတော့သည်ကို တွေ့ရသည်။ ၎င်းကျောက်တိုင် ထက်ပိုင်းကျိုးအငုတ်သည်ပင် ဖယောင်းတိုင်နယ် ဖြောင့်မတ်၍ ကျောက်သားသည် ချောမွတ်ပြောင်လက်နေသည်။ ကျောက်သားပေါ်၌ အသောကခေတ်သုံးစာဖြင့် ကျောက်စာများ ရေးသားထားသည်။ ကျောင်းတော်ရာ အမှတ်၆၊ ကုမာရဒေဝီ ကျောင်းတော်ရာ၊ နန္ဒိယသူကြွယ် ကျောင်းတော်ရာများကိုလည်း တွေ့မြင်နိုင်သည်။ ရှေးက သားသမင်များ ဘေးမဲ့ပေးရာတောအဖြစ် ထင်ရှားခဲ့သောမိဂဒါဝုန်တွင် ယခုအချိန်၌ပင် သားသမင်ငယ်များအား တောသဘာဝအသွင် နေထိုင် ကျက်စားနိုင်ကြစေရန် စီစဉ်ပေးထားသည်။

သံဝေဇနိယ လေးဌာန၌ တစ်ခုအပါအဝင်ဖြစ်သောအဓိကဌာနအဖြစ် အသောကမင်းစိုက်ထူထားသည့် ကျောက်တိုင်အကျိုး၏ ထိပ်ပိုင်းကို ပြတိုက်၌ ပြသထားသည်။ အကန့် (ဒေါက်) နှစ်ဆယ့်လေးခုပါ ဓမ္မစကြာဘီးကို အောက်ခံပြု၍ အပေါ်၌ ခြင်္သေ့လေးကောင် ကျောချင်း ကပ်ရပ်နေဟန် ရုပ်တုသည် လက်ရာမြောက်လှသည်။ ၎င်းရုပ်တုပုံကိုပင် အိန္ဒိယနိုင်ငံ၏တံဆိပ်အဖြစ် ယနေ့တိုင် အသုံးပြုလျက် ရှိသည်။ အိန္ဒိယနိုင်ငံသုံးငွေဖြစ်သော ငွေစက္ကူများအပေါ်၌လည်း နေရာပေးခြင်းခံခဲ့ရသည်။ ဗုဒ္ဓပွင့်ထွန်းတော်မူခဲ့ရာနိုင်ငံအဖြစ် ဂုဏ်ယူဖွယ် အထိမ်းအမှတ်ပင် ဖြစ်ပေသည်။

## ဓမ္မသရီးစဉ်အစ ရှေ့ဆောင်ပြု

ဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောကြားတော်မူပြီးနောက် မိဂဒါဝုန်၌ပင် ပထမဝါဆိုတော်မူသည်။ ဝါတွင်းကာလ၌ ဗာရာဏသီမြို့သား သူဌေးသားယသနှင့် အပေါင်းအဖော် ငါးဆယ့်ငါးဦး တို့သည် ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်ကို နာကြားကြရ၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓထံတော်ပါး၌ တပည့်သာဝက (၆၀)ပါး ရှိခဲ့ပြီးဖြစ်သည်။

သီတင်းဝါလကျွတ်သည့် အချိန်၌ ဘုရားရှင်သည် တပည့်ရဟန်းတော်များအား သာသနာပြုဓမ္မခရီးစဉ်ကို ရဟန်းတော်များ၏ မဟာတာဝန်အဖြစ် ညွှန်ပြဟောကြားတော်မူသည်။ ဓမ္မခရီးစဉ်လမ်းကြောင်းတစ်ကြောင်းလျှင် ရဟန်းတော်တစ်ပါးကျဖြင့် ဓမ္မစက်ဝန်းလှည့်လည်ရာ ဒေသစာရီ သာသနာပြုခရီးစဉ်ကြီးကို တပည့်ရဟန်းတော်များအား တာဝန်ပေးဆေလွှတ်ခြင်းဖြင့် စတင်တော်မူခဲ့သည်။ ဘုရားသခင်ကိုယ်တော်တိုင်လည်း ဓမ္မခရီးစဉ်တာဝန်း တစ်နေရာကို တာဝန်ယူသောအားဖြင့် ဥရုဝေလ တောသို့ ကြွချီတော်မူလျက် ဓမ္မခရီးအစ ရှေ့ဆောင်လမ်းပြတော်မူသည်။ ဤသို့ စံပြုကြရမည့် ဘုရားသခင်၏ ရှေ့ဆောင်လမ်းပြ ဓမ္မခရီးစဉ်နှင့် ရဟန်းတော်များ၏ မဟာတာဝန်ကို အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီး အမှူးပြုသော ရဟန်းတော်မြတ်တို့သည် တတိယ သင်္ဂါယနာတင်ပွဲကြီး၏ စံပြုကြရမည့် သာသနာပြုလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်တော်မူကြသည်။

## ကိုးတိုင်းဌာန ကြွချီကြ

ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးနှင့် သံဃာတော်အရှင်မြတ်တို့သည် သာသနာ့ဒါယကာ အသောကမင်းကြီး၏ အထောက်အပံ့ကို ရယူလျက် ဆရာဒါယကာ ညီညွတ်စွာဖြင့် ယနေ့တိုင် ထင်ရှားသည့် ကိုးတိုင်းကိုးဌာန သာသနာပြုဓမ္မခရီးစဉ်ကို အကောင်အထည် ဖော်နိုင်ခဲ့ကြသည်။ ဤသာသနာပြု ခရီးစဉ်ကြီး၌ ရခြား မြေခြား တိုင်းတစ်ပါး ခရီးဖြစ်သည့်အပြင် တတိယသင်္ဂါ

ယနာပွဲကြီး၏ အကြီးအမှူးဖြစ်တော်မူသော အရှင်မောဂ္ဂလိကပုတ္တတိဿမထေရ်မြတ်ကြီး၏ အနာဂတ်ဉာဏ်တော်အမြင်အရ အနာဂတ်ထေရဝါဒ သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွား ထွန်းကားမည့် နိုင်ငံများအဖြစ် ဗျာဒိတ်စကား မိန့်ကြားတော်မူခြင်းခံရသည့် သုဝဏ္ဏဘူမိ (မြန်မာ) နှင့် လင်္ကာဒီပ (သီရိလင်္ကာ– သီဟို)တို့လည်း ပါဝင်ခဲ့ကြသည်။

မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ (သထုံ)သို့ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ခေါင်းဆောင်သည့် မထေရ်ငါးပါးကို သာသနာသက္ကရာဇ် ၂၃၅–ခုနှစ် တွင်လည်းကောင်း၊ လင်္ကာဒီပ(သီရိလင်္ကာ–သီဟို)သို့အသောကမင်းကြီး၏သားတော်ရှင်မဟိန္ဒမထေရ်မြတ် ခေါင်းဆောင်လျက် အရှင်ဣဋ္ဋိယ၊ အရှင်ဝုတ္တိယ၊ အရှင်သမ္ဗလ၊ အရှင် ဘဒ္ဒသာလမထေရ်တို့ကိုလည်းကောင်း သာသနာပြုတာဝန်ဖြင့် စေလွှတ်တော်မူခဲ့သည်။

ထိုသို့ ကိုးတိုင်းကိုးဌာန သာသနာပြု ဓမ္မခရီးစဉ်အဖြစ် သုဝဏ္ဏဘူမိ (သထုံ)သို့ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ခေါင်းဆောင်လျက် ကြွချီတော်မူပုံ အပါအဝင် မြန်မာနိုင်ငံသို့ သာသနာတော် ရောက်ရှိပုံကို မဃဒေဝလင်္ကာ၌ အောက်ပါအတိုင်း ဖွဲ့ဆို မှတ်တမ်းတင်ခဲ့သည်ကို လေ့လာမှတ်သားရပါသည်။

သပြေအင့၊ မြရည်လူသား၊ ဓမ္မာအောင်ချက်၊ ငါတို့ဘက်လည်း၊ သူ့ထက်ရှေ့ဦး၊ ကိုယ်တိုင်ဖူး၍၊ ကြည်နူးသဒ္ဒါ၊ သရဏာဖြင့်၊ ဒွေဝါစိက၊ တဖုဿနှင့်၊ ဘလ္လိကညီနောင်၊ နတ်နှီးဆောင်လျက်၊ မြရောင်ရိပ်ကွန်း၊ လင်းလွန်းဌာန၊ သတ္တာဟက၊ ပထမဦးခေါင်၊ ဆုထူးအောင်၍၊ ပင့်ဆောင်ပူဇော်၊ ဆံတော်ရှစ်ချောင်း၊ ရောင်မောင်းမောင်းတို့၊ ကိန်းအောင်းတည်ရာ၊ လက်မွန်စွာတည့်၊ ဥက္ကလာမြို့၊ သာမို့မို့နှင့်၊ အောင်မြို့တဂိုဏ်း၊ တံခွန်လှိုင်းသား၊ မွန်တိုင်းဌာန၊ ရာမညကို၊ ပထမအာဒိ၊ အုပ်စိုးဘိသား၊ သီရိမာသောက၊ မည်နာမဖြင့်၊ အဘသံသေ၊ မိရေနတ်မျိုး၊ တန်ခိုးနေစက်၊ မင်းလက်ထက်ဝယ်၊ အဆက်မပေး၊ ရှေးအတည်တ၊ အနန္တ၊ ဘဝရှင်မို၊ နောင်ညီအထူး၊ ဖြစ်ခဲ့ဖူးသည့်၊ ကျေးဇူးမြောက်များ၊ ခြောက်ပါးဘိညာ၊ ကြီးတောဇာနှင့်၊ ရဟန္တာ ရှင်ပြု၊ ဂဝမ္ပတိ၊ ထေရ်ဖုန်းရှိကြောင့်၊ မုနိသကျ၊ မြန်းလာကြွ၍၊ ဒုတိယထပ်ခါ၊ သာသနာလျှင်၊ တည်လာတုံမြောက်၊ ထိုနောက်ဘဂဝန်၊ ပြည်နိဗ္ဗာန်သို့၊ လွန်စံခဲ့လျှင်း၊ မီးပုံတွင်းမှ၊ ဝင်းဝင်းထိန်လဲ့၊ စိန်ထီးကဲ့သို့၊ သုံးဆယ့်သုံးချောင်း၊ အပေါင်းမွေဓာတ်၊ သွားတော်ဓာတ်တို့ကို၊ ဣဿိပါတ်ရှင်၊ ထေရ်သခင်သည်၊ ကောင်းကင်မိုးယံ၊ ဆောင်ခဲ့ပြန်၍၊ ဘုန်းလျှံကြီးဘိ၊ သီရိမာသောက၊ သီဟကုမာ၊ ထိုရာဇာအား၊ ကရုဏာရှေ့ထား၊ပေးသောအားဖြင့်၊ ဘုရားမြတ်စွာ၊ သာသနာသည်၊ ရောင်ဝါထွန်းပ၊ တတိယချက်၊ ဆင်းလာသက်မှ၊ အထက်ခြားပိုင်း၊ ကိုးတိုင်းဌာန၊ ဝေပုံကျတွင်၊ တစ်ပါးဝင်၍၊ အသျှင်သောဏ၊ ဥတ္တရတို့၊ သုဝဏ္ဏဘုံ၊ သထုံမည်ဦး၊ မွန်ပြည်ကြီးလျှင်၊ နန်းထီးမယုတ်၊ တိုင်းသီးထုတ်၍၊ ပုရုတ္တမ၊ ဗုဒ္ဓသာသနာ၊ တည်ရာအစစ်၊ အမွန်ဖြစ်သည်၊ တက်သစ်နေမင်း သရေတည်း။

အထူးသဖြင့် ဥက္ကလာပမင်းကြီး အမှူးပြုလျက် သိင်္ဂုတ္တရ ကုန်းမြတ်မဟာတွင် ရွှေတိဂုံစေတီတော်ကြီး တည်ထားတော်မူပြီးနောက် နှစ်ကာလများ ကြာညောင်းခဲ့သည့်အခါ ရွှေတိဂုံစေတီတော် တည်ထားမှုနှင့် သမိုင်းစဉ်ကို သိရှိကြသူများ ဆုံးပါးသွားခဲ့ကြသည့်အပြင် ဗုဒ္ဓသာသနာတော် မထွန်းကားသေးသောကြောင့် ရွှေတိဂုံစေတီတော်ကြီးသည် မေးမှိန်ပျောက်ကွယ်ရမည့်အခြေသို့ ရောက်ရှိခဲ့သည်။ ထိုစဉ် ကိုးတိုင်းကိုးဌာန သာသနာပြု အရှင်မြတ်တို့ သုဝဏ္ဏဘူမိ (သထုံ)သို့ ရောက်ရှိလာကြသည့်အခါ ရဟန္တာအရှင်မြတ်တို့မှ ရွှေတိဂုံစေတီတော်ကြီး တည်ထား

ပုံနှင့် သမိုင်းစဉ်ကို ဟောဖော်ညွှန်ပြကြသည့် အတွက် မွန်တို့ဒေသမှ ရွှေတိဂုံစေတီတော်ကြီးသို့ သွားရောက်ဖူးမြော် လှူဒါန်းခဲ့ကြရာ ရွှေတိဂုံ စေတီတော်ကြီး ပြန်လည် ထွန်းပေါ်ကာ ဖူးမြင် သူများဖြင့် စဉ်ဆက်မပြတ် ရှိခဲ့လေတော့သည်။

အရှင်သောဏနှင့် အရှင်ဥတ္တရ အမှူးပြုသော ရဟန္တာမထေရ်မြတ်ကြီးတို့သည်ကုသိနာရုံတောင် တော် (မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် မြောက်၅– မိုင်ကွာ၊ ဘီးလင်း–ဖာပွန်သွား မော်တော်ယာဉ် လမ်း၏လက်ဝဲဘက်၌ တည်ရှိသည်)၌ သီတင်း သုံးတော်မူကြသည်။ သုဝဏ္ဏဘူမိ သီရိမာသောက မင်း၏အထောက်အပံ့ဖြင့် ဓမ္မသောကရာမ ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး (၈၇)နှစ် တိုင်တိုင် ပရိယတ္တိ စာပေကျမ်းဂန်များကို ပို့ချ သာသနာတော် ပြုတော်မူခဲ့ကြသည်။ မြန်မာ နိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းကားပြန့်ပွားအောင် သာသနာပြုတော်မူခဲ့ သော အနော်ရထာမင်းမြတ်၏ ကိုးကွယ်ဆည်း ကပ်ရာ ရဟန္တာ မထေရ်မြတ် ရှင်အရဟံသည် အရှင်သောဏ၊ အရှင်ဥတ္တရတို့၏ အဆက်အနွယ် မထေရ်မြတ်တစ်ပါးပင်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရသည်။

သာသနာပြု အဖွဲ့၏ အကြီးအမှူး ဖြစ်တော် မူသော အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ် မြတ်တို့သည် သာသနာ [illegible] (၂၅၂)ခုနှစ် ၌ နိဗ္ဗာန်နန်းသို့ ဝင်စံတော်မူခဲ့ကြသည်။ မထေရ် မြတ်နှစ်ပါးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း လျောင်း တော်မူ ကျောက်ရုပ်တုတော်တို့သည် ကုသိနာရုံ တောင်တော်ရှိ ကုသိနာရုံဂန္ဓကုဋီတိုက်အတွင်း ရွှေစေတီ၏ဝဲယာတစ်ဘက်တစ်ချက်၌ တည်ရှိနေ သည်။ အထူးသဖြင့် ကျိုက်ထီးဆောင်းဆရာတော် ဘုရားကြီး၏သာသနာပြုမှုတွင် ပါရမီရှင် ဒါယကာ၊ ဒါယိကာမများ၏လှူဒါန်းမှုဖြင့် ယခု အခါ ကုသိနာရုံ တောင်တော်မြတ်သို့ စိတ်အေး ချမ်းသာစွာ သွားရောက်ဖူးမြင်နိုင်ကြောင်း သိရှိ သည်။

မူလ မြတ်စွာဘုရားသခင် သက်တော်ထ ရား ရှိစဉ်က ဓမ္မခရီးစဉ် သာသနာပြု စေလွှ တော်မူရာ၌ ခရီးလမ်းကြောင်း တစ်ကြောင်းလျှ ရဟန်းတော်တစ်ပါးကျသာ စေလွှတ်ရာမှ ယ သာသနာပြုခရီးစဉ်ကြီး၌ ရဟန်းတော် ငါးပ စေလွှတ်ရခြင်းမှာ အကြောင်းရှိလေသည်။ ရဟန် သံဃာများသည် ဝိနည်းကျင့်ဝတ်နှင့်အညီ ရောက် လေရာအရပ်၌ ဝိနည်းကံ ပြုကြရလေရာ ဝိနည် ကံပြုရာ၌ သံဃာဦးရေ အနည်းဆုံး ငါးပါးရှိမှသ ကံ အထမြောက်ခြင်းကြောင့်ပင် ဖြစ်ပေသည်

ဤကိုးတိုင်းကိုးဌာန သာသနာပြု ဓမ္မခရီ စဉ်ကြီးကို ကြီးမှူးစီစဉ်မှုပြုသည့် အရှင်မောဂ္ဂလ ပုတ္တတိဿ မထေရ်မြတ်ကြီးသည် လည်းကောင်း ကိုးတိုင်းကိုးဌာန သာသနာပြု မထေရ်မြတ်တို သည်လည်းကောင်း၊ သာသနာ့ဒါယကာ အသော ကမင်းကြီးသည် လည်းကောင်း ကျေးဇူးတော် အနန္တ စံပြုကြရမည့် ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြ သည်။ ဤပုဂ္ဂိုလ်ကြီးများ၏ ကြီးမြတ်သော ဂုဏ် ကျေးဇူးတော်ကြောင့် ယနေ့တိုင် မြတ်ဗုဒ္ဓ၏ သာသနာတော်သည် နိုင်ငံဒေသ အသီးသီးသို ပြန့်ပွားလျက် ရောင်ဝါထွန်းလင်း တောက်ပ နေခြင်း ဖြစ်သည်။

အထူးသဖြင့် ရန်ကုန်မြို့၌ ရဟန္တာအရှင်မြတ် ကြီးများ တည်ထား သမုတ်တော်မူခဲ့ကြသည့် စေတီတော်ဆယ့်တစ်ဆူနှင့် သိမ်တော်ကြီး ကိုး သိမ်တို့၏သမိုင်းဖြစ်ရပ်မှန်သည် ဤပုဂ္ဂိုလ်ကြီး များ၏ ကိုးတိုင်းကိုးဌာန သာသနာပြုခရီးစဉ်ကြီး မှ ဆက်နွယ် ပေါက်ဖွားလာတော်မူခဲ့သည်ကို ကြည့်ညိုဖွယ် လေ့လာတွေ့ရှိရခြင်းပင် ဖြစ်ပေ သည်။

## ရှင်မဟိန္ဒ သီဟိုဠ်ကြွ

ကိုးတိုင်းကိုးဌာန သာသနာပြုခရီးစဉ်တစ်ရပ်အဖြစ် လင်္ကာဒီပ(သီရိလင်္ကာ–သီဟိုဠ်)သို့ ကြွရောက်တော်မူကြသည့် ရှင်မဟာမဟိန္ဒ အမှူးပြုသော သာသနာပြုအဖွဲ့ ဆိုက်ရောက်ချိန်မှာ အသောကမင်းကြီးနှင့် ချစ်ကြည်ရင်းနှီးမှုရှိသည့် ဒေဝါနံပိယတိဿ ဘုရင်မင်းမြတ် နန်းတက်နီးစပ်သူဖြစ်သည်။ ဒေဝါနံပိယတိဿ မင်းကြီးသည် အသောကမင်းကြီး၏ ကျေးဇူးတော်ကြောင့် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာပဏ္ဏာလက်ဆောင်မွန်ကို ရရှိတော်မူခဲ့ပြီး ဖြစ်၍ သာသနာပြုရန် အခြေအနေကောင်းကို ဖန်တီးပေးထားဘိသကဲ့သို့ ဖြစ်နေသည်။ ဤအခြေအနေပေးမှုကို ဉာဏ်တော်အမြင်အရ အချိန်ယူ စောင့်ဆိုင်းနေသည့် ရှင်မဟာမဟိန္ဒ မထေရ်မြတ်သည် သာသနာတော်နှစ် (၂၃၆)ခုနှစ် နယုန်လပြည့်နေ့ အရောက် လင်္ကာဒီပသို့ ကြွရောက်တော်မူခဲ့သည်။ ဤနေ့သည်ကား သီဟိုသာသနာပြုအစ နေ့ထူးနေ့မြတ် (သီဟိုသာသနာဝင်နေ့) ဖြစ်သည်။ ရှင်မဟာမဟိန္ဒ၏ နှမတော် အသောကမင်းကြီး၏ သမီးတော်ဖြစ်သော သင်္ဃမိတ္တာထေရီသည် မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာညောင်ကိုင်းကို ပင့်ဆောင်လျက် သာသနာပြု အင်အားဖြည့်တင်းသည့်ပမာ လင်္ကာဒီပကျွန်းသို့ ရောက်ရှိလာခဲ့သည်။ ဘိက္ခုနီသာသနာ ထွန်းကားရေးကိုပါ စပျိုးနိုင်ခဲ့ခြင်း ဖြစ်သည်။ လင်္ကာဒီပ၌ ဗုဒ္ဓသာသနာတော်ကြီးသည် အခြေကျရုံသာမက တစ်နေ့တခြား စည်ပင်ပြန့်ပွား ထွန်းကားလျက်ရှိသည်။

## သာသနာအရောင် ထွန်းလင်းပြောင်

လင်္ကာဒီပ၌ သာသနာတော် ထွန်းကားပုံမှာ အံ့ဩဖွယ်ကောင်းလှသည်။ ရဟန္တာအရှင်မြတ်တို့သည် တရားထူး မရရှိရာ ဌာနဟူ၍ မရှိ။ မဂ်ဖိုလ်ရသော အရိယသံဃာတော်များသာ များသည်။ ပုထုဇဉ်ရဟန်းကား ရှားလှသည်။ တစ်ခါတစ်ရံ လင်္ကာဒီပကျွန်းတစ်ခုလုံး ပုထုဇဉ် ရဟန်းဟူ၍ အလျဉ်းမရှိချေ။ အရိယာ ရဟန်း များသာ ရှိနေသည်ဟု အဆိုရှိသည်။ ဈာန်၊ အဘိဉာဏ်တန်ခိုးဖြင့် ရဟန္တာအရှင်မြတ်များ ကောင်းကင်ခရီး၌ ကြွမြန်းကြသဖြင့် အမြဲတစေ နေရှိန် မရသောကြောင့် လှမ်းထားသည့် စပါးစေ့များပင် မခြောက်သွေ့နိုင်သည့်အဖြစ်သို့ ရောက်ရှိလောက်အောင်ပင် ထူးခြားအံ့ချီးဖွယ်ကောင်းသည့် သီရိလင်္ကာသာသနာတော်ကြီး ထွန်းလင်း တောက်ပမှုပင် ဖြစ်ပေသည်။

## အရှင်ယသ မြန်ပြည်ကြွ

ဤသို့လျှင် သီရိလင်္ကာ (လင်္ကာဒီပ–သီဟိုဠ်) နိုင်ငံတွင် သာသနာတော် ထွန်းကားချိန်၌ ရဟန္တာအရှင် မဟာမဟိန္ဒ၏ တပည့်ကြီးများ ပါဝင်ကြသော သာသနာပြုအဖွဲ့သည် သာသနာသက္ကရာဇ် (၂၃၉)ခုနှစ်၌ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ–သထုံပြည်သို့ သာသနာပြု ကြွရောက်တော်မူကြသည်။ သာသနာပြုအဖွဲ့ကို ရဟန္တာအရှင်မြတ်များ ဖြစ်ကြသည့် အရှင်ယသ၊ အရှင်သောဏနှင့် အရှင်သုစိတို့ ဦးဆောင်လျက် နောက်ပါရဟန္တာမထေရ်မြတ် ငါးပါးအပါအဝင် စုစုပေါင်း ရဟန္တာအရှင်မြတ် ရှစ်ပါးပါဝင်ကြသည်။ ဆရာဖြစ်သူ ရှင်မဟာမဟိန္ဒ၏ ကိုးတိုင်းကိုးဌာန သာသနာပြုခမ္ဘခရီးစဉ်ကို စံပြုလျက် ကြွချီတော်မူကြသည့် သမိုင်းဝင် သာသနာပြု ခရီးစဉ်ဖြစ်သည်။

ထိုအချိန်သည် သီရိလင်္ကာ–သီဟိုဠ်ကျွန်း၌ ရေဘေးကြီး ကြုံတွေ့နေချိန် ဖြစ်သည်။ ဒေဝါနံပိယတိဿမင်းမြတ်သည် မြန်မာနိုင်ငံ သုဓမ္မပူရမည်သော သုဝဏ္ဏဘူမိ–သထုံပြည်၌ တိုက်ကုလားမြို့ ရေတိုက်စားစဉ်က ကမ်းမပြိုစေလိုက မပြိုစေလိုသည့် မြေနေရာ၌ မြှုပ်ထားလျှင် မြေ

မပြိုစေခြင်း၊ ကုန်းမြေပေါ်လိုသည့် နေရာ ရေထဲ သို့ ပစ်ချက ကုန်းမြေပေါ်လာစေခြင်း စသည့် အစွမ်းသတ္တိများရှိသော ဝေဠုလ္လပတ္တမြားကြီးရှိကြောင်း သတင်းစကား ကြားသိထားသည်။ သာသနာပြုအဖွဲ့အား ဝေဠုလ္လပတ္တမြားကြီး ရရှိနိုင်စေခြင်းငှာ လက်ဆောင်ပဏ္ဏာများနှင့်အတူ ပူးတွဲတာဝန်တစ်ရပ်အဖြစ် လျှောက်ထားအပ်နှင်းခဲ့သည်။ ဤကား ခရီးသွားဟန်လွှဲ လုပ်ငန်းတစ်ရပ်သာဖြစ်၍ အဓိကမှာ သာသနာတော်ထွန်းကားပြန့်ပွားရေးမည်သော သာသနာပြုလုပ်ငန်းကြီးသာ ဖြစ်ပေသည်။

ရဟန္တာ အရှင်မြတ်တို့သည် ဘုရားရှင်၏ ဆံတော်မြတ် (၁၆)ဆူနှင့် ဓာတ်တော် (၃၂) ဆူတို့ကို သာသနာပြု ဓာတုစေတီတော်များ တည်ထားကိုးကွယ်ရန်အလို့ငှါ တစ်ပါတည်း ပင့်ဆောင်လာခဲ့ကြသည်။ သထုံပြည် ဒုတိယ သီရိမာသောက မင်းကြီးနှင့် တိုင်းသူပြည်သားများသည် ကြိုဆိုပင့်ဆောင်လျက် လှူဒါန်းပူဇော်မှုပြုကြသည်။

မူလ ကိုးတိုင်းကိုးဌာန သာသနာပြု ခရီးစဉ်ဖြင့် သာသနာပြု ရောက်ရှိနေကြသော ရှင်ဥတ္တရ၊ ရှင်သောဏ ဦးဆောင်သော သာသနာပြု ရဟန္တာကြီးများနှင့် ၎င်းတို့၏ တပည့်ရဟန်းတော်များအား တွေ့ဆုံခွင့် ရရှိကြသည်။ မြန်မာနိုင်ငံ၏ သာသနာပြုလုပ်ငန်း အခြေအနေနှင့် ထွန်းကားပြန့်ပွားရေးအတွက် သာသနာ့အကျိုးပြု ဓမ္မဆိုင်ရာ စကားများကို လျှောက်ထားနှီးနှောခွင့် ရရှိကြသည်။ ဓမ္မခရီးစဉ်ချဲ့ထွင် သာသနာပြုရမည့် ခရီးစဉ်နှင့် ဒေသကို ဦးတည်နိုင်ကြပြီ ဖြစ်သည်။

ထို့ကြောင့်ပင် အနာဂတံသ ဉာဏ်တော် အမြင်အရ ဓမ္မခရီးစဉ်၏ ဦးတည်ချက်ဖြစ်သော ဘောဂသေနဘွဲ့ခံ သီဟဒီပမင်း အုပ်ချုပ်သည့် မဏ္ဍိဒီပကျွန်း (သန်လျင်–တညင်ကျွန်း)သို့ ကြွရောက်တော်မူကြပြန်သည်။ ထိုအချိန်က မဏ္ဍိဒီပကျွန်း၊ ခုဒ္ဒဒီမကျွန်း၊ တြိယဂ်ကျွန်း၊ တြိဝဂ်ကျွန်း၊ သီဟဒီပကျွန်း၊ သန်လျင်ကျွန်း၊ တညင်ကျွန်း၊ ဥတ္တရဂ်ကျွန်း ဟူသော အမည်များဖြင့် ထင်ရှားခဲ့သည်။

ရှင်ယသအမှူးပြုသော ရဟန္တာအရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာဘုရားသခင် ပွင့်တော်မူပုံနှင့် ဗုဒ္ဓ၏တရားတော်များကို သီဟဒီပမင်းနှင့် တကွသော မင်းပရိသတ်များအား ဟောကြားတော်မူသည်။ ဘုရားရှင်၏ ဆံတော်မြတ်များနှင့် ဓာတ်တော်များကို ကိုးကွယ်နိုင်ရန် အလို့ငှာ လွှဲအပ်တော်မူကြသည်။

သီဟဒီပမင်းနှင့် တကွ ပြည်သူအပေါင်းတို့သည် ရဟန္တာပုဂ္ဂိုလ်ထူးများကို ဖူးမြင်ခွင့်ရကြရုံသာမက တရားတော်များကိုပါ နာကြားကြရ၍ ဝမ်းမြောက်ဝမ်းသာ ကြည်ညိုသဒ္ဓါပွားကြရသည်။ သီဟဒီပမင်းကြီးသည်လည်း (ငါဟဲ့ ယောကျ်ား ဖုန်းတောက်ကြွားသမို့ ဗုဒ္ဓ၏ဆံတော်မြတ်အစစ်နှင့် တရားဓမ္မအစစ်ကို ရဟန္တာအရှင်မြတ်ကြီးများ ကြွရောက်ချီးမြှင့်ကြလေပြီ။ သာသနာ့ ဒါယကာဖြစ်တော့မည်) ဟု ဝမ်းသာမှုပီတိအဟုန်ဖြင့် လက်ရုံးတော်ကို ဆန့်တန်းလျက် ကြုံးဝါးတော်မူလေသည်။

ရဟန္တာအရှင်မြတ်တို့အား အထူးထူး အပြားပြားသော ပူဇော်ဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ကြသည်။ ရဟန္တာအရှင်မြတ်များထံမှ ကြားသိရသည့် သီရိလင်္ကာ ရေဘေး ကြုံတွေ့နေရခြင်းအတွက် ဒေဝါနံ ပိယတိဿမင်းမြတ် အလိုရှိနေသော ဝေဠုလ္လ ပတ္တမြားကြီးကိုလည်း မြှုပ်နှံထားရာ နေရာမှ တူးဖော်ဆက်ကပ်တော်မူသည်။ (ရဟန္တာအရှင်မြတ်တို့သည် ဝေဠုလ္လ ပတ္တမြားကြီးကို သီရိလင်္ကာသီဟိုကျွန်းသို့ တစ်ခေါက်ပြန်လည် ပေးပို့တော်မူကြောင်း အချို့သမိုင်း၌ အဆိုရှိသည်)။

## ဦးစွာတည်ပြန် ကျိုက္ကစံ

သီဟဒီပမင်းကြီးသည် ဗုဒ္ဓဘုရားရှင်၏ ဆံတော် ဓာတ်တော်များကို အဘယ်သို့သော အရပ်ဒေသ၌ ဌာပနာပြုလျက် ဓာတုစေတီများ တည်ရသော် အရှည်တည်တံ့ကာ သာသနာတော် ထွန်းကားမှု ရှိနိုင်ပါမည်နည်းဟု ရဟန္တာ အရှင်မြတ်ကြီးများအား မေးမြန်းလျှောက်ထားလေသည်။ ရဟန္တာအရှင်မြတ်တို့မှ ဘုရားရှင်၏ဗျာဒိတ်တော်နှင့်အညီ ပွင့်တော်မူပြီးသော ဘုရား လေးဆူတို့၏ ပရိဘောဂ ဓာတ်တော် ဆံတော်မြတ်များ ကိန်းဝပ်စံပျော်တော်မူရာ ရွှေတိဂုံစေတီတော် တည်ရှိသည့် မဟာသိင်္ဂုတ္တရကုန်းတော်၏ အရှေ့မြောက်စွန်းတာ(၁၅၀၀)အကွာ၌ တည်ရှိသော ပထမ ပတိတကုန်းမြေ၌ ဌာပနာပြုကာ စေတီ တည်ထားရန် ညွှန်ပြတော်မူသည်။ ပထမ ပတိတ ကုန်းမြေမှာ ဘုရားအလောင်းတော် ဟင်္သာမင်း ဖြစ်စဉ်ဘဝက သမုဒ္ဒရာသို့ ပျံလေရာ လေပြင်း မုန်တိုင်းဒဏ်ကြောင့် ရေသို့ကျလေသည်။ အလောင်းတော် ဟင်္သာမင်း ရေသို့ကျသည့်နေရာ၌ ပေါ်ထွန်းလာသည့် ကုန်းမြေသည် ပထမပတိတကုန်း ဖြစ်သည်၊ ၎င်းပထမ ပတိတကုန်း မြေပေါ်၌ မူလကပင် ဘုရားရှင်၏ဆံတော်ဓာတ်မြတ်အား ဌာပနာပြုလျက် တြိယဝံဂမင်း၊ သိကြားမင်းနှင့် ရသေ့ခေါက်တို့မှ စေတီတစ်ဆူကို ဦးစွာ တည်ထားခဲ့ပြီး ဖြစ်သည်။ ပထမအကြိမ် စေတီတည်ထားမှုဖြစ်ပြီး ယခုတစ်နေရာတည်း၌ ဒုတိယအကြိမ် တည်ထားခြင်းဟု ဆိုရပေမည်။

သီဟဒီပ မင်းကြီးသည် ဘုရားရှင်၏ ဆံတော်မြတ်ခြောက်ဆူနှင့် အတူ ဓာတ်တော်မြတ်များကို ရဟန္တာအရှင်မြတ်များ ဦးဆောင်လျက် ပထမ ပတိတကုန်းပေါ်သို့ ကြွတော်မူစေသည်။ ၎င်းနောက်မှ မင်း၊မိဖုရား အမှူးပြုသော မင်းညီမင်းသားများ၊ ပုဏ္ဏား၊ သူဌေးသူကြွယ်များ၊ ကုန်သည်များ၊ လယ်ယာလုပ်ကိုင်သူများ စသည့် မင်းပရိသတ် စုံညီစွာဖြင့် ဆံတော်–ဓာတ်တော်များအား မင်းခမ်းမင်းနားဖြင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်တော်မူသည်။ ပထမ ပတိတကုန်းတော်၌ ဆံတော်များနှင့် ဓာတ်တော်များအား ခုနစ်ရက်တိုင်တိုင် ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပ ပူဇော်ခဲ့ကြပြန်သည်။ ထိုနှစ် တပို့တွဲလပြည့် မင်္ဂလာ အခါတော်နေ့ဝယ် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ် စသော ရတနာအုတ်တို့ဖြင့် ဆောက်လုပ်အပ်သည့် ဂန္ဓကုဋိတိုက်တော် ဆံတော် (၆)ဆူ၊ ဓာတ်တော် (၁၀)ဆူတို့ကို ရွှေကြုတ်၊ ငွေကြုတ်၊ ပတ္တမြားကြုတ် စသည် ကြုတ်(၇)ထပ်ဖြင့် စီစဉ်လျက် ဌာပနာပြုတော်မူလေသည်။ ထိုမှတစ်ပါး ရဟန္တာအရှင်မြတ် (၈)ပါးတို့ ရှိခိုးပူဇော်နေဟန် ရုပ်တုတော်နှင့် သီဟဒီပမင်းကြီးမှ ပူဇော်နေဟန် ရုပ်တုတော်များကိုလည်း ရွှေဖြင့်သွန်းလောင်းကာ ဌာပနာတိုက်၌သွင်းလျက် စေတီတော်မြတ်ကို တည်ထားကိုးကွယ်တော်မူသည်။

ထိုစေတီတော်မြတ်သည် ကျိုက္ကစံဟူသော ဘွဲ့မည်ဖြင့် ယနေ့တိုင် သမိုင်းဝင်အဖြစ် ထင်ရှားလျက်ရှိသည်။ အဓိကအားဖြင့် ကျိုက္ကစံစေတီတော်သည် ရှင်ယသ၊ ရှင်သောဏနှင့် အရှင်သုစိ အမှူးပြုသော ရဟန္တာအရှင်မြတ် (၈)ပါးတို့သည် သီဟဒီပမင်းကြီး၏အထောက်အပံ့ဖြင့် တည်ထားတော်မူသည့် စေတီ (၁၁)ဆူအနက် ပထမဦးဆုံး တည်ထားသည့် စေတီတော်ကြီးပင် ဖြစ်လေသည်။ ရှင်ယသနှင့် ရဟန္တာများသည် သီဟိုနည်းအတိုင်းပင် သာသနာတော်အကျိုးကို ရှေ့ရှုလျက် ကျိုက္ကစံစေတီတော်မြတ်၏ အနောက်ဘက်ပေ (၁၀၀) ခန့်အကွာ၌ ရဟန္တာသိမ်တော်ကြီးကို သိမ်သမုတ်တော်မူခဲ့သည်။ ရဟန္တာ(၈)ပါး၏ အကြီးအမှူး ဖြစ်တော်မူသော ရှင်ယသ၏ဘွဲ့အမည်ကို အစွဲပြုလျက် ရှင်ယသ သိမ်တော်ဟု ခေါ်တွင်ခဲ့သည်။ အဓိကအားဖြင့် ရှင်ယသသိမ်

တော်သည်လည်း ဂျန်ကုန်မြို့တွင် ရဟန္တာကြီးများ သမုတ်တော်မူခဲ့သည့် သိမ်ကြီး(၉)သိမ်အနက် ပထမဦးဆုံး တည်ထားသမုတ်တော်မူသည့် သိမ်တော်ကြီးပင် ဖြစ်လေသည်။

ထိုသို့ ကျိုက္ကစံစေတီတော်နှင့် ရှင်ယသသိမ်တော်ကြီး တည်ထားသမုတ်တော်မူပြီးနောက် ရဟန္တာ (၈)ပါး၏ ဦးစီးခေါင်းဆောင် ရှင်ယသမထေရ်မြတ်ကြီးသည် ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။

သီဟဒီပမင်းနှင့် ပြည်သူအပေါင်းတို့သည် သာသနာပြု လုပ်ငန်းများ စတင်တည်ထားချိန်၌ အကြီးအမှူး ရဟန္တာမထေရ်မြတ် ရှင်ယသ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်အတွက် ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ကြရသည်။ ရှင်ယသရဟန္တာ အရှင်မြတ်ကြီး၏ ရုပ်အလောင်းတော်အား ခမ်းနားကြီးကျယ်စွာဖြင့် ပူဇော်သဂြိုဟ်မှု ပြုခဲ့ကြသည်။

ရဟန္တာ အရှင်ယသ မထေရ်မြတ်ကြီး၏ သရီရအရိုးဓာတ်တော်ကို ဌာပနာလျက် စေတီတော် တည်ထားကိုးကွယ်ခဲ့ရာ ရှင်ယသ ဓာတုစေတီဟု ယနေ့တိုင် ထင်ရှားလျက် ရှိသည်။ ရှင်ယသဓာတုစေတီတော်မှာ သမိုင်းဝင် ကျိုက္ကစံစေတီတော်၏အနောက်တောင်ဘက် ပေ(၁၀၀၀) နီးပါးခန့် အကွာ၌ တည်ရှိနေသည်။

သီဟိုသာသနာပြု ရဟန္တာ အရှင်မြတ်များနှင့် သီဟဒီပမင်းတို့သည် အကြီးအမှူးဖြစ်တော်မူသည့် ရှင်ယသမထေရ်မြတ် ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့သော်လည်း မူလချမှတ်ထားသော ရည်ရွယ်ချက်အတိုင်း ပေါက်ရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

သီဟဒီပ မင်းကြီးသည် ကျန်ရှိသော ဆံတော် (၁၀)ဆူနှင့် ဓာတ်တော် (၁၂)ဆူတို့ကို မဟာသုရသေန စစ်သူကြီး အမှူးပြုသော အမတ်သုရဲကောင်း တစ်ကျိပ် (၁၀)ဦးတို့အား ပေးအပ်လျက် အရှင်မြတ်တို့ ကြပ်မတ်မှုဖြင့် စေတီတော်များကို ဆက်လက် တည်စေတော်မူသည်။

အမတ်သုရဲကောင်း (၁၀)ဦးတို့သည် တစ်ဦးလျှင် စေတီတစ်ဆူစီဖြင့် စေတီ (၁၀)ဆူကို ရွှေတိဂုံ ဆံတော်ရှင် တည်ရှိရာ မဟာ သိင်္ဂုတ္တရ ကုန်းတော်ကြီးအား ဝန်းရံနေသည့် အ[illegible]ထား ဖြင့် တည်ထားတော်မူခဲ့ကြသည်။ ထိုသို့ ရဟန္တာ အရှင်မြတ်ကြီးများ စီမံကြပ်မတ်မှုဖြင့် တည်ထားသည့် စေတီ (၁၁)ဆူတို့မှာ–

၁။ ကျိုက္ကစံစေတီတော်
(သဃ်န်းကျွန်းမြို့နယ်)
၂။ ကျိုက်အသုတ်စေတီတော် ([illegible])
(ကျောက်တံတားမြို့နယ်)။
၃။ ကျိုက်မဲသံကရောစေတီတော်
(ပန်းပဲတန်းမြို့နယ်)
၄။ ကျိုက်ကမာကမုစေတီတော်
(ကျောက်တံတားမြို့နယ်)
၅။ ကျိုက်ကမာစိန်စေတီတော်
(ဗိုလ်တထောင်မြို့နယ်)
၆။ ကျိုက်ဒေးတဲ့စေတီတော်
(လမ်းမတော်မြို့နယ်)
၇။ ကျိုက်ဖွဲကမော့စေတီတော် ([illegible]နယ်)
၈။ ကျိုက်ဒင်းမဲစေတီတော် (လှိုင်[illegible]နယ်)
၉။ ကျိုက်ခပေါက်စနွတ်စေတီတော်
(ဒဂုံမြို့နယ်)
၁၀။ ကျိုက်ကပေါက်ဆွတ်စေတီတော်
(ဒဂုံမြို့နယ်)
၁၁။ ကျိုက်ဒေးအပ်စေတီတော်
(ဆိပ်ကမ်းမြို့နယ်)

**ကျိုက္ကစံစေတီတော်**

ကျိုက္ကစံစေတီဟူသော ဘွဲ့မည်[illegible] ကျိုက်အရှန်ဟူသော မွန်ဘာသာမှ ဆင်း[illegible]ပြီး နောက်ကာလရွှေ့လျောကာ ကျိုက္ကစံ[illegible] ဘွဲ့

အမည်သို့ ခေါ်တွင်ခဲ့ကြောင်း အဆိုရှိသည်။ ကျိုက်=ဘုရား၊ အရှန်=ရဟန္တာဟု အဓိပ္ပာယ်ရ၍ ရဟန္တာကြီးများ တည်ထားသောစေတီဟု အဆိုရှိ ခေါ်တွင်ခဲ့ကြသည်။ သမိုင်းကြောင်းအရ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက်ဘက် တာပေါင်း(၁၅၀၀)အကွာတွင် တည်ရှိသည့် ကျိုက္ကစံစေတီတော်ကြီးသည် ပင်လယ်ရေပြင် အထက်ပေ (၂၃၅.၇၅) အမြင့်၌ရှိသည်။

ကျိုက္ကစံစေတီတော် တတိယပစ္စယံ တံတိုင်းလေးမျက်နှာတို့၌ အနဝတတ် အိုင်ပမာ ခံတွင်းမှ ရေကျဆင်းနိုင်ရန် အရပ်မျက်နှာအလိုက် တိရစ္ဆာန်ဦးခေါင်းပုံများ ထုလုပ်ထားသည်။ အရှေ့မျက်နှာ၌ နွားရုပ်တု၊ မြောက်ဘက်မျက်နှာ၌ မြင်းရုပ်တု၊ အနောက်ဘက်မျက်နှာ၌ ခြင်္သေ့ရုပ်တု၊ တောင်ဘက်မျက်နှာ၌ ဆင်ရုပ်တုတို့ ဖြစ်သည်။ အရှေ့တောင်ဘက်တံတိုင်းအနီး၌ ပရိဘောဂ စေတီထိုက်သော မြတ်ဗုဒ္ဓအရှင် အမှီပြုပွင့်တော်မူခဲ့ရာ မဟာဗောဓိပင်ကြီးတစ်ပင်နှင့် ရင်ပြင်တော်တောင်ဘက်မျက်နှာ၌ လင်းလွန်းပင်၊ အင်ကြင်းပင်၊ ဇမ္ဗူ့သပြေပင် စသည့် ဗုဒ္ဓဝင်ဆိုင်ရာ အပင်ကြီးများနှင့် သစ်ပင်ကြီးများဖြင့် အရိပ်အာဝါသ ကောင်းမွန်လျက် စိမ်းလန်းဝေဆာစွာ တည်ရှိနေသည်။ မူလက ကျိုက္ကစံစေတီတော် အနောက်ဘက် မုခ်ဦးအနီး၌ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်အဖြစ် ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းထားကြောင်း သိရသည်။

ကျိုက္ကစံ စေတီတော်မြတ်ကြီးအား သာသနာတော် ၂၃၁၇– ခုနှစ်တွင် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နေသည်ကို စကုမြို့သားရှင်သာရကိတ္တိ အရှင်သူမြတ်မှ ဦးဆောင်ပြုပြင်မှု ပြုခဲ့သည်။ သာသနာတော်(၂၃၇၆) ခုနှစ်တွင် ပျက်စီးယိုယွင်းလာပြန်သဖြင့် ဝန်ရှင်တော်မင်းကြီး မင်းလှရာဇာမှ ပြုပြင်ပြီး ရွှေထီးတော်ကြီးတွင် အထွတ်တင်လှူခဲ့ပြန်သည်။ သာသနာတော် (၂၃၉၂)ခုနှစ်၌ ဟံသာဝတီအရေးပိုင်၊ ဝန်ထောက်မင်းကြီး သတိုးမင်းကြီးမဟာမင်းခေါင်ရာဇာသူနှင့် လက်အောက်အမှုတော်ထမ်းများ၊ ဆိုင်ရာနယ်ရှိ ရွာသူ ရွာသားများမှ ပြုပြင်ကြရာ တတိယဖောင်းရစ် ဌာပနာတိုက်အတွင်းမှ ဓာတ်တော် ငါးဆူ၊ ငွေဆင်းတု ငါးဆူနှင့် ကြေးဆင်းတု တစ်ဆူတို့ကို တွေ့ရှိကြသည်။ သုံးလတာ ကာလပတ်လုံး ပူဇော်ကြပြီး ပြန်လည်ဌာပနာပြုကြသည်။

သာသနာတော် ၂၃၉၄–ခုနှစ်၌လည်း ၎င်းဝန်ထောက်မင်းနှင့် မိသားစုများက မူလပြုပြင်စဉ်က အပြီးမသတ်ခဲ့သည့် အုတ်ရိုးအင်္ဂတေလုပ်ငန်းများကို အပြီးသတ် ပြုပြင်ဆောင်ရွက်ခဲ့သည်။ ဆည်းလည်းလုံးရေ ၁၆၄–လုံးကိုလည်း စုပေါင်းလှူဒါန်းခဲ့သည်။

ရှေ့ပိုင်း၌ သီရိလင်္ကာ (လင်္ကာဒီပ–သီဟိုဠ်)မှ ကြွရောက်တော်မူလာကြသည့် ရှင်ယသ အမှူးပြုသော ရဟန္တာရှစ်ပါး အရှင်မြတ်တို့သည် သီဟဒီပမင်းကြီး၏အထောက်အပံ့ဖြင့် ပထမ ပတိတကုန်း၌ ကျိုက္ကစံစေတီတော်တည်ထားပုံကို အသေးစိတ်တင်ပြခဲ့ပြီးဖြစ်သည်။ယခု ပထမ ပတိတကုန်း၌ မူလကပင် မြတ်စွာဘုရားရှင်၏ ဆံတော်မြတ်များအား ဌာပနာလျက် ပထမအကြိမ် စေတီတော်တည်ထားပုံကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။

### စေတီပထမ ပတိတ

မဟာသက္ကရာဇ် ၁၁၁–ခု၊ တန်ဆောင်မုန်းလရာသီ အချိန်သမယ၌ မြတ်စွာဘုရားသခင်သည် ရဟန္တာအရှင်မြတ်(၂၀၀၀) ခြံရံလျက် သုဝဏ္ဏဘူမိအရပ်၊ ဇင်းကျိုက်တောင်၏ မြောက်ဘက်၊ ခရီးခုနစ်တိုင်အကွာခန့်ရှိ သုဓမ္မဝတီခေါ် သုဝဏ္ဏဘူမိ (သထုံ)သို့ ဒေသစာရီကြွချီတော်မူသည်။ ဘုရားရှင်၏ မဟာသာဝကရှစ်ကျိတ်တို့တွင် တစ်ပါးအပါအဝင်ဖြစ်သော ဂဝံပတိမထေရ်၏ ရှေးဘဝ

ဆွေမျိုးဟောင်းဖြစ်ခဲ့ဖူးသော မယ်တော်နှင့် နောင်တော်တို့သည် သထုံပြည်အရပ်၌ လူ့ဘဝတွင် ရောက်ရှိနေသည်ကို ငဲ့ညှာသနားခြင်း ဖြစ်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်အား ဂဝံပတိမထေရ်မြတ်မှ လျှောက်ထားတောင်းပန်မှုပြုသည်ကို အကြောင်းပြုလျက်လည်းကောင်း၊ နောင်အနာဂတ်၌ သာသနာတော် ထွန်းကားမည့်အရေးကို မြင်တော်မူသောကြောင့်လည်းကောင်း ဘုရားရှင်ကိုယ်တိုင် ဒေသစာရီ ကြွချီတော်မူခြင်း ဖြစ်ပေသည်။

သုဝဏ္ဏဘူမိပြည့်ရှင် သီရိမာသောကတိဿ ဓမ္မသီဟရာဇာမင်းသည် ရတနာမဏ္ဍပ်ကြီး ဆောက်လုပ်လှူဒါန်းသည်။ ဘုရားရှင်သည် ဒေသအတွင်းရှိ ရသေ့ကြီးများ၊ မင်းနှင့် ပြည်သူအပေါင်းတို့အား ခုနစ်ရက်ပတ်လုံး တရားတော်များ ဟောကြားတော်မူသည်။ ရသေ့ကြီးများ၊ မင်းမိဖုရားနှင့် ပြည်သူပြည်သားအပေါင်းတို့သည် ဆွမ်းဖြင့် အလုပ်အကျွေးပြုသည့်အပြင် အထူးထူးသော လှူဖွယ်ဝတ္ထုတို့ဖြင့်လည်း လှူဒါန်းပူဇော်ကြသည်။ ဘုရားရှင်အား ကြွရောက်ဖူးမြင်ကြသည့် ရသေ့အပေါင်းတို့၏ အကြီးအမှူး ဖြစ်သော ရသေ့ကြီးများမှ ကိုးကွယ်ရန်အလို့ငှာ ပူဇော်ဖွယ်ဝတ္ထုတစ်ခုခုကို ပေးသနားတော်မူပါရန် လျှောက်ထား တောင်းပန်မှု ပြုကြသည်။ ဘုရားရှင်မှလည်း ရသေ့ကြီးများအား ဆံတော်မြတ်များကို ပေးသနားတော်မူသည်။ ဆံတော်မြတ်များ ရရှိသည့် အကြီးအမှူး ရသေ့များတွင် ကျိုက်ထီးရိုးတောင်နေ ဗဒ္ဓဉာဏတိဿရသေ့နှင့် တြိယဝဂ်ကျွန်း (မဏိဒီပကျွန်း၊ သန်လျင်ကျွန်း)သား ရသေ့ ၂၄-ဦးတို့၏ အကြီးအမှူးဖြစ်သော ရသေ့ခေါက်တို့ ပါဝင်ကြသည်။ မြတ်စွာဘုရားသခင်သည် အခြားရသေ့ကြီးများအား ဆံတော်တစ်ဆူစီသာ ပေးတော်မူသော်လည်း ရသေ့ခေါက်ကိုမူ ဆံတော်မြတ် နှစ်ဆူ ပေးသနားတော်မူသည်။ ဘုရားရှင်မှ

"ဆံတော်မြတ်နှစ်ဆူကို ငါဘုရားအလောင်းတော်တောရဒ္ဒဟင်္သာမင်းဖြစ်စဉ်ဘဝက ဟင်္သာအပေါင်း ၁၅၀၀ ခြံရံလျက် သမုဒ္ဒရာသို့ ဖြတ်သန်းချိန်၌ လေပြင်းမုန်တိုင်းဒဏ်ကြောင့် ရှေးဦးစွာ ကျရာ ပထမပတိတကုန်းတော်၌ ဆံတော်တစ်ဆူ ဌာပနာပြု၍လည်းကောင်း၊ သမုဒ္ဒရာရေယဉ်ကြော၌ မျောပါစဉ် သိကြားမင်းမှ ဝေပုလ္လပတ္တမြားကြီးကို ပစ်ချရာမှ ပေါ်ထွန်းလာသော မဏိဒီပကျွန်းရှိ ငါဘုရားအလောင်းတော်နှင့် ဟင်္သာအပေါင်းတို့ ရေမှ ကုန်းမြေသို့ တက်ရောက်ရာ ဥတ္တရဂံကုန်းတော်၌ ဆံတော်မြတ်တစ်ဆူကို ဌာပနာပြု၍ လည်းကောင်း စေတီများ တည်ထားကိုးကွယ်သော် သာသနာတော်ကြီး အစွန့်ရှည်စွာ တည်လတ္တံ" ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူလေသည်။

ထိုသို့ ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ စေတီတည်ထား ကိုးကွယ်ရန် ဖြစ်သော်လည်း တိဿရသေ့(ခေါ်) ရသေ့ခေါက်သည် စေတီတော်တည်ရမည့်နေရာ သိရှိရေးနှင့် စေတီတည်ထားရန် အကူအညီများ လိုအပ်နေသေး၍ ဘုရားရှင်၏ ဆံတော်မြတ်နှစ်ဆူကို မိမိတစ်ဦးတည်း ကိုးကွယ်တော့မည်ဟုအကြံဖြစ်ပေါ်ခဲ့သည်။ ရသေ့ခေါက်သည် ဘုရားရှင်၏ ဆံတော်နှစ်ဆူအား ပတ္တမြားကြုတ်အတွင်း၌ ထည့်သွင်းလျက် ၎င်း၏ ဦးခေါင်းရှိ ဆံကျစ်ကြားတွင်ထည့်၍ ကိုးကွယ်ခဲ့သည်။ ရသေ့ခေါက်ဟူသော ဘွဲ့မည်နှင့် စပ်လျဉ်း၍ ဣသိဝဂ်ဟုလည်း ခေါ်တွင်ခဲ့ကြရာ ပါဠိအားဖြင့် ဣသိ=ရသေ့၊ ဝဂ်=ကောက်ကျစ်စဉ်းလဲခြင်းဟုအဓိပ္ပာယ်ရ၍ ဣသိဝဂ်ဟူသည်မှာ ရသေ့ကောက်ဟု အဓိပ္ပာယ် ဖွင့်ဆိုရမည် ဖြစ်သည်။ နောင် ကောက်ဟူသော ဝေါဟာရမှ ခေါက်ဟူသော အသံသို့ ပြောင်းလဲခဲ့၍ ရသေ့ခေါက်ဟု ခေါ်တွင်ခဲ့ကြသည်။ မွန်ဘာသာအရ ခေါက်ဟူသော အဓိပ္ပာယ်မှာ ခါးကုန်းဟု အဓိပ္ပာယ်ရ၍

ရသေ့ခေါက် (ရသေ့ခါးကုန်း)ဟု အဆိုရှိခဲ့ကြသည်။ ထိုစဉ်က တြိယဝဂ်ခေါ် တြိဝက်ကျွန်း၌ အစိုးရသော ဘုရင်ဇေယျသေနမင်းကြီး၏ မိဖုရားခေါင်သည် ဘုရားရှင် သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွတော်မူလာပါလျက် ဖူးမြင်ခွင့် မကြုံခဲ့ရခြင်း၊ အခြားမင်း၊ ပုဂ္ဂိုလ်များနည်းတူ ဆံတော်ဓာတ်များ မရရှိခြင်းတို့ကြောင့် ဝမ်းနည်းကြေကွဲမဆုံးဖြစ်ခဲ့ရသည်။

မိဖုရားကြီးသည် ၎င်း၏ဆန္ဒအား ဘုရင်မင်းမြတ်သို့ လျှောက်ထားခဲ့ရာ ဘုရင်မင်းမြတ်မှ ဆံတော်မြတ်အား ဖူးမြင်ရအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုတော်မူခဲ့သည်။ ကတိပြုချက်နှင့်အညီ ဆံတော်မြတ်အား လေ့လာရှာဖွေဖူးမြင်ရန်အတွက် မင်း၊ မိဖုရားကြီး အမှူးပြုသော အခြွေအရံများဖြင့် နန်းတော်မှ ထွက်ခွာခဲ့ကြသည်။ ဆံတော်ရှာခရီး၏ ခရီးစဉ်တစ်ထောက်သို့ ရောက်သောအခါ ရသေ့ခေါက်နှင့် တွေ့ဆုံကြသည်။ မင်းမိဖုရားတို့ထံမှ စုံစမ်းမေးမြန်းလျက် အကြောင်းစုံ သိရှိသော ရသေ့ခေါက်သည် မိမိကိုယ်တိုင်လည်း အိုမင်းမစွမ်းအချိန်သို့ ရောက်ရှိနေပြီ ဖြစ်သည်ကတစ်ကြောင်း၊ မင်းမိဖုရားတို့၏သဒ္ဓါတရားကို ငဲ့ကွက်သည်ကတစ်ကြောင်း၊ ဘုရားရှင်၏ဗျာဒိတ်တော်နှင့်အညီ စေတီတည်ထား ကိုးကွယ်ရန် ကူညီထောက်ပံ့မှုပြုနိုင်သည့် ပုဂ္ဂိုလ်များ ဖြစ်သည်က တစ်ကြောင်း အကြောင်းကြောင်းတို့ကို ခြင့်ချိန်စဉ်းစားလျက် ဆံတော်မြတ်များ ရှိရာနေရာကို မိမိညွှန်ပြနိုင်ကြောင်း အမိန့်ရှိလေသည်။ မင်းမိဖုရားတို့မှ အမြန်ညွှန်ပြပေးပါရန် လျှောက်ထားကြပြီး ရသေ့ခေါက်အား နန်းတော်သို့ ပင့်ဆောင်လေသည်။ လမ်းခရီးရှိ ညောင်ပင်ရိပ်တစ်နေရာ၌ ခေတ္တနားနေခိုက် မင်းမိဖုရားတို့မှ ဆံတော်မြတ်များအား ယခုပင်ညွှန်ပြပေးပါရန် တောင်းပန်လျှောက်ထားကြပြန်သည်။ ရသေ့ခေါက်သည် မင်းမိဖုရားတို့အား ကရုဏာပွားလျက် ဆံတော်မြတ်များကို ပြသတော့မည်ဟု ဆန္ဒဖြစ်ပေါ်သည့်တစ်ခဏ၌ပင် ရသေ့ခေါက်၏ ဦးခေါင်းထက်၌ ကိန်းဝပ်လျက်ရှိသော ဆံတော်မြတ်တို့သည် ညိုမောင်းသော အဆင်းရှိသည့် ရောင်ခြည်တော်တို့ ကွန့်မြူးပြီး ဝဲပျံကာ အခွေလိုက် လျောကျလျက် လဟာပြင်၌ ရပ်တည်နေသည်ကို ကြည်ညိုဖွယ်အသွင်ဖြင့် ဖူးမြင်ကြရသည်။

ထိုသို့ခေတ္တနားနေခိုက် ဆံတော်မြတ်များ၊ ဝိုင်းဝိုင်းစက်စက် အခွေလိုက်ကျလာသည်ကို အစွဲပြုလျက် ၎င်းနေရာကို ညောင်ဝိုင်းဟု ခေါ်တွင်ခဲ့ကြသည်။ အချို့ကလည်း မင်းမိဖုရားတို့ ဝိုင်းဝန်းပူဇော်သည်ကိုအစွဲပြု၍ ညောင်ဝိုင်းဟု ခေါ်တွင်သည်ဟုလည်း အဆိုရှိခဲ့သည်။ ဘုရင် ဇေယျသေနနှင့် မိဖုရားကြီးတို့သည် ဝမ်းမြောက် ကြည်နူးသဒ္ဓါထူးများ ဖြစ်ပေါ်၍ ဆံတော်မြတ်များကို ရွှေနန်းတော်အတွင်း၌ ပန်း၊ ဆီမီး စသည်တို့ဖြင့် လှူဒါန်း ပူဇော်ကြသည်။ ရသေ့ခေါက်ကိုလည်း လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကြသည်။

မင်းမိဖုရားတို့သည် ရသေ့ခေါက်အား အိုမင်းချိန်သို့ ရောက်ရှိနေပြီဖြစ်၍ မိမိတစ်ဦးတည်း၊ စောင့်ရှောက် ကိုးကွယ်မည့်အစား ဗုဒ္ဓ၏ဆံတော်မြတ်များကို လူသတ္တဝါအများ ကိုးကွယ်နိုင်စိမ့်သောငှာ ဘုရားရှင်ဗျာဒိတ်တော်နှင့်အညီ စေတီတည်ထားမှုပြုပါရန် တောင်းပန် လျှောက်ထားကြသည်။ မင်းမိဖုရားတို့၏ တောင်းပန် လျှောက်ထားချက်အရ ရသေ့ခေါက်မှ သဘောတူ ခွင့်ပြုခဲ့သော်လည်း ပထမပတိတ ကုန်းတော်နှင့် မဏိဒီပကျွန်းရှိ ဥတ္တရဂ်ကုန်းတော်တို့ကို မသိရှိနိုင်ကြသဖြင့် အခက်အခဲကြုံတွေ့ခဲ့ကြရသည်။ ထိုသို့ ဆံတော်မြတ်များကို စေတီတည်ထားကိုးကွယ်ရန် ဗျာဒိတ်တော်ပါနေရာမြတ်များအား သိရှိနိုင်ကြရန်ကို နတ်တို့၏အရှင်သိကြားမင်းသိရှိလျှင် လူ့ပြည်သို့ သက်ဆင်း၍ညွှန်ပြလေသည်။ ဘုရားရှင်၏

ဗျာဒိတ်တော်စကားနှင့်အညီ ရသေ့ခေါက်သည် သိကြားမင်း၏ညွှန်ကြားပြမှုဖြင့် ဘုရင်ဓေယျသေနမင်း၏ အထောက်အပံ့ ရယူလျက် စစ်အင်္ဂါလေးပါး ခင်းကာ ပထမ ပတိတကုန်းတော်သို့ ကြွတော်မူသည်။ ပထမ ပတိတကုန်းတော်မြေသို့ ရောက်ရှိသည့်အခါ ဘုရင်ဓေယျသေနနှင့် ရသေ့ခေါက်တို့သည် သိကြားမင်းအမှူးပြုသော နတ်များ၏ ဝိုင်းဝန်းကူညီမှုဖြင့် စေတီတော်အား အမြန်ဆုံးပြီးစီးအောင် တည်တော်မူနိုင်ခဲ့ကြသည်။ စေတီတော်ဌာပနာတိုက်မှာ အလျား (၂၄)လံ၊ အနံ(၃)လံရှိပြီး နံရံလေးမျက်နှာတို့ကို ပတ္တမြားလေးမျိုးတို့ဖြင့် စီခြယ်လျက် အထက်အောက် ပိတ်ဖုံးထားသည်။ အလျားခုနစ်တောင်၊ အနံလေးတောင်၊ အဝန်း(၂၅)တောင်ရှိ ရွှေအတိပြီးသော ရွှေသင်္ဘောထက်ရှိ ပတ္တမြားစီခြယ်ထားသည့် ပြာသာဒ်တော်အတွင်းမှ ရတနာခုနစ်ပါးတို့ဖြင့် ခုနစ်ထပ် ပြုလုပ်ထားသည့် ရွှေကြုတ်တော်၌ ဆံတော်များကို ထည့်သွင်းဌာပနာတော်မူသည်။


ထို့ပြင်တဝ သတ္တဌာနပုံတော်နှင့် နှစ်ကျိတ်ဆူဆင်းတုတော်၊ သာဝကရှစ်ကျိတ်နှင့် လက်ဝဲရံ၊ လက်ယာရံပုံတော်များ၊ ရသေ့ခေါက်ပုံတော်၊ မင်းမိဖုရားပုံတော်နှင့် သိကြားမင်း လုံထမ်း၍ စောင့်နေသည့် ပုံတော်တို့ကို ရွှေသား၊ ငွေသား၊ မိုးကြိုးသားတို့ဖြင့် ထုလုပ်ထားသောရုပ်တုများ၊ ရွှေငွေဖယောင်းတိုင်များကို သာသနာ ငါးထောင်တည်ပါစေသတည်းဟု အဓိဋ္ဌာန်ထား၍ ဌာပနာပြု ပူဇော်ခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

ရသေ့ခေါက်သည် ပထမ ပတိတကုန်း၌ စေတီတော်တစ်ဆူ (ကျိုက္ကစံစေတီ) မဏ္ဍိဒီပကျွန်း (တညင်/သန်လျင်) ဥတ္တရဂံကုန်းတော်ရှိ စေတီတော်တစ်ဆူ( ရှင်ပင်ကျိုက်ခေါက်စေတီ)တို့ကို ဘုရင်ဓေယျသေနမင်း၏အထောက်ပံ့ကို ရယူလျက် တည်ထား ကိုးကွယ်တော်မူခဲ့သည်။ ဤကား ကျိုက္ကစံစေတီတော်မြတ်နေရာ၌ ပထမ ပတိတကုန်းအဖြစ် ဘုရားရှင်၏ ဆံတော်မြတ်ကို ဌာပနာ ပြုလျက် စေတီတော်တည်ထားပုံ ဖြစ်ပေသည်။ ဤသို့ဖြင့် ဗုဒ္ဓဘုရားရှင်၏ဆံတော်မြတ်များ၊ဓာတ်တော်များဖြင့် ပထမ ပတိတကုန်းတော်၌ တစ်နေရာတည်း၌ နှစ်ကြိမ် တည်ထားတော်မူခဲ့သော ကျိုက္ကစံစေတီတော်မြတ်ကြီးသည် ယခုအခါ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ တန်ခိုးကြီးစေတီတော်တစ်ဆူအဖြစ် ထင်ရှားလျက် ရှိသည်။

## ယနေ့တည်ဟန် ကျိုက္ကစံ

(၁၉၈၀)ခု လွန်နှစ်များက ကျိုက္ကစံစေတီကို စတင်ဖူးမြင်ခွင့်ရရှိချိန်ကို ပြန်လည်မြင်ယောင်မိသည်။ ထိုစဉ် ကျိုက္ကစံဝတ္တကမြေပေါ်တွင် လူနေအိမ်များ၊ အခြားသာသနိကအဆောက်အအုံများ အလယ်၌ ကျိုက္ကစံစေတီကို ဖူးမြင်ခဲ့ရသည်။ ပတ်ဝန်းကျင်မြင်ကွင်းက မရှင်းလင်း။ ဟောင်းနွမ်းယိုယွင်းစပြုနေသည့် အဆောက်အအုံများဖြင့် တင့်တယ်ကြည်ညိုဖွယ်အဆင်းကို အဟန့်အတားပြုနေသည်။ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ကြရာ နေရာဖြစ်သည့်အတွက် ဘုရားဖူးများ ရှိနေသည်။

နောက်ပိုင်းကာလများ၌ ကျိုက္ကစံစေတီတော်အား နိုင်ငံတော်မှ စီစဉ်ဖွဲ့စည်းပေးသော ဘက်စုံမွမ်းမံ ပြုပြင် တည်ဆောက်ရေးအဖွဲ့မှ ဘက်စုံမွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိကြောင်း သတင်း ကြားသိရသည်။ ထိုအချိန်ကာလ၌ ရန်ကုန်မြို့နှင့်တကွ နယ်များ၌ပါ ဘုရား၊ ကျောင်း၊ ကန်၊ စေတီရံနှင့် သာသနိက အဆောက်အအုံများအား ဘက်စုံမွမ်းမံ တည်ဆောက်ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန် ဖြစ်သည်။ ထို့ကြောင့်ပင် စာရေးသူတို့နေထိုင်ရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြ



လမ်းရှိ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး ဘက်စုံမွမ်းမံပြုပြင် တည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ချိန်ဖြစ်သောကြောင့် ကျိုက္ကစံစေတီတော်ကြီးအား ဖူးမြင်လိုလှသော်လည်း ဖူးမြင်ခွင့် မကြုံခဲ့ချေ။ ရဟန္တာသိမ်ဖြူတော်ကြီး ပြုပြင်မွမ်းမံချိန်၌ စာရေးသူမှာ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းတာဝန်ပိုင်းအရ လည်းကောင်း၊ မြို့နယ် ဥပဋ္ဌာက အကျိုးတော်ဆောင်တစ်ဦးအနေဖြင့် လည်းကောင်း ပံ့ပိုး ကူညီ ဆောင်ရွက်ခွင့်ရခဲ့သည်။ ဘက်စုံ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၏လုပ်ငန်းပိုင်းအား အနီးကပ် တာဝန်ယူဆောင်ရွက်မှုနှင့်အတူ သိမ်ဖြူတော်ကြီးတည်ရာမြို့နယ်၏ နယ်ခံရုံးအဖြစ် အနီးကပ် ဆောင်ရွက်ပေးမှုများကြောင့် သိမ်ဖြူတော်ကြီးနှင့် သာသနိကအဆောက်အအုံများ မွမ်းမံဆောက်လုပ်ရေးကို ပိုမို စိတ်ဝင်စားလာရသည်။ စာပေဝါသနာအခံတွင် စိတ်သဒ္ဓါထက်သန်မှုဖြင့် သိမ်တော်ကြီး (၉) သိမ်၊ စေတီ တစ်ဆယ်တစ်ဆူတို့၏သမိုင်းဝင်တည်ရှိမှုနှင့် သမိုင်းစဉ်နောက်သို့ ကောက်ကောက်ပါအောင် နှစ်နှင့်ချီပြီး လိုက်ခဲ့သည်။ သိမ်ဖြူတော်ကြီး ဘက်စုံပြီးသည်တိုင် စာရေးသူက သမိုင်းစဉ်နောက်သို့ လိုက်၍မဆုံးနိုင်သေးချေ။ ဤတွင် စေတီ တစ်ဆယ့်တစ်ဆူ၌ ပါဝင်သော ပထမပတိတကုန်း၌ ဦးစွာ တည်ထားခဲ့သော ကျိုက္ကစံစေတီတော်ကြီးသို့ မရောက်မဖြစ် ရောက်ရှိဖူးမြင်ခွင့်ကြုံရတော့သည်။ ကျိုက္ကစံစေတီတော်ကြီးသည် နာယကအဖြစ် အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီး ဝင်းလှိုင်(ယခုဗိုလ်မှူးချုပ်)၊ ကြီးကြပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာမြိုင်၊ အတွင်းရေးမှူး တက္ကသိုလ်ထွန်းနောင်တို့ ပါဝင်သော ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးအဖွဲ့နှင့် ဂေါပကအဖွဲ့ဝင်များ၏ ကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်ချက် အောင်မြင်မှုကို မျက်ဝါးထင်ထင်တွေ့မြင်ရတော့သည်။ အဆင့်ဆင့်သော နှစ်ထပ်မုခ်ဦးကြီးများ၊ အဆင့်ဆင့်သော မဟာရံတံတိုင်းများ၊ ရှင်သီဝလိ ရဟန္တာအရှင်မြတ် သီတင်းသုံးရာ ကျောင်းတော်ဗိမာန်၊ အဘခေါက်ဗိမာန်၊ ရင်ပြင်တော် အတက်လမ်း၊ ရင်ပြင်တော်ထောင့်လေးထောင့်ရှိ သုဓမ္မာဇရပ်များ၊ ဓမ္မဗိမာန်တော်ကြီး၊ ရေကန်တော် စသည့် သာသနိကအဆောက်အအုံအဆင့်ဆင့်တို့မှာ ကြည်ညိုဖွယ်ကောင်းအောင် မြင်ကွင်းအသွင်ပြောင်းခဲ့ချေပြီ။ လူနေအိမ်များ ရှင်းလင်းကာ ဘုရားဝတ္တကမြေ ဧက(၃၃) ဧကခန့်အနက် (၁၅)ဧကခန့်ပေါ်၌ စေတီတော်နှင့် သက်ဆိုင်ရာ သာသနိက အဆောက်အအုံများ ပေါ်ပေါက်လာခဲ့သည်။ ကျန်(၁၈)ဧကသော


ဝတ္တကမြေပေါ်၌ ပရိယတ္တိ၊ ပရိပတ္တိနှင့် ပရိဝေဝ သာသနာတော် သုံးရပ်အား ကြိုးပမ်း အားထုတ် သာသနာတော်ပြုတော်နေကြသည့် ဘုန်းတော်ကြီးကျောင်းများသည် စေတီတော်ကြီးအား အနီးမှ ဝန်းရံနေသော အသွင်ဖြင့် တည်ရှိနေကြသည်။

အချို့ဘက်စုံမွမ်းမံ ပြုပြင်ရေး လုပ်ငန်းများမှာ လက်စမသတ်နိုင်သေးဘဲ ခန့်မှန်းကုန်ငွေ လျာထားလျက်အပြီးသတ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ဆဲပင်ဖြစ်ကြောင်း၊ ဘက်စုံ လုပ်ငန်းအဖွဲ့ဝင် ဦးအေးဖေနှင့် ဦးသောင်းရွှေတို့မှ ဆောင်ရွက်မှု အခြေအနေများကို လိုက်၍ ပြသရင်းရှင်းလင်းပြောကြားမှုအရ သိရှိရသည်။ အထူးသဖြင့် ဘက်စုံလုပ်ငန်း ဆောင်ရွက် အကောင်အထည်ဖော်မှုနှင့်တကွ ပိုမိုတင့်တယ်ကြည်ညိုဖွယ်ဖြစ်စေရေးအတွက် စေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူရေးလုပ်ငန်းကိုလည်း တစ်ပါတည်း စီစဉ်ဆောင်ရွက်မှု ပြုခဲ့ကြသည်။ (၂၈-၁-၉၃)ရက်နေ့တွင် စတင်လျက် (၉-လက်မ ပတ်လည်ကြေးပြားများ အောက်ခံပြုပြီး မျက်ပါး ရွှေသင်္ကန်းများဖြင့် စနစ်တကျ စတင် လှူဒါန်းမှု ပြုခဲ့ရာ (၂၄-၃-၉၃)ရက်နေ့တွင် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးလုပ်ငန်းကို ကျပ်ငွေ ၂၉၂၄၄၄၄/ ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ မကြာမီ လုပ်ငန်းများ ဆောင်ရွက်ပြီးစီး အောင်မြင်မှုနှင့်အတူ ရေစက်ချ အခမ်းအနားကြီးကိုလည်း စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မူလက စေတီတော်ဝတ္တကမြေ ပရိဝုဏ် ဝန်းကျင်တွင် အနီးကပ်တည်ရှိခဲ့သော ဘုန်းတော်ကြီးကျောင်းများကို စနစ်တကျ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ မူလတည်ရှိခဲ့သော သာသနာ့နွယ်ဝင် သီလရှင်များအတွက် ကျိုက္ကစံဘုရားအရှေ့လမ်းမကြီး၏အနီး၌ သာသနာ့နွယ်ဝင် သီလရှင်များ၏ ပရိယတ္တိ စာသင်တိုက်အဖြစ်



နေရာချထားမှုပြုကာ ယာယီအဆောက်အအုံများမှတစ်ဆင့် သီလရှင် (၁၀၀)ကျော် သီတင်းသုံးရန် သိန်းပေါင်းများစွာဖြင့် သာသနိက အဆောက်အအုံများ အကောင်အထည် ဖော်ရန် ဆောင်ရွက်လျက် ရှိသည်။





**ကျိုက်အသုတ်စေတီ (ဆူးလေစေတီ)**

သီဟဒီပမင်းကြီး၏ တာဝန်ပေးမှုအရ အသုတ် အမည်ရှိသော သူရဲကောင်းအမတ်ကြီး၊ ကြီးကြပ်ကွပ်ကဲတည်ထားတော်မူသည်ကို အစွဲပြု လျက် ကျိုက်အသုတ်စေတီဟု ဘွဲ့မည် တွင်ခဲ့ သည်။ မွန်ဘာသာအရ ကျိုက်=ဘုရား၊ အသုတ် =အမတ်ကြီးဟု အဓိပ္ပာယ်ရ၍ ကျိုက်အသုတ်ဟူ သည်မှာ အသုတ်အမတ်ကြီးဘုရားဟု ဖွင့်ဆိုရပေ မည်။ အချို့က အသုတ် ဟူသည်ကို ဆံတော်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသဖြင့် ဆံတော်ရှင်ဘုရား ဟု လည်း ခေါ်ဆိုနိုင်ပေသည်။

အချို့က ဥက္ကလာပမင်းကြီးသည် ရွှေတိဂုံ ဆံတော်ရှင်စေတီတော် တည်ထားရာ သိင်္ဂုတ္တရ ကုန်းတော်အား ရှာဖွေစဉ် စုဝေးတိုင်ပင်ရာ ဌာနဖြစ်၍ စုဝေးစေတီဟုဘွဲ့အမည်ရှိပြီး နောင် တွင် ဆူးလေစေတီဟု ခေါ်တွင်ကြောင်း အဆို တစ်မျိုး ရှိသည်။

အချို့က ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ဘုရားလေးဆူကို မှီလိုက်သည့် လေးဆူနတ်ကြီး ၏နေရာဌာန၌ တည်ရှိသောကြောင့် လေးဆူ စေတီဟုခေါ်တွင်ကြရာမှ ကာလရွေ့လျောကာ မူလအမည်ကို ပဋိလောမပြန်၍ ဆူးလေစေတီဟု အဆိုတစ်မျိုးရှိခဲ့ပြန်သည်။ သမိုင်းကြောင်းအရ ကျိုက်အသုတ်ခေါ် ဆူးလေစေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏တောင်ဘက် အရှေ့သို့ စဉ်းငယ်ယွန်းသော တာကိုးရာခန့်အကွာ တောင် ကုန်းမြင့်ပေါ်၌ တည်ရှိသည်ဟု အဆိုရှိသည်။ ဆူးလေစေတီတော်၏ ပရိဝုဏ်နယ်မြေ အကျယ် အဝန်းမှာ(၂.၁၈၁)ဧကရှိပြီး အရှေ့နှင့် အနောက် အလျားပေ(၃၂၂)ပေ၊ တောင်နှင့်မြောက် အလျား ပေ (၂၉၁)ပေ ရင်ပြင်မှ ငှက်မြတ်နား စိန်ဖူးတော် အထိ ဉာဏ်တော်ပေ(၁၅၁)ပေ အမြင့်ရှိသည်။ ဆူးလေစေတီတော်သည် ပန်းတင်ခုံ ဖိနပ်တော်မှ စ၍ ငှက်ပျောဖူးအထိ ရှစ်မြှောင့်ကိုယ်ထည်ရှိ သည်။ အရပ်ရှစ်မျက်နှာ၏ အပူဇော်ခံရာအဖြစ် ရည်မှန်းခြင်းဖြစ်သည်။ ပန်းတင်ခုံ၊ ဖိနပ်တော် ရှစ်ထောင့်မှာ မဂ္ဂင်တရားရှစ်ပါးကို ရည်မှန်းခြင်း ဖြစ်သည်။ ပစ္စယံသုံးဆင့်ပါရှိရာ တရားတော်မြတ် ထွန်းကားရာ ဘုံသုံးပါးကို ရည်မှန်းခြင်း ဖြစ် သည်။ ကြာဝန်းသုံးရစ်ပါရှိရာ ရတနာသုံးပါးကို ရည်မှန်းခြင်းဖြစ်သည်။ ခေါင်းလောင်း သပိတ် မှောက်မှာ အရိယာတို့၏ကျင့်စဉ် ဖြူစင်သည့် ဘဝကို ရည်မှန်းခြင်းဖြစ်သည်။ ဖောင်းရစ်ကိုးရစ် ပါရှိရာ လောကုတ္တရာတရားကိုးပါးကို ရည်မှန်း ခြင်း ဖြစ်သည်။ ကြာမှောက်၊ ကြာလှန်၊ ငှက်ပျော ဖူးတော်၊ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နား တော်တို့မှာ ဗုဒ္ဓ၏ဓမ္မစက်တော်၏ သန့်စင်မွန် မြတ်ခြင်းဖြစ်သည်ဟူ၍ လောကုတ္တရာတရားတို့ ကို လောကီအမြင်ဖြင့် စပ်ဟပ်ပေါင်းစပ်ပြီး ရှေးခေတ် ဗိသုကာပညာရှင်တို့ တင်စားဆောက် လုပ်ခဲ့ခြင်းဖြစ်ပေသည်။

အလောင်းမင်းတရားကြီးသည် ရာမညတိုင်းကို သိမ်းပိုက်စဉ် ဒဂုံမြို့သို့ ဝင်ရောက်တော်မူသောအခါ ဒဂုံမြို့သည် ယာတောမြေအဖြစ်သို့ ရောက်ရှိနေသည်။ အလောင်းမင်းတရားကြီးသည် (၁၇၅၅)ခုနှစ်၊ မေလ(၂၃)ရက်နေ့တွင် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ပြီး ရန်အပေါင်း ကုန်သော နိမိတ်အဖြစ် ဒဂုံမြို့ကို ရန်ကုန်မြို့ဟုဘွဲ့မည် အသစ်ဖြင့် မြို့သစ်တည်ခဲ့သည်။ အလောင်းဘုရား တည်သော ရန်ကုန်မြို့သစ်မှာ အကျယ်အဝန်းအားဖြင့် (၁၁၁၉)တာခန့်သာ ကျယ်ဝန်းသည်။ သစ်တပ်မြို့အဖြစ် ကျုံး၊ မြောင်း၊ တံခါး၊ ပြအိုးစသော မြို့အင်္ဂါ ပြည့်စုံစွာ တည်ထားသည်။

နယ်နိမိတ်အဝန်းအဝိုင်းအနေဖြင့် မြောက်ဘက်တွင် ဆူးလေဘုရား၊ တောင်ဘက်တွင် ရန်ကုန်မြစ်၊ အရှေ့ဘက်၌ ကုန်သည်လမ်းဝန်းကျင်၊ ဂျူဒါအိစကယ်လမ်း၊ အနောက်ဘက်တွင် လမ်း(၃၀)သို့မဟုတ် စစ်ကဲမောင်ထော်လေးလမ်း ဝန်းကျင်အတွင်း၌ တည်ရှိသည်။ သစ်တပ်မြို့ကို ရေပတ်လည် ဝိုင်းရံလျက် ရှိသည်။ ထိုစဉ်က ဆူးလေစေတီတော်သည် သစ်တပ်မြို့ရိုး အပြင်ဘက်၌ရှိပြီး ရေပတ်လည် ဝိုင်းလုမတတ်ရှိသော ကုန်းမြေပေါ်မှ စေတီတစ်ဆူအဖြစ် တည်ရှိသည်။ အလောင်းဘုရားတည်သော ရန်ကုန်မြို့မှာ လူဦးရေ တစ်သောင်းခန့်သာရှိသော်လည်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်လာသည့်အလျောက် လူဦးရေ တိုးတက်လာသကဲ့သို့ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ကြီးထွားလာကာ အချက်အခြာ ဒေသ ဖြစ်လာသည်။

ရွှေဘိုမင်း (ခ) သာယာဝတီမင်း(ခ) ကုန်းဘောင်မင်းလက်ထက်၌ မြန်မာသက္ကရာဇ်(၁၂၀၃)ခုနှစ်တွင် အမရပူရမြို့တော်မှ ဒဂုံ (ရန်ကုန်)သို့ ကြည်းကြောင်း၊ ရေကြောင်း၊ မဟာဗျူဟာ နည်းဗျူဟာ အပြည့်ခင်းကျင်း ကြွချီတော်မူခဲ့သည်။ (ယခုအခါ မြန်မာရိုးရာ လှေသဘင်ပွဲတော်ကြီး၌ ဒဂုံသို့ သာယာဝတီမင်းမြတ် ကြွချီတော်မူပုံ၊ ရေကြောင်းချီ အစီအစဉ် အခင်းအကျင်း အတိုင်း တိုင်းချစ်ပြည်ချစ်စိတ် တိုးပွားရေးနှင့် အမျိုးသားရေး စိတ်ဓာတ်ကြီးထွား မြင့်မားစေရေးအတွက် ခင်းကျင်းပြသရန် စီစဉ်ထားသဖြင့် မျက်မြင်ကိုယ်တွေ့ တွေ့မြင်ကြရမည် ဖြစ်ပါသည်။)

ရွှေဘိုမင်း ခေါ် သာယာဝတီမင်းမှ မူလ အလောင်းဘုရားတည်ခဲ့သော ရန်ကုန်မြို့ကို တိုးချဲ့လျက် အောင်မြေရန်နိုင်မြို့သစ်အဖြစ် မြို့သစ်တည်ထောင်ခဲ့သည်။ ထိုအချိန်၌ ဆူးလေစေတီတော်သည် မြို့သစ်နယ်နိမိတ်အတွင်းသို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က ဆူးလေ စေတီတော် ဝန်းကျင်၌ ရွှံ့ဗွက်၊ ရေအိုင်နှင့် တောချုံများ ထူထပ်စွာ ပေါက်ရောက်လျက် ရှိသည်။ ရန်ကုန်မြစ်နှင့် နီးသဖြင့် ဒီရေအတက်အကျဖြစ်ပေါ်၍ စေတီတော်ဝန်းကျင်ကို ဒီရေလွှမ်းမိုးမှု ရှိခဲ့သည်။ စေတီတော်အနီးဝန်းကျင်ရှိ ဗွက်တောများအလယ်၌ပင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ တည်ရှိသည်။ သစ်ပင်ဝါးပင်တို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့်အတွက်တောရကျောင်းအဆောက်အအုံများ၊ ရေပြင်ကျယ်များနှင့် ကြည်နူးဖွယ်ရာ အေးချမ်းသာယာမှု ရှိကြောင်းအဆိုရှိကြသည်။

ထိုစဉ်က ဆူးလေစေတီတော် အနောက်ဘက်စောင်းတန်းမှာ ယခု ဆက်သွယ်ရေးလုပ်ငန်းရုံး(ဒီဇူဇာ)နေရာအထိ တည်ရှိနေသည်။ မြန်မာသက္ကရာဇ်(၁၂၁၄)ခု၊ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲပြီးချိန်ထိ ဗန္ဓုလပန်းခြံ၏ တောင်ဘက်ပိုင်းနေရာသည် ရေလယ်ကျွန်းဖြစ်၍ ဆူးလေစေတီတော်သို့ ကူးရန် ကျောက်တံတားတစ်ခု တည်ဆောက်ထားသည်။ ရေလယ်ကျွန်းပေါ်၌ ရေလယ်ကြီးကျောင်း၊ ရေလယ်ကလေးကျောင်း စသော ဘုန်းတော်ကြီးကျောင်းများ တည်ရှိသည်။ ရှေးယခင်က ဆူးလေဘုရားလမ်းကို လှော်တန်းလမ်း

ဟုခေါ်ဆိုခဲ့ကြပြီး နောင်တွင် ဆူးလေဘုရားလမ်းဟု အမည်တွင်ခဲ့သည်။ တစ်ဖန် ကျောက်တံတားလမ်းဟုလည်း ခေါ်တွင်ခဲ့ကြပြန်သည်။ ဆူးလေစေတီတော် တည်ရှိရာ မြို့နယ်မှာ ယနေ့တိုင် ကျောက်တံတားမြို့နယ်ဟု ထင်ရှားလျက်ရှိသည်။

ယခု ကျောက်တံတားမြို့နယ် မော်လမြိုင်ကျောင်းတိုက်နေရာ၌ သစ်ဆိပ်ပင်ကြီး ရှိသဖြင့် ၎င်းနေရာရှိကျောင်းတိုက်ကို သစ်ဆိပ်ပင်ကျောင်းတိုက်ဟုခေါ်ဆိုခဲ့ကြသည်။ နောင်တွင် မော်လမြိုင်မှ ဆရာတော်တစ်ပါး ရောက်ရှိကာ သီတင်းသုံးတော်မူသဖြင့် မော်လမြိုင်ကျောင်းတိုက် အမည်သစ်သို့ ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ မော်လမြိုင်ကျောင်းတိုက်မှဆူးလေစေတီတော်အထိ သစ်သားတံတားရှည်ကြီး တစ်ခုတည်ရှိသည်။ ထိုသို့သော လမ်းနှင့် တံတားများမှ ကူးသန်းသွားလာကာ ဆူးလေဘုရားအား ဖူးမြင်ကြရသည်။ ဤသို့လျှင် ရေလမ်းဖြင့် တစ်နည်း၊ ကုန်းလမ်းဖြင့်တစ်သွယ် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများဖြင့် ဆူးလေစေတီသည် စည်ကားမှုရှိနေသည်။ အထူးသဖြင့် အနောက်တောင်ဘက် မနီးမဝေး၌ ကျိုက်မဲသံကရော ခေါ် ကျိုက်မြတ်သံချိုစေတီတော်ကြီးနှင့် ရဟန္တာသိမ်တော်ကြီးတို့ တည်ရှိနေသောကြောင့် ဘုရားဖူးများ သွားလာ ဘုရားဖူးရာအဖြစ် စည်ကားနေမည်သာ ဖြစ်ပေသည်။

## နယ်ချဲ့တိုက်ပွဲ ယှဉ်ပြိုင်၍

သက္ကရာဇ် (၁၈၂၄)ခု၊မတ်လ(၅)ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်လော့ဒ်အမ်းမာစ်သည် ဗြိတိန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ စစ်ဖြစ်ပွားကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။ ဘုရင်ခံချုပ်သည် မြန်မာပြည်အား ဝင်ရောက်တိုက်ခိုက်ရာ ၎င်း၏ အထက်အာဏာပိုင်များသို့ အစီရင်ခံရာ၌ 'မောက်မာလှသော မြန်မာအာဏာပိုင်များ၏ အပြုအမူကို လက်တုံ့ပြန်ရန် အကောင်းဆုံးသော နည်းလမ်းမှာ နောက်ထပ် သတိပေး မနေတော့ဘဲ စစ်ကြေညာ တိုက်ခိုက်ခြင်းသာ ဖြစ်လိမ့်မည် ထင်ပါသည်' ဟုအတိအလင်း ဖော်ပြထားသည်။ အမှန်အားဖြင့် ဤစစ်ပွဲသည် နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် အကြောင်းမရှိ အကြောင်းရှာကာ ရှင်မဖြူကျွန်း အရေးအခင်းကို အကြောင်းပြုလျက် စစ်ကိုစတင်ခဲ့ခြင်းဖြစ်သည်။ အဓိကမှာ လက်နက်အားကိုးဖြင့် မတရားသောစစ်အတွက် ဖန်တီးလျက် အနိုင်ကျင့် သိမ်းပိုက်ခြင်းသာ ဖြစ်သည်။ မြန်မာတို့အနေဖြင့်မူ မိမိနိုင်ငံအတွက် ခုခံကာကွယ်မှုပြုရသည့်တရားသော စစ်ကို ဆင်နွှဲခြင်းဖြစ်ပေသည်။ စစ်ပွဲစတင်ချိန်၌ မဟာဗန္ဓုလစစ်သူကြီး ဦးဆောင်သော မြန်မာ့တပ်မတော်သည် ရာမူး၊ ပန်းဝါဒေသတို့၌ တိုက်ပွဲများအောင်မြင်နေချိန်ပင် ဖြစ်သည်။ ထိုသို့ မြန်မာတပ်အင်အားများ ရခိုင်ပြည်သို့ ရောက်ရှိစဉ် မြို့စောင့်တပ်အင်အားသာ ရှိသည့် ရန်ကုန်မြို့ကို ရုတ်တရက် ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ် စစ်ဗိုလ်ချုပ်ဆာအာချီဘောကင်းဘဲလ် ဦးဆောင်သည့် စစ်သည်အင်အား တစ်သောင်း တစ်ထောင်ကျော်တို့သည် (၁၈၂၄)ခု၊ မေလ (၁၁)ရက်နေ့တွင် ရန်ကုန်မြို့သို့ ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ မေလ(၁၂)ရက်နေ့တွင် အင်္ဂလိပ်တို့သည် ရွှေတိဂုံစေတီတော်ကုန်းမြေကို တိုက်ခိုက်သိမ်းပိုက်၍ အခိုင်အမာတပ်စွဲလိုက်ကြသည်။ ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်နှင့် ဝန်ကြီး သတိုးမဟာသေနာပတိတို့ ဦးဆောင်ကွပ်ကဲသော မြန်မာတပ်တို့သည် ကြည့်မြင်တိုင်ဘက်သို့ ဆုတ်ခွာလျက် ခံတပ်ကို အခိုင်အမာ ပြုလုပ်ကြသည်။ မြန်မာတပ်များသည် ရွှေတိဂုံကုန်းတော်ပေါ်၌ တပ်စွဲထားသော အင်္ဂလိပ်တပ်များအား အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ကြသော်လည်း အင်္ဂလိပ်တို့က ကုန်းတော်အမြင့်ပိုင်း အပေါ်စီးမှ လည်းကောင်း၊ မြစ်တွင်းရှိ စစ်သင်္ဘောများပေါ်မှလည်း

ကောင်း နှစ်ဖက်ညှပ်၍ တိုက်ခိုက်သဖြင့် မြန်မာတို့နောက်သို့ ဆုတ်ကြရသည်။ မြန်မာတို့သည် ကြည့်မြင်တိုင်ခံတပ်၊ ကမာရွတ်ခံတပ်တို့မှ အဆင့်ဆင့်ခုခံတိုက်ခိုက်ခဲ့ကြသည်။ ထိုစဉ် ဘကြီးတော်ဘုရားအမိန့်တော်ဖြင့် ရခိုင်ပြည်မှ တောတောင်အထပ်ထပ်ကို ကျော်ဖြတ်ကာ ပြင်းထန်သည့် မိုးတွင်းရာသီဥတု၏ဒဏ်ကို ကြံ့ကြံ့ခံလျက် စစ်သူကြီးမဟာဗန္ဓုလ ဦးဆောင်သော မြန်မာတပ်ကြီးသည် (၁၈၂၄)ခု၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိသည်။ မဟာဗန္ဓုလ ဦးစီးသည့် မြန်မာ့တပ်မတော်သည် ဒီဇင်ဘာလ(၁)ရက်နေ့နှင့်(၂)ရက်နေ့များ၌ အင်္ဂလိပ်တို့အား ထိုးစစ်ဆင်တိုက်ခိုက်ရာ မြန်မာတို့သည် ရွှေတိဂုံစေတီတော်၏ မြောက်ဘက်မုခ်ဝအထိ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ မြန်မာတို့ အထွတ်အမြတ်ထားရာ ရွှေတိဂုံကုန်းတော်မြတ်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် မြန်မာတို့သည် အကြိမ်ကြိမ်အနီးကပ် အသက်စွန့်၍ တိုက်ခိုက်ခဲ့ကြသည်။ သို့သော် စစ်ရေးအရ အချက်အခြာကျသော ရွှေတိဂုံစေတီကုန်းတော်ကျရှုံးပါက စစ်ပွဲ၌ အသာစီး ရရှိသွားမည်ကို စိုးရိမ်ကြသည့် အင်္ဂလိပ်တို့သည် အမြောက်ကြီးများကို အသုံးပြု၍ အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ကြသည်။ အဆက်မပြတ်ကျရောက် ပေါက်ကွဲလျက် ရှိသောအမြောက်ဆံတို့၏ဒဏ်ကို မြန်မာတို့ မခံနိုင်ကြတော့သဖြင့် ဆုတ်ခွာခဲ့ကြရသည်။ အင်္ဂလိပ်တို့သည် မြန်မာတို့ ဆုတ်ခွာရသည်ကို အခွင့်ကောင်းပြုလျက် မြန်မာတပ်စခန်းများကို ပြန်လည်၍ ထိုးစစ်ဆင် တိုက်ခိုက်ကြသည်။ မြန်မာတို့ အင်အားချင်း မမျှ၍ ဓနုဖြူသို့ဆုတ်ခွာလျက် စစ်သူကြီးမဟာဗန္ဓုလသည် ဓနုဖြူခံတပ်ကို အနိုင်အမာပြုပြီး ခုခံတိုက်ခိုက်ရန် စီစဉ်ခဲ့သည်။ (၁၈၂၅)ခု၊ ဧပြီလ (၁)ရက်နေ့တွင် မဟာဗန္ဓုလစစ်သူကြီး ကျဆုံးပြီးနောက် (၁၈၂၆)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်နေ့တွင် ရန္တပိုစာချုပ်ဖြင့် စစ်ပြေငြိမ်းခဲ့သည်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကာလ၌ ဆူးလေစေတီတော်ကုန်းမြေနှင့်ဝန်းကျင်အရပ်တို့သည် တောချုံအထပ်ထပ်၊ စိမ့်စမ်းရေအိုင်များ တည်ရှိရာ တောရိပ်မြိုင်ကို အကာအကွယ် ပြုလျက် မြန်မာတပ်တို့သည် ကမ်းနားမှ ချီတက်လာကြသော အင်္ဂလိပ်တပ်များကို တိုက်ခိုက်ခဲ့ရာ အကျအဆုံးများစွာဖြင့် အထိနာစေခဲ့သည်။

အင်္ဂလိပ်မြန်မာပထမစစ်ပွဲ၌ ရန္တပိုစာချုပ်အရ မဏိပူရ၊ အာသံ၊ ရခိုင်နှင့် တနင်္သာရီတို့ကို အင်္ဂလိပ်တို့က ရရှိခဲ့ကြသည်။ ၎င်းအချိန်တွင် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံတစ်ခုလုံး သိမ်းပိုက်ရေးအစီအစဉ်၏ဒုတိယခြေလှမ်းအဖြစ် ဗြိတိသျှသင်္ဘောမှ လူးဝစ်နှင့် ရှက်ပတ်တို့အား မတရားနှိပ်စက်သည်ဟူသောအကြောင်းကို ရှာလျက် စစ်ပြုရန်ကြိုးပမ်းပြန်သည်။ ဤနည်းဖြင့် အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲကို ကျူးကျော်စစ်အဖြစ် စီစဉ်ဖန်တီးတိုက်ခိုက်ခဲ့ပြန်သည်။ ထိုစဉ်က အင်္ဂလိပ်တို့သည် [illegible] 'အမြောက်တင် သင်္ဘောဝါဒ'ဆိုးဖြင့် နယ်ချဲ့စိုးမိုးရေးကို ကြိုးပမ်းနေသောကာလ ဖြစ်သည်။ ဤသို့ဖြင့် ရန်ကုန်မြို့သည် ဒုတိယအကြိမ် စစ်မြေပြင်ဖြစ်ရပြန်သည်။

(၁၈၅၂)ခုနှစ်၊ ဧပြီလတွင် အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ဒါလဟိုဇီသည် မြန်မာတို့အား စစ်ကြေညာတိုက်ခိုက်ခဲ့တော့သည်။ အင်္ဂလိပ်တပ်များ၏တပ်ပေါင်းစုမှူးမှာ ဗိုလ်ချုပ်ဂေါ့ဒဝင် ဖြစ်သည်။ အင်္ဂလိပ်တို့စစ်ပွဲဆင်နွှဲမည့်အခြေအနေကို မြန်မာတို့ ရိပ်မိကြသဖြင့် အချက်အချာကျသော ရွှေတိဂုံစေတီတော်ကုန်းမြေပေါ်၌ အံနိုင်အမာတပ်စွဲနေရာယူထားသည်။ ပစ္စယံအဆင့်အလိုက် အမြောက်ကြီး အမြောက်ငယ်များကို စနစ်တကျနေရာ ချထားသည်။ မြေကတုတ်၊ ခံကတုတ်များ တူးဖော်စီမံသည်။ (၁၈၅၂)ခုနှစ်၊ ဧပြီလ(၁)ရက်

နေ့၌ စစ်သင်္ဘော(၁၅)စင်း၊ လှေစီးမီးသင်္ဘော၁၅–စင်း၊ အမြောက် ၃၅–လက် ပါရှိသော ရေတပ်အင်အားဖြင့် အင်္ဂလိပ်တပ်များ ရန်ကုန်မြစ်ဝသို့ ရောက်ရှိလာကြသည်။ ဧပြီလ ၁၀–ရက်နေ့တွင် အင်္ဂလိပ်စစ်သင်္ဘောများ ရန်ကုန်မြစ်အတွင်းသို့ ဝင်ရောက်လာကြပြီး ရန်ကုန်မြို့တွင်းသို့ အမြောက်များဖြင့်ပစ်ခတ်ကြသည်။အင်္ဂလိပ်တို့၏အမြောက်ဆံ ပေါက်ကွဲမှုကြောင့် ရန်ကုန်မြစ်ကမ်းရှိ မြန်မာတို့ခံတပ်မှ (၁၀)ပေါင်ဒါ အမြောက်ကြီး (၉)လက် ပျက်စီးခဲ့သည်။ ရွှေတိဂုံစေတီတော် အနောက်တောင်ဘက်၌ အခြေချတပ်စွဲထားသည့် မြန်မာ့တပ်မတော်မှ စစ်တန်းလျားအချို့ မီး လောင်ပျက်စီးခဲ့သည်။ (၁၈၅၂)ခု၊ ဧပြီလ (၁၂) ရက်နေ့တွင် မြို့သိမ်းတိုက်ပွဲ ဆင်နွှဲရန် အင်္ဂလိပ်တပ်များ ရန်ကုန်ဆိပ်ကမ်းပေါ်သို့ တက်ရောက်ခဲ့ကြသည်။ ယင်းနေ့နံနက် (၄)နာရီမှ စတင်လျက် 'အမြောက်တင်သင်္ဘောဝါဒဆိုး'နှင့် လျော်ညီစွာပင် ရန်ကုန်မြို့တွင်းသို့ စစ်သင်္ဘောမှ အမြောက်များဖြင့် အပြင်းအထန် ပစ်ခတ်ကြသည်။ အမြောက်ပစ်အား အကူအညီဖြင့် ဆိပ်ကမ်းသို့ တက်ရောက်ကြသည်။ မြန်မာတို့က အင်္ဂလိပ်တပ်များသည် မြန်မာတပ်မတော် အခိုင်အမာ တပ်စခန်းပြုထားရာ ရွှေတိဂုံကုန်းတော်သို့ တိုက်ရိုက်ရောက်ရှိနိုင်သည့်လမ်းမှ ချီတက်လာမည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် အင်္ဂလိပ်တို့သည် မြို့အရှေ့ဘက်လမ်းမှ တက်ရောက်ပြီး သိမ်ဖြူခံတပ်ကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ရွှေတိဂုံကုန်းတော်ပေါ်၌ စခန်းချထားသော မြန်မာတပ်တို့၏ ရှေ့တန်းစခန်းဖြစ်သည့် သိမ်ဖြူခံတပ်မှာ အင်္ဂလိပ်တို့၏ အနီးကပ် ပစ်ခတ်တိုက်ခိုက်သော အမြောက်ကြီးများဒဏ်ကြောင့် မီးလောင်ပျက်စီးပြီး သိမ်းပိုက်ခံခဲ့ရသည်။ ဧပြီလ (၁၃)ရက်နေ့တွင် ပြင်ဆင်မှုများ ပြုလုပ်ပြီး ဧပြီလ (၁၄)ရက်နေ့နံနက် အင်္ဂလိပ်တပ်များသည် သိမ်ဖြူမှ ရွှေတိဂုံကုန်းတော်သို့ ချီတက်တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်တို့က စေတီတော်နှင့် ကိုက်(၈၀၀)အကွာမှနေ၍ အမြောက်ကြီးများဖြင့် အနီးကပ် ပစ်ခတ်တိုက်ခိုက်ကြသည်။ မြန်မာတို့ကလည်း စိန်ပြောင်း အမြောက်များဖြင့် ပြန်လည်ပစ်ခတ်ကြသည်။အင်္ဂလိပ်တပ်များသည် အင်္ဂလိပ်ဘက်တော်သားတစ်ဦး၏ သတင်းပေးမှုဖြင့် မြန်မာတပ်အင်အားနည်းပါးသည့်အရှေ့ဘက်မုခ်သို့ အသေခံတပ် ဖွဲ့စည်းကာ ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတပ်တို့ သေနတ်များဖြင့်အပြင်းအထန် ခုခံပစ်ခတ်ကြသည့်အပြင် အနီးကပ်ဓားနှင့် ခုတ်ပိုင်းချရသည်အထိ တိုက်ပွဲက ပြင်းထန်လှသည်။ ဤသို့ အင်္ဂလိပ်တပ်တို့၏ လက်နက်အင်အား လူအင်အားဖြင့် စီးနင်းတိုက်ခိုက်မှုကြောင့် ရွှေတိဂုံ ကုန်းတော်ကို သိမ်းပိုက် တပ်စွဲနိုင်ခဲ့ကြသည်။ မြန်မာတပ်တို့သည် တောင်ဘက်နှင့် အနောက် ဘက်စောင်းတန်းတို့မှ ကြည့်မြင်တိုင်သို့ ဆုတ်ခွာသွားကြရသည်။ ထိုသို့ ရွှေတိဂုံစေတီတော်ကြီးကို သိမ်းပိုက်မိခြင်းသည် စစ်ပွဲအောင်နိုင်ခြင်းဟု ဆိုရပေမည်။ မြန်မာတို့အဆင့်ဆင့် တွန်းလှန် တိုက်ခိုက်ခဲ့ကြသော်လည်း အင်အားမမျှသဖြင့် ရှုံးနိမ့်ကြရသည်။ ဤတွင် မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်ပိုင်အဖြစ် သိမ်းပိုက်ကြောင်း ကြေညာမှုနှင့်အတူ မြန်မာပြည် အောက်ပိုင်းသည် အင်္ဂလိပ်လက်အောက်၌ သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ကြရသည်။ ဖော်ပြပါ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ၌လည်း အင်္ဂလိပ်တို့၏ မြို့သိမ်းတိုက်ပွဲများကို တွန်းလှန်တိုက်ခိုက်ရာ၌ ဆိပ်ကမ်းအထက်ဝန်းကျင်၌ တည်ရှိသည့် ဆူးလေစေတီတော်ကုန်းမြင့်နှင့် ပတ်ဝန်းကျင်သည် တိုက်ပွဲနေရာတစ်ခု ဖြစ်ခဲ့သည်။

ဤဖြစ်ရပ်များကို ဂရုပြုမိပုံရသော အင်္ဂလိပ်တို့သည် ရန်ကုန်မြို့ကို သိမ်းယူပြီးနောက် အစီအစဉ်များ ချမှတ်လျက် မြို့ကွက်အသစ် ရိုက်ပြီး

မြို့ကို တိုးချဲ့ခဲ့သည်။ ဆူးလေစေတီ ဝန်းကျင်မှ စိမ့်စမ်းရေအိုင်တို့ကို မြေဖို့ခဲ့သည်။ သစ်ပင် တောချုံများအား ခုတ်ထွင်ရှင်းလင်းခဲ့သည်။ နောက်ဆုံး၌ ဆူးလေစေတီတော်ကြီးကိုပင် လမ်းဆုံ လမ်းခွနှင့် မလွတ်ကင်း ဟူသော အကြောင်းပြချက်ဖြင့် ဖြိုချဖျက်ဆီး ဖယ်ရှားရန် ကြိုးပမ်းမှု ပြုခဲ့ကြသည်။

## အင်္ဂလိပ်ခေတ် မြို့ကွက်သစ်

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ အပြီးတွင် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ အောက်ပိုင်းကို သိမ်းပိုက်ပြီး ရန်ကုန်မြို့ကို အစိုးရ ရုံးစိုက်ရာမြို့အဖြစ် သတ်မှတ်လျက် အခြေတကျဖြစ်အောင် စီမံကြတော့သည်။ အိန္ဒိယဘုရင်ခံချုပ် လော့ဒါလ်ဟိုဇီက အောက်မြန်မာနိုင်ငံ ကော်မရှင်နာမင်းကြီးအဖြစ် ဆာအာသာဖယ်ယာအား ခန့်အပ်လျက် အုပ်ချုပ်မှု ပြုစေခဲ့သည်။ ဘုရင်ခံချုပ်ထံမှ အမိန့်ခံယူလျက် ကော်မရှင်နာမင်းကြီး ဆာအာသာဖယ်ယာသည် မြို့ကွက်အသစ် တည်ဆောက်ရန် တာဝန်ကို စစ်ဘက်အင်ဂျင်နီယာတပ်မှ ဗိုလ်ဖရေဇာအား တာဝန်ပေးအပ်ခဲ့သည်။ သက္ကရာဇ် (၁၈၅၄) ခုနှစ်၌ ရန်ကုန်မြို့ကွက်သစ်ရိုက်သောအခါ တောင်ကုန်းများကို ဖြိုချခြင်း၊ အနိမ့်ပိုင်းကို မြေဖို့ခြင်း၊ မြေညှိခြင်း၊ လမ်းသစ်ဖောက်ခြင်း၊ လမ်းနှင့် မလွတ်ကင်းဟူသော အကြောင်းပြချက်ဖြင့် ဘုန်းတော်ကြီးကျောင်းများ၊ စေတီ ပုထိုးများကို ဖြိုချ ဖျက်စီး ဖယ်ရှားခြင်း၊ မြန်မာတိုင်းရင်းသားတို့ပိုင် မြေကွက်များအား လျော်ကြေး မပေးဘဲ သိမ်းယူခြင်းတို့ ပြုခဲ့ကြသည်။ ထိုစဉ်က မြို့ကွက်နှင့် မလွတ်ဟူသော အကြောင်းပြချက်ဖြင့် ဆူးလေစေတီတော် ဝန်းကျင်နှင့် မြို့လယ်ပိုင်း၌ တည်ရှိနေကြသော မြန်မာဘုန်းတော်ကြီးကျောင်းပေါင်း (၅၀)ကျော်တို့ကို သရက်ဥယျာဉ် တည်ရှိရာ နေရာသို့ ဖယ်ရှား ပြောင်းရွှေ့စေခဲ့သည်။ ၎င်းနေရာမှာ ယနေ့တိုင် သရက်တောကျောင်းတိုက်ဟူသောအမည်ဖြင့် မြန်မာဘုန်းတော်ကြီးကျောင်းများ တစုတဝေးတည်း တည်ရှိရာအဖြစ် တွေ့မြင်ကြရသည်။ ယခု ပန်းဆိုးတန်းလမ်းဝန်းကျင်ရှိ ခရေပင်ကျောင်းတိုက်ခေါ် ပန်းတောကျောင်းတိုက်ကို မူလတည်ရှိရာ နေရာမှ ဖယ်ရှားလျက် လက်ရှိ ဒေဝသာဂရသိမ်တော်ကြီးကုန်းမြင့်သို့ ပြောင်းရွှေ့စေခဲ့သည်။ သိမ်ဖြူတော်ကြီးကုန်းမြေ၏ အနောက်ဘက်နှင့် မြောက်ဘက်တို့မှ မြေများကို သိမ်းယူခဲ့ပြီး မီးရထားလမ်းဖောက်လုပ်ခြင်းနှင့် မီးရထား အခြေစိုက်လုပ်ငန်းများတွင် အခြေချ အသုံးပြုခဲ့သည်။ မြို့တွင်းမှ ဘာသာခြားတို့၏ သုသာန်များကို ထိုစဉ်က မြို့ဆင်ခြေဖုံးဖြစ်သည့် သိမ်ဖြူနယ်မြေအတွင်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ ထို့ကြောင့်ပင် ယခုအချိန်၌ သိမ်ဖြူဒေသ ပါဝင်သော မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း၌ သုသာန် (၉)ခုထိ တည်ရှိနေခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြို့တော်သာယာရေးအတွက် တစ်စတစ်စ ပြောင်းရွှေ့ နေရာချထားပေးလျက် ရှိသည်။

အင်္ဂလိပ်တို့သည် မြို့ကွက်အသစ် ရိုက်ရာ၌ မူလနေထိုင်ကြသူ မြန်မာတိုင်းရင်းသား အားလုံးကို လျော်ကြေး တစ်စုံတစ်ရာ မပေးဘဲ နှင်ထုတ်ခဲ့သည်။ ထွက်ပေါ်လာသည့် မြို့ကွက်များအား အနည်းဆုံး (၉)ပြားမှ အများဆုံး (၃)ပဲနှုန်းအထိ ဈေးသတ်မှတ်လျက် ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့သည်။ မြန်မာတိုင်းရင်းသားတို့သည် မိမိတို့နိုင်ငံပိုင် မိမိတို့ပိုင် မြေပေါ်မှ ဖယ်ရှားနှင်ထုတ်ခံရခါ မိမိတို့မြေကို ဈေးပြိုင်ပေး၍ ပြန်ဝယ်ရမည့်အဖြစ်ဆိုးသို့ ရောက်ရှိခဲ့ကြသည်။ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့်အလျောက် ငွေကြေးချမ်းသာသူ နိုင်ငံခြားသားများ၊ ၎င်းတို့နှင့်အတူ လိုက်ပါလာကြသည့် ဘာသာခြားများ (အလိုတော်ရိများ) တို့သည် မြန်မာ တိုင်းရင်းသားများထက် တစ်ပန်း

သာခဲ့သည်။ ဤကား ကျွန်ပြုခံကြရသော မြန်မာတိုင်းရင်းသားတို့၏ ကြီးမားသော ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။

ထို့ပြင် မြို့ကွက်နှင့် မလွတ်ကင်းဟူသော အကြောင်းပြချက်ဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများကို ဖယ်ရှားဖျက်ဆီးခဲ့ကြပြန်သည်။ ယခု သိမ်ကြီးဈေး နေရာ၌ တည်ရှိခဲ့သော ကျိုက်မြတ်သံချို စေတီတော်ကြီးအား ဖြိုဖျက်ခဲ့ကြသည်။ စေတီကြီး ဖြိုဖျက်သည့်နေ့မှစ၍ ညစဉ်ညတိုင်းလိုလိုပင် စေတီတော်၌ ဌာပနာပြုထားသည့် ဆံတော်ဓာတ်များတို့သည် ရောင်ခြည်တော်များ ကွန့်မြူးလျက် အနီးအနားရှိ ဆူးလေစေတီတော်သို့ ပြောင်းကြွတော်မူခဲ့သည်။ ဤသို့ဖြင့် ဆူးလေစေတီတော်မြတ်ကြီး၌ မူလ ဌာပနာပြုခဲ့သော ဆံတော်ဓာတ်မြတ်များ အပြင် ကျိုက်မြတ်သံချို စေတီတော်ကြီးမှ ပြောင်းကြွလာသော ဆံတော် ဓာတ်တော်များသည် ရောင်ခြည်တော်များ ကွန့်မြူးလျက် တန်ခိုးတေဇာ ထွန်းလင်းဖြာသည့် စေတီတော်ကြီး အဖြစ်သို့ ရောက်ရှိပေတော့သည်။

## စေတီမကျွန် ဖြိုရန်ကြံ

အုပ်စိုးသူ အင်္ဂလိပ်တို့သည် ကျိုက်မြတ်သံချို စေတီတော်ကြီးအား ဖြိုဖျက်ပြီးသည်နှင့် တစ်ပြိုင်နက် တစ်ဆင့်တက်လှမ်းကာ ဆူးလေစေတီတော်မြတ်ကြီးအား ဖြိုဖျက်ကြရန် ကြိုးပမ်းကြပြန်သည်။ အင်္ဂလိပ်အာဏာပိုင်တို့က လမ်းဆုံ၊ လမ်းခွ၌ တည်ရှိနေသည့် ဆူးလေစေတီတော်မြတ်ကြီးအား ဖြိုဖျက်ခွင့်ပြုရန် အမိန့်တောင်းခံခဲ့သည်။ အင်္ဂလန်ရှိ ဝိတိုရိယဘုရင်မကြီးထံမှ 'ထူပါစေတီကို မတူးဖြို၊ မဖျက်စီးရ၊ ဆူးလေကုန်းတော်ကို ကွေ့ပတ်၍ သွားရမည်'ဟူသော အမိန့်ပြန်ကြားချက်ကိုသာ လက်ခံရရှိခဲ့သည်။ စေတီတော်အား ဖြိုဖျက်ခွင့် မရရှိခဲ့သော်လည်း အင်္ဂလိပ်အာဏာပိုင်တို့သည် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုလျက် စေတီတော်ကြီး၏ ဝတ္တကမြေဖြစ်သည့် ကုန်းတော်အောက်ခြေမြေများကို တူးဖြိုဖဲ့ချကြသည်။ မြေညှိလျက် ဝတ္တကမြေများကို မြို့ကွက်ထဲသို့ သွတ်သွင်းခဲ့သည်။ ထို့ကြောင့်ပင် ဆူးလေစေတီတော် ကုန်းမြေသည် မှန်ကူကွက်သဏ္ဌာန် ကုန်းတော်ငယ် အဖြစ်သာ ကျန်ရှိခဲ့တော့သည်။

ဆူးလေစေတီတော် ခြေတော်ရင်း ပတ်လည်ရှိ ဂန္ဓကုဋိတိုက်၊ တန်ဆောင်းနှင့် စောင်းတန်းစသော သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ ဖယ်ရှား ခံခဲ့ရသည်။ ၎င်းဝတ္တကမြေမှ ပေါ်ထွက်လာသည့် မြေကွက်များကို အာဏာပိုင်တို့က ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာက ယခု ဗန္ဓုလပန်းခြံ (ယခင်ဖိုက်စကွဲယားပန်းခြံ) ဗလီကြီး၊ မြို့တော်ခန်းမ စသည့် အဆောက်အအုံများ၊ လူနေအိမ်များ တည်ရှိရာ မြေအဖြစ်သို့ ပြောင်းလဲခဲ့ရသည်။

## ဘာသာခြားများ ဦးစားထား

ဗုဒ္ဓဘာသာ ဘုရား စေတီ ပုထိုးများ အဆောက်အအုံများ ဖြိုချဖျက်ဆီး ဖယ်ရှားခြင်းခံရခြင်းသည် သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရ၍ အင်္ဂလိပ်တို့ ပြုသမျှ ခံစားကြရသည်ဟု ဆိုရမည် ဖြစ်သော်လည်း မြန်မာတို့အဖို့ ကြီးမားသော ဆုံးရှုံးမှုကြီးများပင် ဖြစ်သည်။ အင်္ဂလိပ် အာဏာပိုင်တို့သည် မြန်မာ တစ်နိုင်ငံလုံး သိမ်းပိုက်ရေးစီမံချက်ဖြင့် ရန်ကုန်မြို့၌ အခြေစိုက်နိုင်ရေးကို စိတ်တိုင်းကျ ထင်တိုင်းပြုခဲ့ကြသည်။ ရေရှည် အခြေစိုက်နိုင်ရေးကို ရှေ့ရှုလျက် မြန်မာ တိုင်းရင်းသားမဟုတ်ကြသောလူမျိုးခြား၊ ဘာသာခြားတို့ကို အခြေတကျဖြစ်စေရန် နေရာတိုင်း၌ ဦးစားပေးမှု ပြုခဲ့ကြသည်။ မြို့ကွင်း၊ မြို့လယ်

အချက်အချာနေရာများမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများအား ဖယ်ရှားပြောင်းရွှေ့ နေရာချထားခြင်းပြုခဲ့သော်လည်း ဘာသာခြားများအတွက် ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခမဲ့ မြေကွက်များကို မြို့တွင်း အချက်အချာနေရာများ၌ ချထားပေးခဲ့သည်။ အခွန်လွတ်ဂရန်များ ထုတ်ပေးခဲ့သည်။ မြန်မာနိုင်ငံသည် လူမျိုးတိုင်း လွတ်လပ်စွာကိုးကွယ်ခွင့် ပြုထားပြီးဖြစ်သည့်အလျောက် တိုင်းပြည် အုပ်ချုပ်သူတို့၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ထားကြသည့် မည်သည့်ဘာသာကိုမျှ ထိပါးစေလိုခြင်း အလျဉ်းမရှိကြောင်း ရိုးသားစွာ တင်ပြလိုပါသည်။ အဓိကမှာ သမိုင်းဖြစ်ရပ်မှန်ကို အမှန်အတိုင်း သိစေရန်နှင့် သူ့ကျွန်ဘဝ၏ အဖြစ်ဆိုး ကို သိရှိရန် အဓိက ရည်ရွယ်ခြင်း ဖြစ်ပါသည်။

အထူးသဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး အထွန်းလင်းဆုံး ကာလများအဖြစ် ရောက်ရှိနေသည့် ယခုအချိန်ကာလတွင် မြန်မာပြည် တစ်ဝန်းလုံး၌ ထူးထူးခြားခြားပင် ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုကို ပြည့်ပြည့်ဝဝ ရရှိနေသည်ကို တွေ့မြင်နေရသည်မှာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါတော့သည်။

ထိုစဉ်က ဆောက်လုပ်ခွင့် ပြုခဲ့သည့် အင်္ဂလိပ်အာဏာပိုင်တို့၏ မြန်မာတိုင်းရင်းသားများအပေါ် ဖိနှိပ်မှု၊ အနိုင်အထက်ပြုမှု၊ စော်ကားမှု တို့ကိုသာ တင်ပြလိုခြင်း ဖြစ်ပါသည်။ ထို့အပြင် အုပ်စိုးသူ အင်္ဂလိပ်တို့သည် မြို့ကွက်သစ်ရိုက်ရာမှ ဘုရားအိုကျောင်းပျက် စသည့် သာသနာ့ အဆောက်အအုံများ တည်ရှိရာနေရာများကို ရန်ကုန်တိုက်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့ကြသည့် ဘာသာခြား စစ်ဗိုလ်များက တောင်းခံမှုအရ အခမဲ့ ချထားပေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဆောက်လုပ်လှူရာ အပြာပြာ

(၁၈၈၆) ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် မြန်မာနိုင်ငံအား ဗြိတိသျှ အစိုးရ၏ ကိုလိုနီနိုင်ငံအဖြစ် အင်္ဂလိပ်တို့က ကြေညာခဲ့သည်။ ရန်ကုန်မြို့ကို မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။ မြို့တော်ဖြစ်သည်နှင့် အညီ တစ်နေ့ထက်တစ်နေ့ ဘခြား တိုးတက်စည်ကားလာသည်။ မြို့တော်၏ စည်ကား တိုးတက်မှုတို့နှင့် အတူ မြို့လယ်လမ်းလေးသွယ်၏ ဆုံရာနေရာ၌ တည်ရှိသည့် ဆူးလေစေတီတော်မြတ်ကြီးသည် ဖြတ်သန်းသွားလာကြကုန်သော လူများ၊ ယာဉ်များတို့၏ ဖူးမြင်ဦးခိုက်ရသည့် အသွင်ဖြင့် ထင်ရှားစွာ ရပ်တည်လျက်ရှိသည်။ ဒုတိယ ကမ္ဘာစစ် ပြီးချိန်၌ ဗုံးဒဏ်ခံခဲ့ရသောမြို့တော်အား ပြန်လည်ထူထောင်မှုပြုကြသည်။ ဆူးလေစေတီတော်ကြီး၌ ဗုံးကျ၍ ပျက်စီးသွားသည့် အနောက်ဘက်မုခ်ဦး တန်ဆောင်းကြီးကိုသာ ပြုပြင်ကြရသည်။ ၁၉၅၀-ပြည့်နှစ် မတိုင်မီကာလက ဆူးလေစေတီတော်၏ ဝန်းကျင်တွင် သိမ်၊ ကျောင်း၊ ဇရပ်နှင့် မွှာရုံ အသစ်များကို ဗုဒ္ဓဘာသာဝင် သူတော်စဉ်တို့မှ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိုအဆောက်အအုံတို့မှာ ပုံသဏ္ဌာန် အမျိုးမျိုး လက်ရာအဖုံဖုံဖြစ်နေပြီး သစ်သားအဆောက်အအုံတို့မှာလည်း နှစ်ပေါင်းများစွာ ကြာညောင်းလာသည့်အလျောက် ဆွေးမြေ့လာသည်။ ထိုကဲ့သို့သော

အခြေအနေတွင် အဆောက်အအုံသစ်များကို တစ်ခုချင်း တည်ဆောက်နေခဲ့လျှင် ဆူးလေစေတီတော်နှင့် လိုက်လျောညီထွေ ရှိစေမည် မဟုတ်သည့်အပြင် စေတီတော်ကြီး၏ ကြည်ညိုဖွယ် အသွင်ကို ထိပါးဖွယ်ရှိနိုင်ကြောင်း သက်ဆိုင်ရာ ဂေါပကအဖွဲ့ဝင် လူကြီးများက တွေးမြင်သတိပြုခဲ့မိကြသည်။ (၁၉၂၇) ခုနှစ် စေတီတော်ကြီး၏ မြောက်ဘက်မုခ်ဦးတန်ဆောင်းကို လည်းကောင်း၊ (၁၉၄၇)ခုနှစ်တွင် အရှေ့ဘက်မုခ်ဦး တန်ဆောင်းနှင့် မြောက်ဘက်မုခ်ဦး တန်ဆောင်းကို လည်းကောင်း၊ ၁၉၅၀– ပြည့်နှစ်တွင် တောင်ဘက်မုခ်ဦး တန်ဆောင်းကို လည်းကောင်း ဆောက်လုပ်လှူဒါန်းနိုင်ခဲ့သည်။ ရင်ပြင်တော်ပေါ်၌လည်း အာရုံခံတန်ဆောင်း လေးခုနှင့် လိုဏ်ဂူတော်များ၊ ဗုဒ္ဓဝင်ပြခန်းများ၊ ပြတိုက်၊ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်၊ ဆူးလေဘိုးဘိုးကြီးအဆောင်၊ ဂေါပကရုံးနှင့် ဇရပ်တို့ကို ရင်ပြင်တော် ပတ်လည်တွင် နေရာလပ်မကျန်ရှိအောင် တည်ဆောက် လှူဒါန်းခဲ့ကြသည်။ ၁၉၄၈– ခုနှစ်တွင် စိန်ဖူးတော်ကြီးနှင့် ရွှေစင် နှစ်ပိဿာငါးဆယ်သားရှိသည့် ရတနာ အမျိုးမျိုး စီခြယ်ထားသော ငှက်မြတ်နားတော်အပါအဝင် စေတီတော်၌ စိန်ဖူးတော် တင်လှူခြင်း၊ ၁၉၅၆–ခုနှစ်၌ ကျပ် ကိုးသိန်း၊ ရှစ်သောင်းကျော်တန်သည့် နဝရတ် ကိုးပါးတို့ဖြင့်စီခြယ်ထားသော၊ ငှက်မြတ်နားနှင့် စိန်ဖူးတော် တင်လှူခြင်း၊ စေတီတော်ကြီးအား ရွှေသင်္ကန်း ကပ်လှူ ပူဇော်ခြင်း၊ ထီးတော်အသစ်တင်လှူခြင်းတို့ကို ဂေါပကအဖွဲ့ အသီးသီးတို့၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့ကြောင့်ပင် စေတီတော်ကြီးသည် မြို့လယ်၌ ကြည်ညိုဖွယ် အဖြစ်တည်ရှိခဲ့ပါသည်။ ၁၉၈၅–ခုကာလ၌ စေတီတော် ဂေါပကအဖွဲ့ဝင်များအဖြစ် တာဝန်ယူခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများသည် စေတီတော်အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး၊ သာသနိကအဆောက်အအုံများကို မြန်မာ့ရိုးရာ ယဉ်ကျေးမှုကိုအခြေခံလျက် ခေတ်သစ်ဗိသုကာ ပညာတို့ဖြင့် ပေါင်းစပ်ကာ ရာသီဥတုဒဏ် ခံနိုင်ရည်စွမ်းရှိသော အဆောက်အအုံများတည်ဆောက်ရေး၊ သပ်ရပ်ပြီး တပြေးညီပုံစံတူအရွယ်အစားမျိုး တည်ဆောက်ရေးတို့ကို ဦးတည်ချက်ထား၍ တည်ဆောက်မွမ်းမံရေးလုပ်ငန်းကို အကောင်အထည်ဖော်ရန် ညှိနှိုင်းဆွေးနွေးမှု ပြုခဲ့ကြသည်။ ဤသို့ဖြင့် ဘက်စုံမွမ်းမံတည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဂေါပကအဖွဲ့သည် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီးနောက် ဘာသာရေး၊ သာသနာရေး၊ ယဉ်ကျေးမှုစသော ရှုထောင့်အမျိုးမျိုးမှ သုံးသပ်လျက် မြင်ကွင်းအဖုံဖုံမှ ခံ့ညားထည်ဝါ ကြည်ညိုဖွယ်ရာ ပုံစံကို ရရှိစေရန် ဗိသုကာပညာရှင်များနှင့် ညှိနှိုင်းကြသည်။ သတင်းစာများမှတစ်ဆင့် ပုံစံငယ်များ တင်သွင်းရန် ကြော်ငြာခဲ့ရာ ပညာရှင်ခြောက်ဦးမှ ပုံစံငယ်များ တင်ပြသည့်အနက် ဦးဆန်းဦးအဖွဲ့မှ တင်ပြသော ပုံစံငယ်ကို ရွေးချယ်ခဲ့ပြီး ဗိသုကာပညာရှင် ဒေါက်တာလွင်အောင်အား တာဝန်ပေးအပ်ခဲ့သည်။ ၁၉၈၉–ခုနှစ်၊ မေလ(၂၆)ရက်နေ့တွင် ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး စီမံကိန်းအား သက်ဆိုင်ရာမှ ခွင့်ပြုချ ထားပေးခဲ့သည်။ မြို့လယ်ရှိစေတီတော် တစ်ဆူဖြစ်၍ နိုင်ငံတော်အကြီးအကဲများမှလည်း လိုအပ်သော ဆောက်လုပ်ရေး ပစ္စည်းရရှိရေး၊ စက်ယန္တ ယား ငွေရမ်းအသုံးပြုရေးတို့ကို ပံ့ပိုးကူညီရန် စိတ်ပါဝင်စားစွာ အားပေးမှုပြုခဲ့ကြသည်။



## ဆူးလေဘက်စုံ ပြပြင်ပွဲ

စီမံကိန်းလုပ်ငန်းရပ် တစ်ခုလုံးအား ကုန်ကျငွေသိန်း (၂၀၀) သတ်မှတ်ထားသော်လည်း ဂေါပကအဖွဲ့သည် (၇၅)သိန်း မတည် အခြေခံလျက် ဘက်စုံလုပ်ငန်းကို အဖွဲ့အစည်းအဆင့်ဆင့်ဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံများ အကောင်အထည်ပေါ်လာသည်ကို မျက်မြင်တွေ့ရှိကြသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့မှ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည်။ နေ့စဉ်ပင် အလှူရှင်များမှ ရှစ်သိန်းမှကိုးသိန်းအထိ စုပေါင်းလှူဒါန်းကြ ၍ ဝမ်းမြောက်ဖွယ် ဖြစ်ကြရသည်။ အလှူငွေပေးအပ်ပွဲများကို အလျဉ်းသင့်သလို ကျင်းပပေးခဲ့သည်။ အထက်အဖွဲ့အစည်းနှင့် အကြီးအကဲများမှလည်း များပြားသည့်လုပ်ငန်းတာဝန်များအကြားမှပင် အလှူငွေပေးအပ်ပွဲများသို့ တက်ရောက်မှုပြုကြသည်။ အဆောက်အအုံများ ဆောက်လုပ်ရာ၌ မူလအဆောက်အအုံ အောက်ခြေပိုင်းများအား တူးဖော်သည့်အခါ အလျားတစ်ပေခွဲ၊ အနံနှစ်လက်မခန့်ရှိ ခိုင်ခံ့သည့် ရှေးခေတ်သုံး အုတ်ချပ်ကြီးများကို တွေ့ရှိရသည်။ စေတနာရှင်အလှူရှင်များကလည်း ရှေးအုတ်ချပ်ကြီးများဖြင့် တည်ထားသည့် ရှေးခေတ်ဟောင်းစေတီတစ်ဆူအဖြစ် အလှူတော်ငွေများကို ပိုမိုလှူဒါန်းခဲ့ကြသည်။ ဤသို့ဖြင့် (၂၄)နာရီပတ်လုံး မနားမနေအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် အကျိုးရလဒ်အဖြစ် (၂၁-၁၀-၈၉)နေ့တွင် ဘက်စုံ လုပ်ငန်းကြီး ပြီးစီးအောင်မြင်မှုအဖြစ် ရေစက်ချပွဲကို ကျင်းပနိုင်ခဲ့သည်။

အထူးသဖြင့် တနင်္ဂနွေထောင့်၌ ရင်ပြင်နှင့်တပြေးညီအပေါ်တွင် ဂေါပကအဖွဲ့ရုံး၊ အောက်ထပ်တွင် ရုံးဝန်ထမ်းအဖွဲ့၊ ရုံးခန်းများပါဝင်သည့် ဂေါပကအဖွဲ့ရုံးနှစ်ထပ်အဆောက်အအုံ၊ ယခင်တည်ရှိရာ နေရာမှ ပေ(၃၀)ခန့်ရွှေ့ခဲ့ရပြီး သီးခြားအဆောက်အအုံသစ်အဖြစ် တည်ရှိနေသည့် ဆူးလေဘိုးဘိုးကြီးနန်းအဆောက်အအုံ၊ မူလကမြေအတွင်း၌ ၃-ပေခန့် ပလ္လင်တော်နစ်မြုပ်နေခဲ့သော အတုလမာန်အောင် ရုပ်ပွားတော်ကြီး (ဘိုးဘိုးကြီးဘုရား) တည်ရှိရာ ဂန္ဓကုဋိတိုက်အဆောက်အအုံ၊ ဂေါပကအဖွဲ့ အစည်းအဝေးကျင်းပရာ ခန်းမ အဆောက်အအုံ၊ အင်္ဂါထောင့်၌ ခေတ်အဆက်ဆက်မှ ယခု မျက်မှောက်ခေတ်ကာလအထိ ပုံသဏ္ဍာန်တော်အမျိုးမျိုးဖြင့် ပြုလုပ်


ထားကြသော ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူရာနှင့် ဘက်စုံစီမံကိန်းလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲများ ကျင်းပရာကျက်သရေဆောင် ခန်းမအဆောက်အအုံ၊ စနေထောင့်၌ ဆင်းတုတော်အမျိုးမျိုးနှင့် ဘာသာရေးဆိုင်ရာ လှူဒါန်းလက်ခံရရှိထားသည့် ဘာသာရေးပစ္စည်းများ ပြသထား သာ ပြတိုက်အဆောက်အအုံ၊ မြန်မာနိုင်ငံနှင့်ဗုဒ္ဓဝင်နေရာမြတ်ကို ပန်းချီ၊ ဓာတ်ပုံတို့ဖြင့် မှတ်တမ်းတင် ပြသထားသည့် ဗုဒ္ဓဝင်ပြတိုက် အဆောက်အအုံ၊ ရာဟုထောင့်၌ အဘိဓမ္မာစာပေများပြန့်ပွားရေးအတွက် သင်ကြားပို့ချပေးလျက်ရှိသော အဘိဓမ္မာ ပြန့်ပွားရေးသင်တန်းခန်းမ အဆောက်အအုံ၊ ဗုဒ္ဓဂယာဒေသစာရီ ရုပ်ပွားတော်မြတ်နှင့် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးများ သီတင်းသုံးတော်မူရာကျောင်းဝိဟာရအဆောက်အအုံ၊ လာဘမုနိရုပ်ပွားတော်မြတ်နှင့် သူတော်စင်ကြီးများ ဖြစ်ကြကုန်သော ယက္ကန်းစင်တောင် ဆရာတော်ဘုရား၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ သူရဿတီ မယ်တော်၊ ကွမ်ရင်မယ်တော်၊ ရုပ်တုတော်များ တည်ရှိရာ ခန်းမဆောင်အဆောက်အအုံတို့သည် ဆူးလေစေတီတော်ရင်ပြင်ပေါ်၌ သစ်လွင်ထည်ဝါ ခံ့ညားစွာဖြင့် ပေါ်ပေါက်လာခဲ့တော့သည်။ ရင်ပြင်တော်အောက်ခြေပတ်လည်၌လည်း မူလဆိုင်ခန်းပိုင်ရှင်များအား နေရာ ပြန်လည်ချထားပေးသည့်အလျောက် ရောင်းဝယ်မှုလုပ်ငန်းဖြင့် စည်ကားလျက်ရှိသည်။ ဆူးလေစေတီတော် ဘက်စုံ စီမံကိန်း၏တည်ဆောက်မှုလုပ်ငန်းအတွက် ကုန်ကျငွေမှာ ကျပ် ၁၇၂-သိန်းခန့် ရှိခဲ့ရာ ဦးဆောင်ကွပ်ကဲ ဆောင်ရွက်ကြသည့် ဘက်စုံစီမံကိန်းဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဂေါပက အဖွဲ့ဝင်များ၊ အင်ဂျင်နီယာများနှင့် လုပ်အားရှင်များ၊ အလှူရှင်ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ လုပ်အားနှင့် စေတနာသဒ္ဓါတရားကိုဂုဏ်ယူမှတ်တမ်းတင်ဖွယ် ဖြစ်ရပါသည်။ ထို့အပြင် စီမံကိန်းလုပ်ငန်းတွင် မပါဝင်ဘဲ ဆူးလေစေတီတော်အဆင်းလမ်း စောင်းတန်းအနီးရှိ တနင်္ဂနွေထောင့် မဟာဗောဓိပင်နေရာ၌ သံပန်းသံတံခါးများ ပြုပြင်ခြင်း၊ တာရာဆိုကျောက်ပြားများ ခင်းခြင်း၊ အာရုံခံတန်ဆောင်းနှင့် ပလ္လင်တော် ပြုပြင်ခြင်း၊ မှန်စီခြင်းအပါအဝင် လိုအပ်သည်များကို ကျပ်သိန်း(၂၀) ကျော် အကုန်အကျခံ၍ ပြုပြင်မွမ်းမံမှု ပြုခဲ့သည်။ ဘက်စုံလုပ်ငန်းကြီးပြီးမြောက်သည့် ယခုအချိန်အခါတွင် စေတီတော်ကြီးကို ဖူးမြင်ပါက ကုန်းတော်အောက်ခြေရှိအမြင့်ဆုံးအဆောက်အအုံများမှာ (၂၇)ပေခန့်သာ မြင့်ပြီးစောင်းလျှောနံရံများနှင့် စေတီတော်ကြီး ထုပါကိုယ်ထည်မှ ခေါင်းလောင်းပုံ၏ ထုသွင်နှင့်လိုက်လျောညီထွေ ရှိလာသည်ကို တွေ့မြင်ကြရသည်။ မြန်မာ့ဗိသုကာ လက်ရာ အပြောက်အမွှန်းများ သင့်တင့်လျောက်ပတ်စွာ ပါရှိသဖြင့် သာသနိက အဆောက်အအုံများအဖြစ် ပိုမိုပေါ်လွင်လာသည်။ ယခင်ကကဲ့သို့ မြင့်မားပြီးမညီညာသော အဆောက်အအုံများ မရှိတော့သဖြင့် အဆောက်အအုံမြင်ကွင်းမှာ ရှင်းလင်းသွားသည်။ အဆောက်အအုံများသည် စေတီတော်ကြီး၏ ခြေတော်ရင်း၌ ဝပ်ဆင်းပြီး ဦးညွတ်နေသည့်အသွင်ကို ဆောင်နေသည်။ စေတီတော်ကြီးရှိ ထူးခြားသော ရှစ်မြောင့်ထုသွင်၏ တုတ်ခိုင်တောင့်တင်းသည့် အနေအထားသည် ပိုမိုပေါ်လွင်ထင်ရှားလာသည်။ ရင်ပြင်တော်မှာ ပိုမို ကျယ်ဝန်းလာသဖြင့် ဘုရားဖူးများ စိတ်ချမ်းသာစွာ ကြည်ညိုနိုင်ကြသည်။ ကုန်းတော်အမြင့်ကို ထိန်းထားသည့်အုတ်နံရံများအပေါ် ထပ်လျက် သံချောင်းများအားဖိထားသည့် ကွန်ကရစ် နံရံကြီးကို ကုန်းတော်ပတ်လည်၌ အခိုင်အခံ့တည်ဆောက်ထားသောကြောင့် ရေရှည် တည်တံ့ရေးအတွက် စိတ်အေးချမ်းသာ ဖြစ်ကြရသည်။

ဆူးလေစေတီတော်ကြီးသည် မြို့လယ်လမ်းမကြီးလေးခု ဦးတည်နေသည့် နေရာ၌တည်ရှိပြီး မော်တော်ယာဉ်များသည် ကုန်းတော်ကြီးကို ကွေ့ပတ်၍ မောင်းနှင်ကြရသည်။ မော်တော်ယာဉ်များအဆက်မပြတ် သွားလာ မောင်းနှင်နေမှုကြောင့် ဘာသာဝင် ဘုရားဖူးတို့မှာ လမ်းဖြတ်ကူးရန် အခက်အခဲရှိကြသည်။ အန္တရာယ်များလှသည်။ ထို့ကြောင့်ပင် ဘုရားဖူးလိုကြသော်လည်း လမ်းဖြတ်ကူးရမှု အန္တရာယ်ကြောင့် ဘုရားအနီးသို့ရောက်ရှိပြီးမှ မဖူးဖြစ်ဘဲ ကျော်၍သာ သွားလာနေကြသည့်အတွက် ကပ်ကျော်စေတီဟု ပြောလေ့ရှိခဲ့ကြသည်။ ယခုအခါ ဘာသာဝင်များ အန္တရာယ် ကင်းရှင်းစွာဖြင့် လမ်းဖြတ်မကူးရတော့ဘဲ လွယ်ကူစွာ ဖူးမြင်နိုင်စေရန် စေတီတော်၏ ရာဟုထောင့်နှင့် စနေထောင့်တို့တွင် ပေ(၈၀)ကျော် ရှည်လျားသည့် ခုံးကျော်တံတားသစ်ကြီးနှစ်ခုကို တည်ဆောက်ခဲ့သည်။ သိန်း(၂၀)ကျော်အကုန်အကျခံကာ တံတားသစ်ကြီးများ တည်ဆောက်ခဲ့သည့်အတွက် ဘုရားဖူးများမှာ စိတ်အေးချမ်းသာ သွားလာဖူးမြင်နိုင်ကြပြီ ဖြစ်သည်။

ဘက်စုံမွမ်းမံတည်ဆောက်ရေး လုပ်ငန်းကြီးအောင်မြင်စွာ ပြီးစီးပြီးနောက် ဂေါပကအဖွဲ့သည် သစ်လွင်ထည်ဝါ ခံ့ညားသည့် အဆောက်အဦးများ ပေါ်ပေါက်မှုနှင့်အတူ ဆူးလေစေတီတော်မြတ်ကြီးအား ရောင်တော်ဖွင့်လုပ်ငန်းအဖြစ် ရွှေသင်္ကန်း အသစ် ဆက်ကပ် လှူဒါန်းပူဇော်ရန် စီစဉ်ကြပြန်သည်။ ဆူးလေစေတီတော် ထူပါကြီးတစ်ဆူလုံးအား ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အောက်ခံအဖြစ် လေးထောင့်ကြေးပြားများကို ဦးစွာ ကြေးမှိုဖြင့်ကပ်လျက် ပူဇော်သည်။ စေတီတော်ကြီး၏ အထက်ပိုင်းဖြစ်သော သံကွန်ခြာအပေါ်ဘက်၌ အောက်ခံကြေးပြားပေါ်တွင် ရွှေပြားများဖြင့်လည်းကောင်း၊ အောက်ပိုင်းရှိကြေးပြားများအပေါ်၌ မျက်ပါးရွှေဖြင့် လည်းကောင်း ဆက်ကပ်ပူဇော်ခဲ့ရာ ကျပ်ငွေ (၁၅၇) သိန်း ကုန်ကျခဲ့သည်။ ဤသို့ဖြင့် သမိုင်းဝင်ဆူးလေစေတီတော်ကြီးသည် ရွှေရောင်တဝင်းဝင်းဖြင့် ထူးခြားသပ္ပါယ်ကြည်ညိုဖွယ် ဖူးမြင်နိုင်ကြပြီဖြစ်ပါသည်။

အထူးသဖြင့် ဆူးလေစေတီတော်ကြီး၏ မြောက်ဘက်မုခ်ဦး ပြာသာဒ်ဆောင်ကို ကျပ်သိန်း (၁၀၀)ကျော် အကုန်အကျခံလျက် အသစ်ဆောက်လုပ်လျက်ရှိရာ မကြာမီ လုပတင့်တယ်ကြည်ညိုဖွယ်အဖြစ် တွေ့မြင်ကြရတော့မည် ဖြစ်ပါသည်။ ဆူးလေစေတီတော်ကြီး ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်မှုနှင့်အတူ သက်ဆိုင်ရာစာပေပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် ဆူးလေစေတီတော်မြတ်၏ သမိုင်းကို ပြည့်ပြည့်စုံစုံပြုစုထုတ်ဝေနိုင်တော့မည် ဖြစ်ကြောင်း သိရှိရပါသည်။

အင်္ဂလိပ် အာဏာပိုင်များ လက်ထက်က ဖြိုချဖျက်ဆီး ဖယ်ရှားပစ်မည့် အန္တရာယ်မှ လွတ်ကင်းကာ မြို့လယ်ပိုင်း၌ တစ်ဆူတည်းသော စေတီအဖြစ် တည်ရှိနေသော ဆူးလေစေတီတော်ကြီးသည် မြန်မာတို့၏ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု ဆိုင်ရာ ဂုဏ်ယူဝင့်ကြွားဖွယ် စေတီကြီးတစ်ဆူအဖြစ် အရှည်တည်တံ့နေမည်သာ ဖြစ်ပေတော့သည်။



## ကျိုက်မဲသံကရောစေတီ

ကျိုက်မဲသံကရော ဟူသည်မှာ ကျိုက်မဲသံတြဲ ဖြစ်၍ အသံထွက်အနေဖြင့် ကျိုက်မှန်ဆံကရောင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ ကျိုက်=ဘုရား၊ မွဲ-တစ်၊ ဆံ=သံဃာ၊ တြဲ=ခြောက်ဟု အဓိပ္ပာယ်ရသဖြင့် ဘုရားဓာတ်တော် တစ်ဆူနှင့် ရဟန္တာဓာတ်တော်ခြောက်ဆူ ဌာပနာ၍ တည်ထားသော စေတီဟု ဖွင့်ဆိုရမည်ဖြစ်သည်။ အချို့က ကျိုက်မဲသံကရော စေတီတော်ကြီး အနီး၌ရှိသော သခွပ်ပင်ကြီးမှ ကျောက်ကဲ့သို့သော အသီး သီးသည်ကို အစွဲပြုလျက် ကျိုက်မဲသံကရောစေတီဟု ခေါ်တွင်ခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။ ထိုမှတစ်ဆင့် ကျိုက်မဲသံချို၊ ကျိုက်မြတ်သံချို စသည်ဘွဲ့များဖြင့်လည်း ကျော်ကြားခဲ့သည်။

ယခု သိမ်ကြီးဈေး စီရုံနေရာ (ကုန်တိုက်ကြီး) ကုန်းမြင့်ပေါ်၌ ဘုရားရှင်၏ ဆံတော်၊ ဓာတ်တော်များကို ဌာပနာပြုလျက် တည်ထားတော်မူခဲ့သော ကျိုက်မဲသံကရော စေတီတော်မြတ်ကြီးကား ကြည်ညိုဖွယ် တည်ရှိခဲ့သည်။ စေတီတော်ကြီး၏ ပုံသဏ္ဌာန်မှာ ယခု မြို့လယ်ရှိ ဆူးလေစေတီနှင့် အနီးစပ်ဆုံး တူညီသည့် ပုံသဏ္ဌာန်တော် ရှိသကဲ့သို့ ဉာဏ်တော်အနေဖြင့် ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်ရှိ နောင်တော်ကြီးစေတီထက် ကြီးကြောင်း မှတ်သားရသည်။ ကျိုက်မဲသံကရော စေတီကုန်းတော်မြင့်ကို အုတ်တို့ဖြင့် ဝန်းရံကာရံထားပြီး အရပ်လေးမျက်နှာတို့၌ တည်ဆောက်ထားသည့် စောင်းတန်းလေးသွယ်တို့ဖြင့် တင့်တယ်မှုရှိနေသည်။ ဘုရားဖူးများ နားခိုရန် ဇရပ်ကြီးများကိုလည်း ဆောက်လုပ်ထားသည်။ အမေရိကန်ပုံနှိပ်တိုက်ပိုင် မစ္စတာဘဲနက် ရေးသားပြုစုသည့် (၁၁၉၅)ခုနှစ် မှတ်တမ်း၌ ကျိုက်မဲသံကရော စေတီနှင့် ဆူးလေစေတီတို့ ဝန်းကျင်အနီးအနား တစ်ဝိုက်၌ ရုပ်ပွားဆင်းတုတော်များများပြားလှကြောင်း မှတ်တမ်းတင် ရေးသားခဲ့သည်။ အင်္ဂလိပ်တို့သည် ရန်ကုန်မြို့ကို မြို့ကွက်အသစ်ရိုက်လျက် တိုးချဲ့ရာတွင် လမ်းနှင့် မလွတ်ဟူသော အကြောင်းပြချက်ဖြင့် ကျိုက်မဲသံကရောစေတီကြီးအား ဖြိုဖျက်ခဲ့ကြသည်။

အင်္ဂလိပ်တို့သည် စေတီတော်ကြီးအား ဖြိုချရာ၌ စေတီတော်ကြီး၏အထက်ပိုင်းကို ကြိုးချီ၍ ဆွဲစေသည်။ စေတီတော်ကြီး၏ အထက်ပစ္စယာနှင့် ကြာငုံအကြားရှိ ရစ်မြှောင့်ခေါ် ကြေးဝိုင်းတော်နေရာမှနေ၍ ဖြိုချစေခဲ့ရာ စေတီတော်အပေါ်ပိုင်းအဝိုင်းကြီးသည် တောင်ဘက်ရှိ တပ်ကလေးရွာဘက်သို့ လဲကျ ပျက်စီးတော်မူသည်။ စတင်ဖြိုချသည့် ညမှစ၍ ဖြိုချနေသည့် ကာလအတွင်း၌ စေတီတော်ကြီးတွင် ဌာပနာ ထားသည့် ဆံတော်၊ ဓာတ်တော်များသည် ညစဉ်တိုင်းလိုလိုပင် ရောင်ခြည်တော်များ ကွန့်မြူးလျက် အနီးရှိဆူးလေစေတီတော်ကြီးသို့ ပြောင်းကြွတော်မူကြသည်။ ကိုးကွယ်ပူဇော်နိုင်မည့် နေရာမြတ်သို့ ပြောင်းကြွရီး အစဉ်အလာအတိုင်း ပြောင်းကြွခြင်းပင် ဖြစ်သည်။ ဤသို့ မိမိတို့ဘာသာ၏ အထွတ်အမြတ်ထား ကိုးကွယ်ရာ စေတီတော်ကြီးတစ်ဆူကို မိမိတို့မျက်စေ့ရှေ့မှောက်၌ပင် ဖြိုချဖျက်ဆီးနေသည်ကို မြင်ကြ ရသော ဘာသာဝင်အပေါင်းတို့မှာ ယူကြုံးမရ ငိုကြွေးတသ ဖြစ်ကြရသည်။ သူ့ကျွန်ဘဝတွင် အားမတန်၍ မာန်လျှော့ကြရသည်။ တစ်နည်းအားဖြင့် သူ့ကျွန်ဘဝ၏ ခါးသီးသော အတွေ့အကြုံကို ခါးစီးလျက် ခံကြရခြင်းပင်ဖြစ်လေသည်။ စေတီတော်ကြီးအား ဖြိုချဖျက်ဆီးမှုပြုကြသည့် ကုလားအလုပ်သမားများ ဝမ်းလျှောလျက် သေကြေပျက်စီးမှုများ ရှိခဲ့သည်ဟု အဆိုရှိကြသည်။ အင်္ဂလိပ်တို့သည်

ကျိုက်မဲသံကရော စေတီတော်ကြီးအား ဖြိုချဖျက်စီးပြီးသည့်အခါ စေတီတော်ကုန်းတော်ကြီးကိုလည်း ဖြိုချဖျက်ဆီးကြပြန်သည်။ မြေနိမ့်ပိုင်းတို့အား မြေဖို့ခြင်း၊ မြေညှိခြင်းဖြင့် မြို့ကွက်အသစ်အတွင်းသို့ သွတ်သွင်းခဲ့ကြသည်။


စူရတီဈေးကြီးကို စတင်တည်ထောင်ခဲ့၍ စူရတီဘဇားဟုအမည်ပေးခဲ့ကြသည်။ စူရတီဈေးကြီးကို ဝါး၊ ဓနိ၊ သက်ငယ်မိုးဖြင့် တည်ဆောက်ထားသော အဆောက်အဦး ဈေးရုံများဖြင့် ၁၈၅၄-ခုနှစ်တွင်စတင်တည်ထောင်ခဲ့ရာ ၁၈၅၅-ခုနှစ်မှ (၁၈၅၇) ခုနှစ်များ အတွင်း၌ မီးနှစ်ကြိမ်အလောင်ခံခဲ့ကြရသည်။ ၎င်းနောက် ငွေရင်းပြန်လည် မတည်ကာ အေရုံ၊ ဘီရုံ၊ စီရုံစသည့် စူရတီဈေးရုံကြီးသုံးရုံကို နာရီစင်ကြီးတစ်ခုနှင့်အတူ အသစ် ထပ်မံ တည်ထောင်ခဲ့ကြသည်။ ၁၈၆၈-ခု၌ ကုန်ခြောက်၊ ကုန်စိမ်းနှင့် သစ်သီးဈေးများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဒီရုံနှင့်အီးရုံများကို တိုးချဲ့ ဆောက်လုပ်ခဲ့ကြပြန်သည်။ နောင်တွင် စူရတီဈေးကုမ္ပဏီကြီးမှာ ပိုမိုတိုးတက် ထင်ရှားလာခဲ့သည်။ အကျိုးအမြတ်များဖြင့် ကြီးပွားချမ်းသာ လာကြသည်။ စတင်တည်ထောင်စဉ်က စူရတီ ဘဇားဟု အမည်ပေးခဲ့သော်လည်း ဈေးကြီးအနီး၌ မဟာသိမ်တော်ကြီး တည်ရှိမှုကို အစွဲပြုလျက် သိမ်ကြီးဈေးဟူသော အမည်ဖြင့် ယနေ့တိုင် တည်ရှိလျက်ရှိသည်။ ယခုအခါ သိမ်ကြီးဈေးကြီးသည် မြို့လယ်လူစည်ကားရာ အဓိကနေရာ အဖြစ်လည်းကောင်း၊ စီးပွားရေးအချက်အချာနေရာအဖြစ်လည်းကောင်း အထူးစည်ကားထင်ရှားလျက် ရှိပေသည်။



## ကျိုက်ကမာကမုစေတီ

ကျိုက်ကမာ်ကမု ဟူသည်မှာ မွန်ဘာသာဖြင့် ကျိုက်=ဘုရား၊ ကမာ=ရေကန်၊ ကမု=ကင်ပွန်းပင်ဟု အဓိပ္ပာယ်ရ၍ ကင်ပွန်းပင်ရေကန် စေတီဟု ဖွင့်ဆိုရမည် ဖြစ်ပေသည်။ မူလသမိုင်းကြောင်းအရ ကျိုက်အသုတ်ခေါ် ဆူးလေစေတီတော်ကြီး၏ အရှေ့ဘက် မြောက်ဘက်သို့ စဉ်းငယ်ယွန်းသော (၁၅)တာ ကွာဝေးသည့် အရပ်၌ တည်ရှိခဲ့ကြောင်း မှတ်သားရပါသည်။ မူလက ကျိုက်ကမာကမု စေတီတော်ကြီး၏ မြောက်ဘက်၌ အနီးကပ်လျက် ကသစ်ပင်ကုန်း မြင်းခင်းသိမ်တော်ကြီး တည်ရှိခဲ့သည်။ ၎င်းသိမ်တော်ကြီးသည် ယခု ဗိုလ်အောင်ကျော်လမ်းနှင့် အနော်ရထာလမ်း ထောင့်ရှိ သူရိယသတင်းစာတိုက်၏ တောင်ဘက် ဗိုလ်အောင်ကျော်လမ်း ပေါ်၌ တည် ရှိခဲ့သည်။ ထို့ကြောင့် ကသစ်ပင်ကုန်း မြင်းခင်းသိမ်တော်ကြီး၏ တောင်ဘက်အနီး၌ ကပ်လျက် တည်ရှိခဲ့သည်ဆိုသော ကျိုက်ကမာကမု စေတီတော်ကြီး၏ တည်နေရာကို မှန်းဆသိရှိနိုင်မည်သာ ဖြစ်ပေသည်။ ထိုသို့ ကျိုက်ကမာကမုစေတီကြီး အနီး၌ တည်ရှိခဲ့သည်ကို အစွဲပြုလျက် အနီးရှိ သိမ်တော်ကြီးကိုလည်း ကျိုက်ကမာကမုသိမ်တော်ကြီးဟု ခေါ်တွင်ထင်ရှားခဲ့လေသည်။ ကျိုက်ကမာကမု ဟူသော ဘွဲ့ အမည်အား အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ထောက်ရှုပါက ကျိုက်ကမာကမု စေတီတော်ကြီး၏ အနီးဝန်းကျင်၌ ရေကန်နှင့် ကင်ပွန်းပင်များ တည်ရှိခဲ့သည်ဟု ခန့်မှန်းရပါသည်။ ဤစေတီကြီးသည်လည်း အနီးရှိ သိမ်တော်ကြီးနှင့်အတူ ရန်ကုန်မြို့ မြို့ကွက်သစ်ရိုက်၍ တိုးချဲ့သည့် အခါက အင်္ဂလိပ်အာဏာပိုင်တို့၏ ဖြိုချဖျက်စီးခဲ့ရပြီး ဘုရားမြေကို မြို့မြေအတွင်းသို့ သွတ်သွင်းခဲ့ကြောင်း ထင်ရှားလှပေသည်။ မြို့ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း၊ ရန်ကုန်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည့် ဘာသာဝင်စစ်ဗိုလ်များ၏ တောင်းခံမှုအရ အခမဲ့မြေကွက် အဖြစ် ချထားပေးခြင်း စသော နည်းလမ်း တစ်ခုခုဖြင့် ယခုအခါ၌ ဘာသာခြား အဆောက်အအုံများ၊ နေအိမ်များ ပြောင်းလဲတည်ရှိနေရခြင်း ဖြစ်သည်ဟု မှတ်ယူကြရပေသည်။

ဤစေတီတော်ကြီးနှင့် စပ်လျဉ်း၍ တည်ရှိနေခဲ့ပုံ၊ ဖျက်ဆီးခံရပုံတို့နှင့် ပတ်သက်၍ တစ်စုံတစ်ရာ မှတ်တမ်းမှတ်ရာများ လေ့လာမတွေ့ရှိရသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။ ဤနည်းဖြင့် ကျိုက်ကမာကမုမည်သော စေတီတော်ကြီး တစ်ဆူသည် တည်ရှိခဲ့ရာ မြေပေါ်မှ ပျောက်ကွယ်ခဲ့ရတော့သည်။






ကျိုက်ကမာစိန် စေတီ

ကျိုက်ကမာစိန်ဟူသည်မှာ မွန်ဘာသာအား ဖြင့် ကျိုက်=ဘုရား၊ ကမာ=ရေကန်၊ စိန် -ဆင် ဟုအဓိပ္ပာယ်ရ၍ ဆင်ကျကန်ဘုရားဟု ဖွင့်ဆို ရပေမည်။ ရွှေတိဂုံ စေတီတော်ကြီး၏ အရှေ့ တောင်ယွန်း၊ ပုဇွန်တောင်ချောင်း အနီးအရပ်၌ တည်ရှိသော စေတီတော်ကို ဆင်များ ရေသောက် ဆင်းသက်ကြသည့် ရေကန်တော်ကြီးရှိသည်ကို အစွဲပြုလျက် ကျိုက်ကမာစိန်ဘုရားဟု ခေါ်တွင် ခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

ယခင် ရှေးအခါက ကျိုက်ကမာစိန် စေတီ တော်သည် ကာလကြာမြင့်သည့်အပြင် ရာသီဥတု ဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည်။ စေတီမှာ အုတ်ပုံမျှခန့်သာ ကျန်ရှိသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ ထိုစေတီအနီး၌ တောရဆောက် တည်နေသော မထေရ်မြတ်တစ်ပါးမှ ပုဇွန်တောင် ချောင်းအနီးမှ ကမ်းပြိုကျလျက် ပျက်စီးနေသည့် ရှေးဟောင်းဘုရားတစ်ဆူမှ ဆံတော်၊ ဓာတ်တော် များကို ပင့်ဆောင်ပြီး ပျက်စီးနေသည့် ကျိုက်ကမာ စိန် စေတီတော်၌ ဌာပနာပြုကာ စေတီ တည်ထား ကိုးကွယ်ခဲ့သည်။ ဤကား စတင် တည်ထားတော်မူပြီးနောက် ကျိုက်ကမာစိန်စေတီ တော်အား ပြန်လည်ပြုပြင် တည်ထားမှုတစ်ရပ်ဟု ဆိုရပေမည်။

သက္ကရာဇ် (၁၁၄၃) ခုနှစ်၌ နန်းတက်သော အမရပူရနန်းစံ ဘိုးတော်မင်း၏ ငယ်ကျွန်ရင်း ဦးကျော်ရွှေအား ရန်ကုန်မြို့ မြို့ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ရန်ကုန်မြို့ဝန်ကြီး ဦးကျော်ရွှေ သည် ကျိုက်ကမာစိန် စေတီတော်အား ပြန်လည် ပြုပြင်မှုပြုသည့်အပြင် ဘုန်းတော်ကြီးကျောင်း တိုက်အဖြစ် တည်ထောင်လှူဒါန်းခဲ့သည်။ ကျိုက် ကမာစိန် ဘွဲ့အမည်ပေါ် မူတည်လျက် ကျိုက် ကမာစိန်ကျောင်းတိုက်ဟု အမည်တွင်သင့်သည်။ သို့သော် ကျိုက်ကမာစိန် စေတီတော်မှာ ထုံး သင်္ကန်းဖွေးဖွေးဖြူဖြူဖြင့် ကြည်ညိုဖွယ် အဆင်း ကို ဆောင်သဖြင့် ဘုရားဖြူစေတီတော်ဟု ခေါ် တွင်ကြရာ စေတီ၏ ဘွဲ့အမည်ပေါ် မူတည်လျက် ကျောင်းတိုက်ကိုလည်း ဘုရားဖြူကျောင်းတိုက် ဟုခေါ်တွင်ခဲ့ကြသည်။ ဘုရားဖြူကျောင်း တိုက် ကြီးမှာ ရန်ကုန်မြို့ရှိ ပရိယတ္တိသာသနာထွန်းကား သည့် ကျောင်းတိုက်ကြီးများတွင် ပါဝင် ထင်ရှား ခဲ့သည်။ ကိုးနည်းတူ ကျောင်းတိုက်၌ သီတင်းသုံး တော်မူသော မူလဆရာတော် ဦးကေလာသဘ ိရှင်မြတ်ကိုလည်း ဘုရားဖြူဆရာတော်ဟု ဘွဲ့အမည်ဖြင့် ခေါ်ဆိုခဲ့ကြသည်။



သက္ကရာဇ် (၁၃၀၃) ခုနှစ်၊ ကဆုန်လဆန်း (၅)ရက်နေ့တွင် စေတီတော် တည်ရှိရာ တန်ဆောင်းကြီး အတွင်းမှ ပျက်စီးယိုယွင်းနေသော ရုပ်ပွားတော်များကို ပြုပြင်ခြင်း၊ စေတီတော် အရှေ့ဘက် ပလ္လင်တော် မုခ်ဦးတည်ခြင်း စသည့် ပြုပြင်ဖွယ်ရာ လုပ်ငန်းများကို ကျောင်းတိုက်၏ မဟာနာယက ပုဂံသရေခေတ်ဇာတိ ဆရာတော်ကြီး ဦးပညာဝံသ အမှူးပြုလျက် တပည့်ဒါယကာဒါယိကာမများတို့က လှူဒါန်းပူဇော် ကုသိုလ်မှု ပြုခဲ့ကြသည်။

မူလ ကျိုက်ကမာစိန် ဘွဲ့အမည်မှ ဘုရားဖြူ စေတီဟုထင်ရှားလာသော ဘုရားစေတီကို အမှီပြုလျက် ဘုရားဖြူ ကျောင်းတိုက်ကြီးသည် ပရိယတ္တိစာသင်တိုက်ကြီးအဖြစ် ထင်ရှားလာသည်။ ဘုရားဖြူ ကျောင်းတိုက်သည် ပရိယတ္တိစာပေကို တွင်ကျယ်စွာ ပို့ချသော ကျောင်းတိုက်ကြီး တစ်တိုက် ဖြစ်သည်နှင့်အညီ စာသင်သားများဖြင့်အမြဲမပြတ် ဝိနည်းကျမ်းဂန်များတို့ကို အရေးပေး ပို့ချလျက်ရှိသည်။ ယခင်စာချဆရာတော်အဖြစ်မှ ကျောင်းတိုက်၏ နာယကဆရာတော် ဖြစ်တော်မူလာသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဘဒ္ဒန္တ ဝဏ္ဏိမာ အမှူးပြုသော စာချဆရာတော်များက နိကာယ်ငါးရပ်၊ ပိဋကတ်တော်များတို့ကို ခွဲဝေပို့ချခြင်း၊ လေ့ကျင့်ခန်း စာမေးပွဲများ ပြုလုပ်ပေးခြင်းဖြင့် စာသင်သားတို့၏ အရည်အချင်းကို စစ်ဆေးလျက် ပထမပြန်၊ ဓမ္မာစရိယ စာမေးပွဲများကိုလည်း ဝင်ရောက် ဖြေဆိုခွင့်ပြုခဲ့ကြသည်။အထူးသဖြင့် ဘုရားဖြူ ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝိနယာ နုဂ္ဂဟစာပြန်ပွဲကြီးကိုမူ ကျောင်းတိုက်ရှိ စာသင်သားများမဝင်မနေရ ဝင်ကြရသည်။ ဘုရားဖြူ ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပသော ဝိနယာ နုဂ္ဂဟခေါ် ဝိနည်းစာပြန်ပွဲကြီးကို သက္ကရာဇ် (၁၂၉၁)ခုနှစ်မှစ၍ ကျင်းပခဲ့သည်။

မြန်မာသက္ကရာဇ် (၁၃၁၁) ခုနှစ်မှစပြီး ရန်ကုန်မြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ ဝါဆိုဝါကပ်တော်မူကြသော မည်သည့်ကျောင်းတိုက်မှ သံဃာတော်များကို မဆို ဝင်ရောက်ဖြေဆိုခွင့်ပြုခဲ့သည်။

## ကျိုက်ဒေးတဲ့ စေတီ

ကျိုက်ဒေးတဲ့ စေတီဘွဲ့အမည်မှာ မွန်ဘာသာ အားဖြင့် ကျိုက်ဒေးတဲ့၊ ကျိုက်ဒေးသွဲ့စေတီဘွဲ့ မည် နှစ်ခုရှိရာ အဓိပ္ပာယ်မှာ ကျိုက်=ဘုရား၊ ဒေး=ကုန်း၊ သွဲ့=ကျောက်မြေဟု အဓိပ္ပာယ်ရ သဖြင့် ကျောက်မြေကုန်းဘုရားဟု ဖွင့်ဆိုရပေ မည်။ မူလသမိုင်းကြောင်းအရ ရွှေတိဂုံ စေတီ တော်ကြီး၏ အနောက်တောင်ယွန်း တာ(၁၀၀၀) ခန့်အကွာ မြစ်ဆိပ်အနီးတွင် တည်ရှိသည်ဟု မှတ်သားရပါသည်။

ရှေးက ရွှေတိဂုံ စေတီတော်ကြီး၏ တောင် ဘက်၊ အနောက်သို့ စဉ်းငယ်ယွန်းသော အရပ်၌ ကျောက်ကုန်းတန်းကြီး တစ်ခု တည်ရှိခဲ့သည်။ ထိုကျောက်ကုန်းတန်းကြီး၏ မြစ်ဆိပ်အနီးရှိ ကုန်းတန်းကြီး၏ အစွန်း၌ စေတီတစ်ဆူ တည်ရှိ သည်။ ၎င်းစေတီမှာ မူလက ကျိုက်ဒေးတဲ့ခေါ် ကျိုက်ဒေးသွဲ့ စေတီဟု ထင်ရှားခဲ့သော စေတီပင် ဖြစ်သည်။ ယခုအခါ ဘုန်းကြီးလမ်းနှင့် ကျုံးကြီး လမ်းဆုံ အနောက်မြောက်ဘက်ခြမ်း၌ ကျိုက်ဒေး တဲ့စေတီ တည်ရှိခဲ့သည်ဟု လေ့လာမှတ်သား ရပါသည်။ ဘုရားတည်စဉ်က မြစ်ဆိပ်အနီးရှိ ကျောက်ကုန်းတန်းကြီး အစွန်းဟုဆိုသော်လည်း ဘုရားတည်သောနှစ်မှာ သာသနာနှစ်အားဖြင့် (၂၃၉)ခုနှစ်ဖြစ်ရာ ယခုသာသနာနှစ် (၂၅၀၀) ကျော် ကာလဖြစ်သောကြောင့် သက်တမ်း အားဖြင့် နှစ်ပေါင်း (၂၃၀၀)ကျော်သို့ ရောက်ရှိ နေပြီဖြစ်သည်။ ထိုစဉ်က စေတီတည်ရာဌာန သည် မြစ်ဆိပ်ကမ်းနား ဖြစ်ခဲ့သည်ကို သတိပြု ရမည် ဖြစ်သကဲ့သို့ ယခုနှစ်ပေါင်း (၂၃၀၀)ကျော် ကာလ၌မူ မူလက မြစ်ဆိပ်ကမ်းနားသည် ယခု အခါ၌မူ ရန်ကုန်မြစ်နှင့် တစ်မိုင်ခန့် ဝေးကွာနေပြီး ဖြစ်သည်ကိုလည်း သတိပြုရမည် ဖြစ်ပေသည်။ စေတီတော်၏ မြောက်ဘက်၌ ထောင်ခြံကွက်သစ် သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းအား မျက်နှာမူ လျက် ထောင်ဘက်ဆိုင်ရာ တိုက်တန်းများ၊ အဆောက်အအုံများ ရှိသည့်ပြင် ထောင်ကြီး တည်ရှိနေသဖြင့် အနီးရှိ ကျုံးဒေးတဲ့ခေါ် ကျိုက် ဒေးသွဲ့ ဘုရားစေတီကို ထောင်မှူးဘုရားဟုလည်း ခေါ်တွင်ခဲ့ကြပြန်သည်။ အင်္ဂလိပ် မြန်မာ ဒုတိယ စစ်ပွဲ မဖြစ်မီအထိ ကျိုက်ဒေးတဲ့ စေတီတော်သည် ဘုရားငုတ်တိုအဖြစ် ဆက်လက် တည်ရှိခဲ့သည်။ ထိုစဉ်က စေတီငုတ်တိုမှ ရောင်ခြည်တော်များ လွှတ်သည်ကို ဗုဒ္ဓဘာသာဝင်လူအများတို့ ဖူးမြင် ကြရသည်။ စေတီငုတ်တိုကို အစွဲပြုလျက် ဘုရား တည်ရှိရာလမ်းကို ဘုရားငုတ်တိုလမ်းဟု ခေါ်ဆို ကြသည်။ နောင်တွင် သရက်တောကျောင်းတိုက် တွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း သာမဏေများ ဝင်ထွက်သွားလာ အသုံးပြုသော လမ်း ဖြစ်သောကြောင့် ဘုန်းကြီးလမ်းဟု အမည် တွင်ခဲ့ရာ ယနေ့တိုင် ထင်ရှားသောလမ်းကြီး အဖြစ် တည်ရှိလျက်ရှိသည်။

အင်္ဂလိပ်–မြန်မာဒုတိယ စစ်ပွဲအပြီး အောက် မြန်မာနိုင်ငံ အင်္ဂလိပ်တို့၏ လက်အောက်သို့ ကျရောက်သည့် အချိန်၌ ကျိုက်ဒေးတဲ့စေတီတော် တည်ရှိရာ ဘုရားကုန်းတော်ပေါ်၌ အင်္ဂလိပ်စာ သင်သော ကရင်ကျောင်း တစ်ကျောင်း ဆောက် လုပ်ထားမှု ပြုထားကြောင်း ရှေးလူကြီးများ၏ အစဉ်အဆက် ပြောစကားအရ မှတ်သားရသည်။ ရန်ကုန်မြို့အချက်အချာ ဘုန်းကြီးလမ်းနှင့် ကျုံးကြီးလမ်းဆုံတွင် တည်ရှိခဲ့သော ကျိုက်ဒေးတဲ့ စေတီတော်ကြီးသည်လည်း အင်္ဂလိပ်အာဏာပိုင် တို့ ရန်ကုန်မြို့အား မြို့ကွက်သစ်ရိုက် တိုးချဲ့စဉ် ဖြိုချဖျက်ဆီးခံရ၍ ပျောက်ကွယ်ဆုံးရှုံးခဲ့ရပြန်ပြီ ဟု၍သာ မှတ်ယူကြရမည် ဖြစ်တော့သည်။

## ကျိုက်ခွဲကမော့စေတီ

ကျိုက်ခွဲကမော့ စေတီဘွဲ့အမည်မှာ မွန်ဘာသာအားဖြင့် ကျိုက်=ဘုရား၊ ခွဲ=ညောင်ပင်၊ ကမော့=ကုန်းအစွန်းဟု အဓိပ္ပာယ်ရ၍ ညောင်ပင်ကုန်းဘုရားဟု ဖွင့်ဆိုရပေမည်။ မူလသမိုင်းအရ ရွှေတိဂုံစေတီတော်ကြီး အနောက်ဘက်တာ (၁၅၀၀)အကွာတွင်ရှိသော ဥယျာဉ်အတွင်း တည်ရှိသည်ဟု မှတ်သားရသည်။

အမှန်အားဖြင့် ကျိုက်ခွဲကမော့ စေတီနှင့် အနီးရှိ သစ်တိုပင်ကုန်း (အလုံ) သိမ်တော်ကြီးတို့မှာ မူလကပင် တည်ရှိခဲ့သည်။ ဥယျာဉ်ကြီးမှာ ကုန်းဘောင်ခေတ်သို့ ရောက်ရှိမှသာ ကုန်းဘောင်မင်းများ ဥယျာဉ်တော် တည်သည့်အခါ ဘုရားနှင့်သိမ်ကို ဥယျာဉ်တော်ကြီး၏ အဝန်းအဝိုင်းအတွင်း သွတ်သွင်းကာ တည်ထောင်ခြင်းပင် ဖြစ်သည်။ နောက်မှတည်သော ဥယျာဉ်ကို ရည်ညွှန်းလျက် သိလွယ်သောနေရာကို ဖွင့်ဆိုခြင်း ဖြစ်သည်ဟု ယူဆရပါသည်။ မူလက ကျိုက်ခွဲကမော့ စေတီတော်ကို ဥယျာဉ်အတွင်းရှိ ယခုအလုံအမှတ်(၄) အထက်တန်းကျောင်း (ယခင်ကူရှင်ကျောင်း)အတွင်းရှိ ကုန်းမြင့်ပေါ်၌ တည်ထားခဲ့ခြင်း ဖြစ်သည်။ ကျုံးကြီးလမ်းနှင့် ဘုန်းကြီးလမ်းဆုံတွင်ရှိသော ကျိုက်ဒေးတဲ့စေတီတော် တည်ရှိရာ ကုန်းမြင့်နှင့် ကျိုက်ခွဲကမော့စေတီတော် တည်ရှိရာ ကုန်းမြင့်တို့သည် အရှေ့တောင်နှင့် အနောက်မြောက် တန်းလျက်မြေတစ်ကြောတည်း ကုန်းတန်းတစ်ခုတည်း၌သာ တည်ရှိခဲ့သည်။ စေတီနှစ်ဆူ ဝန်းကျင်သည် မူလက ဒီရေအတက်အကျ ရှိသည့် အနိမ့်ပိုင်းမြေနှင့် တစ်ဆက်တည်း ဖြစ်သောကြောင့် စေတီတော်များနှင့် သစ်တိုပင်ကုန်း (အလုံ) သိမ်တော်ကြီးတို့မှာ စိမ့်ကြီး၊ မြိုင်ကြီးအလယ်၌ ဝင့်ဝင့်ထည်ထည် ကြည်ညိုဖွယ် အသွင်ဖြင့် ရှိနေပေသည်။

ကျိုက်ခွဲကမော့ စေတီတော်မြတ်ကြီးသည်လည်း အင်္ဂလိပ်အာဏာပိုင်တို့ ရန်ကုန် မြို့ကွက်သစ်တိုးချဲ့စဉ် မြို့ချဲ့ဖျက်ဆီးခြင်း ခံရ၍ မြေပေါ်မှ ပျောက်ကွယ်ခဲ့ရသော စေတီတော်တစ်ဆူဟုသာ မှတ်ယူရပေတော့မည်။

မြို့ကွက်သစ်များ တိုးချဲ့ပေါ်ပေါက်ပြီးချိန်တွင်မှ အင်္ဂလိပ်စာသင် ကူရှင်ကျောင်း(ယခုအလုံ အထက-၄) ကျောင်းသည် တည်ထောင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။





### ကျိုက်ဒင်းမဲစေတီ

မူလသမိုင်းကြောင်းအရ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်မြောက် တာ(၁၅၀၀)အကွာ အင်းလျားမှ စီးဆင်းသော ကမာရွတ်ချောင်း တစ်ဖက်ကမ်းတွင် တည်ရှိသည့် ဥယျာဉ်အတွင်း၌ ကျိုက်ဒင်းမဲစေတီတော် တည်ရှိကြောင်း အဆိုရှိသည်။ စေတီတော်အား တာဝန်ယူ တည်ထားသည့် အမတ်သူရဲကောင်းဒင်းမဲ၏ အမည်ကို အစွဲပြုလျက် ကျိုက်ဒင်းမဲစေတီဟု ခေါ်တွင်ခဲ့သည်။

ယခုအခါ ကျိုက်ဒင်းမဲစေတီ မည်သည့်နေရာ၌ တည်ရှိခဲ့သည်ကို ညွှန်ပြနိုင်သည့် သမိုင်းအထောက်အထားကို မတွေ့ရှိရသလောက်ပင် ရှားပါးလှသည်။ ကြိုးပမ်းလေ့လာမှုအရ ဘဒ္ဒန္တယောနကဓမ္မရက္ခိတ (မူလဓမ္မာစရိယ)ပြုစုသော ကျိုက်ဒေးခလုတ်စေတီတော်သမိုင်း အကျဉ်းချုပ်၌ မူလက ကျိုက်ဒင်းမဲဘွဲ့အမည်ရှိသော စေတီတော်မှာ ယခုအင်းလျားကန်အောက်၊ တံတားဖြူကန်လမ်း(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၌ တည်ရှိနေသည့် ကျိုက်ဒေးခလုတ် စေတီကြီး ဖြစ်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။ မူလသမိုင်းကြောင်းပါ ကျိုက်ဒင်းမဲ စေတီကြီး တည်ရှိသည့် အရပ်မျက်နှာနှင့် ရွှေတိဂုံ စေတီကြီးမှ တာ(၁၅၀၀)ခန့်အကွာအဝေးအတွင်း၌ ကျိုက်ဒင်းမဲ စေတီဟုယူဆရလောက်သည့် အခြားသော စေတီများ အထောက်အထားများ မတွေ့ရှိရသဖြင့် အနီးစပ်ဆုံးဖြစ်သည့် သမိုင်းကြောင်း အထောက်အထားအရ လေ့လာ တင်ပြထားသည်ဆိုသော ကျိုက်ဒေးခလုတ်စေတီကိုပင် ကျိုက်ဒင်းမဲစေတီဟုသာ မှတ်ယူရတော့မည်ဖြစ်ပေသည်။ ဤမှတ်ယူချက်ဖြင့်ပင် ကျိုက်ဒေးခလုတ်စေတီတော်သမိုင်းစဉ်ကို ဆက်လက် တင်ပြသွားမည်ဖြစ်ပါသည်။

မူလစေတီတည်ထားမှု ပြုရာ၌ ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ် တစ်ဆူနှင့် သရီရဓာတ်နှစ်ဆူတို့ကို ရဟန္တာအရှင်မြတ် ရုပ်တုများ၊ ဘုရင်နှင့် စစ်သူကြီးတို့၏ ရှိခိုးနေဟန် ရုပ်တုများ ဌာပနာပြုထားကြောင်း လေ့လာမှတ်သားရသည်။

သက္ကရာဇ် (၄၀၇) ခုနှစ်တွင် ပျက်စီးယိုယွင်းနေသော စေတီတော်ကို ဆံတော်မြတ်တစ်ဆူနှင့် နမူးသင်းကျစ်တော်တို့ကို ဌာပနာပြုလျက် ဉာဏ်တော် (၁၀)တောင် အမြင့်သို့ ကေလာသရသေ့ကြီးဦးဆောင်ပြီး ပြုပြင်တည်ထားသည်။ ထိုစဉ်က စေတီတော်၏ဘွဲ့မည်မှာ ကျိုက်ဒေး ခရွှန်း

စေတီဟု တွင်ခဲ့သည်။ ၅ မွန်ဘာသာအားဖြင့် ကျိုက်= ဘုရား၊ ဒေ=တောင်ကုန်း၊ ခရွန်း=နှစ်ခုကြားတွင် စီးသွားသော ချောင်းကမ်းထိပ်ဟု အဓိပ္ပာယ်ရသဖြင့် တောင်ကုန်းနှစ်ခုကြားမှ စီးသွားသော ချောင်းထိပ်ဘုရားဟု ဖွင့်ဆိုရပေမည်။

ဟံသာဝတီ၊ အင်းဝခေတ် သက္ကရာဇ်(၈၀၈–၈၁၀) ခုနှစ်တွင် ရာဇာဓိရာဇ်မင်း၏ သားတော် ဗညားရံမင်း၏ မိဖုရားကြီးဖြစ်သည့်အင်းဝမိုးညှင်းမင်းတရားကြီး၏ တူမတော် သင်းကြီး မင်းသမီး စိုးမင်းဝိမလာဒေဝီသည် ဘုရား ဒါယိကာ အဖြစ် ခံယူခဲ့သည်။ မိဖုရားကြီးသည် စေတီတော်ကို ဓာတ်တော်၊ မွေတော်များနှင့် ရွှေမောင်း၊ ငွေမောင်းများ၊ ဘုရင်၊ မိဖုရားရုပ်တုများ ဌာပနာ၍စေတီတော်အား ပြုပြင်တည်ထားတော်မူသည်။ ထိုအချိန်မှစ၍ ကျိုက်ဒေးခလုတ်စေတီဟု ဘွဲ့မည်တွင်ပြန်သည်။ မွန်ဘာသာအရ ကျိုက်=ဘုရား၊ ဒေး=တောင်ကုန်း၊ ခလုတ်=တုံး ခေါက်သောဟူ၍ အဓိပ္ပာယ်ရသဖြင့် တောင်ကုန်းပေါ်မှ တုံးခေါက်သောဘုရားဟုဖွင့်ဆိုရပေမည်။ တစ်ဖန် သက္ကရာဇ် (၁၂၈၀) ပြည့်နှစ်တွင် ကမာရွတ် လက်ခုပ်ပင်ရွာ ဆွမ်းလောင်းအသင်းကြီးမှ ထီးတော်ကို ပြုပြင်လှူဒါန်းကြသည်။ သက္ကရာဇ်(၁၃၀၄)ခုနှစ် ဂျပန်ခေတ်၌ ထွက်ရပ်ပေါက် ပုဂ္ဂိုလ် ဦးအောင်ချမ်းသာနှင့် အဝေမ်းရပ်ရှင် ကုမ္ပဏီ ပိုင်ရှင်များ ဖြစ်ကြသည့် ဦးညီပု၊ ဦးတင်မောင်၊ ဦးအေးဖေစသော ပုဂ္ဂိုလ်များ ဦးစီးပြီး အများပြည်သူများ ပူးပေါင်းလှူဒါန်းငွေဖြင့် ဉာဏ်တော် (၂၇)တောင် အမြင့်ဆောင်၍ ပြန်လည် တည်ထားကြသည်ဟု လေ့လာ မှတ်သားရပါသည်။

ယနေ့ ဖူးမြင်ရသော စေတီတော်မှာ ထုံးဖွေးဖွေးစေတီတော် အဖြစ် ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ စေတီအနီး၌ ဘုရားဖူးများ နားနေကြည်ညိုနိုင်သော ဇရပ်တစ်ဆောင် ရှိနေသည်။ အများသူငါ သွားလာကြသည့် လမ်း၏အတွင်းပိုင်း၌ တည်ရှိသောကြောင့် အေးချမ်းငြိမ်သက်တိတ်ဆိတ်မှုရှိသည့်အပြင် သစ်ပင်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ချမ်းမြေ့ဖွယ်ပင် ဖြစ်ပေသည်။

ဤစာအုပ်၏
သမိုင်းဝင် စေတီတော်များ ၊ သမိုင်းဝင် သိမ်တော်ကြီးများ၏
ဓာတ်ပုံများကို .....
(၁) ဥက္ကဋ္ဌ ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ၊ သင်္ဃန်းကျွန်း မြို့နယ် ၊
(၂) ဓါတ်ပုံ မောင်မောင်လှဖေ
(၃) သိန်းဦး (ကန်တော်ကလေး) တို့မှ စေတနာဖြင့်ကူညီရိုက်ကူးပေးကြပါသည်။


## ကျိုက်ခပေါက်စန္ဒွတ်စေတီ

ကျိုက်ခပေါက်စန္ဒွတ်ဟူသော ဘွဲ့အမည်မှာ မွန်ဘာသာအရ ကျိုက်=ဘုရား၊ ခပေါက်=ခုနစ် တောင်၊ စန္ဒွတ်=တာ ပေါင်းသော်ဟု အဓိပ္ပာယ် ရ၍ ခုနစ်တောင်တာဘုရားဟု ဖွင့်ဆိုရပေမည်။ ရွှေတိဂုံစေတီတော် ဆံတော်ကြိုလမ်း၌ အမတ် သူရဲကောင်း ညီအစ်ကို နှစ်ဦးတို့မှ စေတီတစ်ဆူစီ တည်ခဲ့ရာ ကျိုက်ခပေါက်စန္ဒွတ် စေတီမှာ အစ်ကို အမတ်သူရဲကောင်းမှ တည်ထားသော စေတီဖြစ် သည်။ ရှေးက ဘကြီးတော်ဘုရားဟုလည်း ခေါ်တွင်ခဲ့ကြသည်။ ရွှေတိဂုံစေတီတော်ကြီး တည် ထားတော်မူရန် အတွက် ဥက္ကလာပ ဆိပ်ကမ်းရှိ မူလဘုရားရှင်၏ ဆံတော်မြတ်များအား ယာယီ ကိန်းဝပ် ပူဇော်ပွဲကြီး ကျင်းပပူဇော်ခဲ့ရာ ရတနာ မဏ္ဍပ်တော်နေရာ (ဆံတော်ဦး ဗိုလ်တထောင် စေတီတော်တည်ရာနေရာ)မှ သိင်္ဂုတ္တရ ကုန်းတော် မြတ်သို့ ဆံတော်များ ပင့်ဆောင်တော်မူစဉ် ဆံ တော်မြတ်များအား ကြိုဆိုပင့်ဆောင်သည့် လမ်း ကို ဆံတော်ကြိုလမ်းဟု ခေါ်တွင်ခဲ့ကြသည်။ သမိုင်းအချို့က နောင်ဆံတော်ကြိုလမ်း၌ အင်္ဂလိပ် များ အုပ်စိုးစဉ်က ဝင်ဒါမီယာကလပ် အမည်ဖြင့် ကလပ်တစ်ခု ဖွင့်လှစ်ခဲ့သည်ကို အစွဲပြုလျက် ဆံတော်ကြိုလမ်းကို ဝင်ဒါမီယာလမ်းဟု ပြောင်း လဲ ခေါ်ဆိုကြသည်ဟု အဆိုရှိသည်။ ဤသို့ ရွှေတိဂုံစေတီတော်ကြီးတည်ရှိရာ အနောက် မြောက်ဘက်ရှိ ဆံတော်ကြိုလမ်း (ယခင်ဝင်ဒါ မီယာ လမ်း၊ ယခုသံလွင်လမ်း) တည်ရှိခဲ့မှုအား မူလဘုရားရှင်၏ဆံတော်မြတ်များ ခေတ္တကိန်းဝပ် တော်မူရာ၌ တည်ထားသည့် နောင်တော်ကြီး စေတီနှင့် ဆံတော်မြတ်များအား လုံခြုံစွာ ခေတ္တ ထားရှိရာ ဆံတော်တွင်းတို့သည် ရွှေတိဂုံစေတီ တော်ကြီး၏ မြောက်ဘက်မှာသာ ရှိကြသော ကြောင့် အနောက်မြောက်ဘက် (သို့မဟုတ်) မြောက်ဘက်မှ မူလဆံတော်များ ပင့်ဆောင်လာ သည်ဆိုသည့်အချက်ကို ပညာရှင်များက အလေး ထားကြသည်ဟု အဆိုရှိကြသည်။ အချို့ကလည်း ဆံတော်ကြိုလမ်းသည် ဆိပ်ကမ်းမှ ရွှေတိဂုံစေတီ တော်ကြီးသို့ ပင့်ရာလမ်းကြောင်းနှင့် မသင့်ဘဲ ထောင့်နေ၍မဖြစ်နိုင်ဟုအဆိုရှိပြန်သည်။ သို့သော် ဆံတော်ကြိုလမ်း၌ ဘုရားနှစ်ဆူတည်ခဲ့ရာ တစ်ဆူ ဖြစ်သော ကျိုက်ခပေါက်ဆွတ် (ခေါ်) ဆံတော်ကြို စေတီ(ခေါ်) အလံပြစေတီမှာ ရွှေတိဂုံစေတီကြီး ၏ တောင်ဘက်၌ အထင်အရှား တွေ့ရှိနေရခြင်း ပင်ဖြစ်သည်။ ထို့ပြင်တဝ ယခု ဝင်ဒါမီယာလမ်း (ယခင်ဆံတော်ကြိုလမ်း)တစ်လျှောက် ကွင်းဆင်း လေ့လာမှုပြုခဲ့သော်လည်း စေတီတစ်ဆယ့်တစ်ဆူ တွင် ပါဝင်နိုင်သည့် မည်သည့်စေတီ တစ်ဆူဆူ ကိုမျှ တွေ့ရှိခဲ့ခြင်း မရှိဘဲ ယခုနောက်ပိုင်းခေတ် ကာလတွင်မှ တည်ထားသည့် စေတီများကိုသာ တွေ့ရှိခဲ့ရသည်။ အထူးသဖြင့် မူလသမိုင်းကြောင်း အရ ဆံတော်ကြိုလမ်း၌ အမတ်သူရဲကောင်းညီ အစ်ကို နှစ်ဦးတို့မှ စေတီတစ်ဆူစီ တည်ထားခဲ့ရာ အစ်ကိုအမတ်သူရဲကောင်းတည်ထားသည့် ကျိုက် ခပေါက်စန္ဒွတ်စေတီနှင့် တစ်ပြိုင်တည်းတည်ထား သည့် ညီအမတ်သူရဲကောင်း တည်ထားသော ကျိုက်ခပေါက်ဆွတ်စေတီ(ခေါ်) အလံပြ စေတီ (ခေါ်) ဆံတော်ကြိုစေတီကို ရွှေတိဂုံစေတီတော်၏ တောင်ဘက်စစ်ရုံးကြီး တည်ရှိရာ ကုန်းမြင့်ပေါ်၌ တွေ့ရှိရသဖြင့် အစ်ကိုဖြစ်သူ အမတ်သူရဲကောင်း တည်ထားသော ကျိုက်ခပေါက်စန္ဒွတ်စေတီမှာ လည်း ရွှေတိဂုံစေတီတော်တောင်ဘက်၌ရှိမှသာ သဘာဝယုတ္တိရှိမည့်အပြင် သမိုင်းကြောင်းနှင့် လည်း ညီညွတ်မှန်ကန်မည် ဖြစ်ပေသည်။

ဘဒ္ဒန္တ ယောနက ဓမ္မရက္ခိတမထေရ် ပြုစု တော်မူသော 'ကျိုက်အေးခလုတ်စေတီတော်' သမိုင်း အကျဉ်းချုပ်၌ မူလ ကျိုက်ခပေါက်စန္ဒွတ် ဘွဲ့ မည်ရှိသော စေတီမှာ ယခုရွှေတိဂုံစေတီ တောင်'

ဘက်မုခ် ဘုရားလမ်းပေါ်ရှိ တန့်တော်မူဘုရားဖြစ်သည်ဟု သမိုင်းကြောင်းအား လေ့လာ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ သို့သော် ဘုရားရှင်၏ ဆံတော်မြတ်တို့အား ရွှေတိဂုံစေတီတည်မည့်သိင်္ဂုတ္တရကုန်းမြင့်သို့ သယ်ယူရာတွင် ခေတ္တရပ်နားသည့် နေရာ၌ တည်တော်မူသော စေတီကို တန့်တော်မူစေတီဟု ခေါ်တွင်ကြောင်း သမိုင်းအချို့၌ အဆိုရှိပြန်သည်။

ထို့ပြင် မူလကျိုက်ခပေါက်စန္ဒတ် စေတီတော်တည်ရှိခဲ့မှုနှင့် စပ်လျဉ်း၍ စစ်ရုံးကြီးအတွင်းရှိ ဆံတော်ကြိုစေတီ (အလံပြစေတီ) ဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် ဦးသီရိနန္ဒ၏ စာရေးသူအား မိန့်ကြားချက်မှာ မှတ်သားလေ့လာထိုက်သောအချက်အဖြစ် နာယူရသည်။ ဆရာတော် က မူလ ကျိုက်ခပေါက်စန္ဒတ် စေတီတော်တည်ရှိခဲ့ရာဟု အဆိုရှိခဲ့ကြသောနေရာမှ ပေါ်တော်မူအဖြစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များတူးဖော်တွေ့ရှိရပုံကို ၁၉၆၀–ပြည့်နှစ် မေလ (၁၉)ရက်နေ့ထုတ် ဟံသာဝတီသတင်းစာပါ သတင်းနှင့် ဓာတ်ပုံကို သက်သေသာဓက တစ်ရပ်အဖြစ် ညွှန်ပြခဲ့သည်။ ၎င်းနေရာ၌ မူလတည်ရှိသော စေတီတော် ပျက်စီးမှု ရှိခဲ့ပြီး နောက်ပိုင်း၌ ကျန်ရှိသည့် ရင်ပြင်တော်မှာလည်း တစ်စတစ်စနှင့်ကာလကြာမြင့်သည့်အခါ၌ မြေတို့ဖြင့် ဖုံးကွယ်သည့်အဖြစ်သို့ ရောက်ရှိခဲ့သည်။




အထူးသဖြင့် ရှေးခေတ်ဆံတော်ကြိုစေတီ၏ သမိုင်းဝင် မှတ်တမ်းပုံများမှ ပုံတစ်ပုံ၌ ဆံတော်ကြိုစေတီမှ ယခုဘုရားလမ်း တည်ရှိရာ အနောက်ဘက်သို့အဆင်း လမ်းတလျှောက်အနီးတို့၌ လမ်း


ဝဲယာတို့တွင် စေတီတော်များ များစွာတည်ရှိနေသည်ကို တွေ့မြင်ရသည်။ ကုန်းမြင့်တောင်ခြေရှိ စေတီများတွင် မူလတည်ရှိခဲ့သော ကျိုက်ခပေါက်စနွတ် စေတီတော်လည်း တစ်ဆူ အပါအဝင် ဖြစ်နိုင်သည်ဟု မှန်းဆရပါသည်။ ၎င်းပုံ၌ မြောက်ဘက် သိင်္ဂုတ္တရကုန်းတော်ထက်၌ တည်ရှိနေသော ရွှေတိဂုံစေတီတော်ကြီးကိုလည်း လှမ်းမျှော်ဖူးမြင်ရသည်။

ဤသို့လျှင် အဘက်ဘက်ကို ထောက်ရှုလျက် မူလ ကျိုက်ခပေါက်စနွတ် ဘွဲ့မည်ရှိသော စေတီတော်ကြီးမှာ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဘုရားလမ်းနှင့် စပါးရှားလမ်းထောင့် အနီးဝန်းကျင်၌ အမှန်တည်ရှိခဲ့သည်ဟုသာ ယူဆရပါတော့သည်။

အထက်တွင် ဖော်ပြခဲ့သည့် ဟံသာဝတီ သတင်းစာ၌ 'ရွှေတိဂုံဘုရား ဝတ္တကမြေဟောင်း' ဟု ဖော်ပြပါရှိမှုနှင့် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲကာလအတွင်း၌ တောင်ဘက်မုခ် ဘုရားကြီးသို့ တက်သော အုတ်လမ်း (ယခုဘုရားလမ်း) တစ်လျှောက်၌ ဇရပ်များ၊ ရပ်ပွားစေတီများ၊ ကျောင်းများ ရှိ၍ အင်္ဂလိပ်တပ်များ တပ်စွဲနေရာယူခဲ့ကြောင်း မှတ်တမ်းပုံများနှင့် တကွ တွေ့ရှိရမှုတို့သည် ထိုစဉ်က ရွှေတိဂုံစေတီကြီး၏ ဝတ္တကမြေကျယ်ပြန့်စွာ တည်ရှိခဲ့ပုံကို လေ့လာမှန်းဆနိုင်ပေသည်။ ဤမျှကျယ်ပြန့်လှသည့် ရွှေတိဂုံစေတီ ဝတ္တကမြေကြီးသည်လည်း အင်္ဂလိပ်တို့ ရန်ကုန်မြို့သစ်အဖြစ် တိုးချဲ့ မြို့ကွက် ရိုက်စဉ် မြို့ကွက်သစ်အတွင်း ပါရှိခဲ့သည့်အလျောက် ယခုအခါ ဘုရားကြီး ဝတ္တကမြေဟောင်းတို့နေရာ၌ ခရစ်ယန်ဝတ်ကျောင်းများ၊ လူနေအိမ်များ၊ ရုံးများ ပေါ်ပေါက်တည်ရှိလာသည်ဟုဆိုရပေမည်။ တစ်နည်းအားဖြင့် မူလက ဘုရားလမ်းတစ်လျှောက် အစီအရီတည်ရှိခဲ့သော ဇရပ်များ၊ စေတီများ၊ တန်ဆောင်းများ၊ ရုပ်ပွားများသည်လည်း အင်္ဂလိပ်တို့၏ ဖျက်ဆီးဖယ်ရှားခြင်းသို့ ရောက်ရှိခဲ့ရခြင်းပင် ဖြစ်ပေသည်။

ထိုသို့ ဖျက်ဆီးဖယ်ရှားခံရသည့် စေတီများ၌ မူလ ကျိုက်ခပေါက်စနွတ်ဘွဲ့မည်ရှိ စေတီတော်မြတ်လည်း ပါဝင်ပျောက်ကွယ်ရချေပြီဟုသာ မှတ်ယူရတော့သည်။





**ကျိုက်ခပေါက်ဆွတ်စေတီ**

**(ဆံတော်ကြိုစေတီ၊ အလံပြစေတီ)**

ရွှေတိဂုံစေတီတော်ဆံတော်ကြိုလမ်းတွင် အမတ်သူရဲကောင်းညီအစ်ကိုနှစ်ဦးတို့မှ တစ်ဦးလျှင် စေတီတစ်ဆူစီ တည်ထားခဲ့ရာ ညီအမတ်သူရဲကောင်း တည်သောစေတီကို ကျိုက်ခပေါက်ဆွတ်(ခေါ်) ကျိုက်ခပေါက်တွတ်ဟု ခေါ်တွင်ကြသည်။ မွန်ဘာသာအရ ကျိုက်=ဘုရား၊ ခပေါက်=ခုနစ်တောင်၊ ဆွတ်= ခုန်နိုင်သည်ဟူ၍ အဓိပ္ပာယ်ရ သည်။ ခုနစ်တောင် ခုန်နိုင်သော အမတ်သူရဲကောင်းစေတီဟု ဖွင့်ဆိုနိုင်ပေသည်။ မူလ ကျိုက်ခပေါက်ဆွတ် ခေါ် ကျိုက်ခပေါက်တွတ်စေတီမှာ ယခုအခါ ရွှေတိဂုံ စေတီတော်ကြီး၏ တောင်ဘက် မြန်မာ့တပ်မတော် စစ်ရုံးချုပ်ကြီး တည်ရှိရာ ကုန်းမြင့်ပေါ်တွင် တည်ရှိသည့် အလံပြ(ခေါ်) အလံတင်(ခေါ်) ဆံတော်ကြို စေတီပင်ဖြစ်သည်။

အလံပြဟူသောဘွဲ့မည်နှင့် စပ်လျဉ်း၍ ရှေးသမိုင်းကြောင်း၌ ဥက္ကလာပမင်းကြီး အုပ်စိုးပြုသော တဖုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် ဥက္ကလာပ ဆိပ်ကမ်းရှိ ဆံတော်မြတ်များ ကိန်းဝပ်ရာ ရတနာမဏ္ဍပ်တော် (ဗိုလ်တထောင်စေတီ တည်နေရာ)မှ သိင်္ဂုတ္တရ ကုန်းတော်သို့ ဆံတော်ပင့်ရာ ဆံတော်ကြိုလမ်း၌ အလံပြကုန်း တည်ရှိခဲ့သည်။ ဆံတော်ပင့်ရာလမ်း အဖြစ် ဗိုလ်တထောင်ကုန်းမြင့်၊ ဆူးလေကုန်းမြင့်၊ သိမ်ကြီးဈေး ကျိုက်မဲသံကရော(ကျိုက်မဲသံချို၊ ကျိုက်မြတ်သံချို) ကုန်းမြင့်၊ သိင်္ဂုတ္တရကုန်းတော်တောင်ဘက်ရှိ တန့်တော်မူစေတီကုန်းမြင့်တို့၏ အရှေ့မြောက်ဘက် သစ်ပင်ထိပ်များ၌ သိင်္ဂုတ္တရ ကုန်းတော်ရှိကြောင်း နတ်တို့မှ အဆင့်ဆင့် ညွှန်ပြခြင်း (အလံပြခြင်း) ပြု၍ အလံပြကုန်းဟု ခေါ်တွင်ကြောင်း အဆိုရှိခဲ့သည်။ ၎င်းကုန်းမြင့်၌တည်ထားသော စေတီဖြစ်၍ ကျိုက်ခပေါက်ဆွတ်စေတီခေါ် အလံပြစေတီဟု ဘွဲ့မည်ရှိခဲ့ကြောင်း အဆိုရှိခဲ့သည်။ ဆံတော်ပင့်ရာလမ်းကို နတ်တို့ ညွှန်ပြမှု(အလံပြမှု)ကြောင့် အလံပြစေတီဟု ဘွဲ့မည်ဖြင့် စတင်ခဲ့သည်။ နောင်အင်္ဂလိပ်တို့ ရန်ကုန်မြို့ကို သိမ်းပိုက်ပြီး ထိုစဉ်က ဂေါ်ရာကုန်းဟု အမည်တွင်သော အလံပြကုန်း၌ စစ်စခန်းချ တပ်စွဲစဉ် အချက်ပြအလံများ စိုက်ထူလျက် အချက်ပြဌာနချုပ် ဖွင့်ခဲ့သည်။ ရန်ကုန်မြစ်အတွင်းမှ ဝင်ရောက်လာကြသော စစ်သင်္ဘောများကို အလံပြ၍ အချက်ပေးရာ နေရာဖြစ်သည်။ ထို့ကြောင့် ထိုနေရာ၌ တည်ရှိသောစေတီကို အလံပြစေတီ( Signal Pagoda) ဟု ခေါ်တွင်ကြသည်။ တစ်နည်း အလံတင်စေတီဟုလည်း ခေါ်တွင်ကြသည်။

ရွှေတိဂုံစေတီတော်ကြီး တည်ထားပြီးကာလ နောက်ပိုင်း စေတီတည်ထားရာမှ ခေါ်တွင်ကြသည့် အလံပြစေတီဟူသော ဘွဲ့မည်နှင့် အင်္ဂလိပ်

တို့လက်ထက် အလံတင်၊ အလံပြရာ အချက်ပြ ဌာနချုပ်ဖြစ်၍ အလံပြ(အလံတင်) စေတီဟု ခေါ်တွင်လာသည့် ဘွဲ့အမည်များ တူညီပုံမှာ ထူးခြားသည့် တိုက်ဆိုင်မှုဟု ဆိုရပေမည်။

ထိုစေတီဘွဲ့၏ အမည်ကို အစွဲပြုလျက်စေတီတော် အရှေ့ဘက်ရှိ စေတီကုန်းမြင့်နှင့် တိရစ္ဆာန်ဥယျာဉ်အကြားရှိ ဗဟန်းမှ မြို့တွင်းသို့ ဖြတ်သန်းသွားလာသည့် မော်တော်ကားလမ်းကို အလံပြဘုရားလမ်း (Signal Pagoda Road)ဟု ခေါ်ခဲ့ကြပြန်သည်။

ရှေးမြန်မာမင်းများ လက်ထက်၌ ကျိုက်ခပေါက်ဆွတ်စေတီ လက်ယာဘက်အနီး၌ စေတီတစ်ဆူ တည်ထားပြန်ရာ မင်းလက်ယာဘုရားဟု ခေါ်တွင်ခဲ့သည်။ ထို့ကြောင့် ကျန်တစ်ဆူဖြစ်သော ကျိုက်ခပေါက်ဆွတ်စေတီကို မင်းလက်ဝဲဘုရားဟု ခေါ်တွင်ခဲ့ကြောင်း လေ့လာမှတ်သားရပြန်သည်။ သို့သော် ရှေးမြန်မာမင်းများလက်ထက် တည်ထားခဲ့သည်ဆိုသော မင်းလက်ယာဘုရားကိုမူ ယခုအခါ မတွေ့ရှိရတော့ချေ။ သက္ကရာဇ် (၁၁၃၇)ခုနှစ်၌ ဆင်ဖြူရှင် မင်းတရားကြီး ရန်ကုန်မြို့သို့ တိုင်းခန်းလှည့်လည်ကြွချီတော်မူစဉ် မင်းလက်ဝဲအမည်ရှိ အဂ္ဂမဟာသေနာပတိ စစ်သူကြီး မဟာစည်သူက ကျိုက်ခပေါက်ဆွတ် စေတီအား ပြုပြင်မွမ်းမံသောကြောင့် မင်းလက်ဝဲဘုရားဟု အမည်တွင်ခဲ့ကြောင်း ဆံတော်ကြိုဘုရားသမိုင်း၌ အဆိုရှိပြန်သည်။

ထို့ပြင် မော်ဘီဆရာသိန်းကြီး၏ မှတ်တမ်း၌လည်း အောက်ပါအတိုင်း မှတ်တမ်းတင်ဖော်ပြခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

(က) ယခုဂေါ်ရာကုန်းလမ်းကို ရှေးက ဆံတော်ကြိုလမ်းဟု ခေါ်ပုံ။

(ခ) ယခုအလံပြဘုရားကို ရှေးက ညီအမတ် ခပေါက်ဆွတ် တည်၍ ကျိုက်ခပေါက်ဆွတ် ခေါ်ပုံ။

(ဂ) နောင် မင်းလက်ဝဲဘုရား တွင်ပြီး အင်္ဂလိပ်များ အလံတင်ရာ ကုန်းမြင့်ပေါ်မှာ တည်ရှိ၍ အလံတင်ဘုရားခေါ် အလံပြဘုရား ခေါ်ပုံ။


ဆံတော်ကြိုစေတီ(ခေါ်) အလံပြစေတီသမိုင်းပါ ဆံတော်ကြိုစေတီဖြစ်ပေါ်မှုကို လေ့လာပြန်သည့်အခါ ရွှေတိဂုံစေတီတော် တည်ထားရန် ဗိုလ်တထောင်ဆိပ် ရတနာမဏ္ဍပ်နေရာမှ ဆံတော်များ ပင့်ဆောင်မှု ဆက်နွယ်မှုကို တွေ့ရှိရပြန်သည်။ တဖုဿနှင့်ဘလ္လိကကုန်သည် ညီနောင်တို့သည် ဆံတော်မြတ်များ ဗိုလ်တထောင်ဆိပ်ကမ်းသို့ ရောက်ရှိကြသည့်အခါ ဆံတော်ဆိပ်စေတီ (ယခု ဗိုလ်တထောင်စေတီ) တည်ကြသည်။ ထို့နောက် လှေသင်္ဘော ဆိုက်ကပ်လာရာ သိင်္ဂုတ္တရကုန်းမြေတောင်ဘက် ပင်လယ်ရေထိရာ အရပ်တွင် မင်းနှင့်ပရိသတ်တို့က ကြိုဆိုကြသည်။ ထိုနေရာတွင် ဆံတော်ကြို(ယခု အလံပြဘုရား)စေတီတည်ကြသည်။ ထို့နောက် ဆံတော်များကို သိင်္ဂုတ္တရကုန်းအထက်၌ ဆံတော်ရှင်စေတီ(ယခုရွှေတိဂုံစေတီတော်)ကို တည်ထားကိုးကွယ်ကြသည်။ ရွှေတိဂုံစေတီတော် တောင်ဘက်တွင် ဥက္ကလာပမင်းကြီးဆံတော်ကို ပင့်၍ ခေတ္တ ရပ်တန့်သောနေရာတွင် တန့်တော်မူစေတီကို တည်ကြောင်းသိရှိရသည်။ ရွှေတိဂုံစေတီတော် သမိုင်းဟောင်းနှင့် ဦးရွှေနော်ရေးသားသည့် ရွှေတိဂုံသမိုင်း၊ ရတနာဦးသွင်၏ ရွှေတိဂုံသမိုင်းသစ်၊ ဝိနယဝဂ္ဂပါဠိတော်များကို ထောက်ထား၍ ဆံတော်ကြိုစေတီကို ဘုရားရှင်လက်ထက်ကပင် တည်ထားခဲ့ကြောင်း၊ ရွှေတိဂုံစေတီတော် မတည်မီ ဆံတော်များကို ဆီးကြိုပင့်ဆောင်ရာ အရပ်တွင် တည်ထားကြောင်း သမိုင်းအထောက် အထားအရ မှတ်သား သိရှိရပါသည်။ ဤကား ဆံတော်ကြို သမိုင်းကို လေ့လာတင်ပြချက်ပင် ဖြစ်သည်။ အဓိကအားဖြင့် ဆံတော်ကြိုစေတီ (ခေါ်) အလံပြစေတီတော်၏ ဆံတော်မြတ်များအား မင်းနှင့်

ပရိသတ်များ ဆီးကြိုပူဇော်သည့် နေရာ၌ စတင်တည်ထားသည် ဟူသော အချက်နှင့် သာသနာသက္ကရာဇ် (၂၃၉) ခုနှစ်တွင် သီဟိုဠ်(သီရိလင်္ကာ–လင်္ကာဒီပကျွန်း)မှ သာသနာ ပြု ကြွရောက်တော်မူလာကြသော ရဟန္တာ အရှင်မြတ်များ ဖြစ်ကြသည့် ရှင်ယသ၊ ရှင်သောဏ နှင့် အရှင်သုခိတို့ ဦးဆောင်သော ရဟန္တာအရှင် မြတ် အကြီးအမှူးပြုလျက် အမတ်သူရဲကောင်းတို့ တည်ထားကြသည့် စေတီ (၁၁)ဆူ၌ မူလကျိုက်ခပေါက်ဆွတ် (ခေါ်) ကျိုက်ခပေါက်တွတ် ဘွဲ့မည်ရှိသော အလံပြစေတီ ပါဝင်တည်ထားသည်ဟူသော အဓိကသမိုင်းကြောင်း၌ ကွဲလွဲမှုရှိနေသည်။ ထိုမှတစ်ဆင့် ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူစ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား ဆံတော်မြတ်များ ချီးမြှင့် ပေးသနားတော်မူခြင်းနှင့်အတူ ဘုရားရှင်သည် အနာဂတံသဉာဏ်တော် အမြင်အရ 'တဖုဿနှင့် ဘလ္လိက သင်တို့အရပ်ဌာနမှ နောင်တော်ဘုရား သုံးဆူတို့၏ ပရိဘောဂဓာတ်တော်များ ကိန်းဝပ်ရာဖြစ်သော သိင်္ဂုတ္တရ ကုန်းမြတ်၌ငါ၏ဆံတော်များကို ဌာပနာလျက် စေတီတည်ကြလေ'ဟု မိန့်မှာချက်ဗျာဒိတ် စကားအရ ဥက္ကလာပမင်းနှင့် ကုန်သည်ညီနောင်တို့သည် ဘုရားရှင်၏ ဗျာဒိတ်စကားအတိုင်း ဆောင်ရွက်မှုပြုခဲ့သည်ကို သတိပြုရမည် ဖြစ်ပေသည်။ ဥက္ကလာပ မင်းကြီးနှင့် ကုန်သည်ညီနောင်တို့သည် ဘုရားရှင်၏ ဗျာဒိတ်စကားနှင့် အညီ သိင်္ဂုတ္တရ ကုန်းတော်မြတ်ကို မတွေ့တွေ့အောင်ရှာဖွေခဲ့ကြသည်။ နောင်တော်ဘုရားရှင်တို့၏ ပရိဘောဂဓာတ်များကို ကြိုးပမ်းရှာဖွေခဲ့ကြသည်။ နတ်တို့၏အရှင် သိကြားမင်းကိုယ်တိုင် ဘုရားရှင်၏ ဗျာဒိတ်တော်နှင့် အညီ အောင်မြင်စွာတည်ထားနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီခဲ့ကြသည်။ ထို့ကြောင့်ပင် ဘုရားရှင် ဗျာဒိတ်စကားတော်နှင့် အညီ ရွှေတိဂုံစေတီတော်ကြီး တည်ထားမှုကိုသာ ဦးစားပေးဖော်ချ ဆောင်ရွက်မည်သာဖြစ်ပေသည်။ အခြားစေတီများကို အထိမ်းအမှတ်အဖြစ် တည်ထားပါကလည်း ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားပြီးသည့်နောက်ပိုင်း၌သာ တည်ထားကြမည်သာ ဖြစ်ပေသည်။ သမိုင်းကြောင်းအရ 'စေတီအစ ရွှေတိဂုံက'ဟူသော တင်စားချက်အတိုင်းသာ ဖြစ်မည်ဟု ချင့်ချိန်လေ့လာ သုံးသပ်မိပါသည်။ အထူးသဖြင့် သမိုင်းကြောင်း၌ ကွဲလွဲချက်ဖြစ်မှုနှင့် ပတ်သက်၍လည်း သမိုင်း၌ ကျွမ်းကျင်လိမ္မာသည့် သမိုင်းပညာရှင်များအနေဖြင့် ဆက်လက် လေ့လာ တင်ပြခြင်းက ပိုမိုပြည့်စုံမည်ဖြစ်ပေသည်။

ဆံတော်ကြိုစေတီ၊ အလံပြစေတီ၊ အလံတင်စေတီ၊ ကျိုက်ခပေါက်ဆွတ်စေတီ၊ မင်းလက်ဝဲစေတီဟူသော ဘွဲ့မည်များသာမက ခေတ်ကာလအလျောက် အခြားဘွဲ့မည်များလည်း ရှိသေးကြောင်း လေ့လာတွေ့ရှိရပြန်သည်။ သက္ကရာဇ် (၁၈၈၆)ခုနှစ်တွင် အိန္ဒိယပြည်၊ ဘင်္ဂလားတိုင်းရင်းသားလူမျိုး ဗိုလ်ချုပ် (ဘရစ်ဂေးဒီးယား မက်ကရိ) သည် အလံပြစေတီတော် ရင်ပြင်ထက်၌ စစ်စခန်းပြုကာ နေထိုင်သွားခဲ့သောကြောင့် ၎င်း၏အမည်ကို အစွဲပြုလျက်(Brigadier Maccreagh's Pagoda) မက်ကရိဘုရားဟု ခေါ်တွင်လျက် အင်္ဂလိပ်တို့ စစ်မှတ်တမ်းများ၌ ဖော်ပြခဲ့ကြသည်။ ထိုစဉ်က အလံပြစေတီပုံအောက်၌ပင် မက်ကရိဘုရား၏ စာသားရေးထိုးလျက် ပုံနှိပ်ထုတ်ဝေထားသည်ကို အထင်အရှား တွေ့မြင်ကြရသည်။

ထို့ပြင် 'အလံပြစေတီ'ဟု ခေါ်တွင်ခဲ့ပုံကို ရှေ့ပိုင်း၌ တင်ပြခဲ့သည့်အတိုင်း အင်္ဂလိပ်တို့ မြန်မာနိုင်ငံ အောက်ပိုင်းကို အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ ဖြင့် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် (၁၈၅၂)ခုနှစ်၌ ဤစေတီတော်တည်ရှိရာ ကုန်းမြင့်ပေါ်၌ အချက်ပြအလံများကို စိုက်ထူလျက် အချက်ပြဌာနချုပ် ဖွင့်ခဲ့သည်။

ရန်ကုန်မြစ် အတွင်းသို့ ဝင်လာသောသင်္ဘောများကို ဤကုန်းမြင့်အချက်ပြဌာနချုပ်မှ အလံပြအချက်ပေးခဲ့သည်။ ဤသည်ကြောင့်ပင် အလံပြစေတီဟု ခေါ်တွင်ခဲ့ခြင်းပင် ဖြစ်ပေသည်။



သက္ကရာဇ် (၁၈၇၃) ခုနှစ်၌ အလံပြစေတီ ထီးတော်ပြိုကျခဲ့သောကြောင့် ထီးတော်အသစ်တင်လှူခဲ့ကြောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (၁၉၃၉) ခုနှစ်တွင် ထုတ်ဝေသော ရန်ကုန်ရာဇဝင်သမိုင်းကျမ်း၌ ဖော်ပြခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ထီးတော်တင်လှူရက်မှာ (၁၈၇၃) ခုနှစ် မေလ (၁၉) ရက်နေ့ ဖြစ်သည်။

တစ်ဖန် ပထမကမ္ဘာစစ် (၁၉၁၀-၁၉၂၀)တွင် ဘုရားကုန်းတော်တည်ရှိရာ ကုန်းမြေပေါ်၌ဂေါ်ရာစစ်သားများ တပ်စွဲပြန်သောကြောင့် ကုန်းတော်ကို ဂေါ်ရာကုန်းဟု ခေါ်တွင်ခဲ့ကြပြန်သကဲ့သို့ အလံပြဘုရားကိုလည်း ဂေါ်ရာကုန်း ဘုရားဟု ခေါ်တွင်ခဲ့ကြပြန်သည်။ ဤသို့လျှင် ဆံတော်ကြို့စေတီ၊ အလံပြစေတီ၊ ကျိုက်ခပေါက်ဆွတ်စေတီ၊ မင်းလက်ဝဲစေတီ၊ မက်ကရိစေတီ၊ ဆေးလ်(ဆလေ)စေတီ၊ ဂေါ်ရာကုန်းစေတီ ဘွဲ့မည်နာမ (၇)မျိုးသာ မက နောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံးစသော စစ်ရုံးကြီးများ တည်ရှိရာ ကုန်းမြင့်ပေါ်၌ တည်ရှိသော စေတီဖြစ်သည့်အပြင် ခေတ်အဆက်ဆက် မှစ၍ တပ်မတော်၊ စစ်သား၊ စစ်ရုံးများ၊ စခန်းချတည်ရှိရာအဖြစ် ယနေ့တိုင် တည်ရှိနေပြန်သဖြင့် 'တပ်မတော်စေတီ'ဟူသော ဘွဲ့နာမည်ကို တိုး၍ပူဇော်ရတော့မည့် အခြေအနေပင် ဖြစ်သည်။ တစ်နည်းအားဖြင့် စစ်ရုံးကြီးမှ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား မိသားစုများတို့၏ ကြည်ညို အားထားကိုးကွယ်ရာ 'တပ်ဦးစေတီ' အဖြစ် ခေါ်တွင်ကလည်း လွန်အံ့ မထင်မိပါပေ။

လက်ရှိ အလံပြစေတီတော်မှာ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့တောင်ယွန်းယွန်း မဟာဝိဇယစေတီတော်ကြီးတည်ရှိရာ မဓုရကုဋ္ဌိတ ကုန်းတော်၏ တောင်ဘက်အနီး စစ်ရုံးကြီးအတွင်း ကုန်းမြင့်ပေါ်၌ တည်ရှိနေသည်။ ရှေးနှစ်ပေါင်း တစ်ရာကျော်ခန့်ကမူ ရွှေတိဂုံစေတီ၊ မဟာဝိဇယစေတီနှင့် အလံပြဘုရားတို့တည်ရှိရာ ကုန်းမြေသည် ကုန်းမြေ တစ်ကြောတည်း တစ်ဆက်တစပ်တည်းအဖြစ် တည်ရှိခဲ့သဖြင့် သိင်္ဂုတ္တရ ကုန်းတော်ဟုပင် အမည်တွင်ခဲ့ကြောင်း သိရှိရသည်။ နောင်တွင် အင်္ဂလိပ်အာဏာပိုင်တို့က ဦးထောင်ဗိုလ်လမ်းမကြီးကို ဖြတ်၍ ဖောက်လုပ်လိုက်သောကြောင့် သိင်္ဂုတ္တရကုန်းတော်ကြီးသည် နှစ်ပိုင်းပြတ်သွားသည့်အဖြစ်သို့ ရောက်ရှိခဲ့ရသည်။

(၆-၁-၉၄)ရက်နေ့ကွင် ဒေဝသာဂရရဟန္တာသိမ်တော်ကြီး ဘက်စုံမွမ်းမံ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းပိုင်း၌ ပါဝင်ကူညီ ဆောင်ရွက်ရာမှ သိရှိခွင့်ရရှိသော ကာကွယ်ရေးဝန်ကြီးဌာန၊ စခန်းမှူးရုံး ငွေစာရင်းအရာရှိနှင့် ရုံးအုပ်ကြီး၊ တပ်ရေးဗိုလ်ကြီးတို့၏ အကူအညီဖြင့် ဘုရားလမ်း စစ်ရုံးကြီးအတွင်းရှိ အလဲပြစေတီအား ဖူးမြင်ခွင့် ရရှိခဲ့သည်။ အနီးကပ်လေ့လာမှတ်တမ်းပြုခွင့် ရရှိခဲ့သည်။ အလဲပြစေတီ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးသိရိန္ဒနှင့် ဖူးမြင်လျှောက်ထားဆွေးနွေးခွင့် ရရှိခဲ့သည်။ မျှော်လင့်ထားသည့်အတိုင်း စစ်ရုံးကြီးရှိ တပ်မတော် မိသားစုတို့၏ 'တပ်ဦးစေတီတော်'ဖြစ်သည့်အားလျော်စွာ ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်မှုလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အပြင် အမြဲတစေ ဖူးမြင်ကာ ပြုပြင်နေကြသည့်အတွက် ခံ့ညားထည်ဝါကြည်ညိုဖွယ်စေတီအဖြစ် ဦးခိုက်ဖူးမြင်ခဲ့ရသည်။

စေတီတော်၏ အရှေ့တောင်ဘက်ထိပ်နှင့် အနောက်တောင်ဘက်ထိပ် နှစ်ဘက်တို့၌ မုခ်ဦးများ ပြုလုပ်ထားပြီး မုခ်ဦးများထိပ်၌ ဆံတော်ကြိုစေတီဟူသော ကမ္ပည်းစာသားကို ရေးထိုးထားသည်။ ဘုရားစေတီများ၌ မုခ်ဦးနှင့် အတူရှိအပ်သည့် ခြင်္သေ့ရုပ်တုကြီးများကိုလည်း ခံ့ညားစွာ တွေ့မြင်ရသည်။ အရှေ့တောင်ဘက်ထိပ် မုခ်ဦးမှ တက်လိုက်သည်နှင့် အထက် စင်္ကြံပတ်လမ်းသို့ရောက်ရှိတော့သည်။ တစ်ပြေးညီ တည်ရှိသော စင်္ကြံပတ်လမ်းအတိုင်း လက်ဝဲဘက်သို့ ဆက်လက် သွားရောက်ပါက အနောက်တောင်ဘက်ရှိ မုခ်ဦးထိပ်သို့ ရောက်နိုင်သည်။ စောင်းတန်း အမိုးရှိ စင်္ကြံပတ်လမ်းရှိရာ လက်ယာဘက်၌မူ ဆံတော်ကြိုစေတီ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနိုင်သည့် စင်္ကြံလမ်းနှင့် စောင်းတန်း သွယ်တန်းထားရှိသည်။ အရှေ့တောင်ဘက် စင်္ကြံပတ်လမ်းအတက် လှေကားဝဲဘက်၌ ဆံတော်ကြိုဘိုးဘိုးကြီးရုပ်တုအား သီးခြား အဆောက်အအုံဖြင့် ထားရှိထားသည်။ အရှေ့တောင်ဘက်စင်္ကြံမှ ဘုရား ရင်ပြင်တော်သို့ အုတ်လှေကားအတိုင်း ဆက်လက် တက်ရောက်နိုင်သည်။ ရင်ပြင်တော်အတက်လမ်းထိပ်၌ အာရုံခံတန်ဆောင်း တစ်ခုရှိသည်။ အတွင်း၌ ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို ဖူးတွေ့ရသည်။ စင်္ကြံပတ်လမ်းနှင့် ရင်ပြင်တော် ကုန်းမြင့်အကြား၌ မြေတာနံရံအဖြစ် လိပ်သဲကျောက်များကို စနစ်တကျ နိမ့်လျှောစီထားသည်။ ကမ္ပည်းမှတ်တမ်းအရ ဆံတော်ကြိုစေတီ အရှေ့ဘက်နှင့် မြောက်ဘက် မြေတာနံရံ၊ ဖိနပ်တော်ကျောက်စီခြင်း လုပ်ငန်းကို (၂၀-၁၁-၈၇) နေ့မှ စတင်ဆောင်ရွက်ရာ (၇-၄-၈၈)ရက်နေ့တွင် ပြီးစီးကြောင်း သိရှိရသည်။ စေတီတော်ရင်ပြင်သို့ အရှေ့တောင်ဘက် မုခ်ဦးမှ ဖြစ်စေ၊ အနောက်တောင်ဘက် မုခ်ဦးမှဖြစ်စေ စင်္ကြံပတ်လမ်း လှေကားများမှတဆင့်

တက်ရောက်နိုင်သည်။ အထူးသဖြင့် စောင်းတန်းမရှိ သေးသည့် အနောက်တောင်ဘက် မုခ်ဦးမှ စင်္ကြံ ပတ်လမ်းတစ်လျှောက် အရှေ့တောင်ဘက် အပိုင်းကို စီမံချက်ဖြင့် စောင်းတန်းပြုလုပ်ရန် စီစဉ်လျက် ရှိကြောင်းနှင့် စောင်းတန်းအခန်းပေါင်း (၂၃)ခန်း ပါဝင်ပြီး ခန့်မှန်းခြေ ကျပ်ငွေ (၇)သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်းသိရ၍ ငွေကြေးစုဆောင်း ထားရှိကာ ပစ္စည်းများ မှာယူနေသည့်အကြောင်းကို သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ လေ့လာသိရှိရသည်။ စေတီရင်ပြင်ကို သီးခြားအုတ်တံတိုင်းဖြင့် ကာရံထားသည်။ အနောက်ဘက်၌လည်း သီးခြားဇရပ် တန်ဆောင်းတစ်ခုရှိသည်။ အနောက်မြောက်ဘက်ထိပ်၌ အုတ်ရေကန်ကြီး တည်ဆောက်ထားသဖြင့် ၎င်းဘက်၌ ရင်ပြင်တော်သည် ကျဉ်းမြောင်းနေသည်။ မြောက်ဘက်၌ အမိုးပြန့်သက်သက်ဖြင့် တည်ဆောက်ထားသည်။ အကာမဲ့ခေတ်ပုံ အာရုံခံ တန်ဆောင်း

တစ်ခုကို ဆောက်လုပ်ထားသည်။ အထူးသဖြင့် နွေကာလညနေနှင့် ညပိုင်း၌ ဘုရား အာရုံပြုရန် အကောင်းဆုံး နေရာများ ဖြစ်ပေသည်။ မြောက်ဘက်ရင်ပြင်တော် အောက်ခြေပိုင်း၌ ဆံတော်ကြို စေတီတော် ဘုန်းတော်ကြီးကျောင်းနှင့် သိမ် အဆောက်အအုံတို့ကို အနီးကပ်တည်ရှိသော အဆောက်အအုံအဖြစ် တွေ့မြင်ရသည်။

ကုန်းမြင့်ကိုင် ရင်ပြင်အလယ်၌ ရွှေဝါရောင် ရွှေသင်္ကန်းဖြင့် ကြည်ညိုဖွယ် အလံပြစေတီကို ဖူးမြင်ရသည်။ ဉာဏ်တော်အမြင့် (၉၈)ပေကျော်ရှိ စေတီကြီးအား စေတီရံများ ဝန်းရံထားသည့်အပြင် ရာဟုထောင့်မှအပ ကျန်စေတီ ပလ္လင်အုတ်ခုံမြင့်မြင့် ထောင့်(၇)ထောင့်၌ သီးခြားခြင်္သေ့ ရုပ်တု တစ်ခုစီ တည်ရှိထားသည်။ ခြင်္သေ့ရုပ်တုများနှင့် မှန်စီထားသော ဘော်ငွေရောင် စေတီရံ (၄)ဆူတို့ ဝန်းရံထားသည့် ကြေးပြားခံ ရွှေသင်္ကန်း ကပ်လှူထားသည့် အလံပြစေတီတော်ကြီးသည် အထူးပင် ပဏာရလျက် ကြည်ညိုဖွယ် ကောင်းလှပေသည်။ လက်ရှိ စေတီတော်ကြီးရှိ ထီးတော်မှာ နှစ်ပေါင်း (၈၀)ကျော် ကပ်လှူထားသည့် ထီးတော်ကြီးဖြစ်သည်။ ထီးတော်ကြီး၌ ကြေးပြား ကပ်လျက် ကမ္ပည်းတင်ထားသည့် အလှူရှင်ကမ္ပည်း၌ 'ဇာတိ မော်လမြိုင်၊ ပဝတ္တိရန်ကုန်မြို့၊ အထက်ပုဇွန်တောင်၊ စက်ဆန်းရပ်၊ ဘောက်စက် မီးရထား၊ ပွဲစားကြီး ဦးအုံး၊ ပွဲကတော်ကြီးမဖော့အူ၊ သားမောင်ဘညွန့်တို့ ကောင်းမှု၊ နိဗ္ဗာန ပစ္စယော ဟောတု၊ ၁၂၇၁-ခုနှစ်၊ တန်ဆောင်မုန်းလ တင်လှူသည်။ ၎င်းစေတီတော်ကို ဒုတိယ ပြင်ဆင် ကြီးကြပ်ဆောက်ရွက်သူ ရုံးစာရေးကြီး အင်ဂျင်နီယာ ဦးဘိုးလှ၊ ၎င်းထီးတော်ကို လုပ်ကိုင်သူ ဆရာမောင်၊ ပုဇွန်ဘောင်တပ်မြေ'ဟု ကမ္ပည်းတင် ရေးထိုးထားကြောင်း၊ ဆံတော်ကြိုစေတီ ဘုန်းတော်ကြီးကျောင်း နာယကဆရာတော် ဦးသီရိန္ဒ၏ ရေးကူးထားမှုအပေါ် မိန့်ကြားချက်အရ လေ့လာ သိရှိရပါသည်။ စေတီတော်ကြီးမှာ နှစ်ပေါင်းများစွာက တည်ရှိထားသည့်အလျောက် ချို့ယွင်းယိုယွင်းမှုများ ရှိခဲ့ရာ ခေတ်အလျောက် ပြုပြင်မှုပြုခဲ့ကြသည်။ မှတ်တမ်းအရ သိရှိရသည်မှာ သာသနာတော် (၁၅၀)ပြည့်နှစ်တွင် ဒွတ္တပေါင်မင်းကြီး ရန်ကုန်မြို့သို့ ရောက်ရှိစဉ် ရွှေတိဂုံစေတီတော်နှင့် ဆံတော်ကြိုစေတီတော်နှစ်ဆူကို ပြုပြင်တော်မူစေခဲ့သည်။ သာသနာတော်(၂၃၆)ခုနှစ်မှ (၂၄၀)ခုနှစ်အထိ စူဠသီရိ ဓမ္မာသောကမင်းကြီးသည် ဆံတော်ကြိုစေတီကို ပြုပြင်မွမ်းမံခဲ့သည်။ သာသနာတော် (၉၃၆)ခုနှစ်တွင် သထုံ(သုဓမ္မပူရ) ဘုရင် ဓမ္မပါလမင်းကြီးသည် ဆံတော်ကြို စေတီကို ပြုပြင်ခဲ့သည်။ သာသနာတော်(၁၅၉၈)ခုနှစ် သထုံ(သုဓမ္မပူရ)ဘုရင်မနူဟာမင်းကြီးမှ စေတီတော်အား ပြုပြင်ခဲ့ပြန်သည်။ သာသနာတော်နှစ်(၁၂၅၄)ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ဆံတော်ကြိုစေတီ ပြိုကျ ပျက်စီးခဲ့သဖြင့် ဟံသာဝတီပြည့်ရှင် ဗညားဦးမှ သက္ကရာဇ် (၇၁၇) ခုနှစ်၌ စေတီတော်ကို ဉာဏ်တော်(၂၅)တောင်ရှိသင်တိုင်း စေတီတော်မြတ်အဖြစ် တည်ဆောက်ခဲ့သည်။ သက္ကရာဇ်(၇၉၈)ခုနှစ်တွင် ဒုတိယအကြိမ် ငလျင်ဒဏ်ကြောင့် ထီးတော်မှ ဖောင်းရစ်တော် အထိ ပြိုကျပျက်စီးမှု ဖြစ်ပေါ်ခဲ့ရာ ရာဇရာဇာဓိ ရာဇဗညားရဲတိုက်မင်းကြီးမှ ပြန်လည် ပြုပြင်တော်မူသည်။သက္ကရာဇ်(၈၁၄)ခုနှစ် ဘုရင်မကြီးရှင်စောပု ကိုယ်တိုင် စေတီတော်၏ချယားသီးမှ ဖိနပ်တော် အထိ ရွှေပိန်းချ ရွှေသင်္ကန်း ကပ်လှူခဲ့သည်။ သက္ကရာဇ်(၈၃၃)ခုနှစ် ဓမ္မစေတီမင်း၏ကျောက်စာ၌ ဖော်ပြပါရှိသည်။ သက္ကရာဇ်(၉၂၆) ခုနှစ် သီတင်းကျွတ်လ၌ တတိယအကြိမ် ငလျင်ဒဏ်ကြောင့် ဆံတော်ကြိုစေတီတော်ကြီးနှစ်ခြမ်း ကွဲခဲ့ရသည်။ ဘုရင့်နောင်မင်းတရားကြီးမှ အသစ် တစ်ဖန် တည်ထားပြန်သည်။ သက္ကရာဇ် (၁၁၃၀) ခုနှစ် နယုန်လတွင် စတုတ္ထအကြိမ် ငလျင်ဒဏ်


ကြောင့် ချယားသီးမှ ငှက်ပျောဖူးအထိ စေတီတော်ကြီး ပြိုကျပျက်စီးသဖြင့် ပြုပြင်ခဲ့ရပြန်သည်။ ခရစ်သက္ကရာဇ် (၁၈၇၃)ခုနှစ်တွင် အလံပြဘုရားထီးတော်ဟောင်း ပြိုကျသဖြင့် ထိုနှစ်မေလ (၉)ရက်နေ့၌ ထီးတော်သစ်တင်လှူပွဲ ကျင်းပခဲ့ကြောင်း ထိုနှစ်ထုတ် တပ်မတော်စာစဉ်၌ ဖော်ပြထားသည်။ ၁၉၄၂–ခုနှစ် ဂျပန်တပ်များ ဝင်ရောက်လာပြီး အင်္ဂလိပ်တို့တပ်စွဲခဲ့ဖူးသော ကုန်းမြေကို ဝင်ရောက်သိမ်းပိုက်ကာ ချုံနွယ် ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းနေသော စေတီဟောင်းကြီးကိုပါ ပြုပြင်မွမ်းမံကြသည်။ ဒုတိယကမ္ဘာ စစ်အတွင်း၌မူ ပြုပြင်သူမရှိဖြစ်ခဲ့ရသည်။ သက္ကရာဇ် (၁၉၄၄) ခုနှစ်တွင် ဗဟန်း၊ ဒဂုံစသော ရပ်ကွက်များရှိ ကုသိုလ်ရှင်များက စစ်အာဏာပိုင်များထံ ခွင့်ပန်လျက် ချုံနွယ်များအား ရှင်းလင်း သုတ်သင်ခဲ့ကြပြီး မြို့တော်ဝန်ဟောင်း ဦးသင်းမောင်က အလံပြဘုရားထီးတော်ကို အသစ်တစ်ဖန် လှူဒါန်းခဲ့ကြောင်း ဆံတော်ကြို သမိုင်းမှတ်တမ်းအရ လေ့လာ သိရှိရပါသည်။

၁၉၈၄–ခုနှစ်တွင် ဦးမင်းသိမ်း အမှူးပြုသော နာယကလူကြီးများက ဂေါပကအဖွဲ့များ စနစ်တကျ ဖွဲ့စည်းကာ စေတီတော်အား သန့်ရှင်းမွမ်းမံ ပြုပြင်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး၊ စခန်းမှူးများ ဖြစ်ကြသည့် ဗိုလ်ကြီးထွန်းပေါ်၊ ဗိုလ်မှူးကြီးဘုန်းကျော်နှင့် ဗိုလ်မှူးကြီးဘဆန်းတို့ လက်ထက်အဆက်ဆက်၌ သက်ဆိုင်ရာ ပြုပြင်မွမ်းမံရေး အဖွဲ့နှင့် ဂေါပကအဖွဲ့တို့သည် ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် မိသားစုများမှ လှူဒါန်းငွေများဖြင့် ကျပ်ငွေ၃၈၅၂၀/ဖြင့် စိန်ဖူးတော်အသစ်တင်လှူခြင်း၊ စေတီတော်ထူပါကြီးအား ကြေးပြား (၂၃၂၆၂၀)ချပ်ကပ်လျက် နစ်လက်မပတ်လည် ရွှေဆိုင်းပေါင်း (၅၄၅၆)ဆိုင်းဖြင့် စစ်ဧး၊ ဝွမ်း၊ ချည်ခင်စသည့် အထောက်အကူပစ္စည်းများနှင့် ရွှေချခ အပါအဝင် ကျပ်ငွေ ၇၉၀၂၁၄၅/ဖြင့် စေတီတော်ကြီးအား ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းခဲ့ခြင်း၊ စေတီတော် ရင်ပြင်ကြီးတစ်ခုလုံးအား နေပူခံကြွေပြားပေါင်း (၉၉၂)ထုပ် အပါအဝင် ရင်ပြင်တစ်ခုလုံး ပြုပြင်မွမ်းမံခြင်း၊ ကြွေပြားခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၃၁၉၂၄၁/၇၀၊ဖြင့် ပြုပြင်လှူဒါန်းခြင်း အပါအဝင် ဝန်ဆောင်စရိတ်နှင့် လုပ်ငန်းရပ်ကြီးတစ်ခုလုံးအား ငွေကျပ်၁၀၀၄၇၂၁၃၁/၃၄၊ကျခံ လှူဒါန်းပြုပြင်မွမ်းမံမှု ပြုခဲ့ကြသည်။ ထိုလုပ်ငန်းများ၌ စေတီအောက်ခြေပြုပြင်ခြင်းနှင့် လျှပ်စစ်မီးပူဇော်ခြင်း လုပ်ငန်းများကိုပါ စနစ်တကျထည့်သွင်းဆောင်ရွက်မှုပြုနိုင်ခဲ့သည်။




ထိုသို့ ဆံတော်ကြိုစေတီ (ခေါ်) ·အလံပြဘုရားကြီးအား ပြုပြင်မွမ်းမံမှုသာမက ဆံတော်ကြိုစေတီ မြောက်ဘက်တွင် ကပ်လျက်ရှိသည့် ဆံတော်ကြိုစေတီ(ခေါ်)အလံပြစေတီဘုန်းတော်ကြီးကျောင်းကိုလည်း ဘုရား၊ တရား၊ သံဃာ

နီးစပ်စွာဖြင့် သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့ ထွန်းကားပြန့်ပွားရေးကို ရည်မျှော်လျက် တည်ဆောက်မှု ပြုခဲ့ကြသည်။ လက်ရှိကျောင်းတိုက် နာယကဆရာတော် ဦးသိရိန္ဒ၏ မိန့်ကြားချက်အရ သက္ကရာဇ်(၁၃၁၄) ခုနှစ် တပို့တွဲလ၌ မြောင်းမြ ဝေဠုဝန်ကျောင်းမှ ဆရာတော် ဦးယောသိတသည် အလံပြစေတီ၌ စတင်သီတင်းသုံးတော်မူခဲ့ကြောင်း၊ ဆရာတော်ဦးယောသိတ မတိုင်မီ သီတင်းသုံးသော ဆရာတော် တစ်ပါးလည်းရှိခဲ့ဖူးကြောင်း သိရှိရသော်လည်း ဘွဲ့အမည်ကို မမှတ်မိကြောင်း ထိုစဉ်က စေတီရင်ပြင်၌ တံတိုင်းပင်မရှိဘဲ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခဲ့ရသည်။ စခန်းမှူး ဗိုလ်ကြီးထွန်းပေါ် လက်ထက်၌ ရင်ပြင်တော်၌ တံတိုင်းကာရံနိုင်ခဲ့သည်။သက္ကရာဇ် (၁၃၁၄)ခုနှစ်မှ (၁၃၃၇)ခုနှစ်အထိ ဆရာတော် ဦးယောသိတနှင့် အတူ အနီးကပ်စောင့်ရှောက်ခဲ့သည့်ပုဂ္ဂိုလ်မှာ ဆရာတော်ဦးတိလောက· ဖြစ်သည်။ သက္ကရာဇ် ၁၃၃၇–ခုနှစ်၌ လက်ရှိနာယက ဆရာတော်ဦးသိရိန္ဒ (ယခုသက်တော်–၄၄၊ ဝါတော်–၂၅)ရောက်ရှိ ဆက်ခံလျက် သီတင်းသုံးခဲ့ပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှုဖြင့် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကို ဖောက်ချဆောင်ရွက်နိုင်ခဲ့သည်။ တစ်ပိုင်းမှလည်း ဘုန်းတော်ကြီးကျောင်းအဖြစ် သက္ကရာဇ်(၁၃၈၆) နှစ်တွင် ကျပ်ငွေ (၅)သိန်းဖြင့် ပင်မကျောင်းကြီးကိုလည်းကောင်း၊ ၁၃၈၉–ခုနှစ်တွင် သိမ်တော်ကို ကျပ်ငွေ (၃)သိန်းကျခံ၍ လည်းကောင်း၊ ၁၃၉၀ ပြည့်နှစ်တွင် အရှေ့ဘက် ကျောင်းဆောင်သစ်နှင့် စေတီတန်ဆောင်းတို့ကို ကျပ်ငွေ (၁၁)သိန်းဖြင့် လည်းကောင်း အကောင်အထည်ဖော် တည်ဆောက်မှုပြုခဲ့သည်။



ဤသို့ဖြင့် ဆံတော်ကြိုစေတီ(ခေါ်) အလံပြစေတီ(ခေါ်) ကျိုက်ခပေါက်ဆွတ်ဟူသော အမည်များဖြင့် ယနေ့တိုင် ထင်ရှားလျက်ရှိသော စေတီတော်မှာ ဘက်စုံမွမ်းမံတည်ဆောက်ရေး လုပ်ငန်းများဖြင့် လွန်စွာသပ္ပာယ် ကြည်ညိုဖွယ် စေတီကြီးတစ်ဆူအဖြစ်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည့်အပြင် တန်ဆောင်း၊ စောင်းတန်း အခန်းခန်းနှင့် သစ်လွင်ခဲ့ညားသော ဘုန်းတော်ကြီးကျောင်း၊ သိမ်၊ ကျောင်းဆောင်များ၊ ရောင်စုံပန်းပွင့်များ ဝေဆာနေသည့် သစ်ပင်၊ ပန်းပင်အဖြာဖြာတို့ဖြင့် တင့်တယ် ဝင့်ထည်လျက် ရှိပေတော့သည်။ တပ်မတော်မိသားစု တပ်ဦးစေတီတော် ဖြစ်ခဲ့ချေပြီ။



## ကျိုက်ဒေးအပ်စေတီ

## (ဗိုလ်တထောင်ဆံတော်ဦးစေတီ)

ကျိုက်ဒေးအပ်စေတီဟူသော ဘွဲ့အမည်မှာ မွန်ဘာသာအရ ကျိုက်=ဘုရား၊ ဒေး=ကုန်း၊ အဲ့(အပ်)=သာချင်းသီဟုအဓိပ္ပာယ်ရ၍ သာချင်းသီစေတီဟု ဖွင့်ဆိုရမည် ဖြစ်သည်။ တစ်နည်းအားဖြင့် သာယာသောသီချင်းကို သီဆိုတတ်သူတို့ နေပူးသောအရပ် ဖြစ်ခြင်းကြောင့် သာချင်းသီစေတီဟု ခေါ်တွင်ကြောင်း အဆို ရှိသည်။

ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့တောင်ယွန်းတာတစ်ထောင်ကျော်အကွာအဝေးရှိ မြစ်ဆိပ်အနီး၌ မဟာမဇ္ဈသေနာပတိ အမတ်သူရဲကောင်း၏ ဆရာဖြစ်သော ကျောင်းကုန်းရဟန်းတော်မှ ကြီးကြပ်တည်တော်မူသော ဘုရားမှာ မူလကျိုက်ဒေးအပ် ဟူသောဘွဲ့အမည်မှ ယခုဗိုလ်တထောင်ဆံတော်ဦးစေတီဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားလျက် ရှိသည်ဟု သမိုင်းကြောင်းအား လေ့လာမှတ်သားရပါသည်။ ကျိုက်ဒေးအပ် ဘွဲ့မည်ရှိသော ဗိုလ်တထောင်ဆံတော်ဦးစေတီတော်၏ သမိုင်းကြောင်းကို ပြန်လည်၍ ဆန်းစစ်ပါက ဤဂုဏ်ထူးမြတ်သော ဗိုလ်တထောင်စေတီတော်နေရာမြတ်၌ မြတ်စွာဘုရားရှင်၏ ဆံတော်မြတ်များနှင့် ဓာတ်တော်မြတ်တို့အား အကြိမ်ကြိမ် ဌာပနာပြုလျက် သုံးကြိမ်တိုင် တည်ထားတော်မူသော သုံးဆူဆံတော်ရှင်စေတီဖြစ်ကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်ပေသည်။

ပထမအကြိမ် စေတီတည်ထားမှုနှင့် ပတ်သက်၍ အရှေ့ပိုင်း၌ ဖော်ပြခဲ့သော တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်နှစ်ဦးတို့သည် မိမိတို့ကို ဥက္ကလာပမင်းကြီး ခွဲဝေချီးမြှင့်သည့် ဆံတော်မြတ်တစ်ဆူစီကို ဌာပနာပြုလျက် ကျိုက်ပါမည်သောဘွဲ့မည်တူ စေတီတော်မြတ်နှစ်ဆူကို တည်ထားခဲ့ပုံကို ပြန်လည်လေ့လာရမည်ဖြစ်သည်။

ထိုစဉ်က ကုန်သည်ညီနောင်တို့တွင် အစ်ကိုဖြစ်သူ တဖုဿသည် ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်တို့အား ဥက္ကလာပဆိပ်ကမ်းမှ ကြိုဆို ပင့်ဆောင်လျက် (၇)လတိုင်တိုင် မင်းနှင့်ပြည်သူ အပေါင်းတို့မှ ပူဇော်ပွဲကြီး ကျင်းပပူဇော်ခဲ့ရာ ရတနာမဏ္ဍပ်တော်နေရာကို ရွေးချယ်သတ်မှတ်ခါ 'ကျိုက်ပါ' ဘွဲ့မည်ဖြင့် စေတီတည်ထားခဲ့ခြင်း ဖြစ်သည်။ ဤကား နောင်တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီအဖြစ် ထင်ရှားလာမည့် စေတီတော်ကြီးအား ပထမအကြိမ် တည်ထားတော်မူပုံ ဖြစ်သည်။ ထိုသို့ ဘုရားရှင်ထံတော်မှ ဦးစွာရရှိသည့် ဆံတော်မြတ်ကို ဌာပနာပြု တည်ထားခြင်းကြောင့် ဆံတော်ဦးစေတီအဖြစ် ယနေ့တိုင် ခေါ်တွင်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဗိုလ်တထောင်စေတီတော်ကြီးကို ဒုတိယအကြိမ် တည်ထားပုံမှာ ကျိုက္ကဆံစေတီတော်မြတ်ကြီးအား ပထမအကြိမ်အဖြစ် ရသေ့ခေါက်၊ သိကြားမင်း၊ တြိယဝင်္ဂမင်းတို့မှ ပထမပတိတကုန်းတော်၌ ဗုဒ္ဓဆံတော်မြတ်များဖြင့် စေတီတည်ထား ကိုးကွယ်ခဲ့သည့်သမိုင်းကြောင်းနှင့် ဆက်နွယ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤသမိုင်းစဉ်၏ ရှေ့ပိုင်း ကျိုက္ကစံ စေတီတော်သမိုင်းတွင် တင်ပြခဲ့သည့်အတိုင်း အရှင်ဂဝံပတိမထေရ်မြတ်ကြီး၏ တောင်းပန်လျှောက်ထားချက်အရ ဗုဒ္ဓဘုရားရှင်သည် နောက်ပါရဟန္တာ ၂ အရှင်မြတ်(၂၀၀၀)ခြံရံလျက် သုဝဏ္ဏဘူမိ (သထုံ)သို့ ဒေသစာရီ ကြွချီလာတော်မူစဉ် ကိုးကွယ်ပူဇော်ရန်အလို့ငှာ တြိဝင်္ဂကျွန်းမှ ရသေ့ခေါက်အပါအဝင် အကြီးအမှူး ရသေ့ကြီးများအား ဆံတော်မြတ်များ ပေးသနားတော်မူခဲ့သည်။ ထိုသို့ ရသေ့ခြောက်ဦးတို့အား ဆံတော်မြတ်များ ပေးသနားတော်မူစဉ် သုဝဏ္ဏဘူမိ (သထုံ)ပြည့်ရှင်ဘုရင် သိရိမာသောက တိဿဓမ္မ. သီဟရာဇာမင်းကြီးသည် ကိုးကွယ်ပူဇော်ရန်အလို့ငှာ မိမိကိုလည်း ဆံတော်မြတ်များ ပေးသနားတော်မူပါရန် တောင်းပန်လျှောက်ထားသည်။ ဘုရားရှင်သည် ပြည့်ရှင်မင်းကြီးအား ဆံတော်မြတ်များ ပေးသနားရန် အချိန်မကျသေး၍ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူလျှင် စန္ဒကူးနံ့သာပုံအတွင်းမှ သုံးဆယ့်သုံးဆူသော သွားတော် ဓာတ်မြတ်တို့ကို အရှင်ဂဝံပတိ ရဟန္တာ အရှင်မြတ်ကြီးမှ ပင့်ဆောင်လျက် ပေးလိမ့်မည်ဟုမိန့်ကြားတော်မူသည်။ ၎င်းနောက် ဘုရားရှင်သည် အခြားသော ရသေ့ပုဂ္ဂိုလ်တို့အား ဆံတော်မြတ်များ ချီးမြှင့်ပြန်ရာ ပြည့်ရှင်မင်းကြီးသည် ဘုရားရှင်၏ သုံးဆယ့်သုံးဆူသော သွားတော်ဓာတ်မြတ်များ မရမီ သခါ်ရတရားအရ သေဘောနှင့် ကြုံတွေ့နိုင်သောကြောင့် ပူဇော်ရန်အလို့ငှာ ဒုတိယအကြိမ်အဖြစ် ဆံတော်မြတ်များ ပေးသနားတော်မူပါရန် ဘုရားရှင်အား တောင်းပန်လျှောက်ထားပြန်သည်။ ဘုရားရှင်သည် ဒုတိယအကြိမ် ပြည့်ရှင်မင်းကြီး၏ တောင်းပန်လျှောက်ထားချက်အရ ချီးမြှင့်ချိန်တန်ပြီဟု ဆုံးဖြတ်ကာ သိရိမာသောက တိဿဓမ္မသီဟရာဇာမင်းကြီးအား ဆံတော်မြတ်နှစ်ဆူကို ပေးသနားတော်မူသည်။ မင်းကြီးသည် မိမိရရှိသော ဆံတော်မြတ်နှစ်ဆူအနက် တစ်ဆူကို သင်္ဂနိတ်တောင်(ခေါ်) မြသပိတ်တောင်ပေါ်ရှိ မြသပိတ်စေတီတော်၏ မြောက်ဘက်၌ စေတီတည်ထားတော်မူသည်။ ကျန်ရှိသော ဆံတော်မြတ်တစ်ဆူကို သူရသေနအမတ်ကြီးအား အပ်နှင်းလျက် သင့်လျော်သည့်နေရာ၌ စေတီတော်တည်ထားစေသည်။ သူရသေန အမတ်ကြီးသည် သိင်္ဂုတ္တရကုန်းတော်၊ ရွှေတိဂုံ စေတီတော်ကြီး၏ အရှေ့တောင်ထောင့်တာ (၁၀၀၀)ခန့်အကွာ၌ တည်ရှိသော မူလက တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ပင့်ဆောင်လာသည့် ဆံတော်မြတ် ၈–ဆူ ခေတ္တကိန်းဝပ်စံပယ် အပူဇော်ခံတော်မူရာ ရတနာမဏ္ဍပ်တော်နေရာမြတ်၌ နောင်တော် တဖုဿ ဆံတော်

တစ်ဆူဌာပနာလျက် တည်ထားခဲ့သော 'ကျိုက်ပါ စေတီ'ခေါ် ဗိုလ်တထောင်စေတီတော်၌ ဌာပနာပြု လျက် မူလစေတီတော်ကိုလည်း ထပ်မံ ပြုပြင် တည်ထားပြန်လေသည်။

ဗိုလ်တထောင်စေတီတော်မြတ်ကြီးအား တတိယအကြိမ် တည်ထားမှုမှာ အဓိကဖြစ်သော စေတီတစ်ဆယ့်တစ်ဆူ၊ ရဟန္တာသိမ်တော် ကိုး သိမ်တို့ကို တည်ထား သမုတ်တော်မူခဲ့ကြသော အရှင်ယသ၊ အရှင်သောဏနှင့် အရှင်သုစိတို့ ကြီးမှူးသော ရဟန္တာရှစ်ပါးတို့နှင့် ဘောဂသေန ဘွဲ့ခံ သီဟဒီပမင်းတို့ စေတီများ တည်တော်မူပုံ သမိုင်းစဉ်ကို ပြန်လည်လေ့လာကြရမည် ဖြစ် သည်။ သမိုင်းစဉ်အရ သီဟဒီပမင်းကြီး၏ ထောက်ပံ့ကူညီမှုဖြင့် ရဟန္တာရှစ်ပါးတို့သည် ကျိုက္ကဆံစေတီတော်မြတ်အား ဦးစွာ တည်တော် မူပြီးနောက် အမတ်သူရဲကောင်း (၁၀)ဦးတို့အား တစ်ဦးလျှင် စေတီတစ်ဆူကျစီ တည်ထားရန် တာဝန်ပေးအပ်ချက်အရ မဟာမစ္ဆသေနာပတိ အမတ်သူရဲကောင်းသည် ဆရာဖြစ်သူ ကျောင်း ကန်းရဟန်းတော်ကြီး၏ ကြီးကြပ်မှုဖြင့် မူလ ကျိုက်ပါစေတီခေါ် ဗိုလ်တထောင်ဆံတော်ဦး စေတီတော်မြတ်၌ပင် ဆံတော်မြတ်တစ်ဆူနှင့် ဓာတ်တော်မြတ်များကို ဌာပနာပြီးလျှင် စေတီ တော်ကို အသစ်တစ်ဖန် ပြုပြင်မွမ်းမံတည်ထား ပြန်သည်။ စေတီတော်၏ဘွဲ့မည်ကိုလည်း ကျိုက် ဒေးအပ်စေတီဟု ခေါ်တွင်ခဲ့ပြန်သည်။ ဤသို့ဖြင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ တော်မြတ်ကြီး၌ တဖုသ ဌာပနာခဲ့သော ပထမ ဆံတော်တစ်ဆူ၊ သူရသေနအမတ်ကြီး ဌာပနာ သော ဒုတိယဆံတော်တစ်ဆူနှင့် မဟာမစ္ဆသေနာ ပတိ အမတ်သူရဲကောင်း ဌာပနာသော တတိယ ဆံတော်မြတ်တစ်ဆူ၊ ပေါင်း ဆံတော်မြတ်သုံးဆူ နှင့် ဓာတ်တော်များ သုံးကြိမ်တိုင် ဌာပနာပြု တည်ထားသော သုံးဆူဆံတော်ရှင် စေတီကြီး ဖြစ်ပေသည်။ ထိုသို့ ဥက္ကလာပမင်းကြီး အမှူး ပြုလျက် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင် တို့မှလည်းကောင်း၊ သထုံပြည့်ရှင် သီရိမာ သောက တိဿဓမ္မ သီဟရာဇာမင်းမြတ်မှ လည်းကောင်း၊ သန်လျင်မဏိဒီပကျွန်း ဘောဂ သေနဘွဲ့ခံ သီဟ ဒီပမင်းတို့၏ အထောက်အပံ့ဖြင့် အကြိမ်ကြိမ် တည်ထားတော်မူခဲ့ပြီး တောင်ငူ တပင်ရွှေထီးမင်း၊ စဉ့်ကူးမင်း၊ ဘိုးတော်ဘုရား လက်ထက်၌ ရွှေကျောင်မင်းကြီး၊ ဘကြီးတော်ဘုရား လက်ထက်၌ ရန်ကုန်မြို့ဝန် ဦးခိုင်၊ ရွှေဘို ကုန်းဘောင်မင်းအဆက်ဆက်တို့မှ အဆက်ဆက် ပြုပြင်မွမ်းမံမှု ပြုခဲ့ကြသည်။

၁၉၄၃–ခုနှစ်၊ ဒုတိယကမ္ဘာစစ်အတွင်း၌ ဗုံးဒဏ်ကြောင့် စေတီတော်ကြီးမှာ မြေခပျက်စီးမှု နှင့် ကြုံရသည်။ ၁၃၀၉–ခု၊ ကဆုန်လဆန်း ၁၂–ရက် (၁–၅–၄၇)ခုနှစ်၊ နံနက် ၆– နာရီအချိန်၌ ဗုံးကျပျက်စီးသည့် အုတ်ပုံများကို ရှင်းလင်းမှု ပြုကြရာမှ မူလမြေတွင်းဌာပနာတိုက် အတွင်းမှ ဗုဒ္ဓဆံတော်မြတ်တို့ကို တွေ့ရှိဖူးမြင်ကြ ရသည်။ ဗုဒ္ဓ၏ဆံတော်မြတ်တို့အား ဂဝံကျောက် စေတီ၊ နံ့သာကျောက်စေတီ၊ ရွှေစေတီတို့ဖြင့် အထပ်ထပ်ငုံလျက် သရိုးဖြင့် ခွေလုံးကာ ရွှေချ ပူဇော်ထားသည်။ ဆံတော်ဓာတ်မြတ်များ ဌာပနာ ထားသည့်ကျောက်စေတီကို ယနေ့တိုင် ဗိုလ် တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဌာပနာ တိုက် အဝင်ဝ၌ ဖူးတွေ့နိုင်ပေသည်။

ထိုသို့တွေ့ရှိသည့် ဆံတော်ဓာတ်မြတ်တို့ကို ဆံတော်တွင်း၌ အပူဇော်ခံလျက် ဥက္ကဋ္ဌကြီး ဆာ ဦးသွင်နှင့် အစိုးရမှ ဦးစီးပြီး အသစ်တစ်ဖန် စေတီတော် တည်ထားကိုးကွယ်ကြသည်။ ဤသို့ ဖြင့် ခေတ်အဆက်ဆက်ကို ဖြတ်သန်းကျော်လွှန် ခဲ့ရာ ဘုရားကြီး၏ဝတ္တကမြေအတွင်း၌ ဈေးဆိုင်

များ၊ ကျူးကျော်နေအိမ်များဖြင့် စေတီတော်ကြီး၏ ကြည်ညိုဖွယ် တည်ရှိမှုကို မတင့်တယ်ဖွယ်ဖြစ်စေခဲ့သည်။ ထို့ကြောင့်ပင် ဝတ္တကမြေအတွင်း ယခင်နှစ်ပေါင်းများစွာကပင် ဆောက်လုပ်လှူဒါန်းခဲ့ကြသော အဆောက်အအုံများ၊ တန်ဆောင်း၊ ဇရပ်နှင့် လိပ်ကန်စသည်တို့မှာ နှစ်ကာလ ကြာညောင်းသည်နှင့်အမျှ ယို့ယွင်းပျက်စီးဆွေးမြေ့မှုများ ရှိလာခဲ့သည်။ သို့အတွက် နိုင်ငံတော်မှ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှုဖြင့် ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းကြီးကို ဆောင်ရွက်ရန် စိစဉ်ဆုံးဖြတ်ခဲ့ကြသည်။

## ဗိုလ်တထောင်ဘက်စုံ ပြုပြင်ပုံ

ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ရေး အဖွဲ့နာယကအဖြစ် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့် (ဒုတိယဗိုလ်ချုပ်ကြီး၊ သာသ နာရေးဝန်ကြီး)၊ ဥက္ကဋ္ဌအဖြစ်နယ်လှည့်အမှတ်(၂၅) ခြေမြန်တပ်မဌာနချုပ်၊ တပ်မမှူး ဗိုလ်မှူးချုပ် လွန်းမောင် (ယခု ဝန်ကြီးချုပ်ရုံး ဝန်ကြီး)ပါဝင်သော ဘက်စုံမွမ်းမံပြင်ဆင်တည် ဆောက်ရေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ စာရင်းစစ် အဖွဲ့၊ ပစ္စည်းဝယ်ယူစုဆောင်းရေးအဖွဲ့၊ သတင်း နှင့် ပြန်ကြားရေးအဖွဲ့နှင့်လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များကို ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျွမ်းကျင်သူ ပညာရှင်တို့ဖြင့် စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များသည် ဦးစွာ ဝတ္တကမြေအတွင်း၌ မတင့်တယ်ဖွယ်ရာ တည်ရှိနေသောဈေးဆိုင်များ၊ ကျူးကျော်နေအိမ်များကို စနစ်တကျ ဖယ်ရှားပြောင်းရွှေ့ နေရာချထားပေးခဲ့သည်။ ဘက်စုံ မွမ်းမံ တည်ဆောက်ရေးအတွက် ငွေကျပ်သိန်း (၆၀)ဖြင့် **စီမံကိန်းရပ်ကြီး ၆-ခု** တို့ကို အကောင်အထည်ဖော် **ဆောင်ရွက်ရန်** လျာထားသတ်မှတ်ခဲ့သည်။ **စေတီတော်ကြီး** ဝတ္တကမြေအတွင်း တည်ရှိသော **ယခင် ယာယီစံ** ကျောင်းတွင် ရွှေသားစေတီ၊ ငွေသားဆင်းတုတော်၊ ရွှေထည်ပစ္စည်းများနှင့် အဖိုးတန်ကျောက်မျက်ရတနာများ ပူဇော်ထားရှိရာ ပျက်စီးချို့ယွင်းမှုရှိလာသည်နှင့်အမျှ လုံခြုံမှုမှအစ တင့်တယ်ကြည်ညိုမှုအမြင်၌ မတင့်မတယ် ဖြစ်စေခဲ့သည့် အခြေအနေသို့ ရောက်ရှိနေသည်။ သို့အတွက် ယာယီစံကျောင်းတော်အား မြနန်းနွယ်ဘုရားကျောင်းဆောင် နှစ်ထပ်အဆောက်အဦးအဖြစ် ပြန်လည်တည်ဆောက်ရေးအတွက် စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ခဲ့သည်။ မြနန်းနွယ် ဘုရားကျောင်းတော်ကြီး တည်ဆောက်ရေးအတွက် (၁၀-၃-၉၀) ရက်နေ့နံနက် (၉)နာရီအချိန်တွင် တည်ဆောက်မည့်နေရာ၌ အုတ်မြစ်ချ အခမ်းအနား တစ်ရပ် ကျင်းပပြု လုပ်ခဲ့သည်။ မြနန်းနွယ် ဘုရားကျောင်းဆောင်တော်ကြီးအား သံအားကူကွန်ကရစ် နှစ်ထပ်တိုက် အဆောက်အဦးအဖြစ် တည်ဆောက်ခဲ့ပြီး အနုစိတ် မွမ်းမံခြယ်သခြင်းလုပ်ငန်းအပါအဝင် လုပ်ငန်းတစ်ခုလုံးကို (၁၇-၁၁-၉၀)ရက်နေ့၌ အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည်။ ၎င်းအဆောက်အဦး၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ငွေကြေး (၃၃၃၆၈၅၅)သုံးစွဲလျက် သာသနာပြုခဲ့သည်။

ဗိုလ်တထောင် စေတီတော်မြတ်ကြီး၏ အဝင်လမ်းမထိပ်၌ ယခင်က စောင်းတန်း တန်ဆောင်း၊ မုခ်ဦးများမရှိခဲ့သဖြင့် စေတီတော်ကြီး တည်ရှိနေမှုအား အလွယ်တကူသိရှိနိုင်ရေးနှင့် တင့်တယ်မှုရှိစေရေးအတွက် သံအားကူ ကွန်ကရစ် အဝင်မုခ်ဦး ပြာသာဒ်ဆောင်တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းကို ကျပ်လေးသိန်း လျာထားလျက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ (၁၉-၄-၉၀) ရက်နေ့တွင် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည်။

မူလမုခ်ဦးအပေါ် ပြာသာဒ်ဆောင် သုံးဆောင်ကို အင်္ဂတေနှင့် လုပ်ကိုင်ရန် လျာထားခဲ့သော်လည်း ကုန်ကျစရိတ် သက်သာပြီး အလေးချိန်ပေါ့ပါးကာ ရေရှည်တည်တံ့စေနိုင်ရေးအတွက် ပြာသာဒ်ဆောင် လင်းနို့တောင်နှင့် စုလစ်မွန်းချွန်းများကို ကြေးနီဖြင့် ပြုလုပ်ခဲ့သည်။ ၎င်းကြေးနီလုပ်ငန်းအတွက် ငွေမင်နှင့်ဆေးသုတ်ခြင်း အပါအဝင် ကျပ်(၃၂၂၅၈၇) ကုန်ကျခဲ့သည်။ မူလပုံစံထုတ်ရာ၌ မပါဝင်ခဲ့သော်လည်း ပိုမိုတင့်တယ်သပ္ပာယ်စေခြင်းအလို့ငှါ မုခ်ဦးဝဲယာ တိုင်နှစ်တိုင်၏ ရှေ့နောက်ထွက် နတ်ရုပ်များ၊ အင်္ဂတေကနုတ်ပန်းများ၊ ခြသေ့ရုပ်နှစ်ရုပ်တို့ ထပ်မံဖြည့်စွက်လုပ်ကိုင်ခဲ့သည့်အတွက် ကုန်ကျငွေ (၄၂၀၀၀)ကိုလည်းကောင်း၊ တိုင်နှစ်တိုင်၏ မျက်နှာစာလေးဘက်၌ အင်္ဂတေကနုတ်ပန်းများ ပြုလုပ်ခြင်းအတွက် ငါးသောင်းကျပ်ဖြင့် လည်းကောင်း ခေတ်မီနီယွန် မီးဆိုင်းဘုတ်လုပ်ငန်း အတွက် ကျပ်ခြောက်သောင်း လေးထောင်ဖြင့် လည်းကောင်း၊ မုခ်ဦးနောက်ဘက် မျက်နှာစာ၌ ဗိုလ်တထောင်စေတီတော်၏ သမိုင်းဝင် ဗုဒ္ဓဝင်အဖြစ် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား ဘုရားရှင်မှ ဆံတော်များ ချီးမြှင့်ခန်းနှင့် သတ္တဌာန ရုပ်တုအင်္ဂတေ ဖောင်းကြွရုပ်တုများ အတွက် ကျပ်သုံးသောင်းတို့ဖြင့် မွမ်းမံတည်ဆောက်ခဲ့ရာ အဝင်ဝမုခ်ဦး ပြာသာဒ်ဆောင်ကြီးမှာ သုံးစွဲငွေ ကျပ်(၁၀၆၅၆၀၆)ဖြင့် (၁၇-၁၁-၉၀) ရက်နေ့တွင် အပြီးဆောင်ရွက်နိုင်ခဲ့သည်။

ဗိုလ်တထောင်စေတီတော်ကြီး၏ ပတ်လည်ရှိ စေတီရံများအား ဂေါပကအဖွဲ့မှ တည်ထားကြသည်မှာ မကြာသေးသဖြင့် ပိုမိုတင့်တယ်သပ္ပာယ်မှု ရှိနေစေရေးအတွက် ရွှေသင်္ကန်းများ ကပ်လှူရေးကို ဘက်စုံစီမံကိန်းအဖြစ် ထည့်သွင်းလျာထားခဲ့သည်။ စေတီရံများ၌ ဂေါပကအဖွဲ့မှ ကြေးပြားသင်္ကန်းများ ကပ်လှူခဲ့ပြီး ဖြစ်သဖြင့် (၂၅-၄-၉၀) ရက်နေ့တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ နှစ်လက်မတစ်မတ် ရာပြည့်ရွှေဆိုင်း၊ တစ်ဆိုင်းလျှင် (၇၁၀ိ)နှုန်းဖြင့် ရွှေဆိုင်းပေါင်း(၉၀၀) ဝယ်ယူကပ်လှူခဲ့ရာ(၁၈-၅-၉၀) ရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သည်။ စေတီရံ (၁၁)ဆူအတွက် ရွှေသင်္ကန်း ကပ်လှူရေး လုပ်ငန်းကို ကျပ်(၁၁)သိန်း လျာထားသော်လည်း ကျပ် (၆၂၆၅၁ဒ/၈၇ပြား)သာ ကုန်ကျခဲ့သည်။ လျာထားငွေ ပိုလျှံသည့်အပြင် ဗိုလ်တထောင်စေတီတော်ကြီး၏ အရှေ့ဘက်ရှိ နောင်တော်ကြီး စေတီမှာ ရွှေသင်္ကန်းများ ယိုယွင်းပျက်စီးကာ အမည်းကွက်များ ဖြစ်ပေါ်နေသည့်အတွက် ငွေကျပ် (၁၄၀၆၅၆)ကျပ်(၁၂)ပြား သုံးစွဲလျက် ဖြည့်စွက်လုပ်ငန်းအဖြစ် ရွှေသင်္ကန်း များ ကပ်လှူခဲ့သည်။

ဗိုလ်တထောင်စေတီတော်ကြီး၏ စနေထောင့်မြေနေရာ၌ မူလကရှိနေသော လူနေအိမ်ခြေများကို ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ထွက်ပေါ်လာသည့် မြေကွက်လပ်နေရာအား ရင်ပြင်တော်တိုးချဲ့လုပ်ငန်းအဖြစ် ကျပ် ခြောက်သိန်းလျာထားကာ သတ်မှတ်ဆောင်ရွက်ခဲ့သည်။ တိုးချဲ့ရင်ပြင်တော်အား မြေကြီးအမာခံ ညှိခြင်း၊ ကွန်ကရစ်လောင်းခြင်း၊ ကတ္တရာ ထည့်ခြင်း၊ အုန်းပင်များ ခြေရင်းတို့၌ အုတ်ခုံများ ပြုလုပ်ခြင်း၊ ပန်းအလှစိုက်ခြင်းတို့ကို (၂၅-၄-၉၀)ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ (၁၇-၁၁-၉၀) ရက်နေ့ တွင် အောင်မြင်ပြီးစီးခဲ့သည်။ လုပ်ငန်းအတွက် ကုန်ကျငွေမှာ (၃၆၃၄၆/၈၀ပြား)သုံးစွဲကုန်ကျခဲ့ပါသည်။

စေတီတော် ပရိဝုဏ် အတွင်း၌ ရေလုံလောက်စွာ သိုလှောင်ထားရှိနိုင်ရေးနှင့် စနစ်တကျ ရေပေးဝေနိုင်ရေးအတွက် စေတီတော်ရင်ပြင် အင်္ဂါထောင့်၌ ဂါလံ (၆၄၀၀)ခန့် သံအားကူကွန်ကရစ် ရေစင်ကြီး တည်ဆောက်ရေး လုပ်ငန်းကို စီမံကိန်းလုပ်ငန်းအဖြစ် ငွေကျပ် ခြောက်သိန်း

လျာထား၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ (၂၃-၄-၉၀)ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ (၁၇-၁၁-၉၀) ရက်နေ့တွင် ကုန်ကျငွေ (၄၅၀၃၀၄/၃၅ါး)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

စေတီတော်ကြီး၏ အင်္ဂါထောင့်တွင် တည်ရှိသော လိပ်ကန်မှာ ရေကြည်လင်မှု မရှိဘဲ ပြုပြင်ရန် လိုအပ်သဖြင့် စီမံကိန်းလုပ်ငန်းတစ်ရပ်အဖြစ် ကျပ်ငွေသုံးသိန်း လျာထားသတ်မှတ်လျက် (၃-၄-၉၀)ရက်နေ့တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် ရေကန်တွင်းမှ ရေများ စုပ်ထုတ်ပြီး လိပ်၊ ငါးများကို ပြောင်းရွှေ့ပေးခြင်း၊ ရေကန်အောက်ခြေ၌ အင်္ဂတေထုလောင်းခြင်း၊ လိပ်သဲကျောက်စီခြင်း၊ ကွန်ကရစ်လက်ကမ်းတန်းများ ပြုပြင်ခြင်း၊ လိပ်ကျွန်းများ တည်ဆောက်ပြုပြင်ခြင်း၊ ကြာဖူး ကြာရွက်များ ပြုလုပ်ခြင်း၊ အရှေ့ဘက်နံရံပေါ် တွင် နဂါးရုပ်တုထုလုပ်ခြင်း စသည်ဖြင့် ရေရှည် တည်တံ့စေနိုင်ရန် ဆောင်ရွက်ခဲ့ရာ ကျပ်ငွေ(၆၄၀၂၃၈/၅၃)ပြားသုံးစွဲ ကုန်ကျခဲ့ပြီး (၁-၁၁-၉၀)ရက်နေ့တွင် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

ဗိုလ်တထောင် စေတီတော်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးစီမံကိန်းအတွက် ကျပ်သိန်းခြောက်ဆယ်လျာထား သတ်မှတ်ဆောင်ရွက်ခဲ့ရာ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပိုမိုတင့်တယ်သပ္ပါယ်မှု ရှိစေရေးအတွက် တိုးချဲ့ဖြည့်စွက် လုပ်ငန်းများကို ဆောင်ရွက်ရသောကြောင့် စုစုပေါင်းကျပ် (၆၆၃၃၅၆၉/၇၃ပြား)သုံးစွဲ ကုန်ကျခဲ့ပါသည်။

သို့သော် စေတီတော်ကြီး ဂေါပကအဖွဲ့မှ မတည်လှူဒါန်းငွေ ကျပ်ငါးသိန်း၊ နိုင်ငံတော်မှ ဆောက်လုပ်ရေး ပစ္စည်းများဝယ်ယူခွင့် ရရှိသဖြင့် သက်သာငွေ (၆၉၈၇၅၅/၅၈ပြား)အပါအဝင် ဘက်စုံလုပ်ငန်းအတွက် အလှူငွေစုစုပေါင်း (၇၄၄၂၆၄၁/၁၈ပြား)ရရှိခဲ့သည်။

ထိုသို့ အလှူငွေများ ပိုမိုရရှိခဲ့သောကြောင့် ဘက်စုံမွမ်းမံပြင်ဆင် တည်ဆောက်ရေး လုပ်ငန်းကြီးကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်မည့် စေတီတော်မြတ်ကြီးအား ရွှေစင်၊ ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူရေး လုပ်ငန်းအတွက် ငွေကျပ်(၆၇၇၉၉၂/၂၁ါး) လွှဲပြောင်းလှူဒါန်းနိုင်ခဲ့ကြောင်း ဂေါပက အဖွဲ့မှ ပြောကြားချက်နှင့် ဘက်စုံမွမ်းမံ ပြုပြင်တည်ဆောက်ရေး အစီရင်ခံစာမှတ်တမ်းအရ လေ့လာသိရှိရပါသည်။

(၁၈-၁၀-၉၀)ရက်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်ဘက်စုံမွမ်းမံပြင်ဆင် တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်ခြင်း အထိမ်းအမှတ် ဖွင့်ပွဲနှင့် ရေစက်ချအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ အခမ်းအနားသို့ နိုင်ငံတော် သံဃနာယက ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ ပဲခူးမြို့မ ဆရာတော်ဘုရားကြီးနှင့် အကျိုးတော်ဆောင်ချုပ် ဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ဘုရားကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ နိုင်ငံတော် အကြီးအကဲများ တက်ရောက်ကြသည်။ ၎င်းနောက် စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တော်တွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို ကျင်းပပြန်ရာ ဆရာတော် သံဃာတော် (၅၄)ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ ဘက်စုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ အောင်မြင်ခြင်း အထိမ်းအမှတ် အခမ်းအနား ကျင်းပကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထိုသို့ ဘက်စုံမွမ်းမံ ပြင်ဆင်တည်ဆောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ စီမံကိန်း လုပ်ငန်း၌ မပါဝင်သော်လည်း စေတီတော် ရင်ပြင်တော်နှင့် တစ်ဆက်တည်း တည်ရှိနေသည့် မှန်ကျောင်းတော်အား အသစ် ဆောက်လုပ်လှူဒါန်းမှု ပြုခဲ့ပြန်သည်။ မူလ မှန်ကျောင်းတော်သည် (၂၈)သိန်းခန့် အကုန်အကျခံ လှူဒါန်းတည်ဆောက်ထားသော မှန် ပရိယတ္တိ စာသင်တိုက်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

# ဂုဏ်ရောင်မမှိန် သိမ်ကိုးသိမ်

## ဂုဏ်ရောင်မမှိန် သိမ်ကိုးသိမ်

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လင်္ကာဒီပ (သီဟိုဠ်–သီရိလင်္ကာ)မှ မြန်မာနိုင်ငံ မဇ္ဈိမဒီပကျွန်း(သံလျင်–တညင်)သို့ ကြွရောက်တော်မူလာကြသော အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုစိတို့ ကြီးမှူးသော ရဟန္တာအရှင်မြတ် (၈)ပါးတို့သည် စေတီတော်ပေါင်း တစ်ဆယ့်တစ်ဆူကို ကြပ်မတ်တည်တော်မူရင်း မူလ ရည်ရွယ်ရင်းအတိုင်း အရှင်ယသမထေရ်မြတ်ကြီး၏ သက်တော်ထင်ရှားရှိစဉ်က သမုတ်တော်မူခဲ့သော အရှင်ယသသိမ်တော်ကြီး အပြင် ကျန်ရှိသော ရဟန္တာအရှင်မြတ်ကြီးတို့မှ သိမ်တော်ကြီး(၈)သိမ်ကို ဆက်လက်သမုတ်တော်မူခဲ့ကြသည်။ စုစုပေါင်း သိမ်တော်ကြီးကိုးသိမ် ဖြစ်သည်။ ဤသည်မှာ သီဟိုနည်းအရ သာသနာအစ ရှင်သာမဏေကဟူသည့် ဆိုရိုးစကားနှင့်အညီ ရှင်သာမဏေဘဝဖြင့် ရှင်သာမဏေများအား ရဟန်းဘောင်သို့ တက်လှမ်းနိုင်ကြစေရန် ရည်မှန်းဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်သည်။

ထိုစဉ်က တည်ထားသမုတ်တော်မူခဲ့သော သိမ်တော်ကြီးများမှာ–

(၁) အရှင်ယသသိမ်တော်ကြီး
(သဃ်န်းကျွန်း)

(၂) တာမွေထန်းပင်ကုန်းသိမ်တော်ကြီး
ပဲခင်(တာမွေ) ယခု (ဗဟန်း)

(၃) ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး
(မင်္ဂလာတောင်ညွန့်မြို့နယ်)

(၄) သစ်တိုပင်ကုန်းအလုံသိမ်တော်ကြီး
(လမ်းမတော်မြို့နယ်)

(၅) ရဟန္တာသိမ်တော်ကြီး
(ဘုရားလမ်း၊ ဒဂုံမြို့နယ်)

(၆) ကျားကူးသိမ်တော်ကြီး
(ဘုရားလမ်း၊ ဒဂုံမြို့နယ်)

(၇) ခရေပင်ကုန်းသိမ်တော်ကြီး
(ကျောက်တံတားမြို့နယ်)

(၈) မဟာသိမ်တော်ကြီး
(ပန်းပဲတန်းမြို့နယ်)

(၉) ကသစ်ပင်ကုန်းမြင်းခင်းသိမ်တော်ကြီး
(ကျောက်တံတားမြို့နယ်)

## အရှင်ယသသိမ်တော်ကြီး


အရှင်ယသသိမ်တော်ကြီးသည် မူလသမုတ်တော်မူခဲ့သည့် ရဟန္တာအရှင်မြတ်တို့၏ အကြီးအမှူးဖြစ်သော အရှင်ယသ ရဟန္တာ အရှင်မြတ်၏ဘွဲ့တော်ကို အစွဲပြုလျက် ရှင်မဟာယသသိမ်တော်ကြီးဟု ထင်ရှားခဲ့သည်။ သိမ်တော်ကြီးသည် သမိုင်းဝင် ကျိုက္ကစံစေတီတော် မြတ်ကြီး၏ အနောက်တောင်ထောင့်(စနေထောင့်)မှ ပေ(၂၀၀) ခန့် အကွာ၌ တည်ရှိလျက် ရှိသည်။




ကျိုက္ကစံစေတီတော်မြတ်ကြီးအား ဘက်စုံမွမ်းမံ ပြုပြင် တည်ဆောက်ရေး လုပ်ငန်းကြီး ဆောင်ရွက်မှုနှင့် အတူ စေတီတော် ဝတ္ထကမြေ ပရိဝုဏ်အတွင်း၌ တည်ရှိလျက်ရှိသော အရှင်မဟာယသ သိမ်တော်ကြီးကိုလည်း ငွေကျပ် (၁၂၇၀၂၈/)အသုံးပြုလျက် ပြုပြင်မွမ်းမံ မှုပြုခဲ့သည့် အလျောက် ခံ့ညားဝင့်ထည် ကြည်ညိုဖွယ် တည်ရှိနေသည်။ အုတ်တိုင်တို့၏ အကြားတွင် သံကိုင်များ စီတန်းစိုက်ထားသော ခြံဝင်းကာရံထားသည့် အလယ်အုတ်ခုံမြင့်ထက်၌ ရွှေဝါရောင် ဆေးသားခြယ်သမှုဖြင့် တစ်ထပ်အုတ်တိုက် သိမ်တော်ကြီးပင် ဖြစ်သည်။

သိမ်တော်ကြီး၏ အရှေ့မျက်နှာစာ ထိပ်ပိုင်း၌ (၁၃၂၄) ခု၊ အရှင်မဟာယသ ရဟန္တာသိမ်တော်ကြီးဟု ကမ္ပည်းမော်ကွန်းတင်စာသားကို ရေးသားထားသည်။


သိမ်တော်ကြီးအတွင်း၌ နောက်ဘက်နံရံကို ကျောအမှီပြုလျက် စကျင်ကျောက်ဖြင့် ထုထားသည့်ကျောက်ဆင်းတုရုပ်ပွားတော်ကြီး သုံးဆူကို ကြည်ညိုဖွယ်ဖူးမြင်ကြရသည်။ မူလ သိမ်တော်ကြီးမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ကြာမြင့်ခဲ့ပြီးဖြစ်သည့်အလျောက် ပျက်စီး ယိုယွင်း မှုရှိခဲ့မည်သာဖြစ်ပေသည်။ သိမ်တော်ကြီး ပြုပြင်မှုနှင့်စပ်လျဉ်း၍ သိမ်တော်ကြီး၌ ရေးသားချိတ်ဆွဲထားသောစာတမ်းအရ "၁၃၄၅-ခု၊ ဖြာသိုလဆန်းတွင် ဝတ်လုံတော်ရ ဦးမောင်မောင်ကြီးနှင့် ဒေါ်နှင်းမြ၊ သားသမက် ဦးစောလွင်၊ ဒေါ်ခင်သန်း မိသားစု၊ ၅၀၀၀ဝ ဂေါပကအဖွဲ့မှ ဆိုင်းဘုတ်၊ သံပန်း သံတံခါး (၃၉၁၀၀)ဖြင့် လှူဒါန်းခဲ့ကြောင်း" အထောက်အထားတရပ်အဖြစ် တွေ့ရှိရသည်။ ယနေ့ ဖူးမြင်ရသော ရှင်ယသသိမ်တော်ကြီးကား အုတ်တိုက်သိမ်တော်ကြီးအဖြစ် အုတ်တိုင်နှင့် သံတိုင်စိုက် ခြံဝင်း၊ ခြံဝင်းအတွင်းရှိ သိမ်တော်ကြီး ပတ်လည်၌ အင်္ဂတေပတ်လမ်းနှင့် မြက်ခင်းပြင်၊ ပန်းပင်များဝန်းရံလျက် တည်ငြိမ် ခံ့ညားမှုအသွင်ကို အပြည့်အဝဖော်ဆောင်လျက် ရှိသည်။



ရှင်ယသ ဓာတုစေတီ နှင့် ကျောက်စာတော်ဝင်း မြင်ကွင်း ။



ကျောက်စာတော် ဓမ္မစေတီတော်များ ။



## ကျောက်စာတော်မည် ဓမ္မစေတီ

ဤသိမ်တော်ကြီးနှင့် ဆက်နွယ်လျက် သိမ်တော်ကြီး အနောက်ဘက်ဂိုက် ၅၀၀ခန့်အကွာတွင် ယခု ကျောက်စာတော် အရှေ့ကျောင်းတိုက်နှင့် ခြစည်းရိုးခြားလျက် ကျယ်ဝန်းလှသည့် ပရိဝုဏ်အတွင်း၌ ကျောက်စာတိုင်စေတီများ တည်ရှိသည်။ နေရောင်ခြည်ထက်တွင် တလက်လက် တောက်ပနေသော မှန်စီသင်္ကန်း၊ ထုံးသင်္ကန်းတို့ဖြင့် ရောင်ဖွင့် သပ္ပါယ်ကြည်ညိုဖွယ် စေတီတော်သုံးဆူသည် တောင်နှင့် မြောက်တန်းလျက် တည်ရှိနေသည်။ အလယ်ရှိစေတီကြီးမှာ "အရှင်ယသဓာတုစေတီ"ဘွဲ့အမည်ဖြင့် ထင်ရှားသော စေတီဖြစ်ကြောင်း ကျောက်စာတော်အရှေ့ကျောင်းဆရာတော် ဦးပဏ္ဍိတ၏ မိန့်ကြားချက်အရ သိရှိရပါသည်။ သိမ်တော်ကြီးအား သမုတ်တော်မူခဲ့သည့် ရဟန္တာအရှင်မြတ်တို့၏ အကြီးအမှူးဖြစ်သော အရှင် ယသ ရဟန္တာအရှင်မြတ်၏ ဓာတ်ပေါက်များကို ဌာပနာပြု တည်ထားသောကြောင့် ရှင်ယသဓာတုစေတီ ဟု ခေါ်တွင်ခဲ့ကြသည်။ မွန်ဘာသာအရ ကျိုက်ယသစေတီဟုလည်း တစ်မျိုးခေါ်တွင်ကြပြန်သည်။ ရှင်ယသဓာတုစေတီတော် တောင်ဘက်နှင့် မြောက်ဘက်တို့၌ တစ်ဘက်စီတွင် အရွယ်တူစေတီရံနှစ်ဆူ တည်ထားသည်။ ၎င်း စေတီများမှာ စစ်ကိုင်းမင်းကွန်းဒေသရှိ မြသိန်းတန်စေတီတော်ကြီးကဲ့သို့ စေတီတော်အောက် ခြေမှ စေတီအထက်သို့ အဆင့်ဆင့် တက်ရောက် ကြည်ညိုမှု ပြုနိုင်သည့် နတ်လမ်းပြာသာဒ်မုခ်ဦးတို့ဖြင့် တင့်တယ်လှသည်။

ရှင်ယသဓာတုစေတီ၊ စေတီရံနှစ်ဆူနှင့် ဘုရားတန်ဆောင်းတို့အား ပင်မပြုလျက် ကျောက်စာတော် ဓမ္မစေတီ (၉၉)ဆူတို့သည် အရပ်မျက်နှာအလိုက် ညီညာသော ကျောက်စာတိုက်တို့အဖြစ် ဝန်းရံတည်ရှိလျက်ရှိသည်။ ဝိနည်း၊ ငါးကျမ်းပါဠိတော်များ၊ ရဟန္တာရှင်ယသနှင့် သက်ဆိုင်သည့် အကြောင်းများကို ကမ္ပည်းတင် ထုလုပ်ထားသည့် ကျောက်စာချပ်များအား အမြင့်သုံးပေခန့်ရှိသော



စေတီငယ်တစ်ဆူစီက ကျောက်စာတိုင်အား အုပ်မိုးထားသည်။ ကျောက်စာတိုက် (ဓမ္မစေတီတော်)များသည် စေတီတော်ကြီးအား ဝန်းရံပူဇော်နေဘိသကဲ့သို့ တည်ရှိနေသည်။ ဤသို့လျှင် ကျောက်စာတော်များ အစီအရီ ဝန်းရံ ထားသည်ကို အစွဲပြုလျက် "ကျောက်စာရံစေတီ" ဟူ၍ ကမ္ပည်းတင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ နှောင်းခေတ်၌ ကျောက်စာရံဘွဲ့အမည်မှ ကျောက်စာတိုင်စေတီဟု ယနေ့တိုင်ထင်ရှားလျက်ရှိသည်။

ကျောက်စာတော် ဓမ္မစေတီများ ပြုပြင်မွမ်းမံရန် ဥက္ကဋ္ဌ ဦးစိန်သာဗလ ဦးဆောင်သော အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားများမှ အလှူတော်ငွေ ရရှိပြီးဖြစ်သောကြောင့် မကြာမီ ကြည်ညိုသပ္ပာယ်ဖွယ် စေတီတော်များကို ဖူးမြင်ကြရမည်ဖြစ်ပါသည်။

အထူးသဖြင့် အနာဂတ်သာသနာတော်ကြီး အရှည်တည်တံ့ထွန်းကားပြန့်ပွားရေးကို ရှေးရှုလျက် သာသနာပြုခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ကြွရောက်တော်မူလာကြပြီး စေတီတစ်ဆယ့်တစ်ဆူ၊ ရဟန္တာသိမ်တော်ကြီး ကိုးသိမ်တို့အား တည်ထားတော်မူခဲ့ကြသည့် အရှင်ယသအမှူးပြုသော ရဟန္တာအရှင်မြတ်ကြီးများ၏ သာသနာပြုသမိုင်းစဉ်၏ မှန်ကန်စွာ တည်ရှိခဲ့ပုံကို ကျိုက္ကစံစေတီတော်ကြီး၊ ရှင် မဟာယသသိမ်တော်ကြီးနှင့် အရှင်ယသဓာတုစေတီတော်များက အဓိက အထောက်အကူပြု သာဓကအဖြစ် ဖော်ပြလျက်ရှိသည်။

အထူးသဖြင့် ကျိုက္ကစံစေတီတော် ဘက်စုံမွမ်းမံပြုပြင် တည်ဆောက်ရေးအဖွဲ့နှင့် ဂေါပကအဖွဲ့ဝင် လူကြီးများသည် နှောင် ရေရှည်အကျိုးကို မျှော်ကိုးလျက် အရှင်ယသဓာတုစေတီနှင့် ကျောက်စာရံစေတီတော်များရှေ့ရှိ လက်ရှိမြေလမ်းအား ဘုရားဖူးမြင်လိုသူများ အလွယ်တကူ သွားလာဖူးမြင်နိုင်ကြစေရေးအတွက် ပြုပြင်သွားရန် အစီအစဉ် ရှိကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

ယခုအခါ ကျိုက္ကစံစေတီတော်မြတ်ကြီး၊ အရှင်မဟာယသသိမ်တော်ကြီးနှင့် အရှင်ယသဓာတုစေတီတော်များသည် ကျယ်ဝန်းလှသည့် ဝတ္ထကမြေအတွင်း ဘုန်းတော်ကြီးကျောင်းများ ဝန်းရံလျက် တည်ရှိပေသည်။



## တာမွေ ထန်းပင်ကုန်းသိမ်တော်ကြီး

တာမွေမြို့နယ် ငါးထပ်ကြီးဘုရားလမ်း (ကင်းဘဲလ်လမ်း)ရှိ အစိုးရပုံနှိပ်တိုက် (ယခင်သောမတ်စ်ဒီလာရူး ပုံနှိပ်တိုက်) အရှေ့ဘက် သိမ်ကုန်းကျောင်းတိုက်အတွင်း၌ တည်ရှိသည်။ မွန်ဘာသာအားဖြင့် မူလက (တာ့မိုက်)ဟူသော အမည်မှ တာမွေမြို့နယ်အမည်စတင်ခဲ့ကြောင်း သိရှိရသည်။ မွန်ဘာသာအနေဖြင့်တာ့= ထန်းပင်၊ မိုက်–တစ်ခုဟု အဓိပ္ပာယ်ရသဖြင့် တာ့မိုက်= ထန်းတပင်ဟု အဆိုရှိသည်။ ထိုတာ့မိုက်ဟူသော အမည်မှ ကာလရွေ့လျောကာ တာမွေဟူသော အမည်သို့ ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။ သိမ်တော်ကြီးသည် ထန်းပင်များပေါက်ရာ ကုန်း၌ တည်ရှိ၍ ထန်းပင်ကုန်းသိမ်ဟုလည်း ခေါ်တွင်ကြသည်။ သိမ်တော်ကြီးတည်ရှိသည့် မြို့နယ်အမည်ကို အစွဲပြု၍ တာမွေသိမ်ဟူ၍လည်း ခေါ်တွင်ကြသည်။ တစ်ဖန် ၎င်းအမည်နှစ်ရပ်ကို ပေါင်းချုပ် တာမွေထန်းပင်ကုန်းသိမ်ဟု ခေါ်တွင်ခဲ့ကြပြန်သည်။


၎င်းသိမ်တော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ် တာမွေသိမ်ကုန်းကျောင်းတိုက် ဇောတိကကျောင်း ဆရာတော်ဦးကုမာရက သိမ်တော်ကြီးပေါ်ထွန်းလာမှုနှင့်ပတ်သက်၍ စာရေးသူအား မိန့်ကြားမှုမှာ မှတ်သားဖွယ် ကောင်းလှသည်။ သမိုင်းကြောင်း၌ တန်ဖိုး ရှိလှသည်။ မူလက သိမ်ကုန်းကျောင်းတိုက်ကြီးကို ဆရာတော်ဦးရေဝတမှ စတင်တည်ထောင်ခဲ့ပြီး ဆရာတော်ဘုရားကြီးသည် ၁၃၁၅–ခု၊ ဝါခေါင်လဆန်း ၁၄–ရက်နေ့၊ သက်တော်(၈၀)အရွယ်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ တပည့်ရင်း သက်တော် (၉၀) အရွယ် လွန်ခဲ့သည့် နှစ်အနည်းငယ်ကမှ ပျံလွန်တော်မူသည့် ရွှေလဝင်း ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သော ဆရာတော် ဦးသီဟမှ "ယခုသိမ်တော်ကြီး တည်ရှိရာနေရာ ဝန်းကျင်ကို ရှေးအခါက ဟံသာဝတီ ပုံနှိပ်တိုက် သူဌေးကြီး မစ္စတာရစ်ပလီက အင်္ဂလိပ်မင်းများထံ ပတ္တာကြီးခံမြေဝယ်ယူလျက် တော

များကို ခုတ်ထွင်ရှင်းလင်းပြုလုပ်စဉ် ယခုသိမ်တော်ကြီး၏ သိမ်ကျောက်စာတိုင်ကို တွေ့ရှိခဲ့ရကြောင်း၊ သူဌေးကြီး၏ ဇနီးများဖြစ်ကြသော ဒေါ်ဘောမ၊ ဒေါ်ဘွယ်တို့က ဗိုလ်ချုပ်အောင်ဆန်းအိမ်အနီးရှိ ရွှေကြက်ယက်ကျောင်း၌ သီတင်းသုံးတော်မူခဲ့သည့် ရေ့မိနောက်မိ သက်ကြီးဝါကြီးဖြစ်သော ပထမဆရာတော်ကို ပင့်လျက် အခြေအနေကို လျှောက်ထားခဲ့ကြောင်း မူလရွှေကြက်ယက် ဆရာတော်ကြီးက ‘ဤနေရာသည် ရဟန္တာအရှင်မြတ်များ သမုတ်တော်မူခဲ့သောသိမ်တော်နေရာဖြစ်သည်။ ရန်ကုန်မြို့၌ သိမ်ကိုးလုံး ရှိသည့်အနက် တစ်သိမ်အပါအဝင်ဖြစ်သည်ဟု အတိအကျ မိန့်ကြားခဲ့ကြောင်း’ အဆင့်ဆင့်မှတ်သားထားသည့် မှတ်စုများဖြင့် ဆရာတော် ဦးကုမာရမှ မိန့်ကြားချက်အရ သိရှိခဲ့ရပါသည်။

ဤသို့ ရဟန္တာအရှင်မြတ်များ သမုတ်တော်မူခဲ့သည့် သိမ်တော်ကြီးနေရာ ဖြစ်ကြောင်း သိရှိရသောကြောင့် သူဌေးကတော် ဒေါ်ဘောမနှင့် ဒေါ်ဘွယ်တို့မှ ဒါယိကာပြုလျက် သိမ်ဟောင်းနေရာ၌ အုတ်တိုက်သိမ်အဆောက်အဦးနှင့်တကွ တံခွန်တိုင်၊ဘုရားတန်ဆောင်းတို့ကို တည်ဆောက်လှူဒါန်းမှု ပြုကြသည်။ သိမ်တော်ကြီးအတွင်း၌ ယနေ့ ဖူးမြင်ကြရသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုလည်း ဒေါ်ဘောမ၊ ဒေါ်ဘွယ်တို့မှပင် လှူဒါန်းပူဇော်မှု ပြုခဲ့ကြသည်။ ယခုအခါ အုတ်တိုက်အဆောက်အဦးအဖြစ် ဆေးရောင်တို့ဖြင့် ခြယ်မှုန်းထားသော သိမ်တော်ကြီးသည် ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအလယ်၌ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ သိမ်တော်ဝင်ရာ၊ ရဟန်းခံရာ၊ ဝတ်ပြုရာအဖြစ် သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် အဓိက အထောက်အကူအဖြစ် တည်ရှိလျက်ရှိပေသည်။ လက်ရှိ သိမ်ကုန်းကျောင်းတိုက်အတွင်း၌ ဆရာတော် ဦးကုမာရ သီတင်းသုံးတော်မူလျက်ရှိသည့်ဇေတဝန်ကျောင်း၊ ကလကတ္တား ကျောင်း၊ အာရကျောင်းနှင့် ပုဗ္ဗဝိဒေဟကျောင်းတို့ တည်ရှိကြပြီး ပရိယတ္တိစာပေများ သင်ကြားပို့ချလျက်ရှိသည်။ လက်ရှိကျောင်းတိုက်အတွင်း၌ ဆရာတော်၊ သံဃာတော်နှင့် သာမဏေပေါင်း ၆၀-ပါးကျော်တို့သည် သာသနာ၏အကျိုး အတွက် ကြိုးပမ်းဆောင်ရွက် သာသနာပြုလျက် ရှိသည်။ သိမ်တော်ကြီး ပြုပြင်မှုနှင့်ပတ်သက်၍ ၁၃၀၂-ခုနှစ်၌ အိုးဖိုကွက်သစ်၊ နန္ဒင်းမကင်း ကုန်သည် ဦးမောင်သိန်း+ဒေါ်စံမေ၊ သားသမီး မြေးများက ပထမအကြိမ်အဖြစ် သိမ်တော်ကြီးကို မွမ်းမံပြုပြင်ခဲ့ကြသည်။ တစ်ဖန် ဗိုလ်တေဇ ရပ်ကွက် ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးလျက် သိမ်တော်ကြီးအား ပြုပြင်ခဲ့ကြရာ ၁၁-၄-၈၇နေ့၌ ပြီးစီးအောင်မြင်ခဲ့သည်။

အထူးသဖြင့် ဤသိမ်တော်ကြီးကဲ့သို့သော ရဟန္တာများ သမုတ်တော်မူခဲ့သည့် သိမ်တော်ကြီးတစ်ခုဖြစ်ထွန်းရန်မှာမလွယ်ကူသည့်အလျောက် လက်ရှိသိမ်တော်ကြီး အရှည်တည်တံ့ရေးနှင့် ပြုပြင်ထိမ်းသိမ်းရေးအတွက် ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၏ ကြပ်မတ်မှုဖြင့် ဘာသာဝင်အပေါင်းတို့က ကြိုးပမ်းဆောင်ရွက်သင့်လှပေသည်။






**ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး**

ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော် ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူ မီးရထား ရပ်ကွက် သိမ်ဖြူလမ်းနှင့် ဗိုလ်မင်းရောင်လမ်း (ဦးအုန်းခိုင်လမ်း)ထောင့် သိမ်ဖြူဈေး တောင်ဘက်ရှိ ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက် အတွင်း တောင်ကုန်းမြင့်ထက်၌ တည်ရှိသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀–ကျော်ခန့်က ဆောက်လုပ်ထားခဲ့သည်ဟု အဆိုရှိသော သိမ်တော်ကြီးသည် ထုံးဖြူဖြူ ဖွေးဖွေးအဆင့်ဖြင့် ဖူးမြင်ကြရသောကြောင့် သိမ်ဖြူတော်ကြီး ဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားခဲ့သည်။ သိမ်ဖြူတော်ကြီး၏ အရှေ့ဘက်၌ တည်ရှိသော ပုဇွန်တောင်ချောင်း လက်တက်မှ တစ်နေ့လျှင် ဒီရေ အတက်အကျ နှစ်ကြိမ် ဖြစ်ပေါ်လေ့ရှိရာ စီးဆင်းဝင်ရောက်သည့် ရေများဖြင့် ပြည့်လျှံ နေတတ်သောကြောင့်လည်း ဒေဝသာဂရ (နတ်သမုဒ္ဒရာ) ဟူသောဘွဲ့အမည် ဖြင့်လည်း ခေါ်တွင်ကြသည်။ ဤသို့ ဘွဲ့မည်နှစ်ရပ်ကို ပေါင်းစပ်လျက် ဒေဝသာဂရသိမ်ဖြူတော်ကြီးဟု ဘွဲ့မည်ထင်ရှားခဲ့သည်။

သိမ်ဖြူတော်ကြီး တည်ရှိမှုနှင့် ဘွဲ့ အမည်ကို အစွဲပြုလျက် သိမ်ဖြူတော်ကြီး တည်ရှိရာ ကျောင်းတိုက်ကို ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်၊ သိမ်ဖြူတော်ကြီး ရှေ့မှ လမ်းမကြီးကို သိမ်ဖြူလမ်း၊ သိမ်ဖြူတော်ကြီး တည်ရှိရာ ရပ်ကွက်ကို သိမ်ဖြူရပ်ကွက် (နောင်တွင် မီးရထား ဘူတာကြီးနှင့် မီးရထားဌာန ပေါ်ပေါက်တည်ရှိပြန်ရာ သိမ်ဖြူ မီးရထားရပ်ကွက်ဟု ယနေ့တိုင် ထင်ရှားခဲ့သည်)။ သိမ်ဖြူတော်ကြီးအနီးရှိ ယခင် သိမ်ဖြူဆရာတော်ကြီး သီတင်းသုံးလျက် ကျောင်းတိုက်တည်ထောင်ခြင်း၊ အိန္ဒိယနိုင်ငံ၏ဆေးဝါး ကုထုံးနည်းများကို အခြေခံပြီး ရောဂါဝေဒနာရှင်များအား ဆေးကုသခြင်းပြုခဲ့မှုအပေါ် မူတည်လျက် သိမ်ဖြူကျောင်းတိုက် သိမ်ဖြူဆရာတော် ဟူသောဘွဲ့အမည်များသည်လည်း သိမ်ဖြူတော်ကြီးကို အခြေခံအစပြု၍ ပေါ်ပေါက်လာသော အမည်များအဖြစ် ထင်ရှားခဲ့သည်။

သိမ်ဖြူတော်ကြီး တည်ရှိရာ သိမ်ကုန်းကျောင်းတိုက်ကုန်းမြင့်ပေါ်သို့ တက်ရောက်သည့် မြောက်ဘက်လှေကားထိပ်တွင် မူလက ဘီလူးမ



ရပ်ထုရှိခဲ့သဖြင့် ကုန်းတော်၏ တောင်ဘက်ရှိ ဈေးကို ဘိလူးမဈေးဟု ဦးစွာ ခေါ်တွင်ခဲ့သည်။ နောင်တွင် ထင်ရှားသော သိမ်ဖြူတော်ကြီးကို အစွဲပြုလျက် သိမ်ဖြူဈေးဟု ခေါ်တွင် ထင်ရှားခဲ့သည်။အင်္ဂလိပ်တပ်များ ရန်ကုန်မြို့သို့ သိမ်းပိုက် အုပ်စိုးစဉ်ကာလ၌ မူလက ဒီရေအတက်အကျရှိသည့် မြေနိမ့်ပိုင်းတို့ကို တောင်ကုန်းများ ဖြိုချလျက် မြေဖို့ကာ တည်ထောင်ခဲ့သည့် ရပ်ကွက်ကို ယနေ့တိုင် ဖို့မြေရပ်ကွက်ဟု ခေါ်တွင်ခဲ့ကြသည်။ ရန်ကုန်မြို့ကို အင်္ဂလိပ်အာဏာပိုင်တို့က မြို့ကွက်သစ်ရိုက်၍ တိုးချဲ့သည့်အခါ ယခုပန်းဆိုးတန်းနှင့် ၃၇-လမ်းဝန်းကျင်၌ တည်ရှိခဲ့သော ခရေပင်ကျောင်းတိုက် (ပန်းတောတိုက်)ရှိ ဘုန်းတော်ကြီးကျောင်းကို ဖယ်ရှားမှု ပြုစေခဲ့ရာ ၎င်းကျောင်းတိုက်ကို သိမ်ဖြူတော်ကြီး တည်ရှိရာ ကုန်းမြင့်တွင် မြေနေရာအစားပေး ပြောင်းရွှေ့စေခဲ့ရာမှ သိမ်ဖြူတော်ကြီး ကုန်းမြင့်ပေါ်၌ ဘုန်းတော်ကြီးကျောင်းများ စတင်အခြေစိုက် သီတင်းသုံးခဲ့ကြသည်။ အထူးသဖြင့် သိမ်ဖြူတော်ကြီး ဝတ္တကမြေများအပါအဝင် မြေကွက်များကို မြေသိမ်းပြုလျက် ရန်ကုန်ဘူတာကြီးနှင့် မီးရထားဌာနသို့ လွှဲအပ်ပေးခဲ့သည်။

ရဟန္တာသိမ်ဖြူတော်ကြီးမှာ သံဃာတစ်ထောင်ဆံ့နိုင်သော ထုထည်ကြီးမား ခံ့ညားသပ်ယပ်သည့် အုတ်တိုက်ကြီးအဖြစ် တည်ရှိနေသည်။ (သမိုင်းအရ သီဟိုဠ်မှ ကြွတော်မူလာကြသော ရဟန္တာအရှင်မြတ်တို့သည် ဒဂုံ(ရန်ကုန်)နှင့် ဟံသာဝတီမြို့များရှိ ရသေ့များ ရဟန်းခံပြုလုပ်လိုကြသဖြင့် သိမ်တော်ကြီးအား သမုတ်တော်မူခဲ့ကြောင်း အဆိုရှိသည်။) သိမ် အဆောက်အဦးကြီးနှင့် တစ်ဆက်တည်း အဖြစ် သိမ်ဖြူတော်ကြီးပတ်လည်ကို ဖူးမြင်ကြည်ညိုနိုင်ကြစေရေးအတွက်

ပြုလုပ်ထားသော အုတ်ခုံမြင့် စကြံပတ်လမ်း၊ သိမ်ဖြူတော်ကြီး ရှေ့ပိုင်းရှိ ဘုံဆောင်မြင့် အဆင့်ဆင့်တို့ဖြင့် တင့်တယ်လှသည့် တန်ဆောင်းတော်ကြီးတို့သည် သိမ်တော်ကြီးအား ပိုမိုခံ့ညားမှုရှိစေသည်။ သိမ်ဖြူတော်ကြီးအတွင်းပိုင်း၌ လူတစ်ယောက် လက်နှစ်ဖက်စာခန့်ရှိ တိုင်လုံးကြီးများသည် သိမ်တော်ကြီးအပေါ်ပိုင်း အဆောက်အအုံဖြစ်သော အမိုးပိုင်းနှင့် ဘုံမြင့်ပြာသာဒ်အဆင့်ဆင့်တို့ကို အထောက်အခံအဖြစ် တည်ရှိနေသည်။ သိမ်ဖြူတော်ကြီး၏ နောက်ဘက်နံရံအားကျော အမှီပြုလျက် ဉာဏ်တော်မြင့်မားသည့် ကြည်ညိုဖွယ် ကျောက်ဆင်းတုရုပ်ပွားတော်ကြီးသုံးဆူ တည်ရှိလျက်ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်ခန့်မှစ၍ ယနေ့တိုင် သိမ်ဖြူတော်ကြီးအား စောင့်ရှောက်ထိန်းသိမ်းကသာသနာပြုတော်မူလျက်ရှိသည့် ဆရာတော်ဦးဒေးယျသာဂရသည် သီတင်းသုံးဖော်ရဟန်းတစ်ပါးနှင့်အတူ မူလက သိမ်တော်ကြီးအတွင်း၌ပင် ကျောင်းအဖြစ်သီတင်းသုံးလျက်သာသနာပြုတော်မူခဲ့ရသည်။

သိမ်ဖြူတော်ကြီး အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တို့တွင် သိမ်တော်ကြီးသမိုင်းကို ကမ္ပည်းတင်ထားသည့် ကျောက်စာနှစ်ချပ် စိုက်ထူထားရှိသည်။ အရှေ့ဘက် ကျောက်စာ၌

"ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ပါဋလိပုတ်ပြည်မှ နောက်ပါ သံဃာတော်နှစ်ကျိပ်နှင့်တကွ ကြွရောက်တော်မူလာကြသော ရဟန္တာနှစ်ပါးတို့သည် ဗုဒ္ဓသိမ်ကိုးလုံး သမုတ်တည်ထားခဲ့သည့်အနက် ဒေဝသာဂရ အမည်ရှိသော ဤသိမ်ဖြူတော်ကြီးအပါအဝင် မှန်ကြောင်း၊ မွန်လူမျိုးတို့၏ သမိုင်းစာတွင် အသီးအခြားထင်ရှားပါရှိသည့်အတိုင်း"ဟူ၍ဖော်ပြထားသည်။တစ်ဖန် သိမ်ဖြူတော်ကြီး အရှေ့တောင်ဘက်ရှိ အုတ်ပြာသာဒ်အတွင်းမှ ကျောက်စာ၌ ဖော်ပြပါရှိသည်မှာ "ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံပြီးနောက် ၂၁၈-နှစ်မြောက်သောအခါ ပါဋလိပုတ်ပြည်ကို အစိုးရသော သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ တတိယသင်္ဂါယနာတင်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တ တိဿမထေရ်မြတ်၏ တပည့်ရင်းဖြစ်တော်မူသော အရှင်ယသ၊ အရှင်သောဏနှင့် အရှင် သုစိအမှူးပြုသော ရဟန္တာအရှင်မြတ်တို့သည် နောက်ပါ သံဃာတော် နှစ်ကျိပ်နှင့်တကွ ရာမညတိုင်းသုဝဏ္ဏဘူမိသို့ သာသနာပြု ကြွရောက်တော်မူရာ သီဟဒီပမင်းအား သရီရဓာတ်တော်မွေတော်မြတ်များကို အပ်ပေးတော်မူ၍ စေတီပုထိုးတည်ထားကိုးကွယ်စေသည့်အပြင် ဒေဝသာဂရသိမ်ကုန်းတွင် ရဟန္တာအရှင်မြတ်များကို ကိုယ်တော်တိုင် ဤသိမ်ဖြူတော်ကြီးနှင့်တကွ ဗုဒ္ဓသိမ်ကိုးလုံးကို တည်ထားတော်မူကြောင်းနှင့် မွန်လူမျိုးတို့၏ သမိုင်းစာဟောင်း၌ ထင်ရှားရှိသည့်အတိုင်း"ဟူ၍ ဖော်ပြထားသည်။ သိမ်ဖြူတော်ကြီး၌ စိုက်ထူထားသော ကျောက်စာနှစ်ချပ်၌ပင် သမိုင်းကြောင်းကို နှစ်မျိုးနှစ်စားကွဲပြားလျက် ကမ္ပည်း မှတ်တမ်းတင်ထားသည်ကို လေ့လာ တွေ့ရှိရသည်။ မည်သို့ပင်ရှိစေကာမူ သမိုင်းအဖုံဖုံ တို့ကို ခြင့်လေ့လာသုံးသပ်ချက်အရ သီရိလင်္ကာ (လင်္ကာဒီပ-သီဟိုဠ်)မှ သာသနာပြု ကြွလာတော်မူကြသောအရှင်ယသ၊ အရှင်သောဏနှင့် အရှင်သုစိ အမှူးပြုသော ရဟန္တာမထေရ်မြတ်ရှစ်ပါးတို့ တည်ထားသမုတ်တော်မူခဲ့သည့် သိမ်ဖြူတော်ကြီး အဖြစ်သာ မှတ်သားလေ့လာ သိသာထင်ရှားလှပေသည်။





# "နယ်ချဲ့ရန်သူခံတပ်ဖြို"

မိုးသို့စွင့်လျက် ကုန်းမြင့်ထက်မှ
ဝင်းလက်ရောင်သွေး ထုံးဖွေးဖွေးမို့
ဘွဲ့ပေးတွင်ခေါ် သိမ်ဖြူတော်။
စိန်ပြောင်းကျည်များ မိုးပေါက်လားသို့
စွမ်းအားပြင်းထန် မိုးလုံးညံ့လည်း
ခုခံသူများ တိုင်းရင်းသားတို့
ဆောင်စားဖွေးဖွေး မာန်ဟုန်ကြွေးလျက်
ရဲသွေးနီနီ ရဲဇာနည်တွေ
တိုင်းပြည်အတွက် စွန့်စားရက်မို့
အသက်မငဲ့ တွန်းလှန်ခဲ့သည်
နယ်ချဲ့ရန်သူ ခံတပ်ဖြို။
တစ်ဘက်တရား တဘက်စားဖြင့်
တို့များတွန်းလှန် နယ်ချဲ့ရန်ကို
မြဲမြဲသတိ အစဉ်ရှိလော့။ ။

(အင်္ဂလိပ်- မြန်မာပထမ-ဒုတိယစစ်ပွဲကာလ ရဟန္တာသိမ်ဖြူတော်ကြီး ဘွဲ့အမည်မှ နယ်ချဲ့ရန်သူ ခံတပ်ဖြူအဖြစ် သူ့ကျွန်မခံတွန်းလှန်ခဲ့ပုံကို ဂုဏ်ပြုဖွဲ့ဆိုပါသည်။)

**(မြတ်ရှာန်)**

## မဟာရန်ကုန်မြို့ရှိသမိုင်းဝင်စေတီတစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်တော်ကြီးကိုးသိမ်

### နယ်ချဲ့ရန်သူ–ခံတပ်ဖြူ

ပထမနှင့်ဒုတိယအင်္ဂလိပ်မြန်မာ စစ်ပွဲကာလ၌ စစ်မြေပြင် ဖြစ်ခဲ့ရသော ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့ကြသည့် အင်္ဂလိပ်မြန်မာတိုက်ပွဲများတွင် သိမ်ဖြူတော်ကြီး တည်ရှိရာ နယ်မြေတိုက်ပွဲများသည်လည်း ထင်ရှားသည့် တိုက်ပွဲများအဖြစ် လေ့လာမှတ်သားရပါသည်။ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကာလ၌ တောင်ကုန်းမြင့် ဖြစ်နေသော သစ်ကြီး၊ ဝါးကြီးတို့ဖြင့် ဖုံးအုပ်ကာကွယ်မှု ရှိနေသည့် သိမ်ဖြူတော်ကြီး ပတ်ဝန်းကျင်တို့သည် မြန်မာတပ်တို့၏ အဓိကစခန်းချရာဒေသ ဖြစ်ခဲ့သည်။ထိုစဉ်က သိမ်ဖြူတော်ကြီးမှ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းထိ တည်ရှိသော နယ်မြေသည် စိမ့်ကြီးမြိုင်ကြီး၊ သစ်ကြီး ဝါးကြီး၊ တောတောင်၊ လျှိုမြောင်များဖြင့် တည်ရှိနေသည်။ ၎င်းသစ်ကြီးဝါးကြီးတို့၏ တောင်ရိပ်တောင်ရွယ်ကို အကာအကွယ်ယူလျက် ကျူးကျော်တိုက်ခိုက်လာကြသော အင်္ဂလိပ်တပ်များအား အနီးကပ်ရဲဝံ့စွာ တိုက်ခိုက်ကြသော မြန်မာတပ်တို့၏ တိုက်ခိုက်မှုသည် အင်္ဂလိပ်တို့အား အထိနာစေခဲ့သည်။ ကျူးကျော်သူ အင်္ဂလိပ်တို့အား ခုခံရေးတပ်စခန်းအဖြစ် မြန်မာတပ်များ၏ တွန်းလှန်ကာကွယ်ရာ သိမ်ဖြူနယ်မြေဖြစ်ခဲ့သည်။

အထူးသဖြင့် ဒုတိယအအင်္ဂလိပ် မြန်မာစစ်ပွဲ၌ သိမ်ဖြူတော်ကြီးသည် သိမ်တော်ကြီး အဆောက်အဦးအဖြစ်မှ သိမ်ဖြူတော်ခံတပ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ တရားသော ခုခံရေးစစ်ပွဲ၌ အဓိက အချက်အခြာနေရာ တစ်နေရာကို မြန်မာတပ်တို့ အခိုင်အမာ တပ်စွဲထားနိုင်ခြင်းဖြစ်သည်။ မြန်မာ တပ်များက ရှေ့တန်းအဓိက တပ်စခန်းအဖြစ် သိမ်ဖြူတော်ခံတပ်ကြီးကို အခိုင်အမာ တည်ဆောက်ထားကြသည်။ သိမ်ဖြူတော်ကြီး ပရိဝုဏ်နှင့် တောင်ကုန်းမြင့်အထက်ပိုင်းကို သစ်လုံးများအား အလုံးလိုက်ထောင်လျက် ကာရံကာ ခံတပ်ပြုလုပ်ထားသောကြောင့် သိမ်ဖြူသစ်တပ် ဟုလည်း ခေါ်ဆိုကြသည်။ မြန်မာတို့က သိမ်ဖြူတော်ခံတပ်ကို သမင်ချို ခံတပ်ဟုတမျိုးခေါ်ထွင်ကြသော်လည်း အင်္ဂလိပ်တို့ကမူ ထုံးဖွေးဖွေးအဆင်းဖြင့် တွေ့မြင်နေကြရသော သိမ်ဖြူတော်ကြီးကို အစွဲပြုလျက် သိမ်ဖြူတော်ခံတပ် (The White House Stockade) ဟု စစ်သမိုင်းများ၌ မှတ်တမ်းပြုခေါ်တွင်ခဲ့ကြသည်။ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ၌ ရန်ကုန်မြို့သိမ်းတိုက်ပွဲ စတင်ရန် ဆိပ်ကမ်းမှ တက်ရောက်လာကြသော အင်္ဂလိပ် တပ်များနှင့် မြန်မာတပ်တို့ ဖြစ်ပွားသည့် တိုက်ပွဲများတွင် သိမ်ဖြူတော်ခံတပ် တိုက်ပွဲသည် အဓိကအရေးပါသော တိုက်ပွဲဖြစ်ခဲ့သည်။ မြန်မာတို့က အင်္ဂလိပ်တပ်များသည် မြန်မာ တပ်များ အခိုင်အမာ တပ်စခန်း ပြုထားရာ ရွှေတိဂုံကုန်းတော်သို့ တိုက်ရိုက် ရောက်ရှိနိုင်သော လမ်းမှ ချီတက်လာကြမည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် အင်္ဂလိပ်တို့က မြို့၏အရှေ့ဘက် လမ်းမှ မြို့ကိုပတ်၍ ချီတက်ကြသည်။ ဤတွင် မြန်မာတို့ အခိုင်အမာပြု တပ်စွဲထားသည့် ရွှေတိဂုံကုန်းတော်၏ရှေ့တန်းနယ်မြေဖြစ်သော သိမ်ဖြူတော် ခံတပ်ရှိ မြန်မာတပ်တို့နှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ခဲ့ကြသည်။ မြန်မာတပ်တို့က သိမ်ဖြူတော်ခံတပ်အတွင်းမှ အပြင်းအထန် ခုခံတိုက်ခိုက်ကြသည်။ မြန်မာတပ်အချို့က သိမ်ဖြူခံတပ်ပြင်ပရှိ သစ်ကြီးဝါးကြီးများ ဖုံးအုပ်နေသည့် သစ်တောများ၏ ကာကွယ် နေမှုကို အခွင့်ကောင်းပြုကာ အနီးကပ်ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ဤတွင် မြန်မာတပ်တို့၏ လက်ချက်ဖြင့် အင်္ဂလိပ်တပ်များ အကျအဆုံး များခဲ့ကြသည်။ အင်္ဂလိပ်တပ်များက သိမ်ဖြူတော် ခံတပ်ကို ခေတ်မီလက်နက်များဖြင့်



ဒလစပ် ပစ်ခတ်နေသော်လည်း ခုခံသူမြန်မာတပ်တို့သည် သဲသဲမဲမဲ ခုခံကာကွယ်ခဲ့ကြသည်။ သိမ်ဖြူတော် ခံတပ် ကျရှုံးပါက အဓိက မြန်မာတပ်တို့ နေ့စဉ်ပြုရာ ရွှေတိဂုံကုန်းတော်သို့ ချီတက်တိုက်ခိုက်ရန် လမ်းပွင့်သွားမည်ဖြစ်သည်။ ထို့ကြောင့်ပင် သိမ်ဖြူတော် ခံတပ်ကုန်းမှ ပြင်းထန်စွာ ခုခံနေကြသည့်အပြင် ရွှေတိဂုံရှိ မြန်မာတပ်တို့ကလည်း အမြောက်များဖြင့် အကူပစ်ခတ်ပေးလျက်ရှိသည်။ သို့သော် မြန်မာတို့ အသုံးပြုနေသော အမြောက်နှင့် လက်နက်ဟောင်းများသည် ခေတ်မှောက်ကျပြီး အင်္ဂလိပ်တို့ထံမှ တစ်ဆင့်ခံဝယ်ယူထားသောလက်နက်ဟောင်းများသာ များသဖြင့် ထိရောက်မှု နည်းခဲ့သည်။ လက်နက်အင်အား ကောင်းသည့် အင်္ဂလိပ်တို့ကို မြန်မာတို့က သူ့ကျွန်မခံ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်မာတ်ကို အရင်းခံလျက် သောလက်နက်ဖြင့် ရဲရဲဝံ့ဝံ့ နိုင်ငံအတွက် အသက်ပေးလျှ ပိုက်ခိုက်ခြင်းပင် ဖြစ်သည်။ လက်နက်အင်အား လူအင်အားသာသည့် အင်္ဂလိပ်တို့သည် သိမ်ဖြူတော်ခံတပ်ကို ရုတ်တရက် မထိုးဖောက်နိုင်အောင် ဖြစ်ကြရသည်။ နောက်ဆုံး၌ အင်္ဂလိပ်တို့သည် သိမ်ဖြူတော်ခံတပ်ကို ဖြိုခွင်းနိုင်ရန် စစ်သင်္ဘောပေါ်ရှိ နှစ်ဆယ်ပေါင်ဒါဟောင်ဝတ်ဇာအမြောက်ကြီးများကို သိမ်ဖြူတော်ခံတပ်အနီးသို့ ရွှေ့ပြောင်းသယ်ယူကြသည်။ အနီးကပ်အမြောက်ကြီးများဖြင့် အပြင်းအထန် ပစ်ခတ် သည့်အခါ သိမ်ဖြူတော်ခံတပ်ရှိ သစ်လုံး ခံတပ်များ ပျက်စီးမီးလောင်ခဲ့သည်။ ထိုသို့ မီးများလောင်၍မြန်မာတပ်တို့ ခုခံမှု အရှိန် လျော့ကျစဉ် အင်္ဂလိပ်တပ်များသည် ခံတပ်အတွင်းသို့ အတင်းပင်ရောက်ကြသည်။ မြန်မာတို့ ခံတပ်ကို မီးလောင်ခံနေရသည့်ကြားမှပင် အတင်းဝင်ရောက်တိုက်ခိုက်လာ သည့် အင်္ဂလိပ်တပ်တို့ကို လှူချင်းဝင်ပူးလုံးထွေးကာ ဆောင်ဓားများဖြင့် ခုတ်ပိုင်းကြသည်။ နှစ်ဘက်စစ်သည်များ အကျအဆုံးများကြသည်။ သူ့ကျွန်မခံတွန်းလှန် ကြသည့် မြန်မာတို့၏သတ္တိကားကြက်သီး မွေးညင်းထမှု အံ့ချီးဘွယ်ကောင်းစွ။ နောက်ဆုံး၌ လူအင်အား လက်နက်အင်အားမမျှသဖြင့် မြန်မာတပ်တို့ အဆင့်ဆင့်ခုခံရင်း ထွက်ခွာရသည်။ အင်္ဂလိပ်တို့သည် သိမ်ဖြူတော်ခံတပ်ကို သိမ်းမိလျှင် မြန်မာတို့ ပြန်လည်စခန်းမချနိုင်စေရန် ညတွင်းချင်းပင် ခံတပ်ကို မီးရှို့ဖျက်ဆီးပစ်ကြသည်။ သိမ်ဖြူတော်ခံတပ်ကို သိမ်းပိုက် အောင်နိုင်ခြင်းသည် အင်္ဂလိပ်တို့အဖို့ မြန်မာတပ်တို့ အခိုင်အမာစခန်းပြုရာ ရွှေတိဂုံကုန်းတော်သို့ ချီတက်တိုက်ခိုက်ရန် အဓိက အတားအဆီးကို ကျော်လွှန်နိုင်ခဲ့ကြခြင်း ဖြစ်သည်။ ဤကား မတရားသောစစ်ကိုပန်တီးလျက် ကျူးကျော်လာသော အင်္ဂလိပ်တို့ကို သူ့ကျွန်မခံသော မြန်မာ့ဇာတိမာန်ဖြင့် မြန်မာတို့ တွန်းလှန် တိုက်ခိုက်ရာ၌ သိမ်ဖြူတော်ခံတပ်အဖြစ် ထင်ရှားခဲ့သော သိမ်ဖြူတော်ကြီး၏ စွမ်းဆောင်မှုအခန်းကဏ္ဍပင်ဖြစ်ပေသည်။ မြန်မာတို့ ဂုဏ်ယူဖွယ် အစဉ်အလာကောင်းများ ပြသရာ ရဟန္တာသိမ်ဖြူတော်ကြီးသည် ယနေ့တိုင် ရပ်တည် ထင်ရှားလျက်ရှိပေသည်။

## သိမ်တော်မဟာပြုပြင်ရာ

မူလကပင် သမိုင်းဝင် ရဟန္တာသိမ်တော်ကြီးဖြစ်သည့်အပြင် ကျူးကျော်သူနယ်ချဲ့အင်္ဂလိပ်တို့အား တွန်းလှန်တိုက်ခိုက်ရာ သိမ်ဖြူတော် ခံတပ်အဖြစ် ထင်ရှားခဲ့သောသိမ်တော်ကြီးသည် ခေတ်အဆက်ဆက် သီတင်းသုံးတော်မူခဲ့ကြသော ဆရာတော် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမ၏ပြုပြင်လှူဒါန်းမှုတို့ဖြင့် ယနေ့တိုင်ရပ်တည်နေခဲ့ခြင်းပင်ဖြစ်သည်။ သိမ်ဖြူတော်ကြီးရှိ ကျောက်စာနှစ်ချပ်ပါ ပြုပြင်မှု မှတ်တမ်းအရ ၁၁၅၂-ခုနှစ်တွင် သိမ်ဖြူတော်ကြီးကို ပန်းတောတိုက်ဆရာတော်က ပြုပြင်မှုပြုခဲ့ကြောင်း

စတင်တွေ့ရှိရသည်။ ၁၁၈၉–ခုနှစ်တွင် ပန်းတောတိုက်ဆရာတော် အမှူးပြုလျက် ဘုရားဒါယကာ ဘိုးဆံလွှန်း၊ နှမ မယ်ခပတို့က တန်ဆောင်းဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ၁၂၁၆–ခုနှစ်တွင် သိမ်ဖြူတော် အဆောက်အဦးနှင့် အမိုး၊ အကာ အပျက်အစီးများကို ဘုရားဒါယကာ ဘိုးဆံလွှန်း၏သား မော်လမြိုင်မြို့ တောင်ပိုင်း စေတီတော်ကြီး ဒါယကာ ဦးထော်လေး၊ မညတွတ်တို့က မွမ်းမံပြုပြင် ဆောက်လုပ်ခဲ့သည်။ ၁၁၅၂–ခုနှစ်၌ ပန်းတောတိုက်ဆရာတော်မှ ထပ်မံပြုပြင်ခဲ့ပြန်သည်။ ၁၂၂၅–ခုနှစ်တွင် သိမ်ဖြူကျောင်းတိုက် ဆရာတော်ဦးသုစာရိန္ဒ ကြီးကြပ်ပြီး ဒါယကာ ဦးထော်လေးတို့မှပင် ပြုပြင်ခဲ့ပြန်သည်။ ၎င်းနောက် တောင်လုံးပြန်ရပ်နေ ကျောင်းဒါယကာ ဦးခြို၊ ကျောင်းဒါယိကာမ မယ်ကလိစာတို့က သိမ်တော်ကြီးနှင့် တန်ဆောင်းများကို ပြုပြင်မွမ်းမံခဲ့ကြသည်။ ၁၂၄၂–ခုနှစ်တွင် သိမ်ဖြူတော်ကြီး ပတ်လည်အုတ်ရိုးနှင့်တကွ စိန်တောင်၊ အပြောက်အမွှန်းတို့ကို ကျက်သရေဆောင် ရွှေစလွယ်ရ ဝန်ထောက်တော်မင်း ဦးမောင်လေး+ ဒေါ်မမကြီးတို့မှ လှူဒါန်းကြသည်။ ၁၂၅၄–ခုနှစ်တွင် သိမ်ဖြူတိုက် ဆရာတော်ဦးရေဝတ က ကြီးကြပ်လျက် အုတ်တိုက် တန်ဆောင်းတော်ကြီးကို ပြုပြင်မွမ်းမံခဲ့ကြသည်။ ၎င်းနှစ်၌ပင် ဉာဏ်တော်အမြင့်လေးထောင်တစ်မိုက်ရှိ မဟာဇိနရံသီဘွဲ့အမည်ရှိ နိမ္မိတရုပကာယ ရပ်ပွားတော်မြတ်ဖြစ်သော ကျောက်ဆင်းတုတစ်ဆူကိုလည်း ထုလုပ် လှူဒါန်းရာ ၁၂၅၅–ခုနှစ်၌ ပြီးစီးအောင်မြင်ခဲ့သည်။ ၁၂၆၁–ခုနှစ်တွင် သိမ်ဖြူတော်ကြီး တန်ဆောင်းပြာသာဒ်၊ အမိုး၊ အကာများနှင့် မျက်နှာကျက် ဖန်မှန်စီအပိုင်းကို ဒါယကာ ဝန်ထောက် ဦးမောင်လေး+ ဒေါ်မမကြီးတို့က ပြုပြင်မွမ်းမံ လှူဒါန်းကြသည်။ ၁၂၆၆–ခုနှစ်တွင် သိမ်ဖြူတော်ကြီး အရှေ့တောင်ထောင့်၌ အုတ်ပြာသာဒ်နှင့်တကွ လောကသရုပ္ပဘွဲ့အမည်ရှိသော ကျောက်ဖြူဆင်းတုတော်မြတ်တစ်ဆူကို ဦးမောင်လေး+ ဒေါ်မမကြီးတို့က လှူဒါန်းကြပြန်သည်။ ၎င်းနှစ်များနောက်ပိုင်း၌လည်း ထိန်းသိမ်းပြုပြင်မွမ်းမံမှုများရှိမည် ဖြစ်သော်လည်း မှတ်တမ်းအားဖြင့် မတွေ့ရှိရချေ။ လက်ရှိသိမ်ဖြူတော်ကြီးကျောင်းတွင် သီတင်းသုံးတော်မူလျက်ရှိသည့် ဆရာတော် ဦးဒေးယျသာဂရ၏မိန့်ကြားချက်အရ ၁၉၈၇–ခုနှစ်တွင် ဇန်ကုန်မြို့ ၄၇–လမ်း၊ ဩသဓ ဆေးတိုက်ပိုင်ရှင် ဦးမောင်ဉာဏ် ဇနီးဒေါ်နွဲ့ဝင်း မိသားစုတို့က လှူဒါန်းပြုပြင်ခဲ့ကြကြောင်းနှင့် ၁၉၉၁–ခုနှစ် ဖွန်လပိုင်း၌ လုပ်သားပြည်သူ့ စေတနာရှင်များက အလှူငွေကျပ် လေးသောင်းကျော်ဖြင့် သိမ်ဖြူတော်ကြီးအတွင်းရှိ ကြမ်းခင်းကို လျှာထိုးပျဉ်များခင်းခြင်း၊ အုတ်လှေကားများ ပြုပြင်ခြင်းနှင့် သိမ်ဖြူတော်ကြီးဝန်းကျင်အား ရှင်းလင်းသုတ်သင်မှုပြုခြင်းဖြင့် ငွေအားလူအား လုပ်အားတို့ဖြင့် ပေးလှူခဲ့ကြကြောင်း လေ့လာမှတ်သားရပါသည်။

## သိမ်တော်ဘက်စုံ ပြုပြင်ပုံ

နှောင်းခေတ်၌ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီးသည် တည်ရှိခဲ့သည့်နှစ် ကာလကြာညောင်းခဲ့သည်နှင့်အမျှ ပျက်စီးယိုယွင်းမှုများရှိလာခဲ့သည်။ မူလက တစ်ပါးတည်းသော ရဟန်းတော် အဖြစ် သီတင်းသုံးတော်မူခဲ့ရသည့် လက်ရှိဆရာတော် ဦးဒေးရသာဂရမှာ တတ်နိုင်သည့်အင်အားဖြင့် ထိန်းသိမ်းစောင့်ရှောက်မှုသာ ပြုနိုင်ခဲ့သည်။ ထို့ကြောင့်ပင် သစ်ပင်တို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်း တည်ရှိနေသော တန်ဆောင်းအိုတန်ဆောင်းပျက်ပမာ အသွင်ရှိနေသည့် သိမ်ဖြူတော်ကြီးကို ဘာသာဝင်အများစုတို့သည် ရဟန္တာသိမ်တော်ကြီးဟု ထင်ထင်ရှားရှား သတိမပြုမိခဲ့ကြချေ။ သိမ်ဖြူလမ်းမကြီးဘေး၌ တည်ရှိပါလျက် ဖူးမြင်သူ နည်းခဲ့သည်။ သိမ်တော်ကြီးရှိ ပျက်စီးနေ

သော အုတ်တံတိုင်းများမှတစ်ဆင့် သိမ်ဖြူတော်ကုန်းမြင့်ရှိတန်ဆောင်းကြီးအတွင်းနှင့် အမိုး မိုးထားသော ရေတွင်းကြီးအနီးတို့၌ နေ့ရောညဉ့်ပါ ဆိုသကဲ့သို့ အခြေအနေမဲ့များ ရှိနေတတ်သည်။ ညပိုင်း၌ ပို၍များကြသည်။ ထို့ကြောင့်ပင် ပြုပြင်လိုသူ ဘာသာဝင်များနှင့်လည်း ပို၍ အလှမ်းကွာဝေးခဲ့သည်။ တစ်နည်းအားဖြင့် သိမ်ဖြူတော်ကြီးသည် ပြန်လည် ထင်ရှားရန် အချိန်မတန်သေးဟုသာ ဆိုရချေမည်။ သို့သော် ရဟန္တာသိမ်တော်ကြီးအဖြစ် သမိုင်းမှတ်တမ်းဝင်ခဲ့သော သိမ်ဖြူတော်ကြီး တည်ရှိနေမှုနှင့် ပြုပြင်မွမ်းမံရေးတို့ကို သက်ဆိုင်ရာ အကြီးအကဲများက သတိပြုမိကြသည်။ အလေးထားကာ ကွင်းဆင်းလေ့လာဖူးမြင်ကြသည်။

၁၄-၁၂-၉၂ ရက်နေ့၌ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီးသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဗိုလ်ချုပ်တင်ဦး (ယခုဒုတိယ ဗိုလ်ချုပ်ကြီး)နှင့်အဖွဲ့တို့ရောက်ရှိ ဖူးမြင်ကြသည်။ သိမ်ဖြူတော်ကြီးအတွင်း အပြင်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လေ့လာဖူးမြော်ကြသည်။ ထို့နောက် အတွင်းရေးမှူး (၂)မှ ရဟန္တာသိမ်ဖြူတော်ကြီးအား တင့်တယ်ကြည်ညိုဖွယ်ဖြစ်အောင် ဘက်စုံမွမ်းမံတည်ဆောက်ရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားမှု ပြုခဲ့သည်။ ထိုသို့ အတွင်းရေးမှူး(၂)၏ လမ်းညွှန်မှာကြားချက်နှင့်အညီ နာယကအဖြစ် နယ်လှည့်အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်လွန်းမောင်(ယခု ဂန်ကြီးချုပ်ရုံးဝန်ကြီး) ဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန၊ စခန်းမှူးရုံး၊ စခန်းမှူး ဒုတိယ ဗိုလ်မှူးကြီး ဗိုလ်မှူးဘဆန်း (ယခုဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန) အတွင်းရေးမှူးအဖြစ် မဂ်လာတောင်ညွန့်မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးစောနု (ယခုဒုတိယဗိုလ်မှူးကြီး၊ တပ်ရင်းမှူး၊ ခလရ(၄) မန္တလေး)တို့ ပါဝင်သော ဘက်စုံ မွမ်းမံ တည်ဆောက်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ကို စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများ၊ ကျွမ်းကျင်သူပညာရှင်များဖြင့် စနစ်တကျ ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။ ဗဟိုအဖွဲ့၏ လုပ်ငန်းများအား ပံ့ပိုးကူညီဆောင်ရွက်ရန်အတွက် တည်ဆောက် ပြုပြင်ရေးလုပ်ငန်းအဖွဲ့၊ ပစ္စည်းရှာဖွေ စုဆောင်းရေးလုပ်ငန်းအဖွဲ့၊ လုပ်ငန်းစစ်ဆေးကြီးကြပ်ရေးအဖွဲ့၊ စာရင်းစစ်ဆေးရေးလုပ်ငန်း အဖွဲ့နှင့် ဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့များကိုလည်း ဆက်လက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ လုပ်ငန်းရပ်များအား အကောင်အထည်ဖော် တာဝန်ယူဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ၆ဆောက်လုပ်ရေး စီမံကိန်း လုပ်ငန်းအဖွဲ့(၁၁)ရန်ကုန်တိုင်းကို လွှဲအပ်တာဝန်ပေးခဲ့သည်။ တာဝန်ပေးချက်နှင့် အညီ စီမံကိန်းလုပ်ငန်းကို၁၈-၁-၉၂ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းဆောင်ရွက်မှုနှင့်အတူ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး၊ ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးဗဟိုအဖွဲ့သည် အလျဉ်းသင့်သလို အစည်းအဝေးများ ထိုင်လျက် ညှိနှိုင်းဆွေးနွေးကာ အနီးကပ်ကြပ်မတ်မှု ပြုခဲ့သည်။ သိမ်ဖြူတော်ကြီး၌ အလှူငွေပေးအပ်ပွဲများ အကြိမ်ကြိမ်ကျင်းပခဲ့ရာ နိုင်ငံတော်မှ မတည်လှူဒါန်းငွေ သုံးသိန်းကို အခြေပြုလျက် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်လုပ်သားပြည်သူတို့မှ သဒ္ဓါတရား ထက်သန်စွာလှူဒါန်းခဲ့ကြသည်။ ဘက်စုံ မွမ်းမံပြုပြင် တည်ဆောက်ရေးလုပ်ငန်းကြီးကို ငွေကျပ် (၁၈)သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထား သတ်မှတ်ခဲ့သည်။ စီမံကိန်းလုပ်ငန်း အဖွဲ့

(၁၁)သည် ဒုတိယအင်ဂျင်နီယာမှူး ဦးနေစိုးနိုင်၏ ကွပ်ကဲမှုဖြင့် အင်ဂျင်နီယာများ၊ လက်ထောက်အင်ဂျင်နီယာများ၊ ပန်းပု၊ ပန်းတမော့၊ ပန်းတဉ်း၊ ပန်းရန်နှင့် လက်သမားပညာရှင်များ၊ ကာယဉာဏ လုပ်သားကြီးများမှ ချို့ယွင်းပျက်စီးမှုများ အပေါ်မူတည်လျက် ဖျက်သိမ်းခြင်း၊ ပုံစံထုတ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ လုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အနီးကပ်ကြီးကြပ်အကြံပေးမှုကို ရယူပြီး ဟန်ချက်ညီညီ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ လုပ်ငန်းပိုင်း၌ ပြုပြင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် (၄၄၉၄၂၈ကျပ်) မွမ်းမံခြင်းလုပ်ငန်းအတွက် ငွေကျပ်(၉၅၆၉၅၀)နှင့် လုပ်ငန်းသစ်များအတွက် ငွေကျပ် (၄၄၃၀၈၀) အသီးသီး လျာထားသတ်မှတ်ခဲ့သည်။

လက်ရှိသိမ်ဖြူတော် အဆောက်အဦး ကြီးမှာ အလျား ၆၈–ပေ၊ အနံ ၃၄–ပေရှိပြီး၊ ဘေးစကြံ ပတ်လမ်း အပါအဝင် အကျယ်အဝန်းမှာ အလျား ၉၀–ပေ၊ အနံ ၅၂–ပေ ၆–လက်မရှိပြီး တန်ဆောင်းပြာသာဒ်ဆောင်မှာ အလျား၃၅–ပေ၊ အနံ ၂၅–ပေ ၆–လက်မ ရှိသည်။ ပန္နက်ခုံအပါအဝင် အလျား ၄၄–ပေ၆–လက်မ၊ အနံ ၃၂–ပေ၉–လက်မ ရှိသည်။ သိမ်ဖြူတော် အဆောက်အဦးကြီးနှင့်တန်ဆောင်းပြာသာဒ်ဆောင်တို့မှာ သီးခြားအဆောက်အဦးအဖြစ် ရှိနေသည်။ သိမ်ဖြူတော်ကြီးသည် အုတ်တိုင်၊ အုတ်နံရံတို့ဖြင့် အုတ်တိုက်အဆောက်အဦးကြီး ဖြစ်သည်။ ကြမ်းခင်းမှာ ကွန်ကရစ်ခင်းထားသည်။ သိမ်တော်ကြီး အတွင်း၌ သစ်သားလျှာထိုး ပျဉ်ခင်းထားသည်။ သိမ်ဖြူတော်ကြီးကို သွပ်မိုးထားပြီး အထက်၌ ဘုံလေးဆင့် ရှိနေသည်။ သိမ်ဖြူတော်ကြီး မျက်နှာကျက်ကို သစ်သားနှင့် မီးခံပြားတို့ဖြင့် အသုံးပြုထားသည်။တန်ဆောင်းပြာသာဒ်ကိုမူ သစ်သားမျက်နှာကျက် တပ်ဆင်ထားသည်။

ထိုသို့ သိမ်ဖြူတော်ကြီးနှင့် မုခ်ဦး တန်ဆောင်း၊ ပြာသသဒ်ဆောင်တို့၏ လက်ရှိတည်ရှိနေမှု ပျက်စီးချို့ယွင်းနေမှုများအပေါ် မူတည်ပြီး ပြုပြင်ခြင်းလုပ်ငန်း၊မွမ်းမံခြင်းလုပ်ငန်းနှင့်လုပ်ငန်းသစ်များကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြသည်။

သိမ်ဖြူတော်ကြီး ဘက်စုံမွမ်းမံပြုပြင် တည်ဆောက်ရေး လုပ်ငန်းအတွက် မူလက ကျပ်ငွေ ၁၈–သိန်း လျာထားသတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း မဖြစ်မနေ ဆောင်ရွက်ကြရသည့် ထပ်တိုးလုပ်ငန်းများ၊ ဖြည့်စွက်လုပ်ငန်းများ လုပ်ကိုင်ကြရသည်။ အထူးသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မူလကပင် ရဟန္တာသိမ်ဖြူတော်ကြီး၌ လုံးဝမရှိခဲ့သောသာသနိက အဆောက်အအုံများ၌ ရှိသင့်ရှိထိုက်သည့် အဝင်ဝမုခ်ဦးအသစ်ကြီးကို တည်ဆောက်ကြသည်။ သံပန်း၊ သံတံခါးများကို တပ်ဆင်ပေးကြသည်။ ၎င်းလုပ်ငန်းများအတွက် ကုန်ကျငွေ (၁၁၀၆၂၀/)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပေးလှူကြသည်။ လုပ်ငန်း တစ်ခုလုံးအတွက် ပြည်သူလူထုမှ ထည့်ဝင် လှူဒါန်းငွေ (၂၀၁၉၈၁၅၊ ၄၀ါး)၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများမှ ထည့်ဝင်လှူဒါန်းငွေ (၂၅၉၀၁၄/၅၅ါး)၊ မုခ်ဦးအသစ်အတွက် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ လှူဒါန်းငွေ (၁၁၀၆၂၀) စုစုပေါင်း(၂၃၈၉၄၄၉၊ ၉၅ါး) သုံးစွဲအကုန်အကျခံကာ ၁၉၉၂–ခုနှစ် မေလအတွင်း အပြီး မွမ်းမံ တည်ဆောက်မှု ပြုခဲ့ပါသည်။

ဤသို့ ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေး လုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒေဝသာဂရ ရဟန္တာ သိမ်ဖြူတော်ကြီးသည် သပ်ရပ်ထည်ဝါ ခံ့ညားသော အဆောက်အဦးကြီးအဖြစ် သစ်လွင်သော ဆေးသားရောင်တို့ဖြင့် ကြည်ညိုဖွယ် အသွင်ကို အပြည့်အဝ ဖော်ဆောင်လျက်ရှိသည်။

ယခင်က သိမ်ဖြူတော်ကြီးအတွင်း၌ပင် ကျောင်းအဖြစ် မှတ်ယူသီတင်းသုံးတော်မူခဲ့ရသောကျောင်းထိုင်ဆရာတော်ဦးဒေးဝိဿာဂရနှင့် ခန်းနေ ဟောင်းတော် ညီနောင်နှစ်ဖော်တို့မှာလည်း သန့်ရှင်းဆောက်လုပ်လှူဒါန်းသော ကျောင်း အဆောက်အဦးဖြင့် အေးချမ်းစွာသီတင်းသုံးလျက် သာသနာပြုနိုင်ပြီဖြစ်သည်။ သိမ်ဖြူတော်ကြီး၏ ရှေ့ ပိုင်းရှိ မလိုအပ်သော သစ်ပင်ကြီးများကို ခုတ်ထွင်ဖယ်ရှားလိုက်သည့်အတွက် တောင်ကန်း မြင့်ထက်၌ တည်ရှိနေသော သိမ်ဖြူတော် အဆောက်အဦးကြီးသည် ပိုမို ပေါ်လွင်ထင်ရှားလာသည်။ ထိုသို့ ပေါ်လွင် ထင်ရှားလာသည့် မြင်ကွင်းအလှကိုဘုန်းတော်ကြီးကျောင်း အဆောက်အဦးအနီးရှိ စေတီငယ်သုံးဆူ၊ ရင်ပြင်တော်ရှိ သစ်ပင်ပန်းပင်များ၊ မီးဆိုင်းမီးတိုင်များ၊ သောက်သုံးရေတွင်းကြီးနှင့် မဟာရံတံတိုင်း အဆင့်ဆင့်၊ ကနုတ်ပန်းခြယ်မုခ်ဦးကြီးတို့ဖြင့် အားဖြည့်ထားသည်။ ဤသို့ဖြင့် သိမ်ဖြူတော်ကြီး အထက်လမ်းဘက်မှ အင်္ဂတေကနုတ်ပန်းများဖြင့် ခံ့ညားလှသည့် မုခ်ဦးအသစ်ကြီးကို မျက်နှာစာပြုကာ သိမ်ဖြူတော်ကြီးသည် ပိုမို တင့်တယ်ကြည်ညိုဖွယ် မြင်ကွင်း၊ အလှပန်းချီကားချပ်အသွင်ဖြင့် ဖူးမြင်ကြရပြီဖြစ်ပါသည်။ ဘာသာဝင်များ အနေဖြင့်လည်း အချိန်မရွေး စိတ်အေးချမ်းသာစွာ ဖူးမြင်နိုင်ပြီဖြစ်သည်။



(၂၃-၉-၉၅) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒေဝသာဂရ ဥပဇ္ဈာ သိမ်ဖြူတော်ကြီး ရေစက်ချ အခန်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ မတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး အမျူးပြုသော ဝန်ကြီး၊ ဒုတိယ ဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများနှင့် စေတနာရှင်များ ကြည်ညိုမှု ပြုနေပုံ။

"ရေစက်ချမင်္ဂလာ ကျင်းပရာ"

၂၃ ၉-၉၅ ရက်နေ့နံနက် ၉-၃၀နာရီ အချိန်တွင် ဟေ ဥပဇ္ဈာ သိမ်ဖြူတော်ကြီး ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးလုပ်ငန်း ပြီးစီးအောင်မြင်မှု ရေစက်ချ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ အခမ်းအနားသို့ နိုင်ငံတော် သံဃာ့ စရိယဆရာတော်ဘဒ္ဒန္တကောသဏ္ဍာဘိဝံသ (မင်္ဂလာရာမကျောင်းတိုက်)၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တကုသလသာမိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်ခင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့မောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့ဝင်များ၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အလှူရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။


အခမ်းအနားအစီအစဉ်အရ နိုင်ငံတော် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကောသရာဘိဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တော်များ ချီးမြှင့်တော်မူကြသည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ကုသလသာမိ ထံမှ ရေစက်ချ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။


ဆက်လက်ပြီး ဒေဝသာဂရ ရဟန္တာ သိမ်ဖြူတော်ကြီး သမိုင်းကျောက်နှင့် ဘက်စုံ မွမ်းမံပြုပြင် တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ မင်္ဂလာတောင်ညွန့်မြို့နယ် ဥပဋ္ဌာကအဖွဲ့ အကျိုးတော်ဆောင် ဦးစံမောင်(မြတ်ရျာန်)က ရှင်းလင်းလျှောက်ထားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အခမ်းအနားအပြီး၌ ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းမှု ပြုခဲ့ကြသည်။

## ဘုမိနက်သန့်နေရာမှန်

သိမ်ဖြူတော်ကြီးတည်ရှိရာ ကုန်းမြင့်ပေါ်၌ ရဟန္တာသိမ်ဖြူတော်ကြီးကို ပင်မပြုလျက် ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်၊ ဓမ္မိကာရုံ ပါဠိတက္ကသိုလ် စာသင်တိုက်ကြီးနှင့် ဘုန်းတော်ကြီးကျောင်း၈-ကျောင်းတို့မှ ဝိုင်းပတ်နေသော အနေအထားဖြင့် တည်ရှိလျက် ရှိကြသည်။ သိမ်ကုန်းစာသင်တိုက်ကြီးအား မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း၌သာမက ရန်ကုန်တိုင်းအတွင်း၌ပါ အလေးထားကြသော စာသင်တိုက်ကြီးဖြစ်၍ စာသင်သား ရဟန်း သာမဏေ ၁၃၃ ပါးတို့အား နာယကနှင့် စာချဆရာတော် ခုနစ်ပါးတို့မှ ပရိယတ္တိ သာသနာတော်ကြီး ထွန်းကားတည်တံ့ ပြန့်ပွားရေးအတွက် စာပေများ သင်ကြားပို့ချလျက် ရှိပေသည်။

ဤသို့လျှင် ဘူမိနက်သန် နေရာမှန်သည့် ရဟန္တာသိမ်ဖြူတော်ကြီး ကုန်းမြင့်ပေါ်၌ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ်အား အရှည်တည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်တော်မူနေကြသည့် ဆရာတော်၊ သံဃာတော်များ သီတင်းသုံးတော်မူနေကြသည့် ဘုန်းတော်ကြီးကျောင်းများဖြင့် သာသနာတော်အတွက် အားတက်ဖွယ် တည်ရှိနေပေတော့သည်။





## သစ်တိုပင်ကုန်း(အလုံ)သိမ်တော်ကြီး

သစ်တိုပင်ကုန်း အလုံသိမ်တော်ကြီးသည် ရွှေတိဂုံစေတီတော်ကြီးအနောက်ဘက်တာ ၁၅၀၀ အကွာရှိ ဥယျာဉ်အတွင်း တည်ရှိသည်ဟု မူလ သမိုင်းကြောင်း၌ အဆို ရှိသည်။ ကုန်းဘောင် ခေတ်မင်းများလက်ထက်၊ ဘုရင့်ဥယျာဉ်အတွင်း၌ သိမ်တော်ကြီးနှင့် ကျိုက်ဖွဲ့ကမော့ စေတီတော် တည်ရှိခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

ကုန်းဘောင်ခေတ်အထိ သိမ်တော်ကြီးနှင့် စေတီတော်များ တည်ရှိရာဒေသတစ်ဝိုက်သည် စိမ့်ကြီး မြိုင်ကြီးအဖြစ် တည်ရှိနေခဲ့သည်။ ကုန်းဘောင် ခေတ်မင်းများမှ မူလကပင် စိမ့်ကြီး မြိုင်ကြီးအဖြစ် တည်ရှိနေခဲ့မှုကို အခွင့်ကောင်းပြုလျက် မူလ ကျိုက်ဖွဲ့ကမော့စေတီတော် တည်ရှိရာနေရာမှ

ရန်ကုန်ထောင်ကြီးဟောင်း နေရာအထိကို ဘုရင့်ဥယျာဉ်တော်ဟု သတ်မှတ် ပိုင်းခြားလျက် ပြုပြင်တည်ထောင်ခဲ့သည်။ ကျိုက်ဖွဲ့ကမော့ စေတီနှင့် သိမ်တော်ကြီးတို့သည်လည်း ဥယျာဉ်တော် အဝန်းအဝိုင်းအတွင်းသို့ ကျရောက်ခဲ့သည်။ စေတီကြီးနှင့် သိမ်တော်ကြီးအနီးရှိ ကုန်းမြင့်ပေါ်၌ သစ်တိုပင်ကြီးတစ်ပင် ရှိသည်။ သစ်တိုပင်ရှိရာ မြေ၌ ဘုန်းတော်ကြီး ကျောင်းတိုက်လည်း တည်ရှိသည်။ ကျောင်းတိုက်မှာ နောက်မှ တည်ထောင်ခဲ့သော်လည်း သိမ်တော်ကြီးမှာ သစ်တိုပင်ကုန်းကျောင်းတိုက် အဝင်းအဝိုင်းအတွင်း ရောက်ရှိနေသဖြင့် သစ်တိုပင်ကုန်းသိမ်ဟုခေါ်တွင်ခဲ့ကြသည်။ နောင်တွင် အလုံရပ်ကွက်နှင့် နီးသဖြင့် သစ်တိုပင်ကုန်း အလုံသိမ်ဟု ခေါ်တွင်လိုက်ကြပြန်သည်။

အင်္ဂလိပ်တို့ အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ရှေ့ဦးစွာ အင်္ဂလိပ် စာသင်ကျောင်း တည်ထောင်သင်ကြားပေးသော ပုဂ္ဂိုလ်မှာ ဆရာမတ်ကြီး ဖြစ်သည်။ မူလက ကျောင်းအမည်ကို ဆရာမတ်ကြီးကျောင်းဟုပင် ခေါ်ဆိုခဲ့ကြသည်။ နောင်တွင် စိန့်ဂျွန်းဒိုင်အို စီဇင်ဟိုက်စကူးကျောင်းဟု ထင်ရှားခဲ့သည်။ ယခုအခါ လမ်းမတော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၁)သို့ပြောင်းလွှဲရောက်ရှိလာခဲ့တော့သည်။ ယခင် ကူရှင်ဟိုက်စကူးကျောင်းဟု အမည်တွင်ခဲ့ပြီး ယခုအလုံမြို့နယ် အခြေခံအထက်တန်းကျောင်းအမှတ်(၄)ကိုလည်း ဆက်လက်တည်ထောင်နိုင်ခဲ့သည်။ ၎င်းကျောင်း၏ အနောက်တောင်ထောင့် ဇောတနာ ရာမဘုန်းတော်ကြီးကျောင်းတိုက်၏ အရှေ့ဘက်လမ်းကို ယခင်က ဆရာမတ်ကြီးလမ်းဟု ခေါ်ဆိုခဲ့ကြသည်။

ကုန်းဘောင်ခေတ်ဥယျာဉ်ကြီး အတွင်း၌ စာသင်ကျောင်း ဖွင့်လှစ်ကာ မင်းညီမင်းသားများအား အင်္ဂလိပ်စာပေ သင်ကြားခွင့် ရရှိခဲ့သော ဆရာမတ်ကြီးသည် မြန်မာတို့၏ သက်ဦးဆံပိုင်ဘုရင်အုပ်စိုးသည့် စနစ်၌ နိုင်ငံ၌ အာဏာအရှိဆုံး ဘုရင်မိသားစုအတွင်း ဝင်ရောက်ထိုးဖောက် စည်းရုံးနိုင်ခြင်းပင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် နယ်ချဲ့အင်္ဂလိပ်တို့၏ နယ်မြေ ကျူးကျော်သိမ်းပိုက်ရေးလမ်းစဉ်မစ်ရှင် သာသနာပြုလုပ်ငန်း၊ မစ်လစ်ထရီမည်သော စစ်တပ်အင်အား၊ မားချင့်

စီးပွားရေးကုန်သည် အဖွဲ့မည်သော စီးပွားရေး လက်နက်သုံးခုအနက် မစ်ရှင်မည်သော သာသနာပြု လုပ်ငန်းဖြင့် စတင်နိုင်ခဲ့ခြင်းလည်း မည်ပေသည်။စီးပွားရေးအနေဖြင့်မူ အရှေ့အိန္ဒိယကုမ္ပဏီ၊ ဘုံဘေဘားမား သစ်ကုမ္ပဏီတို့သည် ကျွမ်းကျင်လိမ္မာစွာဖြင့် မြန်မာတို့၏ သယံဇာတများကို ခြယ်လှယ် သွေးစုတ်ရုံနှင့် အားရတင်းတိမ်ခြင်း မရှိဘဲ လက်အောက်ခံ ကုန်သည်တို့၏ ပူးပေါင်းကူညီ အားပေးမှုဖြင့် မြန်မာပြည်အား တိုက်ခိုက်သိမ်းပိုက်နိုင်ရေးကို တွန်းအားပေးနိုင်ခဲ့သည်။ နောက်ဆုံးလမ်းစဉ်ဖြစ်သည့်မစ်လစ်ထရီမည်သော စစ်သည်လက်နက်အင်အား အသာစီးဖြင့် မတရားသောကျူးကျော်စစ်ကို ဖန်တီးကာ အနိုင့်အထက် မြန်မာပြည်တစ်ပြည်လုံးအား သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ကမ္ဘာနှင့်အဝန်း ပြောင်းလဲ တိုးတက်လာချိန်မှာပင် နယ်ချဲ့တို့နှင့် အပေါင်းပါတို့သည် ဤလမ်းစဉ်အတိုင်း ဆက်လက်စွဲကိုင်လျက်ရှိကြသည်။ နည်းဗျူဟာအမျိုးမျိုးကို ပရိယာယ် အသွယ်သွယ် ကြွယ်ဝစွာဖြင့် ၎င်းတို့ မလိုလားသောနိုင်ငံငယ်ကလေးများအား လက်နက်အားကိုး တိုက်ခိုက်သိမ်းပိုက်နေဆဲ၊ တိုက်ခိုက်သိမ်းပိုက်ရန်ကြိုးစားနေဆဲပင်ဖြစ်သည်။ ဤသည်ကို မြန်မာတစ်မျိုးသားလုံး အစဉ်နိုးကြားသော သတိဖြင့် မျက်စေ့ကိုဖွင့် နားကိုစွင့်လျက် အရေးကြုံက သက်လုံ ကောင်းကောင်းဖြင့် တွန်းလှန်နိုင်ရန် အထူးလိုအပ်ပေသည်။ မြန်မာအမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို အရင်းခံလျက် မျိုးချစ်

စိတ်ဓာတ်ကို အစဉ်ရှင်သန် နေစေရန် မွေးမြူသွားကြရမည် ဖြစ်ပေသည်။ ထို့မှတစ်ဆင့် အဓိကဖြစ်သော နိုင်ငံတော် ကာကွယ်ရေးတွက် လိုအပ်သည့် စစ်အင်အား၊ လက်နက်အင်အားကိုလည်း တိုးချဲ့တည်ဆောက်သွားမည် ဖြစ်ပေသည်။ သေသော်မှတည့် ဩော်ကောင်း၏ဟု နာကြည်းဖွယ်အဘိုးအဘွား မိဘ တိုင်းရင်းသားအပေါင်းတို့၊ သူ့ကျွန်ဘဝ ခံစားခဲ့ရပုံတို့ကို အစဉ်မမေ့အပ်အထူးသတိချပ်ရမည် ဖြစ်သည်။ သူ့ကျွန်မခံ သန္နိဋ္ဌာန် ချကြရမည်။



ရဟန္တာ သိမ်တော်ကြီး ( မပြုပြင်မှီပုံ )
ရွှေတိဂုံ ဘုရားလမ်း။

## ရဟန္တာသိမ်တော်ကြီး

ရဟန္တာသိမ်တော်ကြီးသည် ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်ကြီး၏တောင်ဘက် မုခ်အဆင်းမှ ဂိုက် ၁၀၀ခန့်အကွာ ဘုရားလမ်းအနောက်ခြမ်း၌ တည်ရှိသည်။ ယခုအခါ မဟာဝိဇယစေတီတော်ကြီးနှင့် မျက်နှာချင်းဆိုင် အနေအထားဖြင့် ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးလုပ်ငန်း၏ ရလဒ်အဖြစ် ခံ့ညားထည်ဝါ သစ်လွင်စွာ တွေ့မြင်ကြရသည်။

သိမ်တော်ကြီး၏ ရှေ့ဘက်လက်ယာဘက်ခြမ်း၌ ကျောက်စာနှစ်ချပ်ကို ယှဉ်တွဲလျက် စိုက်ထူထားသည်။ တစ်ချပ်မှာ ရဟန္တာ သိမ်တော်ကြီး၏ သမိုင်းကျောက်စာဖြစ်သည်။ တစ်ချပ်မှာ နိုင်ငံတော်မှ ကြီးမှူးလျက် ဘက်စုံမွမ်းမံ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကို မှတ်တမ်း ကမ္ပည်းတင်ထားသော ကျောက်စာချပ်ဖြစ်သည်။ ရဟန္တာသိမ်တော်ကြီးသမိုင်းကျောက်စာ၌ အဓိက သမိုင်း

ဆိုင်ရာဖော်ပြချက်မှာ "မဟာတိဂုမ္ဘ (ရွှေတိဂုံစေတီ)စေတီတော်ကြီးတည်ထားပြီးနောက် သုံးနှစ်မြောက်၌ ကြွရောက်တော်မူလာကြသော ရဟန္တာမထေရ်အရှင်အရိယ သံဃာတော် ၁၀၈-ပါးတို့ သမုတ်တော်မူ၏။ "မဟာတိဂုမ္ဘဒက္ခိဏဒီသာမဟာသိမ"ထင်ရှား၏။ ဥက္ကလာပမင်းကြီး သားတော်၊ မြေးတော် အဆက်ဆက်ပြုပြင်စောင့်ရှောက်သည့် တိဂုံမင်း ၃၂-ယောက်တို့ ဤသိမ်တော်ကြီးအတွင်း၌ ရဟန်းဖြစ်ကုန်၏။ ရဟန္တာအရှင်မြတ်များသမုတ်တည်ထားတော်မူခြင်းကြောင့် ရဟန္တာမဟာသိမ်တော်ကြီးဟု ထင်ရှားလေသည်။ သာသနာတော်သက္ကရာဇ် ၂၃၆-ခုနှစ် သီရိဓမ္မာသောကမင်းကြီး၊ သန္တိမိက္ကာမိဖုရားကြီးတို့က ရှင်မဟာမောဂ္ဂလိပုတ္တ မထေရ်မြတ်တို့ ညွှန်ကြားချက်အရ ပြုပြင်၍ သိမ်တော်ကြီး အတွင်း၌ သမ္မာသမ္ဗုဒ္ဓမဟာသိမ ဆုတောင်း ပြည့်ဘုရား၊ သကျသီဟအတုမာရဇိန် ဆုတောင်းပြည့်ဘုရား၊ လောကရတနာဘုမ္မိ ဆုတောင်းပြည့်ဘုရား၊ သုံးဆူတည်ထားတော်မူ၏"စသော ဖော်ပြချက်ပင်ဖြစ်သည်။ သမိုင်းကြောင်း ဖော်ပြချက်ပါ ၎င်းကျောက်စာချပ်ကို သက္ကရာဇ် ၁၂၉၀ပြည့်နှစ်မှ လယ်တီဦးဇဋိလဆရာတော်က စိုက်ထူခဲ့ကြောင်း၊ ဘုံပျံဆရာတော် ဦးပညာသာမိ ရေးသား စီရင်အပ်သော ဗိုလ်တထောင်စေတီ မဟာ သမိုင်းတော်ကြီး၌ ရေးသားဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။ လယ်တီဦးဇဋိလ ဆရာတော်သည် သမိုင်းကျောက်စာချပ်ကို ကမ္ပည်းတင်ရာ၌ မူလက တည်ရှိခဲ့သော မည်သည့်ကျောက်စာ သမိုင်းမှတ်တမ်းများကို အထောက်အထားပြုသည်ဟု အကိုးအကား မပြုနိုင်ခြင်းမှာ အဓိကအားနည်းချက်အဖြစ် တွေ့ရှိရသည်။ စိုက်ထူမှု ပြုသည့် အချိန်ကာလနှင့် အကိုးအကားပြုထားသည့်သမိုင်းမှတ်တမ်း၊ ကျောက်စာတို့သည် ဤကျောက်စာပါ သမိုင်းကြောင်း မှန်ကန်မှု ရှိ၊ မရှိကို ဆန်းစစ်ရာ၌ အဓိကအချက်ဖြစ်လာခဲ့သည်။ ဤသမိုင်းကို ကျွမ်းကျင်သူသမိုင်းပညာရှင်တို့ လေ့လာ ဖော်ထုတ်နိုင်ရန် ဤမျှသာ တင်ပြလိုပါသည်။

ဤတွင်သမိုင်းကြောင်းမှုကွဲအဖြစ် တွေ့ရှိရသော မူလသမိုင်းကြောင်းအရ ရဟန္တာသိမ်တော်ကြီးကို သီဟိုဠ်မှ သက္ကရာဇ် ၂၃၉ ခုနှစ်တွင် ကြွရောက်တော်မူလာကြသော ရဟန္တာအရှင်မြတ်များ ဖြစ်ကြသည့် အရှင်ယသ၊ အရှင်သောဏနှင့် အရှင်သုစိတို့ ဦးဆောင်သော ရဟန္တာအရှင်မြတ် ရှစ်ပါးတို့သည် မဏိဒိပကျွန်း (ခေါ်) သန်လျင်ကျွန်းကို အစိုးရသော ဘောဂသေနဘွဲ့ခံသီဟဒိပမင်းကြီး၏ အထောက်အပံ့ဖြင့် တည်ထား သမုတ်တော်မူခဲ့ကြသည့် ရဟန္တာသိမ်တော်ကြီး ကိုးသိမ်၌ အပါအဝင် ဖြစ်သည်ဟူသော မူလသမိုင်းကြောင်းနှင့်ကွဲလွဲနေသည်ကို တွေ့ရှိကြရသည်။ သို့သော် သမိုင်းရာဇဝင်အစောင်စောင်တို့ကို အကိုး အကားပြုကာ စီရင်ရေးသားထားသည့် ဗိုလ်တထောင်စေတီမဟာသမိုင်းတော်ကြီး အပါအဝင် စေတီတော်သမိုင်းများ၌မူ ရွှေတိဂုံ စေတီတောင်ဘက်မုခ် ရဟန္တာသိမ်တော်ကြီးသည် သိမ်ကော်ကြီးကိုးသိမ်၌ အထင်အရှား ပါဝင်ခဲ့ကြောင်း ဖော်ပြချက်များကို လေ့လာမှတ်သားရပါသည်။

မည်သို့ပင်ဆိုစေကာမူသမိုင်းကြောင်း မှုကွဲနှစ်ရပ်ရှိသည့်အနက် သမိုင်းကြောင်း အထောက်အထား နီးစပ်တိကျမှုရှိနေသည့် ရဟန္တာ မထေရ်မြတ်အရှင်ယသဦးဆောင်သော ရဟန္တာအရှင်သူမြတ်တို့ သမုတ်တော်မူခဲ့ပုံကို လက်ခံမှတ်ယူခြင်းသည်သာ အခြေအနေနှင့် အကိုက်အညီဆုံး ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေသည်။ ကျန်အပိုင်းကို သမိုင်းသုတေသီပညာရှင်တို့ ဖော်ထုတ်တင်ပြနိုင်ရန် ချန်လှပ်ရန်သာ ရှိပေတော့သည်။



ဥပဟန္တာသိမ်တော်ကြီး ( မြဲမြင်ဖြိုး ပုံ) ၊ ရွှေတိဂုံဘုရားလမ်း ။

## သိမ်တော်မဟာ ပြုပြင်ရာ

လက်ရှိ သမိုင်း ကျောက်စာအရ သက္ကရာဇ် ၇၃၁ ခုနှစ်တွင် ဆင်ဖြူရှင်ဗညားဦး မင်းပြုပြင်မှု၊ သက္ကရာဇ် ၈၂၃ခုနှစ်တွင် ဘုရင်မကြီး ရှင်စောပု သားမက်တော် ဓမ္မစေတီမင်းနှင့် မင်းအဆက်ဆက်တို့ ပြုပြင်မှု၊ သက္ကရာဇ် ၁၂၀၃ခုနှစ်တွင် ရွှေဘိုမင်း ပြုပြင်မှုနှင့် သက္ကရာဇ် ၁၂၉၀ပြည့်နှစ်တွင် လယ်တီ ဦးဇဋိလဆရာတော်ကြီးမှူးသည့် တပည့်ဒါယကာဒါယိကာမများ၏ ပြုပြင်မှုတို့ကို ကမ္ပည်းတင် ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရသည်။ ဤတွင် ကျောက်စာပါ နောက်ဆုံးပြုပြင်မှု ပြုခဲ့သည့် လယ်တီ ဦးဇဋိလသည် စေတီတော်ကြီးကို ကြီးမှူး ပြုပြင်သည့်နှစ်၌ပင် ၁၂၉၀ပြည့်နှစ် တပေါင်းလ)ဟု ပြုပြင်လှူဒါန်းခဲ့ပုံသမိုင်း ကျောက်စာကို ကမ္ပည်းတင် စိုက်ထူခဲ့သည်မှာ ထင်ရှားလှပေသည်။ ဗိုလ်တထောင်စေတီတော် မဟာသမိုင်းတော်ကြီး၌ လယ်တီဦးဇဋိလသည် ပြုပြင်လှူဒါန်းသည့်နှစ်မှာပင် သမိုင်းကျောက်စာကို ပြုလုပ်စိုက်ထူခဲ့ကြောင်း ဖော်ပြပါရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## သိမ်တော်ဘက်စုံ ပြုပြင်ပုံ

ဤသိမ်တော်ကြီးကို ဂန္ဓကုဋိနှင့် ဘုရားဝတ်ပြုဆောင်ဟူ၍ အဆောက်အဦးနှစ်ခုကို ဆက်စပ်တည်ဆောက်ထားကြောင်း လေ့လာ တွေ့ရှိရသည်။ အကျယ်အဝန်းအားဖြင့် အလျား ၈၂ပေ၊ အနံ ၄၅ပေရှိသည်။ ပန္နက်ခံအပါအဝင် အကျယ်အဝန်းမှာ အလျား ၁၀၃ပေ၊ အနံ ၆၁ ပေရှိသည်။ ဝင်ပေါက်စောင်းတန်းမှာ အရှည် ၆၂ပေ ရှိပြီး အကျယ် ၁၁ ပေရှိသည်။ သိမ်တော်ကြီးသည် အုတ်တိုက် အဆောက်အဦးကြီးအဖြစ် အုတ်ခုံမြင့်ပေါ်၌ တည်ရှိနေသည်။ ဝတ်ပြုဆောင်အတွင်းအခင်းမှာ ကြမ်းခင်း ဖြစ်ပြီး ဂန္ဓကုဋိစောင်းတန်းနှင့် စကြံပတ်လမ်းတို့မှာ ကွန်ကရစ်အခင်းဖြစ်သည်။ အမိုးမှာ သွပ်ပြားဖြစ်ပြီး ဘုံငါးဆင့်ဖြင့် တည်ဆောက်ထားသည်။ ဘုရားဝတ်ပြုဆောင်ကို

မှ ရိုးရိုးခေါင်ဖြင့် တည်ဆောက်ထားသည်။ ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော ရဟန္တာသိမ်တော်ကြီးမှာ ချို့ယွင်းပျက်စီးမှုများ ရှိလာခဲ့သည်။ ချို့ယွင်းပျက်စီးမှုအရလည်းကောင်း၊ မူလအဆောက်အဦးအနေအထားအရလည်းကောင်း၊ သိမ်တော်ကြီးကို သိမ်ဖြစ်သည်ဟု ရုတ်တရက်မသိနိုင်ကြသကဲ့သို့ ဝင်ရောက်ဖူးမြော်ရန် မလွယ်ကူသကဲ့သို့ ဖြစ်နေခဲ့သည်။ ဖူးမြင်သူလည်းနည်းလှသည်။ ထို့ကြောင့်ပင် သမိုင်းဝင် ရဟန္တာအရှင်သူမြတ်များကိုယ်တိုင် တည်ထား သမုတ်တော်မူခဲ့သည့် သမိုင်းဝင်သိမ်တော်ကြီးသည် ရှေးဟောင်း အမွေအနှစ်အဖြစ်မှ ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် (ယခု ဒုတိယဗိုလ်ချုပ်ကြီး) ၏လမ်းညွှန်ချက်နှင့်အညီ ရဟန္တာသိမ်တော်ကြီး ဘက်စုံမွမ်းမံ ပြုပြင် တည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်မှု ပြုခဲ့ကြသည်။ နာယကအဖြစ် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဥက္ကဋ္ဌအဖြစ် နယ်လှည့်အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလွန်းမောင် (ယခု ဗိုလ်မှူးချုပ် ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီး)၊အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာန၊ စခန်းမှူးရုံး၊ ယာယီစခန်းမှူး (ဗိုလ်မှူးကြီး)ဒုတိယဗိုလ်မှူးကြီးဘဆန်းတို့ ပါဝင်သော ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိမ်းသိမ်းရေးအဖွဲ့၊ တည်ဆောက် ပြုပြင်ရေးလုပ်ငန်းအဖွဲ့၊ ပစ္စည်းစုဆောင်းရေး လုပ်ငန်းအဖွဲ့၊ လုပ်ငန်းစစ်ဆေးကြီးကြပ်ရေးအဖွဲ့တို့ကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ သိမ်တော်ကြီး ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးလုပ်ငန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းအဖွဲ့(၁၁)၊ ရန်ကုန်တိုင်းအားလွှဲအပ်တာဝန်ပေးခဲ့သည်။ ထိုသို့ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးလုပ်ငန်း အဖွဲ့ (၁၁)သည် ၁၈-၁၀-၉၀ရက်နေ့တွင် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းအလိုက်ကျပ် ၁၈-သိန်းကျော် လျာထားသတ်မှတ်ခဲ့ကြသည်။

မူလက ရဟန္တာသိမ်တော်ကြီးအဖြစ် သမိုင်းဝင်ထင်ရှားခဲ့သည့် သိမ်တော်ကြီးဖြစ်ကြောင်း သိရှိလာကြသည့် စေတနာရှင်များသည် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအား မှန်မှန်နှင့် မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို တွေ့မြင်ကြရသည့်အလျောက် ကြည်းၤရေၤလေ မိသားစုများနှင့် ပြင်ပမှ စေတနာရှင်များက ၃၀-၄-၉၁ရက်နေ့ အထိ ကျပ်ငွေ ၂၇၇၇၉၅၆/၇၀ပြားကို သဒ္ဓါတရားထက်သန်စွာ ထည့်ဝင် လှူဒါန်းခဲ့ကြသည်။ ထို့ကြောင့်ပင် ၁၂-၄-၉၁ ရက်နေ့တွင် ရဟန္တာသိမ်တော်ကြီး ဘက်စုံမွမ်းမံ တည်ဆောက်ရေး လုပ်ငန်းအားလုံး အောင်မြင်စွာ ပြီးစီးသည့် ရေစက်ချအခမ်းအနားကြီးကို သိမ်တော်ကြီးအတွင်း၌ ကျင်းပနိုင်ခဲ့သည်။

ဤသို့ဖြင့် ရဟန္တာကြီးများ တည်ထားသမုတ်တော်မူခဲ့ကြသည့် သမိုင်းဝင် သိမ်တော်ကြီးအား ရေရှည်တည်တံ့မှု ရှိစေရေးအတွက် ဘက်စုံမွမ်းမံပြုပြင်ခဲ့သည့်အလျောက် ယခုအခါ ရဟန္တာသိမ်တော်ကြီးမှာ မူလအဆောက်အဦး တည်ရှိခဲ့မှုနှင့်လုံးဝကွာခြားသွားပြီး ကြည်ညိုဖွယ် တင့်တယ်မှုရှိရုံသာမက ဘာသာဝင်အများတို့မှ သိရှိ တွေ့မြင်ကြပြီး ဖူးမြင်သူများဖြင့် စည်ကားလျက်ရှိသည့် သိမ်တော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ပေတော့သည်။



သမိုင်းဝင် ကျားကူးသိမ်တော်ကြီး


## ကျားကူးသိမ်တော်ကြီး

ကျားကူးသိမ်တော်ကြီးသည် ဒဂုံမြို့နယ် ဘုရားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံးကြီးနှင့် မျက်နှာချင်းဆိုင် တည်ရှိနေသည့် ကျားကူးကျောင်းတိုက် အတွင်း၌ တည်ရှိနေသည့် သိမ်တော်ကြီးဖြစ်သည်။ ထိုသို့ ကျားကူးကျောင်းတိုက်အတွင်း တည်ရှိသောကြောင့် ကျားကူးသိမ်တော်ကြီးဟု ခေါ်တွင်ခဲ့ကြသည်။ မူလက ရဟန္တာအရှင်မြတ်ကြီးများ တည်ထားသမုတ်တော်မူခဲ့သည့်သိမ်တော်ကြီးမှာ ကျား ကူးကျောင်းတိုက်၏ အနောက်ဘက် မိုင်နာကွင်း အတွင်း၌ တည်ရှိခဲ့သည်ဟု သမိုင်း၌ လေ့လာ တွေ့ရှိရပါသည်။ မိုင်နာကွင်းနေရာ၌ မြင်းပြိုင်ကွင်း ပြုလုပ်သည့်အခါ သိမ်နှင့် မလွတ်ကင်းသဖြင့် မူလ သိမ်တော်ကြီးအား ကျားကူးကျောင်းတိုက်အတွင်း နေရာပြောင်းရွှေ့ပေးခဲ့ကြောင်း အဆိုရှိသည်။ ရှေးယခင်က ကုန်းဘောင်ခေတ် မိဖုရား ခင်ဆုံကျောင်း၊ ဘုန်းကြီးဦးပျား (ခေါ်) ဦးပဏ္ဍိတကျောင်း၊ စဉ်ပါဆရာတော်ကျောင်းများသည် ယခု ကျားကူးကျောင်းတိုက်ဝန်းကျင်တွင် တည်ရှိခဲ့သောကြောင့် သာသနိက အဆောက်အဦးများနှင့် နီးစပ်ရာသို့ ပြောင်းရွှေ့ပေးခြင်း ဖြစ်မည်ဟု သမိုင်းသုတေသီတို့က ယူဆကြသည်။ ကျားကူးကျောင်းတိုက်တွင် လက်ရှိ သီတင်းသုံး နေတော်မူသော နာယကဆရာတော် ဦးပညာသာမိ၏ စာရေးသူအား မိန့်ကြားမှုမှာ တစ်နည်းမှတ်သားဖွယ်ဖြစ်သည်။

ဗဟန်း အောင်မြေဘုံစံကျောင်းမှ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့သည့် ကျားကူးကျောင်းတိုက်

မူလဆရာတော်ကြီး ဦးစန္ဒမှာ လက်ရှိကျားကူး ကျောင်းသိမ်တော်ကြီးမှာ မူလရဟန္တာသိမ်တော်ကြီး (၉)သိမ်၌ ပါဝင်ခဲ့သည့် သိမ်တော်ကြီး ဖြစ်သည်။ ကျားကူးကျောင်းသည်ပင် မြင်းပြိုင်ကွင်းဟောင်းနှင့် တစ်ဆက်တည်း တည်ရှိခဲ့သည်ဟု မိန့်ကြားခဲ့ကြောင်း မှတ်သားရပါသည်။ သို့အတွက် ကျားကူးသိမ်တော်ကြီးသည် မူလရဟန္တာများ သမုတ်တော်မူခဲ့သည့် သိမ်တော်ကြီး အမှန် ဖြစ်/မဖြစ်ကို စိစစ်ဖော်ထုတ် တင်ပြနိုင်ရန် သုတေသီသမိုင်း ပညာရှင်များအတွက် ချန်လှပ်ထားပြီး ပကတိတွေ့မြင်နေရသော ကျားကူးရဟန္တာသိမ်တော်ကြီး ဘွဲ့မည်ရှိ ကျားကူးကျောင်းတိုက်အတွင်းမှ သိမ်တော်ကြီး တည်ရှိ နေမှုအပိုင်းကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။

ကျားကူးသိမ်တော်ကြီးမှာ ကျားကူး ကျောင်းတိုက် အဝင်ဝ၊ လက်ယာဘက်၌ ဘုရားလမ်းကို မျက်နှာစာပြုလျက် အုတ်တိုက် အဆောက်အဦးကြီး အဖြစ် ဖူးမြင်ကြရသည်။ သိမ်တော်ကြီး၏ ရှေ့ပိုင်း၌ ကျောက်သားဖြင့် ထုလုပ်ထားသည့် ခြသေ့ရုပ်တု၊ ဆင်ရုပ်တုတို့အပြင် အင်ကြင်းကျောက်အမျိုးအစား သိမ်နယ်နိမိတ် ကျောက်တိုင်များကိုလည်း တွေ့မြင်ရသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက တည်ရှိခဲ့ရာ ရာသီဥတုဒဏ်ကြောင့် ချို့ယွင်း၊ ပျက်စီးဟောင်းနွမ်းမှုများရှိခဲ့သည်။ သိမ်တော်ကြီး အတွင်း၌ '၁၂၂၈-ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်နေ့တွင် ထုလုပ်ခဲ့ပြီး ဘုရားဒါယကာ ကိုတုတ်ကြီး၊ ဘုရားအမ-မရှ၊ သမီး မလှဝင်း၊ မဲရွှေမြတို့ ကောင်းမှု'ဟု ကမ္ပည်းတင်ထားသည့် ဥဏ်တော် (၅)ပေခန့်ရှိ ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကို ဖူးတွေ့ရသည်။ အင်္ဂလိပ်ခေတ်တွင် ပျက်စီးယိုယွင်းမှုဖြစ်နေသော သိမ်တော်ကြီးကို စက်ရှင်မင်းကြီးဦးဘိုးခင်နှင့် ဇနီးမိသားစုတို့မှ ဦးစွာပြုပြင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်း အမိုးသွပ်ပြားများ ပျက်စီးခဲ့သဖြင့် ကုန်သည်ကြီး ဦးဘရှင်မိသားစုမှ သွပ်မိုးအသစ်ကို ပြုပြင်လှူဒါန်းခဲ့ကြောင်း နာယကဆရာတော်၏ မိန့်ကြားချက်အရ မှတ်သားရပါသည်။ ကျားကူး သိမ်တော်ကြီးသည် မူလသိမ် (၉)သိမ်၌ ပါဝင်သော သိမ်တော်ကြီး အစစ်အမှန် ဖြစ်/မဖြစ်ကို ချန်လှပ်လျက် လက်ရှိတည်ရှိနေသော ရှေးဟောင်းသိမ်တော်ကြီးအဖြစ် မွမ်းမံပြုပြင်ရန် လိုအပ်လျက်ရှိပေသည်။



## ခရေပင်ကုန်း သိမ်တော်ကြီး


ခရေပင်ကုန်း သိမ်တော်ကြီးသည် ကျိုက်အသုတ်ခေါ် ဆူးလေစေတီတော်ကြီး၏ အရှေ့ဘက်၊ မြောက်ဘက်သို့ စဉ်းငယ်ယွန်းသောအရပ်၌ မူလက ဘလ္လိက တည်ထားတော်မူသော ကျိုက်ပါဘွဲ့မည်ရ စေတီတစ်ဆူရှိခဲ့သည်။

ကျိုက်ပါစေတီတော်တည်ရာဝန်းကျင်သည် ခရေပင်ကျောင်းတိုက် ခေါ် ပန်းတောတိုက်၊ ကျောင်းတိုက်ကြီးအဖြစ် တည်ရှိခဲ့ကြောင်း လေ့လာ မှတ်သားရပါသည်။ အဘက်ဘက်ကို ထောက်ရှုလျှင် ခွေးသေဝတံခါးသိမ် ခေါ် ခရေပင်ကုန်းသိမ်တော်ကြီးသည် ယခုပန်းဆိုးတန်းလမ်းနှင့် (၃၇)လမ်းအကြား တည်ရှိရာ အဝန်းအဝိုင်းနယ်မြေအတွင်း၌ တည်ရှိခဲ့သည်ဟုသာ မှတ်ယူရမည်ဖြစ်ပေသည်။

အထူးသဖြင့် ဤသိမ်တော်ကြီးနေရာမှာလည်း နောင်မြို့လယ်အချက်အချာ ဖြစ်လာမည့်နေရာအဖြစ် အင်္ဂလိပ်အာဏာပိုင်တို့ မြို့ကွက်သစ်တိုးချဲ့မှု၌ ဖြိုချဖျက်ဆီးခံရ၍ မြေမှ ပျောက်ကွယ်ခဲ့ရသည်မှာ ထင်ရှားလှပေသည်။

မြောက်ဘက်တွင် ကပ်လျက်ရှိသော မသာတံခါးလမ်း၏အရှေ့ဘက်၌ ခွေးသေဝ ဘုရားခေါ် စေတီငုတ်တိုတစ်ဆူ ရှိခဲ့သည်။ ၎င်းစေတီနှင့် မြေတံတားလမ်း (ယခု၃၇-လမ်း) အကြားတွင် သိမ်ရှိခဲ့ကြောင်း အဆိုရှိသည်။ ခွေးသေဝတံခါးအနီး၌ တည်ရှိသောကြောင့် ခွေးသေဝတံခါးသိမ်ဟုလည်း ခေါ်တွင်ခဲ့ကြသည်။ သိမ်လက်ရေးမူ တစ်စောင်၌မူ ခွေးသေဝ ဘုရားခေါ် စေတီငုတ်တိုနှင့် မြေတံတားလမ်း(ယခု-၃၇-လမ်း)အကြား၊ ယခု မော်လမြိုင်ကျောင်းတိုက်အတွင်း၌ သိမ်တော်ကြီး တည်ရှိခဲ့ကြောင်း ဖွင့်ဆိုထားသည်ကို လေ့လာ တွေ့ရှိရသည်။ သို့သော် မော်လမြိုင်ကျောင်းတိုက်အတွင်းရှိ (၃၆)လမ်းနှင့် ဗိုလ်ချုပ်လမ်း ထောင့်၌ လက်ရှိတည်ရှိနေသော သိမ်သည် ခရေပင်ကုန်း သိမ်ဟုတ် မဟုတ်ကိုမူ ဖွင့်ဆိုမှုမရှိချေ။ ယခု ပန်းဆိုးတန်းလမ်း စိန်ဘရားသားနှင့် ဂရင်းဟိုတယ်အကြားရှိ သတင်းစာ/စာရေးဆရာအသင်းတိုက်နေရာ၌ မူလက ခရေပင်ကျောင်းခေါ် ပန်းတောင်းကျောင်း တည်ရှိခဲ့သည်။ ၎င်းကျောင်းတိုက်ကို အစွဲပြုလျက် အနီးရှိ သိမ်တော်ကြီးကို ခရေပင်ကုန်းသိမ်ဟုလည်း ခေါ်တွင်ခဲ့ကြသည်။ ထိုစဉ်က မော်လမြိုင်ကျောင်းတိုက် တည်ရာမှ အနောက်တောင်စွန်းနှင့် ဘလ္လိက၏





**မဟာသိမ်တော်ကြီး**

မဟာသိမ်တော်ကြီး ဘွဲ့မည်ဖြင့် ထင်ရှားသည့် သိမ်တော်ကြီးသည် ပန်းပဲတန်းမြို့နယ်၊ သိမ်ကြီးဈေးနှင့် ကုန်ဈေးတန်းအကြား၌ မဟာဗန္ဓုလလမ်းကို မျက်နှာပြုလျက် တည်ရှိနေသည့် 'မြတ်စွာဘုရားကျောင်းတော်ကြီး'၏နောက်ဘက်၌ တည်ရှိသည်။ မြို့တော်အတွင်းရှိ အချက်အချာနေရာ၌ တည်ရှိသော ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထား ကိုးကွယ်ဆည်းကပ်ရာ ယနေ့တိုင် ထင်ရှားသည့် သိမ်တော်ကြီးတစ်ဆူနှင့် ဘုရားတစ်ဆူတွင် အပါအဝင် သိမ်တော်ကြီး ဖြစ်သည်။ ဘုရားတစ်ဆူမှာ ဆူးလေစေတီတော်ဖြစ်သည်။ အချို့က သိမ်တော်ကြီး၏ရှေ့ဘက်ရှိ မဟာဗန္ဓုလလမ်း မျက်နှာစာရှိ 'မြတ်စွာဘုရားကျောင်းတော်ကြီး'ကိုပင် မူလသိမ်တော်ကြီးဟု မှတ်ယူကြသည်။ အမှန်မှာ 'မြတ်စွာဘုရား ကျောင်းတော်ကြီး'သည် ဗုဒ္ဓရုပ်ပွားတော်မြတ်များ သီတင်းသုံးတော်မူရာ စံကျောင်းတော်ကြီးသာ ဖြစ်သည်။ မူလရဟန္တာသိမ်တော်ကြီးမှာ 'မြတ်စွာဘုရားကျောင်းတော်ကြီး'၏ နောက်ဘက် အတွင်းပိုင်း၌ ကျောင်းအဆောက်အဦးများ ဝန်းရံလျက် အုတ်တိုက်အဆောက်အဦး သိမ်ကြီးအဖြစ် တသီးတခြား တည်ရှိနေသည်။ သိမ်တော်ကြီးအား ဝန်းရံလျက်ရှိသည့် ကျောင်း အဆောက်အဦးများ၌ သီတင်းသုံးတော်မူကြသော စာသင်သားသံဃာတော်များအား စာပေသင်ကြားပို့ချမှုအပေါ် မူတည်လျက် သိမ်တော်ကြီးစာသင်တိုက် အဖြစ်လည်း ထင်ရှားလျက်ရှိသည်။ ရှေးအခါက သိမ်တော်ကြီး၏ အနောက်ဘက် သိမ်ကြီးဈေးစီရုံ (နာရီစင်ကြီး)နေရာ၌ ကျိုက်မဲသံကရော၊ ကျိုက်မဲသံချို၊ ကျိုက်မြတ် သံချိုဟူသော ဘွဲ့မည်သုံးခုဖြင့် ထင်ရှားသည့် စေတီကြီးတစ်ဆူ ရှိခဲ့သည်။ ဤစေတီကြီးသည် ရဟန္တာသိမ်တော်ကြီးအား တည်ထားသမုတ် တော်မူခဲ့ကြသော ရဟန္တာအရှင်မြတ်တို့၏ ကြပ်မတ်မှု ဖြင့် အမတ်သူရဲကောင်းတို့အား တည်စေခဲ့သည့် စေတီတစ်ဆယ့်တစ်ဆူ၌ အဝင်အပါ စေတီကြီး ဖြစ်သည်။ သိမ်တော်ကြီးနှင့် စေတီတော်ကြီးတို့သည် ရှေ့နောက် ဆိုသကဲ့သို့ တည်တော်မူခဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ်များ ရန်ကုန်မြို့ကို မြို့ကွက်သစ်တိုးချဲ့သည့်အခါ ၎င်းစေတီကြီးကို ဖြိုချဖျက်ဆီး ဖယ်ရှားခဲ့သည်။ ၎င်းစေတီကြီး၏ ဘွဲ့မည်ကို အစွဲပြုလျက် အနီးရှိ သိမ်တော်ကြီးကို ကျိုက် မဲသံကရော၊ ကျိုက်မဲသံချို၊ ကျိုက်မြတ်သံချို သိမ်တော်ကြီးဟု ဘွဲ့မည်သုံးမည်ဖြင့် ခေါ်တွင်ခဲ့ကြကြောင်း လေ့လာမှတ်သား ရပါသည်။ ယခုခါတွင်မူ မဟာသိမ်တော်ကြီးဟူသော ဘွဲ့မည်ဖြင့် ထင်ရှားလျက် ရှိပေသည်။

နယ်ချဲ့အင်္ဂလိပ်တို့ အောက်မြန်မာပြည်ကို မသိမ်းပိုက်မီကာလက မဟာသိမ်တော်ကြီး

သာသနာ့မြေသည် ကျယ်ဝန်းမှုရှိသဖြင့် ရှေးယခင် သီတင်းသုံးတော်မူခဲ့ကြသော ဆရာတော်ကြီးများ၏ ခွင့်ပြုချက်ဖြင့် မြို့နေလူအများတို့သည် အရောင်းအဝယ်ပြုရာ ဈေးအဖြစ်တည်ရှိခဲ့သည်။ လူပုဂ္ဂိုလ်အချို့တို့က ဦးဆောင်လျက် ယာယီဆိုင်ငယ်လေးများ ဆောက်လုပ်ပေးပြီး ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်စေသည်။ အင်္ဂလိပ်တို့ မြန်မာပြည်အောက်ပိုင်းကို သိမ်းပိုက်ပြီးသည့်အခါ မော်လမြိုင်မြို့တွင် အစပျိုးလျက် ဈေးတည်ထောင်ခဲ့သော စုရတီဈေးကုမ္ပဏီသည် အကျိုးအမြတ်ကြီးမားသော ဈေးလုပ်ငန်း၏ ဒုတိယ ခြေလှမ်းအဖြစ် သိမ်တော်ကြီး ဝတ္တကမြေပေါ်ရှိ ယာယီဈေးအား မျက်စေ့ကျခဲ့ကြသည်။ ဝတ္တကမြေပေါ်ရှိ မူလယာယီဈေးဆိုင်ငယ်များ၏ ပိုင်ရှင်များထံမှ တစ်ဆိုင်လျှင် ငွေကျပ် ၇၅ိ/ လျော်ကြေးပေးပြီး စုရတီဘဇားအမည်ရှိ ဈေးကြီးကို ဆောက်လုပ်ရန် စီစဉ်ခဲ့ကြသည်။ ထိုအချိန်တွင် အင်္ဂလိပ်အာဏာပိုင်တို့သည် သိမ်တော်ကြီးအနီးရှိ ကျိုက်မဲသံကရော စေတီတော်မြတ်ကြီးကို ဖြိုချဖျက်ဆီး ဖယ်ရှားကာ မြို့ကွက်သစ်များအဖြစ် မြို့မြေအတွက် သွတ်သွင်းခဲ့သည်။ ထို့နည်းတူ သိမ်တော်ကြီး ဝတ္တကမြေများကိုလည်း အင်္ဂလိပ်တို့သိမ်းယူလျက် မြို့ကွက်သစ်ရိုက်သည့် မြို့မြေအတွင်း သွတ်သွင်းခဲ့ပြန်သည်။ ထိုသို့ စေတီနှင့် သိမ်တော်ကြီးမှ ထွက်ပေါ်လာသည့် မြေများအပါအဝင် မြို့ကွက်မှ (၆.၂၆)ဧကရှိ မြေဧရိယာအကျယ် အဝန်းကို မြေတစ်စတုရန်းပေလျှင် (၉)ပြားမှ (၈)ပဲနှုန်း အထိ ဈေးပြိုင်ပေးလျက် တစ်စတစ်စ ဝယ်ယူပြီး ဝါး၊ ဓနိ၊ သက်ငယ်မိုး စုရတီဈေးကြီးကို စတင်ထူထောင်ခဲ့ကြသည်။

အထူးသဖြင့် အင်္ဂလိပ်လက်ထက်မှ အစပြုလျက် ယနေ့တိုင် မြို့လယ်ပိုင်း၌ တည်ရှိနေသည့် ဘာသာခြားတို့၏ ဗလီ၊ ဝတ်ကျောင်း၊ ဘုရားရှိခိုးကျောင်း(၂၅)ခုခန့်တို့အလယ်၌ မဟာသိမ်တော်ကြီးနှင့် ဆူးလေစေတီတော်တို့သာ ထင်ရှားတည်ရှိလျက် ရှိသည်ကိုအထူးသတိပြုဖွယ်ရာ ဖြစ်ပေသည်။ ကျွန်ဘဝ၏သင်ခန်းစာအဖြစ် ဂရုပြုကြရမည်ဖြစ်ပေသည်။

သက္ကရာဇ်(၁၉၁၅)-ခုနှစ်၌ ကုန်ဈေး တန်းကျောင်းဒါယကာကြီး ဦးအေးမောင်၊ဒေါ်မြစ်တို့မှ မဟာသိမ်တော်ကြီးကို အသစ်တည်ဆောက်လှူဒါန်းခဲ့သည်။ သိမ်တော်ကြီး အဆောက်အအုံမှာ အုတ်၊ ကျောက်တို့ဖြင့် အခိုင်အမာ တည်ဆောက်ထားပြီး လျှာထိုးပျဉ် မျက်နှာကျက်များ တပ်ဆင်ထားသည်။ နံရံ၌ ကြွေကျောက်ပြားများ ကပ်ထားသဖြင့် အဆောက်အဦးမှာ ထည်ဝါ ခံ့ညားမှုအသွင်ကို ဖော်ဆောင်လျက်ရှိသည်။ ၎င်းအပြင် ဦးအေးမောင် မိသားစုဆွေမျိုးသားချင်း တို့ကပင် စုပေါင်းပြီး သိမ်တော်ကြီးပရိဝုဏ်အတွင်း ကုန်ဈေးတန်းဘက်ခြမ်း၌ သံဃာတော်များ သီတင်းသုံးရန်အတွက် နှစ်ထပ်တိုက်ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ပြန်သည်။

## ဦးဝိလာသ ဂုဏ်ပြည့်ဝ

ထိုအချိန်ကာလ၌ ကျောင်းထိုင်ဆရာ တော်အဖြစ် သီတင်းသုံးတော်မူခဲ့သည့်(၄)ဆက်မြောက် ဆရာတော် ဦးဝိလာသလက်ထက်တော်ဖြစ်သည်။ အဘိုးတော်သူ သိမ်တော်ကြီးဆရာတော်ဦးကေ

လာသထံမှ လွှဲအပ်ချက်အရ ဆက်ခံရသော ဆရာတော်မှာ သက်တော်အားဖြင့် ငယ်ရွယ်သော်လည်း သာသနာတော်ကြီး အရှည်တည်တံ့ရေး အတွက် ရည်မှန်းချက်ကြီးမားလှသည်။ ၎င်း ရည်ရွယ်ချက်ကို ကျောင်းဒါယကာ ဦးအေးမောင်–ဒေါ်ဒေါ်မြစ်တို့ မိသားစု၊ ဆွေမျိုးသားချင်းတို့၏ လှူဒါန်းမှုများက ဆရာတော်၏ ရည်မှန်းချက်ကို အားတက်စေခဲ့သည်။ ပိုမိုခိုင်မြဲစေခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း စစ်တလင်းအဖြစ် အများဆုံး ဖုံးကြဲခံရသော အဆောက်အဦးများ အတွင်း၌ သိမ်တော်ကြီးရှိသာသနိက အဆောက်အဦး အချို့လည်း ပျက်စီးခဲ့ရသည်။

ဆရာတော်သည် ပျက်စီးသည့် သာသနိက အဆောက်အဦးများ ပြန်လည် ဆောက်လုပ်ရေး အတွက် စိတ်အားထက်သန်မှု ရှိသော်လည်း ငွေကြေးအားဖြင့် မပြည့်စုံသောကြောင့် အကောင်အထည် မဖော်နိုင်ခဲ့ချေ။ အခြား ဘာသာခြားတို့၏ အဆောက်အဦးများ တစ်ခုပြီးတစ်ခု တည်ဆောက်ကြလေသည်။ ဆရာတော်သည် အားမလိုအားမရစိတ်များဖြစ် ပေါ်ခံစားခဲ့ရသည်။ သို့သော် တည်ဆောက်ရေးအတွက် မပျက်သော စိတ်ဓာတ်လုံ့လတို့ဖြင့် ကြံစည်တော်မူသည်။ ထိုအချိန်တွင် မူလဲစူရတီဘဏကုမ္ပဏီသည် သိမ်ကြီးဈေးတည်ဆောက်နိုင်ခဲ့မှုကြောင့် ကြီးကြီးမားမား အကျိုးဖြစ်ထွန်းခဲ့ကြသဖြင့် ဈေးကြီးတိုးချဲ့ရေး ရည်မှန်းချက်ဖြင့် ဆရာတော် ဦးဝိလာသထံ ချဉ်းကပ်မှုပြုလာကြသည်။ သိမ်တော်ကြီး ဝတ္တကမြေကွက်ကို မျက်စောင်းထိုးလာကြသည်။ ဆရာတော်ဦးဝိလာသထံ နည်းမျိုးစုံဖြင့် ချဉ်းကပ်လာကြသည်။ လူမျိုးခြားအရင်းရှင် သူဌေးကြီးများတို့သည် 'သိမ်အဆောက်အဦးကို ပြုပြင်ဆောက်လုပ်ပေးမည်။ ကျောင်းတိုက်ပတ်လည် ဝတ္တကမြေပေါ်၌သုံးထပ်တိုက်ကျောင်းကြီးများတည်ဆောက်ပေးမည်။ အပေါ်နှစ်ထပ်၌ သံဃာတော်များ သီတင်းသုံးကြရန်နှင့် အောက်ထပ်များကို မိမိတို့အား ဈေးဆိုင်ဖွင့်ခွင့်ပြုပါမည့် အကြောင်း လျှောက်ထားကြသည်'။ မဟာ သိမ်တော်ကြီး လမ်းကိုလည်း ကောင်းစွာပြုပြင်ပေးမည်။ ဆရာတော် သဘောတူညီပါက ငွေကျပ် ဆယ်သိန်းကို ပေးလှူပါမည်ဟူသော ငွေကြေးအလှူပြ၍ မက်လုံးပေး လျှောက်ထားကြသည်။ အမှန်အားဖြင့် ထိုခေတ် ထိုအချိန်က ငွေကျပ် ဆယ်သိန်းဟူသည်မှာ တစ်ပြား၊ တစ်ပဲသည်ပင် ထိုက်ထိုက်တန်တန် ငွေတန်ဖိုးရှိသောခေတ်ဖြစ်၍ သာမန်ပုဂ္ဂိုလ်တစ်ဦး အဖို့ လွန်စွာတပ်မက်လောက်သည့် ငွေကြေး အတိုင်းအတာထက် များစွာသာလွန်လျက် ရှိပေသည်။ သို့သော် ဆရာတော်ကြီး၏ သာသနာတော်ကြီးအတွက် ကြီးမားသည့် ရည်မှန်းချက်စိတ်ဓာတ်သည် မယိမ်းမယိုင် ကျောက်စာတိုင်ပမာ ခိုင်မာလှပေသည်။ ဆရာတော်ကြီးကား မက်လုံးပေးသည်ကို မမက်၊ ဖြားယောင်းမှုကို လက်မခံ။

ထိုသို့ အမျိုးဘာသာ သာသနာတော်ကြီး အတွက် ရဲရဲဝံ့ဝံ့ရပ်တည်သော ဆရာတော်ဦးဝိလာသ၏ စိတ်ဓာတ်ခိုင်မာမှု၊ သီလ၊ သမာဓိ၊ ပညာ ဂုဏ်တို့ဖြင့် ပြည့်စုံမှုတို့ကို မိမိတို့ဘာသာ မဟုတ်သော်လည်း ကြည်ညိုလေးစားလာကြသည်။ မိမိတို့အကြံအစည်မှာ မအောင်မြင်သော်လည်း ဆရာတော်ကြီး၏မြင့်မြတ်သော စိတ်ဓာတ်ကို လေးစားကြည်ညိုလာကြသည်။ ဆရာတော်ကြီးအား အိန္ဒိယမှ သစ်သီးများ မှာကြားပေးလှူခြင်း၊ ဆရာတော် သာသနာ့ကိစ္စအဝဝဖြင့် မြို့တွင်း မြို့ပြင် သွားလာရာ၌ မော်တော်ယာဉ် စီစဉ်ပို့ဆောင်ပေးခြင်းတို့ဖြင့် ပံ့ပိုးကူညီမှုပြုခဲ့ကြသည်။ တစ်နည်းအားဖြင့် ဆရာတော်၏ မေတ္တာစေတနာ ဟု ဆိုရပေမည်။ ဆရာတော်ကြီးသည် ရသေ့ကြီး ဦးခန္တီ၏ ထုံးကို နှလုံးမူလျက် အုတ်တစ်လုံးလည်း၊ သဲတစ်စီးမှ စတင်အလှူခံပြီး လုပ်ငန်းများစတင်ခဲ့ရာ ၁၉၄၆–ခုနှစ်တွင် မဟာ

ဗန္ဓုလလမ်းကြီးကို မျက်နှာစာပြုလျက် ကုန်ဈေးတန်းနှင့် (၂၆)လမ်းအကြား၌ မြေကွက်ပြည့်အဖြစ် တိုက်ကျောင်းကြီးတစ်ကျောင်းကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်။ ကျောင်းတော်ကြီး၏ ထိပ်တစ်ဘက်စီတွင် ကြေးစေတီတစ်ဆူစီ တည်ထားသည်။ ကျောင်းတော်ကြီးအတွင်း၌ ပုံသဏ္ဌာန် အမျိုးမျိုးသော ရုပ်ပွားတော် ဆင်းတုတော်များကို ကြည်ညိုထားရှိသည်။ ထို့ကြောင့်ပင် 'မြတ်စွာဘုရားကျောင်းတော်ကြီး' ဟူသော စာတမ်း ကမ္ပည်းနှင့် အညီ ရုပ်ပွားဆင်းတုတော်များ သီတင်းသုံးတော်မူရာ စံကျောင်းတော်ကြီးအဖြစ် ယနေ့တိုင် ထင်ရှားလျက်ရှိတော့သည်။ ဤသို့ သိမ်တော်ကြီး ထိန်းသိမ်းစောင့်ရှောက် တည်ထောင် သာသနာပြုတော်မူရင်း ဆရာတော်ကြီးသည် ၁၉၅၃-ခုနှစ် သက်တော်(၆၅)နှစ်အရောက်၌ ဘ၀နတ်ထံ ပျံလွန်တော်မူလေသည်။ နှစ်ပေါင်း (၄၀)ကျော်မျှ အဖျက်အဆီး၊ အခက်အခဲ အတန်တန်ကို ရန်းကန် တွန်းလှန်ကာ ကြိုးပမ်းအားထုတ် သာသနာတော်ပြုတော်မူခဲ့သည့် ဆရာတော်ကြီး၏ ဂုဏ်သတင်းမော်ကွန်းကား သိမ်တော်ကြီး တည်ရှိမှုနှင့်အတူ တည်ရှိနေမည်သာ ဖြစ်ပေသည်။

## သိမ်တော်ဘက်စုံ ပြုပြင်ပွဲ

သာသနာသမိုင်းတစ်ခေတ် မော်ကွန်း သစ်ဟုဖွင့်ဆိုရမည့် (၂၄-၅-၈၀)ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၄၂)ခုနှစ် နယုန်လဆန်း (၁၁)ရက်နေ့၌သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီး ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ သာသနာတော်သမိုင်း၌ အထူးခြားဆုံး သာသနာမှတ်တိုင်ကြီးကို စိုက်ထူနိုင်ခြင်းပင် ဖြစ်ပေသည်။ ထိုမှတစ်ဆင့် ရေမြင့်ကကြာတင့်၊ ကြာမြင့်ဆိုသကဲ့သို့ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့၏ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်မှုကို နိုင်ငံတော်နှင့် လုပ်သားပြည်သူ အပေါင်းတို့က ချီးမြှောက်ထောက်ပံ့ လှူဒါန်းမှု ဖြင့် ဖြည့်ဆည်းခဲ့ကြသည်။ ဆရာ၊ ဒါယကာ ညီညွတ်စွာ ဆောင်ရွက်နိုင်ခြင်း၏ အောင်မြင်မှုပင်ဖြစ်ပေသည်။ ဤသာသနာ အောင်ပွဲ တိုးတက် စည်ပင်မှုများနှင့်အတူ မဟာသိမ်တော်ကြီး၌လည်း နိုင်ငံတော် သံဃမဟာနာယက အဖွဲ့မှ တိုက်ရိုက်တာဝန်ယူ စီမံခန့်ခွဲမှုဖြင့် ပရိယတ္တိစာသင်တိုက်ကြီးအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ (၄-၁၁-၈၁)ရက်နေ့၌ အဖွဲ့ဝင် (၁၁)ဦး ပါဝင်သော ဂေါပကအဖွဲ့ကို သက်ဆိုင်ရာမှ စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ဂေါပကအဖွဲ့သည် ဆရာတော် သီတင်းသုံးတော်မူရန် ကျောင်း၊ စာသင်သားများအတွက် ကျောင်းဆောင်၊ ဆွမ်းစားကျောင်း၊ သိမ်တော်ကြီး ဓမ္မာရုံစသည့် သာသနိကအဆောက်အဦးများကို ပြုပြင်မွမ်းမံကြသည်။ ရေ၊ မီးများ စနစ်တကျ တပ်ဆင်ဖြည့်ဆီးပေးကြသည်။ ၁၉၈၂-ခုနှစ် စက်တင်ဘာလ(၃)ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးချက်အရ နာယကဆရာတော်အရှင်ကဝိန္ဒာဘိဝံသနှင့် သံဃာတော် (၂၂)ပါး တို့သည် သိမ်တော်ကြီးသို့ သီတင်းသုံးရန် ကြွရောက်တော်မူခဲ့ကြသည်။ ဆရာတော်သည် ပိဋကတ်ကျမ်းဂန်စာပေ၌ နှံ့စပ်ကျွမ်းကျင် လိမ္မာတော်မူသည့်အပြင် ဝိနည်းတော်ကို လေးစားသည့် ဆရာတော်ဖြစ်သည်။ ထို့ကြောင့်ပင် စာပေသင်ကြားပို့ချရာ၌ စည်းကမ်း နည်းလမ်း ကောင်းမွန်ကျနမှု ရှိသည့်အပေါ်မှ တည်ပြီးစာသင်သားများ တစ်နေ့တခြား တိုးပွားလာသည်။ စာလိုက်လိုသော စာသင်သား အင်အားနှင့် နေထိုင်နိုင်သည့် ကျောင်းဆောင် အဆောက်အဦးမှာ မမျှတအောင် ဖြစ်လာသည်။ တိုးချဲ့ရမည့် အခြေအနေဖြစ်ပေါ်လာသည်။ ဂေါပကအဖွဲ့မှ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လမ်းညွှန်ကြီးကြပ်မှုကို

ခံယူလျက် စာသင်တိုက် အသစ် ဆောက်လုပ်နိုင်ရန် လိုအပ်သောအစီအစဉ်များကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကြသည်။ ဤသို့ဖြင့် ဘာသာခြား အများဆုံး နေထိုင်ကြပြီး ဘာသာခြားအဆောက်အအုံများ အများဆုံး တည်ရှိရာ မြို့လယ်ပိုင်း၌ (၂၅-၁၀-၈၅) ရက်နေ့၌ လေးထပ်စာသင်တိုက် ကျောင်းဆောင် အသစ်ဆောက်လုပ်ရန် အုတ်မြစ် ချပွဲ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။


လေးထပ်စာသင်တိုက်သစ် အဆောက် အဦးဆောက်လုပ်မည့်နေရာ၌ မူလက ဘုရားတန်ဆောင်း ဖြစ်ရာ တန်ဆောင်းတော် အတွင်းစံတော်မူလျက်ရှိကြသော ဗုဒ္ဓမြတ်စွာ ဆင်းတုရုပ်ပွားတော်များ၊ ရဟန္တာရုပ်တုတော်များကို မူလပုံစံမပျက် စံကျောင်းတော်ကြီးအတွင်းသို့ ပင့်ဆောင်နိုင်ရန် စီစဉ်ကြသည်။ အထူးသဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များမှာ ဉာဏ်တော်မြင့်သည့် ရုပ်ပွားတော်ကြီးများ ပါဝင်နေသည်။ ၎င်းရုပ်ပွားတော်များမှာ ကာလကြာမြင့်စွာက တည်ရှိခဲ့၍ အုတ်အင်္ဂတေသားတို့မှာ အထိခိုက်မခံနိုင်လောက်အောင် ဆွေးမြေ့စပြုနေသည်။ ဤအခြေအနေ အကြားမှပင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ပုံစံမပျက် ရွှေ့ပြောင်းနိုင်ခဲ့ကြသည်။

လေးထပ်စာသင်တိုက် အဆောက်အဦးကို အင်းစိန်မြို့ မြို့ပြအင်ဂျင်နီယာ ဆောက်လုပ်ရေးသမဝါယမအသင်းမှ တာဝန်ယူဆောက်လုပ်ခဲ့ရာ ခန့်မှန်းကုန်ကျ ငွေသိန်း(၃၀)ဖြင့် ဆောက်လုပ်ရေးကာလအဖြစ် ၁၉၈၅-ခုနှစ်၊ အောက်တိုဘာလမှ ၁၉၈၇-ခုနှစ် စက်တင်ဘာလ အတွင်း အပြီးတည်ဆောက်ရန် လျာထားသတ်မှတ်ခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်း စတင်မှုနှင့် အတူ သိမ်ကြီးဈေးမှ ဈေးသူဈေးသားများ၊ ဗုဒ္ဓဘာသာဝင်စေတနာရှင်များတို့မှ သဒ္ဓါတရား ထက်သန်စွာဖြင့် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအလှူငွေများကို လှူဒါန်းခဲ့ကြသည်။ လေးထပ်စာသင်တိုက်အဆောက်အဦးကြီးသည် အလျား(၇၄)ပေ၊ အနံ (၂၉)ပေ (၆)လက်မ၊ အမြင့်မှာ အောက်ခြေမှ စေတီ ထီးတော်ထိပ်အထိ (၉၁) ပေ(၆)လက်မရှိရာ မြို့လယ်တိုက်တာ အဆောက်အဦးများအလယ်၌ မြင့်မြင့်မားမား၊ ဝင့်ဝင့် ကြွားကြွားတည်ရှိလျက်ရှိသည်။ ကျောင်းဆောင် အထက်ပိုင်းပြာသာဒ်ဆောင်မှာ မြန်မာ့ရိုးရာဗိသုကာပန်းတော့ပညာ အပြောက်အမွှန်းများဖြင့် ပြောင်မြောက်စွာ ခြယ်မှုံးထားသည်။ လှပ တင့်တယ်ခံ့ညား တည်ငြိမ်သည့် အသွင်ကို ဖော်ဆောင်လျက်ရှိသည်။ ပင်မအဆောက်အဦး အထက်ပိုင်းတွင်ရှိသော မင်္ဂလာစည်တော်ကြီးနှင့် နာရီစင်တို့မှာ အဆောက်အအုံနှင့် လိုက်ဖက်၍ ပဏာရလှသည်။ ဘာသာရေး အဆောက်အအုံ အသွင်ပီပြင်သည်။ လုပ်ငန်းကို ၁၉၈၇-ခုနှစ် စက်တင်ဘာလ၌ အပြီးတည်ဆောက်ရန် ဖြစ်သော်လည်း ပင်မအဆောင်ကြီး၏ ပြာသာဒ် အထက်ပိုင်းတွင် မူလပုံစံမှ စေတီတစ်ဆူ ပြောင်းလဲတည်ဆောက်ရန် အသေးစိတ်စီမံရသဖြင့် မပြီးစီးနိုင်တော့ချေ။ ထိုသို့ ပြောင်းလဲလာသော ပုံစံအနေအထားအရ ခန့်မှန်းကုန်ကျငွေအနေဖြင့်လည်း ငွေကျပ် (၃၀) သိန်းမှ၊ ကျပ်သိန်း (၃၅)သို့ တိုးမြှင့်သုံးစွဲခဲ့ရသည်။

ထိုသို့ လေးထပ်စာသင်တိုက်ကြီး ဆောက်လုပ်နေဆဲအချိန်၌ပင် ငွေကျပ် (၃)သိန်း ကျော်တန် ကုဋီနှင့် ရေချိုးခန်း တွဲလျက် နှစ်ထပ်တိုက် အဆောက်အဦး တစ်ခုနှင့် ကျပ်ငွေ သုံးသိန်းခန့်တန် ဆွမ်းချက်ဆောင် နှစ်ထပ်တိုက်.တစ်ခုတို့ကိုပါ ဂေါပကအဖွဲ့မှ ဆက်စပ်အကောင် အထည်ဖော်နိုင်ခဲ့သည်။ ထို့ပြင်တဝ မူလ တည်ရှိပြီး 'မြတ်စွာဘုရားကျောင်းတော်ကြီး' ကိုလည်း ဆောက်လုပ်လျက်ရှိသည့် သာသနိက အဆောက်အဦး

များနှင့် လိုက်လျောညီထွေ ရှိစေရေး အတွက် ကြမ်းခင်းများ ပြုပြင်ခြင်း၊ ကျောင်းတော်ကြီး၏ ရှေ့မျက်နှာထိပ်၌ တည်ထားသော ကြေးစေတီနှစ်ဆူတို့အား ရွှေသင်္ကန်း ပူဇော်ခြင်းနှင့် လိုအပ်ချက်များကို ပြုပြင်ခဲ့သည်။ လေးထပ်တိုက်၊ စာသင်တိုက်သစ်ကြီးမှာ စာသင်သား (၁၀၀) ကျော် သီတင်းသုံးနိုင်ပြီး မြေညီထပ်ကိုပင် အရန်ထားရှိနိုင်သည်။ ဒုတိယနှင့် တတိယထပ်ကို သံဃာတော်များ သီတင်းသုံးရန်နှင့် စတုတ္ထကို ဝတ်ပြုဆောင်အဖြစ် ထားရှိသည်။ မူလက မဟာသိမ်တော်ကြီးမှာ ပတ်ဝန်းကျင်ရှိ တိုက်တာ အဆောက်အဦးများ၏ အလယ်၌ သိမ်ငယ်စွာ ရပ်တည်လာခဲ့ရာမှ ယခုအခါ မြင့်မား ထည်ဝါ ဝင့်ကြွားဖွယ်ရာဖြစ်ခဲ့ရပြီဖြစ်သည်။ ကျောင်းတော်ကြီး အမိုးထိပ်ပိုင်းမှ ရွှေသင်္ကန်းရောင်တို့ဖြင့် ဝါဝင်းနေသည့် စေတီတော်မြတ် မြန်မာ့ရွှေဗဟိုဟုဘွဲ့မည်ဆိုရမည့် မဟာစည်တော်ကြီးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုလက်ရာများ စုဝေးရာ သာသနိက အဆောက်အဦးအဖြစ် ဘာသာဝင်အပေါင်းတို့၏ အားတက်ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပေသည်။ (၂၅-၅-၈၈) ရက်နေ့၌ လေးထပ်တိုက် စာသင်တိုက် အဆောက်အဦးကြီး တည်ဆောက်ပြီးစီးမှု အောင်မြင်ခြင်း အဖြစ် အခမ်းအနားကျင်းပကာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သို့ လွှဲအပ် လှူဒါန်းနိုင်ခဲ့သည်။

အထူးသဖြင့် မဟာသိမ်တော်ကြီး တည်ရှိရာ မြတ်စွာဘုရား ကျောင်းတော်ကြီးရှေ့၌ ပြည်ပနိုင်ငံခြားမှ အမျိုးသမီးစေတနာရှင်တစ်ဦး လှူဒါန်းသော နာရီကြီး တပ်ဆင်ထားသည့် နာရီစင်ကြီးဖြင့် မြို့တွင်း မြို့လယ်ပိုင်း၌ ဂုဏ်ယူဖွယ် သာသနိက အဆောက်အဦးကြီး အဖြစ် ရပ်တည်လျက် ရှိပါတော့သည်။



## ကသစ်ပင်ကုန်း မြင်းခင်းသိမ်တော်

ကသစ်ပင်ကုန်းမြင်းခင်း သိမ်တော်ကြီး သည် ကျိုက်အသုတ်(ခေါ်) ဆူးလေစေတီတော် ကြီး၏ အရှေ့ဘက်၊ မြောက်သို့ စဉ်းငယ်ယွန်း သော ဆယ့်ငါးတာကွာဝေးသော အရပ်၌ တည်ရှိသည့် ကျိုက်ကမာကမု စေတီတော်ကြီး၏ မြောက်ဘက် အနီး၌ ကပ်လျက်တည်ရှိသည်ဟု သမိုင်းကြောင်း က အဆိုရှိသည်။

ထို့နည်းတူ သိမ်တော်ကြီး၏ မြောက်ဘက်အနီး၌ ကပ်လျက်တည်ရှိခဲ့သည် ဆိုသော ကျိုက်ကမာကမုစေတီ တည်ရှိခဲ့၍ မှန်းဆသိရှိနိုင်မည် ဖြစ်ပေသည်။ ထိုသို့ ကျိုက် ကမာကမုစေတီကြီးအနီး၌ တည်ရှိသည်ကို အစွဲပြုလျက် ကျိုက်ကမာကမု သိမ်တော်ကြီးဟု လည်း ခေါ်တွင်ခဲ့ကြသည်။ ထို့ပြင် ကျိုက်ကမာ ကမုစေတီတော်တည်ရှိရာ ကုန်းမြင့်ပေါ်၌ ကသစ် ပင်ကြီး ပေါက်ရောက်လျက်ရှိသောကြောင့် အနီးရှိ သိမ်တော်ကြီးကို ကသစ်ပင်ကုန်း သိမ်တော် ကြီးဟု ခေါ်ဆိုကြသည်။ ယခုဗိုလ်အောင်ကျော် လမ်း၏ ကာပိသူဌေးကြီး၏ တိုက်နေရာ၌ ကုန်း ဘောင်မင်းများ လက်ထက်က ရွှေကျွင်မင်းကြီး နေထိုင်ခဲ့သည်။ ၎င်းနေရာ၌ ကုန်းဘောင်ခေတ် မင်းများ မြင်းခင်းသဘင် ကျင်းပရာ နေရာဖြစ် သောကြောင့် အနီးရှိ သိမ်တော်ကြီးကို ကသစ် ပင်ကုန်းမြင်းခင်း သိမ်တော်ဟုလည်း အမည်တွင် ခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

မြင်းခင်းသဘင် သိမ်တော်ကြီး ဘွဲ့မည်ကို ကြားသိရ၍ ရှေးခေတ်မြန်မာ မြင်းခင်းသဘင် ကို ပြန်လည်ကမ်းတ သတိရမိသည်။ ရှေးမြန်မာ မင်းများ လက်ထက်၌ နှစ်စဉ် ပြာသိုလ ရောက် တိုင်း ကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာ မြင်းခင်း သဘင် ပွဲတော်ကြီးကို ကုန်းဘောင်ခေတ် မင်းတို့ သည် နှစ်ကာလပိုင်းမျှသာ နန်းစိုက်သည့် ရန်ကုန် မြို့ (ကုန်းဘောင်ဆက် ရွှေဘိုမင်း တည်ထားသော အောင်မြေရန်နင်မြို့)၌ပင် အစဉ်အလာမပျက် ကျင်းပသည်ကို ထောက်ရှုလျှင် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ကို မည်မျှ အလေးအနက် ထား တော်မူကြကြောင်း ပေါ်လွင်လှပေသည်။ အထူး သဖြင့် အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ရှေး မြန်မာမင်းတို့ မြင်းခင်းသဘင် ပွဲတော်ကျင်းပ နိုင်ခဲ့ကြောင်း အထောက်အထားပင် ဖြစ်သည်။

ရှေးမြန်မာတို့၏ စစ်အင်္ဂါ အခင်း အကျင်း အစုံအလင်ဖြင့် ရှေးမြန်မာမင်းများ ရွှေနန်းတော်မှ ထွက်တော်မူသည့် အခမ်းအနား ထုံးတမ်းစဉ်လာ နှင့် အညီ၊ ရှေ့ဖျားတပ်၊ ရှေ့ရံ တပ်၊ ခြေလျင်စစ် သည်၊ မြင်းတပ်၊ ဆင်တပ်များ ပါဝင်သည့် တပ်မကြီးနှင့် တကွ၊ နောက်ရံတပ်များ စုဖွဲ့ပြီး ချီတက်လာသည့် မြင်ကွင်းကြီးသည် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို သရုပ်ဖော်မှု အဖြစ် ကြက်သီးမွေးညင်းထလောက်အောင် ဇာတိသွေး၊ ဇာတိမာန်တက်ကြွဖွယ် မြင်ကွင်းကြီးပင် ဖြစ် သည်။ 'ဆယ့်နှစ်လရာသီ သဘင်မင်းပွဲများ'ဟု မှတ်တမ်းပြုရသည့် ဘုရင်မင်းများ ကြီးမှူးကျင်း ပသည့် ပွဲတော် (၁၂)ရပ်မှာ မြင်းခင်းသဘင်ပွဲ ပါဝင်ကြောင်း သိရသည်။ မြင်းခင်းသဘင်၏ ထူးခြားချက်မှာ မြင်းခင်းသဘင်ကို မြန်မာ့ ကြည်းတပ်မတော်၏ စစ်ရေး စွမ်းရည်ပြပွဲအဖြစ် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် စစ်ဝတ်တန်ဆာ အပြည့်အစုံ ဆင်ယင်ပြီး မိဖုရားမောင်းမမိဿံ အစုံအလင်ဖြင့် ထွက်တော်မူကာ ရှုစားအားပေး လေ့ ရှိသည်။ မြင်းခင်းသဘင် ကျင်းပသည့် ပြာသိုလတစ်လလုံး မြင်းခင်းသဘင် မြင်းရေး သာမက ကြည်းတပ်မတော်ဆိုင်ရာ စစ်စွမ်းရည် အမျိုးမျိုးတို့ကိုလည်း သူရဲကောင်းများက အပြိုင် အဆိုင် ပြသကြသည်။ စက်ကွင်း အမျိုးမျိုးကို

လုံပုံဖြင့် ပစ်ထိုးရသည့် စက်ထိုးခြင်း၊ မြင်းရေး၊ အဲမောင်းလုံရေးပြခြင်း၊ လုံရေးပြခြင်း၊ ဓားခုတ်၊ လှံထိုး၊ စွမ်းရည် အမျိုးမျိုးပြခြင်း၊ လေးစွမ်းပြခြင်း၊ သေနတ်ပစ်ပြိုင်ခြင်း၊ စစ်ရေး ပြခြင်း၊ ဆင်များ တိုက်ဇော့ခြင်း စသည့်ကြည်း တပ်မတော်ဆိုင်ရာ စွမ်းရည်အမျိုးမျိုးတို့ကို ပြသယှဉ်ပြိုင်ကြသည်။ ထို့ကြောင့် မြင်းခင်းသဘင်ကို စက်သွင်း သဘင်၊ စက်ထိုးပွဲ၊ ဆင်ခင်းသဘင် စသည်ဖြင့်လည်း ခေါ်ဆိုကြကြောင်း လေ့လာ မှတ်သားရပါသည်။ ရှေးမြန်မာမင်းများသည် မြင်းခင်းသဘင်ကို တိုင်းပြည်စည်ပင်ဝပြောဖို့နှင့် တိုင်းပြည်ကာကွယ်ရေး အတွက် လူစွမ်းကောင်းများ ပေါ်ထွက်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်သည်။ မြင်းခင်းသဘင်၌ မင်းညီမင်းသား၊ ဝန်ကြီး၊အတွင်းဝန်၊ မှူးမတ်၊ လက်သုံးတော်၊ လက်စွဲတော်တို့သည် ဘုရင်မင်းမြတ်က ဆုလဒ်အဖြစ် ချီးမြှင့်ထားသည့် စစ်ဝတ်တန်ဆာကို ဆင်ယင်ပြီး ပြိုင်ပွဲဝင်ကြရသည်။ သူရဲသူကြွယ်သား၊ အရပ်သားများပါမကျန် ယောကျ်ားမှန်သမျှ ပါဝင်ယှဉ်ပြိုင် စွမ်းရည်ပြကြရသည်။ အစွမ်းပြနိုင်သူကို ရွှေကျင်ခတ်ပဝါ၊ သဇင်ပန်းခိုင်၊ ပန်းပွင့်တို့ဖြင့် ဘုရင်၊ မိဖုရား၊ နန်းတွင်းသူများတို့က ချီးမြှင့်အားပေးကြသည်။ မြင်းခင်းသဘင်သည် သူရဲကောင်းရွေးချယ်သည့် ပွဲဖြစ်သကဲ့သို့ မင်းမှူးမတ်၊ သူရဲသူကြွယ်သမီးများအတွက် ကြင်ယာလောင်းရွေးချယ်ပွဲလည်း ဖြစ်ရာ မြင်းခင်းသဘင်သည် လူငယ် လူရွယ်များ အဖို့ လူစွမ်းလူစ ပြသခွင့်ရသည့် တော်ဝင်မင်းပွဲ တစ်ပွဲဖြစ်ပေသည်။ ထိုသို့ ဘုရင်မင်းမြတ်ကိုယ်တိုင် ဦးစီးပြီး အလေးထားကျင်းပသည့် မြင်းခင်းသဘင် အပါအဝင် ဆယ့်နှစ်ရာသီပွဲတော်များသည် မြန်မာနိုင်ငံ နယ်ချဲ့လက်အောက် သို့ကျန် ၁၀ ရောက်ရချိန်မှာ ပျောက်ကွယ်ခဲ့ရသည်။ နယ်ချဲ့တို့သည် မြန်မာ့စစ်ရေးစွမ်းရည်နှင့် ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် မြန်မာ့သိုင်းပညာ၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုးပညာများ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာတို့ ကို အစီအစဉ်ရှိရှိ ချိုးနှိမ်ခဲ့ပြီး နယ်ချဲ့အလိုတော်ရိကတစ်ဆင့် အနောက်တိုင်းဓလေ့ ယဉ်ကျေးမှုကို တဖြေးဖြေး သွတ်သွင်းခဲ့ရာ အနှစ်သာရပြည့်ဝသည့် မြင်းခင်းသဘင်နေရာ၌ လောင်းကစားနှင့် အကျင့်စာရိတ္တ ပျက်ပြားမှုများ လွှမ်းမိုးနေသည့် အနောက်တိုင်း ဓလေ့ မြင်းပွဲများဖြင့် အစားထိုးခဲ့သည်။ ယခုအခါ တိုင်းရင်းသားများ ပြည်သူများ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ ဇာတိသွေး၊ ဇာတိမာန် ထက်သန်ခိုင်မာစေရေးတို့အတွက် ရေရှည် အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု လှေသဘင်ပွဲတော် စသည့်ပွဲတော်များကို ရှေးဓလေ့ ထုံးတမ်းစဉ်လာများနှင့် အညီ ဖော်ထုတ်ကျင်းပလျက်ရှိသည်။ ထို့ပြင် မြန်မာ့ရိုးရာ နွားပြိုင်ပွဲ၊ လှည်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပပေးသည့်အပြင် သိုင်းပညာ၊ ခြင်းလုံးပညာ၊ မြန်မာ့ ဗိသုကာပညာ၊ ပန်းချီ၊ ပန်းပု၊ ရွှေချည်ထိုး စသည့် ရိုးရာပညာများ၊ ကျေးလက်အနုပညာများကိုပါ ဖော်ထုတ်မြေတောင် မြှောက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ မြန်မာတိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် မြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ပုံနှင့် ကိုယ်ပိုင်သီးခြား ထူထောင်ထားသည့် မြန်မာ့ယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားပုံတွေကို ယနေ့ခေတ် လူငယ်များ မျက်ဝါးထင်ထင် တွေ့မြင်နိုင်စေဖို့ ရှေးခေတ်ထုံးတမ်းစဉ်လာနှင့်အညီ စီစဉ်ဆောင်ရွက် ဖော်ထုတ်နိုင်မှုအပေါ် ဂုဏ်ယူကြရမည်ဖြစ်သည်။ မိမိတို့ကျရာ တာဝန်မှ ပါဝင်ပူးပေါင်းအားပေး ကူညီမှုဖြင့် ကြိုးပမ်းထမ်းရွက်ကြရမည် ဖြစ်သည်။ မြန်မာ့ဇာတိသွေး ဇာတိမာန်နှင့် မျိုးချစ်စိတ်

ဓာတ်တို့ကို ပေါင်းစပ်ပြီး 'မြန်မာ' ဟူသည့် မြင့်မြတ်သည့် အမျိုးဂုဏ်၊ ဓာတိဂုဏ်ကို ကမ္ဘာ့အလယ်မှာ မြင့်တင်ကြဖို့ အထူးလိုအပ်လှပေသည်။ ဤသို့လျှင် မြန်မာ့ရိုးရာ မြင်းခင်းသဘင်နှင့် ဆက်နွယ်ခဲ့သည့် ကသစ်ပင်ကုန်း သိမ်တော်ကြီးသည်လည်း အင်္ဂလိပ်အာဏာပိုင်တို့ မြို့ကွက်သစ်များ တိုးချဲ့ရာ၌ အနီးရှိ ကျိုက် ကမာကမု စေတီတော်ကြီး နည်းတူ မြေပေါ်မှ ပျောက်ကွယ်ခဲ့ရသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှသည်။ သင်္ခါရနယ်၏ ဖြစ်ပျက်ပြောင်းလွဲမှု အစဉ်နှင့် သူ့ကျွန်ဘဝ၏ဆိုးကျိုးတစ်ရပ်အဖြစ်သာ မှတ်ယူရချေတော့သည်။

## နိဂုံးမဟာ တင်ပြလွှာ

ဗုဒ္ဓသာသနာဝင်၊ မြန်မာ့သာသနာဝင် တို့၌ အဓိကကျ အရေးပါလှသည့် 'မဟာရန်ကုန်မြို့ရှိ သမိုင်းဝင်စေတီ တစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်တော်ကြီး ကိုးသိမ်' သမိုင်းစဉ်အား ဘာသာ/သာသနာအကျိုး ၊ တိုင်းပြည်နှင့် လူမျိုး အကျိုးကို အရှည်မျှော်ကိုးလျက် တိမ်မြုပ်ပျောက် ကွယ်ခြင်း မရှိစေရန် အလို့ငှာ စုဆောင်းလေ့လာ ပြုစုတင်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် သမိုင်းစဉ်နှင့်ဆက်နွယ်လျက် မြန်မာ့သာသနာဝင်၌ အရေးပါသည့် လုပ်ငန်းစဉ်နှစ်ရပ်ကို သမိုင်းသုတေသီများ ပညာရှင်များက ဆက်လက် ဖော်ထုတ် ပြုစုဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါသည်။

မိမိမှာ လက်လှမ်းမီသမျှ ဗုဒ္ဓသာသနာဝင် မြန်မာ့သာသနာဝင်တို့၌ အဓိကကျသည့် သမိုင်းစဉ်၏အခြေခံကို စုဆောင်းလေ့လာ ပြုစု တင်ပြခြင်းသာဖြစ်သည့် အလျောက်၊ သမိုင်း သုတေသီ၊ သမိုင်းပညာရှင်များက ပိုမိုပြည့်စုံတိကျ ခိုင်မာသောသမိုင်းစဉ်ကို လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ရန် အထူးလိုအပ်လှပါသည်။

ဒုတိယ လုပ်ငန်းအနေဖြင့် နှစ်စဉ် နယုန်လပြည့်နေ့ ကိုးတိုင်းကိုးဌာန သာသနာပြု အရှင်ရှင်မဟာမဟိန္ဒနှင့် ဘုရင်တိဿတို့ မဟိန္ဒလေ့တောင်တော်မြတ်၌ စတင်တွေ့ဆုံသည့်နေ့ ကို သီရိလင်္ကာ၏ သာသနာဝင်နေ့ အဖြစ် နှစ်စဉ်သာသနာဝင် ပူဇော်ပွဲကျင်းပသည့်နည်းတူ၊ မြန်မာနိုင်ငံသို့ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ် စတင်ရောက်ရှိသည့်နေ့ (မြန်မာ့သာသနာဝင်နေ့) ကို သတ်မှတ်သင့်သည့် လုပ်ငန်းရပ်ပင်ဖြစ်ပါသည်။

ထိုသို့ မြန်မာ့သာသနာဝင် နေ့ကို သတ်မှတ်သင့်၍ သတ်မှတ်မည်ဆိုပါက မြန်မာတို့၏ သာသနာဝင်သမိုင်း၌ အဓိကကျသော အောက်ပါ သမိုင်းစဉ်များကိုလည်း သတ်မှတ်သင့်သောသမိုင်းစဉ် ဖြစ်ရပ်များအဖြစ် စာရေးသူအနေဖြင့် မိမိဆန္ဒအရ ဦးစားပေးအဆင့်အလိုက် အကြံပြုတင်ပြအပ်ပါသည်။

(၁)တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဘုရားရှင်၏ ဆံတော်ဓာတ်မြတ် (၈)ဆူတို့ကို ပင့်ဆောင်ကာ 'မြန်မာ့သာသနာ တော်အစ၊ ရွှေတိဂုံက' 'စေတီတော်အစ၊ ရွှေတိဂုံက' ဟု ဂုဏ်ယူတင်စားကြရမည့် ရွှေတိဂုံ စေတီတော်ကြီးအား တည်ထားသည့် မဟာသက္ကရာဇ် (၁၀၃)ခု၊ တပေါင်းလပြည့်၊

(၂)တဖုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် မြတ်ဗုဒ္ဓ၏ ဆံတော်ဓာတ်များအား ပင့်ဆောင်ကာ ဥက္ကလာပ (ဒဂုံ) ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့သည့် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့၊

(၃) ကိုးတိုင်း၊ကိုးဌာန၊ သုဝဏ္ဏဘူမိ (သထုံ) သာသနာပြုအရှင်သောဏနှင့် အရှင်ဉတ္တရ တို့ ဦးဆောင်သော ရဟန္တာအရှင်မြတ် ငါးပါးတို့ ရောက်ရှိလာကြသည့် သာသနာသက္ကရာဇ် (၂၃၅) ခုနှစ်၏ သတ်မှတ်သင့်သော လ/ရက်။



၁၁၄
မြတ်ဈာန်

# ကျေးဇူးတင်လွှာ မြတ်မင်္ဂလာ

**'မဟာရန်ကုန်မြို့ရှိ သမိုင်းဝင်စေတီ တစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်တော်ကြီး ကိုးသိမ် '** သမိုင်းစဉ်အား ပြုစုရာ၌ ဘာသာ/ သာသနာ အကျိုးအတွက် လမ်းညွှန်ပြသ ဩဝါဒ ပြုလျက် ခွင့်ပြုတော်မူကြသည့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့မှ ဆရာတော်ဘုရားကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ မဟာရန်ကုန်မြို့ရှိ သမိုင်းဝင်စေတီ တစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်တော်ကြီး ကိုးသိမ်တို့အား ခေတ်အဆက်ဆက် ယနေ့တိုင်အောင် အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက် သာသနာပြုလျက် ရှိကြသည့် ဆရာတော်ဘုရားကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ စီမံဆောင်ရွက်ပေးသည့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအုံ့မောင်(မဟာဝိဇ္ဇာ–ဘုံဘေ) အမှူးပြုသော အဆင့်ဆင့်သော ဝန်ထမ်းများ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းအသီးသီးတို့မှ ပုဂ္ဂိုလ်များနှင့် အဘက်ဘက်မှ ပံ့ပိုးကူညီကြသော ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်အပေါင်းတို့အား အထူးကျေးဇူး တင်ရပါကြောင်း ဖော်ပြလျက် နိဂုံးချုပ်အပ်ပါတော့သတည်း။

**မြတ်ဈာန်**

# ကျမ်းကိုးစာရင်း

**ဗုဒ္ဓသာသနိကကျမ်းများ**

၁။ အင်္ဂုတ္တိုရ်ပါဠိတော်
၂။ ဝိနည်းမဟာဝါ အဋ္ဌကထာ
၃။ မဟာဝဂ္ဂအဋ္ဌကထာ
၄။ ဇာတကအဋ္ဌကထာ
၅။ မဟာဗုဒ္ဓဝင်( နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့)
၆။ ဓိနတ္ထပကာသနီ

**အခြားကျမ်းစာ/စာအုပ်များ**

၁။ မှန်ရာဇဝင်စေတီတော်နှင့် သမိုင်းပေါင်းချုပ်
၂။ မှန်နန်းရာဇဝင်တော်ကြီး
၃။ ရွှေမော်ဓောသမိုင်း (ဦးသက်တင်)
၄။ မြတ်ဘုရားရွှေတိဂုံ (မောင်ဆုရှင်)
၅။ ရန်ကုန်ရာဇဝင်သမိုင်း (ဦးသိမ်းမောင်-သတင်းစာဆရာ)
၆။ ရွှေတိဂုံသမိုင်းသစ် (အရှင်အာဒိစ္စရံသီ)
၇။ ကျိုက္ကစံဆံတော်ရှင်သမိုင်းသစ် (အရှင်လက္ခဏ)
၈။ ကျိုက္ကစံစေတီတော်သမိုင်းအကျယ် (အရှင်အာစရ)
၉။ ရန်ကုန်ရာဇဝင်သမိုင်း:
(၁၉၃၉-ခုနှစ်၊ အမေရိကန်ဘက်ပ်တစ်မစ်ရှင်ပုံနှိပ်တိုက်မှ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်သည်။ ပါမောက္ခဘိအာရ်ပန်းရေး)
၁၀။ ကိုလိုနီခေတ် မြန်မာ့နိုင်ငံရေးသမိုင်း (ဗန်းမော်တင်အောင်)
၁၁။ ကိုလိုနီခေတ်မြန်မာ့နိုင်ငံရေး အဘိဓာန် (မောင်မြဟန်)
၁၂။ ဗိုလ်တထောင်စေတီ မဟာသမိုင်းတော်ကြီး (ဘုံပျံဆရာတော်ဦးပညာသာမိ)
၁၃။ ဗိုလ်တထောင်ဆံတော်ဦးစေတီတော်သမိုင်းအကျဉ်း (ဘုံပျံဆရာတော်ဦးပညာသာမိ)
၁၄။ အင်္ဂလိပ်မြန်မာစစ်သမိုင်း (နတ်မောက်ဘုန်းကျော်)
၁၅။ ကျိုက်မြတ်သံချိုမဟာသိမ်တော်ကြီး (မဟာသိမ်တော်ကြီးသမိုင်းပြုစုရေးအဖွဲ့)
၁၆။ ဗုဒ္ဓဂါယာမြေမြတ်မဟာ ဘုရားဖူးမှတ်တမ်းလွှာ
(မြတ်ရှာန်၊ သာသနာရေး ဦးစီးဌာနမှထုတ်)
၁၇။ ဆူးလေစေတီတော်သမိုင်းအကျဉ်းနှင့် ဘက်စုံမွမ်းမံတည်ဆောက်ရေး
(ဦးသာရင်၊ ဆူးလေဂေါပကအဖွဲ့)
၁၈။ ကျိုက်ကမာစိန်စေတီတော်သမိုင်း (ဆရာတော်ဦးပညာဝံသ၊ ဘုရားဖြူတိုက်)
၁၉။ ကျိုက်ဒေးခလုပ်စေတီတော်သမိုင်းအကျဉ်းချုပ် (ဘဒ္ဒန္တ ယောနကဓမ္မရက္ခိတ)
၂၀။ ကျိုက်ခေါက်စေတီတော်မြတ်သမိုင်း (ဦးသက်တင်)
၂၁။ ဆံတော်ကြီးသမိုင်း (ဦးစဝ်ထွန်းမှတ်ဝင်း)
၂၂။ အရှင်ယသနှင့် သမိုင်းဝင်သိမ်တော်ကြီးများ (မောင်ငွေးလွင်၊ မြဝတီမဂ္ဂဇင်း)
၂၃။ သက်ဆိုင်ရာစေတီ/သိမ်တော်ကြီးများရှိ ကျောက်စာတော်များ။
၂၄။ ပိယဒဿီ (ပါရဂူ)
၂၅။ သက်ဆိုင်ရာစေတီ/သိမ်တော်ကြီးများရှိ နာယကဆရာတော်/သံဃာတော် အရှင်သူမြတ်တို့၏ မိန့်ကြားချက်များ၊
၂၆။ သက်ဆိုင်ရာစေတီ/သိမ်တော်ကြီးများရှိ ဘက်စုံမွမ်းမံ ပြုပြင် တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ/အဖွဲ့ဝင်/ အတွင်းရေးမှူးများ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင် လူကြီးများနှင့် စာရေးသူတို့ တွေ့ဆုံမေးမြန်းဆွေးနွေးချက်များ၊ မှတ်တမ်းမှတ်ရာများ၊ အစီရင်ခံစာများ၊
၂၇။ မြန်မာ့အလင်းသတင်းစာ တနင်္ဂနွေအထူးကဏ္ဍပါ 'မင်းရဲကောင်းပုံ'၏ 'တပ်မတော်ကို မဏ္ဍိုင်ပြု၍ နိုင်ငံတော်ကာကွယ်ရင်း တည်ဆောက်သွားကြစို့' ဆောင်းပါးများ၊
၂၈။ သက်ဆိုင်ရာစေတီ/သိမ်တော်ကြီးများ၊အခြားကျောင်းတိုက်ကြီးများမှ ထေရ်ကြီး ဝါကြီးဆရာတော်ကြီးများထံ စာရေးသူကိုယ်တိုင် တွေ့ဆုံဖူးမြင်လျှောက်ထားသိရှိမှု မှတ်တမ်း မှတ်ရာများနှင့် အချိန်ယူ ကွင်းဆင်းလေ့လာတွေ့ရှိချက်များ။



ဦးစံမောင် ( မြတ်ချာန် ) သည် ၊ ပဲခူး ခရိုင် ၊ ညောင်လေးပင်မြို့နယ် ဇာတိဖွားဖြစ်သည်။ မိခင် ဖခင် တို့မှာ ဦးထွေးလှ + ဒေါ်ငွေး တို့ ဖြစ်ကြသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ပြည်သူ့ဝန်ထမ်း အဖြစ် တာဝန်ကို ကျေပြွန်စွာထမ်းဆောင်ခဲ့ရာနိုင်ငံတော် မှ ဝန်ထမ်းကောင်းဘွဲ့တံဆိပ်နှင့် ဆုငွေတို့ကို ချီးမြှင့် ခဲ့ သည်။

မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီး၏ "တာဝန်သိက၊ တာဝန်ရှိသည်" ဟူသည့်ဩဝါဒကို အစဉ်ခံယူထားသည်။ ဝန်ထမ်းဘဝ၌ သာသနာရေးဆိုင်ရာများကို အဓိက တာဝန်တစ်ရပ်အဖြစ် အကြီးအကဲတို့မှပေးအပ်ခဲ့သည့်အတိုင်း၊ မြို့နယ် ဥပဋ္ဌာက အကျိုးဆောင်အဖြစ် ၊ သဒ္ဓါတရား စွမ်းပကားဖြင့် ၊ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းဆောင် ဆွမ်းပဒေသာပင်၊ (ကျပ်ငွေသုံးသိန်းကျော်လှူဒါန်းသည့်ပထမဆုံးမြို့နယ်) ပိဋကတ် အလှူတော်များ ၊တိပိဋကကျောင်းတော်ဆွမ်းပဒေသာပင်နှင့် ဆွမ်းဆန်အလှူတော် မင်းကွန်းဓမ္မသာရ ရေမီး၊ဆွမ်း ပဒေသာပင်အလှူတော်၊ နှစ်စဉ်ကျင်းပမြဲကမ္ဘာအေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲအလှူတော်၊အခါဝင့်ဆင့်သော သာသနာရေးဆိုင်ရာစာမေး ပွဲများ၊ဘွဲ့ဆက်ကပ်ပူဇော်ပွဲများ၊ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများစသည်တို့သည် မြို့နယ်၏ကုသိုလ်တော်မှတ်တမ်းဝင်အဖြစ်ကမ္ဗည်းတင်နိုင်ခဲ့ကြသည်။

ဘုရားဖူးအဖွဲ့ဝင်အကျိုးဆောင်အဖြစ် (၅)နိုင်ငံဘုရားဖူးခရီးစဉ် အပါအဝင် ဗုဒ္ဓဂယာဘုရားဖူးနှစ်ကြိမ်သွားရောက်ဖူးမြင်ခဲ့ပြီး " ဗုဒ္ဓဂယာ မြေမြတ်မဟာဘုရားဖူး မှတ်တမ်းလွှာ" စာအုပ်ကို၊ ဗုဒ္ဓဘာသာဝင်များကြည်ညိုနိုင်စိမ့်သောငှာ ရေးသားပြုစုလျက်၊ သာသနာရေးဦးစီးဌာနမှထုတ်ဝေခဲ့သည်။

ယခုအခါ ဘာသာရေးမဂ္ဂဇင်း စာစောင်များ၌ အမျိုး၊ဘာသာ၊သာသနာ အတွက် ဘာသာရေးဆိုင်ရာ ဆောင်းပါး၊ကဗျာ၊ဝတ္ထုများကိုရေးသားလျက် ရှိ သည့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

ဤသမိုင်းစဉ်သည်-

* ဗုဒ္ဓသာသနာဝင်နှင့် မြန်မာ့သာသနာဝင်တွင် အဓိက၊
* ရွှေတိဂုံ စေတီတော်နှင့်ရဟန္တာအရှင်မြတ်များ တည်ထားခဲ့ကြသည့် စေတီတော်၊ သိမ်တော်ကြီးများ၊
* မြန်မာနိုင်ငံ၏အချက်အချာ ဥက္ကလာပ (ဒဂုံ၊ ရန်ကုန်) ၏ ခေတ်အဆက်ဆက် ပြောင်းလွဲမှု၊ နယ်ချဲ့တို့၏ ကျူးကျော် စစ်ပွဲ၊ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန် ဖြင့် ခုခံတွန်းလှန်ခဲ့သည့် တိုက်ပွဲ၊ ရင်နင့်ဘွယ်၊ နာကြည်းဘွယ်၊ ခါးသီးဘွယ်များ၊
* သူ့ကျွန်ဘဝ၌ နယ်ချဲ့တို့၏လက်ချက်၊ ပယောဂ စနက်ဖြင့် မြေပေါ်မှ ပျောက်ကွယ်ခဲ့ရသည့် စေတီတော်၊ သိမ်တော်၊ စသည့်၊ သာသနာဝင် သမိုင်းစဉ်ကို၊ မူလ ဗုဒ္ဓဝင် ဗုဒ္ဓ သာသနာဝင်ကို မဏ္ဍိုင်ပြုလျက်၊ စာပေဆိုင်ရာ စုဆောင်း ရရှိမှု၊ မျက်မြင်ကွင်းဆင်း လေ့လာမှုတို့အရ ကြိုးပမ်းပြုစု တင်ပြအပ်ပါသည်။

မြတ်ချာန်

